The
# Commerce
Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 22 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 15 , 2015

# ထိုးမည့်ဆင် နောက်ခြေတစ်လှမ်းဆုတ်တဲ့
## စားသုံးသူကာကွယ်ရေး
| ခင်မြင့်မြင့်သန်းမွန်လေး |
၂၀



## အတက်ကြမ်းကြမ်း
အကျကြမ်းကြမ်းကြားမှာ
## ဘယ်သူတွေဗျာများခဲ့ရသလဲ



၁၄

## မွန်ပြည်နယ် ရော်ဘာဈေးမြင့်လာပြီ
၂၂

## မြက်ဖျာထုတ်လုပ်ရန် လာရောက်ဆွေးနွေး
၂၀

## ထားဝယ်စီမံကိန်းတွင် တန်းတူမဲပေးပိုင်ခွင့်ရရန် ထိုင်းနိုင်ငံကအဆိုပြုမည်
၁၂

# rerm;Eiiiaps;uuwiw&m;0ia&mi;csaeaom
# t&n taoaumi;reon xi;Eiixw
# **Dumex Super Mix** Ere (varma&mi) Ei
# **Gold Standard Dumex Hi-Q** (tjyma&mi)

- rdcifEkYmnfuav;twwuftaumif;qkH;pmjzpfonf

**Breast Milk is the best Food for Infant.**

- သင့်ကလေးအတွက် ကျန်းမာရေးဝန်ထမ်း၏ညွှန်ကြားချက်ဖြင့် "နို့မှုန့်" တိုက်ကျွေးရန် လိုအပ်လာပါက အရည်အသွေး ပြည့်မီကောင်းမွန်သော ထိုင်းနိုင်ငံထုတ် Dumex နို့မှုန့်များကို ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ တင်သွင်းခွင့် (IR) နှင့် (Health Certificates)ထောက်ခံချက်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သွင်းကုန်လိုင်စင်များရယူကာ နိုင်ငံတော်သို့ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များ အပြည့်အဝပေးဆောင်ပြီး သက်သာသောဈေးနှုန်းများဖြင့် မြန်မာနိုင်ငံဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

- ထိုသို့ ဖြန့်ဖြူးရောင်းချရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ (၂၄-၇-၂၀၁၄) ရက်စွဲပါ အမိန့်စာ-အမှတ် ၂၂/၂၀၁၄ နှင့်အညီ DUMEX (Thailand) နို့မှုန့်ဘူးများပေါ်တွင် မြန်မာဘာသာပြန်ဆိုပြီး ရောင်းချနေခြင်းဖြစ်သဖြင့် အလွယ်တကူ ဖတ်ရှုလေ့လာပြီး ယုံကြည်စိတ်ချစွာဖြင့် ဝယ်ယူအားပေးနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(qufo,f&efjynfwGif&efukef ukd,fpm;vS,frsm;

ဦးခင်ဦး - (မင်္ဂလာဈေး)၊ ဖုန်း ၀၁ ၂၉၀ ၂၈၉

ကျော်ကျော် - (ညောင်ပင်လေးဈေး/မင်္ဂလာဈေး)၊ ဖုန်း ၀၁ ၂၉၈၁၇၉

မခင်ထွေးယဉ် - (ညောင်ပင်လေးဈေး)၊ ဖုန်း ၀၁ ၂၁၀၀၉၅

ဘီ-၂၇ - (ညောင်ပင်လေးဈေး)၊ ဖုန်း ၀၁ ၂၁၁ ၂၃၃ (လိုင်းခွဲနံပါတ် ၂၅၁)

ငွေးငွေးမြတ် - (သိမ်ကြီးဈေး) ၀၁ ၂၄၀၆၀၀ (လိုင်းခွဲနံပါတ် ၄၂၀၉)

armfvNrdKifukd,fpm;vS,f

ဒေါ်ခင်စောဝင်း - ဖုန်း ၀၉ ၅၉၅၇၂၁၂၉၇

awmifBuD;ukd,fpm;vS,f

ဒေါ်ခင်ငွေဖြူ - ဖုန်း ၀၉ ၄၂၅၂၈၈၃၉၁

yckl;ukd,fpm;vS,f

ဒေါ်ခင်ကြည်မြင့် - ဖုန်း ၀၉ ၂၃၀၁၀၁၉

jrpfBuD;em;ukd,fpm;vS,f

ဒေါ်ခင်ထွေးဝင်း - ဖုန်း ၀၇၄၂၂၁၃၆

aus;Zl;wifpGmjzifh

**The Advanced Generation Co.Ltd**

wifoGif;jzefYjzL;olrsm;

**ဖြန့်ချိရာဌာန**

အမှတ်-၁၂၅(မြေညီထပ်)၊ ၄၂ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်းနံပါတ်**

၀၁ ၃၈၈၈၀၅၊ ၀၁ ၃၉၂၇၉၃၊ ၀၁ ၃၉၈၄၈၁၊
၀၉ ၂၅၄၂၁၇၉၂၇၊ ၀၉ ၇၃၁၄၂၂၆၉

ydkoflukd,fpm;vS,f

မျိုးသူအောင် - ဖုန်း ၀၄၂ ၂၅၃၉၃

yJcluukd,fpm;vS,f

မသူဇာ - ဖုန်း ၀၅၂၂၂၂၅

# Practical Business Idea and Performance

# ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲ ကျင်းပ




Practical Business Idea and Preformance ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို ဇွန် ၁၂ ရက်နံနက်ပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် Diamond Star Co., Ltd. မှ ဥက္ကဋ္ဌ ဒေါက်တာကိုကိုကြီးက Practical Business Idea and Performance ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင်ဒေါက်တာကိုကိုကြီးက Attributes of Management အား ခေါင်းစဉ်ငယ် ၁၀ခု ခွဲ၍ ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများ၏ မေးမြန်းချက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်နှင့် ဒေါက်တာကိုကိုကြီးတို့က ရင်းနှီးပွင့်လင်းစွာ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏အကြံပေး ပုဂ္ဂိုလ်ဒေါက်တာမောင်အောင်၊ အခြေခံ ကုန်သွယ်မှုသင်တန်းအမှတ်စဉ်(၆)မှ သင်တန်းသားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းအနေဖြင့် အခြေခံနှင့် အဆင့်မြင့်ကုန်သွယ်မှုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးလျက် ရှိရာ အဆိုပါသင်တန်းများတွင် သင်တန်းသား၊ သင်တန်းသူများ ကုန်သွယ်မှုနှင့်ပတ်သက်၍ ဗဟုသုတများရရှိစေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# Myanmar To the World အစီအစဉ်ကို Visa နှင့် Thai Airways တို့ ပူးတွဲကျင်းပ

Myanmar to the World အစီအစဉ်ကို Visa နှင့် Thai Airways တို့ ပူးပေါင်း၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် မြန်မာနိုင်ငံတွင်းမှ Visa ကတ် ကိုင်ဆောင်အသုံးပြုသူများအနေဖြင့် Thai Airways နှင့် ခရီးသွားခြင်းဖြင့် ကမ္ဘာဆီသို့ ခရီးဆန့်ခြင်း အစီအစဉ်ဖြစ်သည့် ဥရောပ၊ သြစတြေးလျနှင့် ဂျပန်နိုင်ငံတို့သို့ သွားရောက်လည်ပတ်ခွင့် အခွင့်အရေးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။




Thai Airways International ၏ အထွေထွေမန်နေဂျာဖြစ်သူ Mr. Ratapong Yanyong က "Visa နဲ့ လက်တွဲပြီး ခရီးသွားခြင်းနဲ့ စိတ်လှုပ်ရှားဖွယ်အတွေ့အကြုံတွေကတစ်ဆင့် မြန်မာလူမျိုးတွေ နိုင်ငံတကာကို သွားရောက်လည်ပတ်နိုင်အောင် အခုလို ပူးပေါင်းဆောင်ရွက်ခွင့်ရခဲ့တဲ့အတွက် တကယ့်ကို ဂုဏ်ယူဝမ်းသာမိပါတယ်။ ကျွန်တော်တို့လေကြောင်းလိုင်းကို လွန်ခဲ့တဲ့ ၅၅နှစ်လောက်ကတည်းက စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ခရီးသွားသန်းပေါင်းများစွာကို အိပ်မက်စိတ်ကူးတွေထဲက နေရာတွေဆီကို အရောက်ပို့ပေးနိုင်ခဲ့ပြီး မမေ့နိုင်စရာ အမှတ်တရတွေကို ဖန်တီးပေးနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် Visa မြန်မာ၏ Country Manager ဖြစ်သူ ဟီရိုတေလာက "မြန်မာပြည်သူတွေဟာ ပြည်ပခရီးသွားရတာကို ပိုမိုနှစ်သက်လာတာနဲ့ အမျှ Visa က အခြားလက်တွဲဖော်ဘဏ်တွေနဲ့ပူးပေါင်းပြီး ထိုင်းလေကြောင်းလိုင်းနဲ့တကွ နိုင်ငံတွေ နယ်မြေတွေကိုပါ ဖြတ်ကျော်ပြီး အခုလို လုပ်ဆောင်ရတာ တကယ့်ကို ဝမ်းသာမိပါတယ်။ မြန်မာနိုင်ငံက Visa ကတ်ကိုင်ဆောင်သူတွေဟာ ထိုင်းလေကြောင်းလိုင်းကနေ လက်မှတ်တွေဝယ်တဲ့အခါ အထူးနှုန်းများနဲ့ အခွင့်အရေးတွေ ပေးသွားမှာပါ"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် Visa ကတ်ကိုင်ဆောင်ထားသူများအနေဖြင့် ထိုင်းလေကြောင်းလိုင်းဖြင့် ခရီးသွားပါက အထူးဈေးနှုန်းများ ရရှိမည်ဖြစ်သည့်အပြင် ဥရောပ၊ ဂျပန်နှင့်သြစတြေးလျနိုင်ငံတို့သို့သွားရောက်နိုင်မည့် အခမဲ့လေယာဉ်လက်မှတ်များကို အထူးဆုအနေဖြင့် ရွေးချယ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို ဇွန်လ ၈ ရက်နေ့မှ စက်တင်ဘာလ ၃၀ရက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာလ ၂၅ရက်နေ့တွင် ဆုရရှိသူများကို ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ပေးအပ်မည့်ဆုများမှာ ပထမဆုအဖြစ် ရန်ကုန်မှ ဥရောပဒေသသို့ လေယာဉ်လက်မှတ်ဆု နှစ်ဆု၊ ဒုတိယဆုအဖြစ် ရန်ကုန်မှ ဂျပန်သို့ လေယာဉ်လက်မှတ်ဆု နှစ်ဆု၊ တတိယဆုအဖြစ် ရန်ကုန်မှ သြစတြေးလျသို့ လေယာဉ်လက်မှတ်ဆု နှစ်ဆု၊ စတုတ္ထဆုအဖြစ် ရန်ကုန်မှထိုင်းသို့ လေယာဉ်လက်မှတ်ဆု လေးဆုတို့ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် အီလက်ထရွန်းနစ်စနစ်ကို အသုံးပြု၍ ငွေပေးချေရေးစနစ်များ လက်ခံအသုံးပြုနိုင်သည့် လက်လီအရောင်းဆိုင်ပေါင်း ၁၈၀၀ကျော်နှင့် အေတီအမ်စက်ပေါင်း ၁၁၅၀ခန့်ရှိနေပြီဖြစ်သည်။

အေတီအမ်စက်များမှ ငွေထုတ်ယူခြင်းများအပါအဝင် နိုင်ငံခြားသားများ Visa ကတ်ဖြင့်ငွေပေးချေသည့် ပမာဏသည် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၆၀ ကျော် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

Visa နှင့်အတူ လက်တွဲပူးပေါင်းလုပ်ဆောင်ရန် လိုင်စင်ရရှိထားပြီးဖြစ်သည့် ပြည်တွင်းဘဏ်ရှစ်ခုရှိပြီး ၎င်းတို့အနက်မှ ငါးခုမှာ Visa ၏နိုင်ငံတကာခရီးသွားငွေပေးချေမှုကတ်အစီအစဉ်ကို စတင်ဝန်ဆောင်မှုများ ပေးအပ်နေပြီဖြစ်သည်။

**မယ်သီတာ**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.22 Monday June 15 2015

# တက်ပြီးတဲ့ဆန် ရောက်တဲ့နေရာရပ်နေပြီး ဆက်တက်ဖို့ ဟန်ပြင်နေတဲ့ မြန်မာ့ဆန်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးမှာ ဇွန်လ ၁၂ ရက်ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း လတ်စ တစ်အိတ်ကို ၃၅၀၀၀ ကျပ်၊ ထိပ်စ ၃၇၀၀၀ ကျပ်၊ မြောင်းမြ ပုသိမ်ပေါ်ဆန်းလတ်စ ၃၉၅၀၀ ကျပ်၊ ထိပ်စ ၄၁၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း ၄၃၅၀၀ ကျပ်မှ ၄၅၀၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အတွင်း ဈေးဆက်တက်ခဲ့တာ တွေ့ရပါတယ်။

ထို့အတူဆန်ကြမ်းဖြစ်တဲ့ ဧည့်မထလတ်စတစ်အိတ်ကို ၁၉၅၀၀ ကျပ်၊ ထိပ်စ ၂၁၅၀၀ ကျပ်၊ နွေဆန်ရှယ် ၁၉၅၀၀ ကျပ်မှ ၂၀၅၀၀ ကျပ်၊ ငစိန် လတ်စ ၁၇၈၀၀ ကျပ်၊ ထိပ်စ ၁၈၅၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၃၀၀ ကျပ်မှ ၁၅၀၀ ကျပ်အတွင်း ဆက်တက်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း ငွေလဲနှုန်းသိသာစွာတက်သွားလို့ ဆန်ရောင်းမည့်သူများက ဈေးဆွဲခေါ်ရောင်းကြရာမှ ဆန်ကြမ်း၊ ဆန်ချောနဲ့ ဆန်ကွဲဈေးတွေပါ လိုက်တက်သွားရတာဖြစ်ကြောင်း၊ ဝါးတန်းဒိုင်သို့ ဆန်ပုံမှန်ဝင်နေပြီး ယနေ့မှာတော့ ငွေဈေးပြန်အေးသွားလို့ ဆန်အရောင်းအဝယ်လည်း အနည်းငယ်ပြန်အေးသွားတယ်လို့ ဝါးတန်းဒိုင်ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၇၅၀၀ ကျပ်-၁၇၈၀၀ ကျပ်ခန့် ဈေးနှုန်းဖြစ်ပေါ်နေပြီး၊ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၇၀၀ ကျပ်ခန့် ဈေးတက်ခဲ့ပြီး ဇွန် ၁၂ ရက်မှာတော့ အဝယ်အနည်းငယ်ပြန်ပါးသွားကြောင်း၊EMATA MYANMAR 25% FOB (Yangon) ဈေး 315-340 USD/MT ဟုဆိုသော်လည်း အချို့မှာ 330 USD/MT ခန့်ထိ ဈေးပေးဝယ်နေကြကြောင်း၊ သို့သော် ပြည်တွင်းဆန်ဈေးအခြေအနေအရ များများမရောင်းရဲကြကြောင်း၊ ယခင်ဈေးဟောင်းနဲ့ ရောင်းထားပြီး သင်္ဘောတင်နေဆဲသူများမှာ ငွေဈေးတက်လို့ ဟန်မည်ပြင်သော်လည်း လိုက် တက်လာသည့်ပြည်တွင်းဆန်ဈေးကြောင့် မလှုပ်သာ မလှည့်သာဖြစ်နေကြကြောင်း၊ တရုတ်- မူဆယ်လိုင်းသို့ ဆန်ကွဲ၊ ဆန်ကြမ်း၊ ကောက်ညှင်းတွေ သွားနေကြကြောင်း၊ ဆန်ဈေးကွက်မှ သိရပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်ဆန်ဈေးကွက်မှာ ဇွန်လ ၁၂ ရက်နေ့ဈေး ဧည့်မထ ၅ မှတ် မော်ဘီ/ စူပါ တစ်အိတ်ကို ၁၄၀-၁၄၄ ယွမ်၊ နွေရှယ် ၁၄၁-၁၄၃ ယွမ်၊ ဧည့် ၁၀ မှတ် မော်ဘီ/ စူပါ ၁၃၇-၁၃၉ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ ၁၃၃-၁၃၅ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ ၁၂၉-၁၃၀ ယွမ်၊ ဧည့်မထ ၃၅ မှတ် မနောသုခ ၁၂၄-၁၂၇ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၀-၁၃၄ ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၇-၁၂၈ ယွမ်၊ ကောက်ညှင်း ၅ မှတ် ၁၇၂ ယွမ်၊ ၁၅ မှတ် ၁၆၂ ယွမ်၊ B 2,3,4 ၉၉-၁၀၂ ယွမ်၊ B 1,2 ၁၀၃-၁၀၅ ယွမ်၊ B EXTRA ၁၀၆-၁၁၁ ယွမ်ဖြစ်ခဲ့ပြီး ဇွန်လ ၁၂ ရက်နေ့ မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၈၆ ဒသမ ၉၁ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ၂ ဒသမ ၉၁ ကျပ်ဈေးတက်ခဲ့ကြောင်း၊ မူဆယ်ကုန်စည်ဒိုင်သို့ နှစ်ဖက်ကုန်သည်များ လာရောက်ကြပြီး အရောင်းအဝယ်လည်းကောင်းနေကြောင်း၊ ယခုတစ်ပတ်အတွင်း မူဆယ်သို့ ပြည်တွင်းနယ်စုံမှ ဆန်တန် ၂၃၈၀၀ ကျော်ဝင်ရောက်ခဲ့ပြီး ရန်ကုန်- မူဆယ် ဆန်တင်ခ တစ်တန်ကို ၉၂၀၀၀ ကျပ်ခန့်ရှိနေကြောင်း၊ မူဆယ်ဆန်ဈေးကွက် ရှေ့အလားအလာမှာ ဆက်ကောင်းနိုင်တယ်လို့ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန်လ ၅ ရက်နေ့ထိ တန်ချိန် ၃၅၇၄၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၃ သန်းကျော်ရရှိနေကာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၅၂၀၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ မြန်မာ့ဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် တက်ပြီးတဲ့ ဆန်ရောက်တဲ့နေရာရပ်နေပြီး အချိန်တန်ရင် ဆက်တက်ဖို့ ဟန်ပြင်နေကြောင်း ဆန်ဈေးကွက်သတင်းများအပေါ် သုံးသပ်တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

# နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှု မြင့်တက်လာ

နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုဟာ ဇွန်လ ပထမပတ်အတွင်းမှာ မြင့်တက်နေပါတယ်။ ကန်ဒေါ်လာ ၉ ဒသမ ၆၈၀ သန်းတန်ဖိုးရှိတဲ့ ဆန်တန်ချိန် ၂၈၉၅၀ တန်ကို မူဆယ်၊ လွယ်ဂျယ်နဲ့ တာချီလိတ်စခန်းများမှ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၃၀၇၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ မူဆယ် (၁၀၅) မိုင်မှ ငစိန်ဆန် ၁၇၃၃၄ တန်ကျော် ဧည့်မထ ၈၃၆၆ တန်နဲ့ လွယ်ဂျယ်မှ တန် ၃၀၀၀ တင်ပို့ပြီး တာချီလိတ်စခန်းမှ တန် ၂၅၀ တင်ပို့နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းနေသလို ထိုင်းနိုင်ငံမှလည်း ဝယ်လိုအားရှိနေတာဖြစ်တဲ့အတွက် မြန်မာ-တရုတ် နယ်စပ်သာမက မြန်မာ-ထိုင်းနယ်စပ်ကလည်း တင်ပို့နိုင်တာတွေ့ရပါတယ်။

ယခုတစ်ပတ်မှာ မူဆယ် (၁၀၅) မိုင်မှ ကန်ဒေါ်လာ ၃ ဒသမ ၆၀၃ သန်းဖိုးရှိ ဆန်ကွဲ ၁၁၀၈၆ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၄၉၂ သန်းဖိုးရှိ ကောက်ညှင်းဆန် ၁၀၂၄ တန်ကျော်၊ လွယ်ဂျယ်မှ ကန်ဒေါ်လာ သုည ဒသမ ၃၂၀ သန်းဖိုးရှိ ဆန်ကွဲ တန် ၁၀၀၀ ကို တင်ပို့နိုင်ခဲ့တဲ့အတွက် ဆန်၊ ဆန်ကွဲနဲ့ ကောက်ညှင်းဆန်တင်ပို့မှု အားကောင်းနေတယ်လို့ဆိုရပါမယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၁-၆-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၈ | ၃၈၂ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၉ | ၃၇၃ | ▽ | ၃၅၀ | ၃၅၀ | □ | ၃၇၅ | ၃၇၅ | □ | ၃၉၀ | ၃၈၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၇ | ၃၆၂ | ▽ | ၃၃၀ | ၃၃၀ | □ | ၃၆၀ | ၃၆၀ | □ | ၃၅၀ | ၃၃၅ | ▽ |
| ပေါင်းဆန် | ၃၆၅ | ၃၆၀ | ▽ | - | - | - | ၃၅၅ | ၃၅၅ | □ | ၄၃၀ | ၄၃၀ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၁-၆-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၆၅ | ၄၆၅ | □ | ၅၆၅ | ၅၆၅ | □ | ၅၅၅ | ၅၅၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၅၅ | ၄၅၅ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၂-၆-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၆၉၀ | △ | ၁၈၅၀၀ | △ | ၇၃၄၄ | △ | ၃၈၅၀၀ | △ |
| ပုသိမ် | ၄၆၀၀ | △ | ၂၁၀၀၀ | △ | ၈၇၆၂ | □ | ၃၇၀၀၀ | □ |
| ပဲခူး | ၄၄၀၀ | △ | ၁၈၅၀၀ | △ | ၆၃၀၀ | △ | ၂၉၀၀၀ | △ |
| ရွှေဘို | ၄၉၅၀ | □ | ၂၃၅၀၀ | □ | ၁၁၃၀၀ | △ | ၃၈၅၀၀ | □ |
| စစ်တွေ | ၄၄၀၀ | △ | ၁၈၀၀၀ | □ | ၇၈၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၆၀၀ | △ | ၁၉၅၀၀ | △ | - | - | ၃၅၅၀၀ | △ |
| မန္တလေး | ၅၃၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၂၅၀၀ | △ | - | - | ၄၀၀၀၀ | □ |
| မော်လမြိုင် | ၄၆၀၀ | △ | ၁၈၅၀၀ | □ | ၇၄၀၀ | △ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၈၀၀ | △ | ၂၁၅၀၀ | △ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၄၅၀၀ | △ | ၂၁၀၀၀ | △ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၀၀၀ | □ | - | - | ၄၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စံအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ၂၀၁၅ ခုနှစ် ပထမ ငါးလအတွင်းယမန်နှစ်ကာလတူထက် ကမ္ဘောဒီးယားနိုင်ငံ ဆန်တင်ပို့မှု ၆၄ ရာခိုင်နှုန်းမြင့်တက်



ကမ္ဘောဒီးယားနိုင်ငံအနေနဲ့ ၂၀၁၅ ခုနှစ် ပထမ ငါးလတာကာလမှာ ပြည်ပသို့ ဆန် ၂၄၃၀၂၅ တန်တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ်ကာတူထက် ၆၄ ရာခိုင်နှုန်း ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ယမန်နှစ်ကာလတူမှာ ဆန်တန်ချိန် ၁၄၈၂၆၂ တင်ပို့ခဲ့တယ်လို့ ဇွန် ၇ ရက်က တရားဝင်ထုတ်ပြန်လိုက်ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံမှ ကုမ္ပဏီ ၆၉ ခုဟာ ဒေသတွင်းနဲ့ ပြည်ပနိုင်ငံ ၄၆ နိုင်ငံသို့ ဆန်များတင်ပို့လျက်ရှိတယ်လို့ ဆန်တင်ပို့သည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်တဲ့ One Window Service For Rice Export အဖွဲ့ အတွင်းရေးမှူးက ပြောပါတယ်။

ကမ္ဘောဒီးယားနိုင်ငံမှ ဆန်ကို ဝယ်ယူလျက်ရှိတဲ့ ထိပ်ဆုံးစာရင်းဝင်နိုင်ငံသုံးနိုင်ငံမှာ တရုတ်၊ ပြင်သစ်နဲ့ ပိုလန်တို့ဖြစ်ပါတယ်။ ယခုနှစ် ပထမ ငါးလအတွင်း တရုတ်သို့ ၆၈၄၃၇ တန်၊ ပြင်သစ်သို့ ၂၉၇၁၇တန်နဲ့ပိုလန်သို့ ၂၆၅၁၃ တန်အသီးသီးတင်ပို့ခဲ့ပါတယ်။အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများဟာ နှစ်စဉ်စပါးတန်ချိန် ကိုးသန်းကျော်ထွက်ရှိပြီး ဆန်တန်ချိန် သုံးသန်းကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိပါတယ်။

ကမ္ဘောဒီးယားနိုင်ငံဟာ ၂၀၁၅ ခုနှစ်နှစ်ကုန်ပိုင်းမှာ ပြည်ပသို့ ဆန်တန်ချိန် တစ်သန်းထိ တင်ပို့နိုင်ရန်အတွက် ၂၀၁၀ ပြည့်နှစ်က မဟာဗျူဟာချမှတ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ကမ္ဘောဒီးယား ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Sun Chanthol ကတော့ဘဏ္ဍာငွေကြေး လုံလောက်မှုမရှိတဲ့အတွက် ရည်မှန်းချက်ကို ပြည့်မီနိုင်ချေမရှိကြောင်း ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းက ပြောကြားခဲ့ပါတယ်။

**CMK**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၂-၆-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၅/၆ | ၁၂/၆ | ပြောင်းလဲမှု | ၅/၆ | ၁၂/၆ | ပြောင်းလဲမှု | ၅/၆ | ၁၂/၆ | ပြောင်းလဲမှု | ၅/၆ | ၁၂/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၂၂၇ | ၂၂၂၇ | ■ | ၂၀၈၃ | ၂၃၀၀ | ▲ | ၂၁၅၀ | ၂၂၅၀ | ▲ | ၂၀၀၀ | ၂၀၀၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၁၂၃ | ၂၁၇၂ | ▲ | ၂၀၃၃ | - | - | ၂၀၃၀ | ၂၀၇၅ | ▲ | ၁၉၇၅ | ၂၀၀၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၉၁၅ | ၁၉၁၅ | ■ | ၁၈၆၇ | ၂၀၄၄ | ▲ | ၂၀၀၀ | ၂၁၀၅ | ▲ | ၁၇၄၀ | ၁၈၄၅ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၁၄၉၀ | ၁၅၆၀ | ▲ | - | - | - | - | - | - | ၁၁၀၀ | ၁၂၀၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၁၆၅ | ၁၁၈၀ | ▲ | - | - | - | - | - | - | ၈၁၅ | ၇၆၅ | ▼ |
| ၆ | ထောပတ်ပဲ | ၇၀၀ | ၇၀၀ | ■ | ၈၅၃ | ၈၈၉ | ▲ | ၆၃၂ | ၆၃၂ | ■ | ၆၃၀ | ၈၁၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၂-၆-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၄/၆ | ၁၁/၆ | ပြောင်းလဲမှု | ၄/၆ | ၁၁/၆ | ပြောင်းလဲမှု | ၄/၆ | ၁၁/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၂၀၀ | ၁၁၅၀ | ▼ | ၁၂၆၆ | ၁၂၄၄ | ▼ | ၁၁၆၉ | ၁၁၉၀ | ▲ |
| ၂ | ပဲစင်းငုံ | ၁၁၃၀ | ၁၁၀၀ | ▼ | ၁၁၅၃ | ၁၁၄၃ | ▼ | ၁၁၅၃ | ၁၁၄၃ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၀၆၀ | ၁၀၄၉ | ▼ | ၁၁၂၂ | ၁၀၉၆ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၃၂ | ၇၂၄ | ▼ | ၇၁၇ | ၇၁၆ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၃၀.၅.၁၅)ထိ | ယခုတစ်ပတ် (၆.၆.၁၅)ထိ | (၁.၄.၁၅) မှ (၆.၆.၁၅) ထိ |
| မတ်ပဲ | ၂၆၇၄၉ | ၁၄၁၃၅ | ၂၀၆၉၆၈ |
| ပဲတီစိမ်း | ၆၃၀၁ | ၄၂၄၂ | ၆၀၉၇၉ |
| ပဲစင်းငုံ | ၈၄၆၁ | ၅၇၇၈ | ၆၃၈၄၅ |
| ကုလားပဲ | ၁၅၈၁ | ၉၀ | ၆၂၁၇ |
| ပဲလွန်းဖြူ | ၅၁၅ | ၂၃၄ | ၆၄၈၆ |
| မြေထောက်ပဲ | ၄၇၇ | ၃၁၂ | ၆၇၇၀ |

# ပြည်ပပဲမျိုးစုံဈေးကွက်မှာ ဇွန်လဒုတိယပတ်အတွင်း မတ်ပဲ၊ ပဲစင်းငုံ ဈေးဆက်မြင့်သော်လည်း အခြားပဲများဈေးငြိမ်နေ

ဇွန်လဒုတိယပတ်တွင် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးသီးနှံများမှာ တစ်ရက်အိတ် ၂၀၀ မှ ၃၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ပဲစင်းငုံသီးနှံကတော့ ရက်ခြားလောက်သာ အရောင်း အဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ အခြားပဲများကတော့ လက်ကျန်လည်းနည်းသွားခဲ့ကာ လက်လီသမား လောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးနှုန်းများမှာ မတ်ပဲနဲ့ပဲစင်းငုံကိုပြည်ပဝယ်လိုအားရှိလို့ ဈေးဆက်မြင့်နေသလို ကုလားပဲသီးနှံကလည်း ယခင်နှစ်ထက် ဈေးပိုလာခဲ့တယ်လို့သိရပါတယ်။

မတ်ပဲသီးနှံမှာ နေ့စဉ် ပဲအဝင်မရှိတော့သော်လည်း လက်ကျန်ပဲများရှိခဲ့တာကြောင့် ရန်ကုန်ဝယ်လက် နေ့စဉ်ဝယ်ယူလျက်ရှိခဲ့တာကိုတွေ့ရပါတယ်။ ပန်းတောင်း၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကြီးသဲမြို့နယ်များမှ တစ်ခါတစ်ရံ လက်ကျန်ပဲများ ဝင်ရောက်ခဲ့တဲ့အတွက် ဝင်လာသမျှပဲများရော လှောင်ပဲများပါ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်ပတ်ထက်တစ်ပတ် ဈေးပိုလာနေတဲ့အတွက် ယခုဇွန်လ ဒုတိယပတ်မှာလည်း တစ်တင်း ၄၃၅၀၀ ကျပ်ထိ ဈေးကောင်းရနေကာ ဈေးကွက်အတွင်းမှာလည်း ဈေးအမြင့်ဆုံးရတဲ့ပဲ ဖြစ်ခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲအဝင်မရှိတော့ပေမယ့် လက်ကျန်ပဲများရှိနေတဲ့အတွက် ဝယ်လက်ရှိသည့်ရက်မှာ လက်ကျန်များသာ ထုတ်ရောင်းချနေခဲ့ရပြီး နေ့စဉ်အဝယ်မရှိဘဲ ရက်ခြားသာ ရန်ကုန်ဝယ်လက်မှ ဝယ်ယူလာသလို လက်လီသမားများလည်း အနည်းငယ်အဝယ်ရှိတယ်လို့သိရပါတယ်။ ဒါကြောင့် အိတ် ၂၀၀ မှ ၃၀၀ ကြား အဝယ်လိုက်တဲ့ရက်မှာ အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးနှုန်းမှာ တစ်တင်း ၄၁၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက်လည်း ထပ်မံမြင့်တက်လာသလို ယခင်နှစ်ထက်လည်း ဈေးနှစ်ဆခန့်ပိုရခဲ့ကြောင်းသိရပါတယ်။

ပဲကြီးသီးနှံမှာ ယခင်လအထိ နယ်စုံမှဝင်ရောက်လာပေမယ့် ယခုဇွန်လဆန်းမှစလို့ တောင်သူများထံမှာ ပဲလက်ကျန်လည်း နည်းသွားတဲ့အတွက် ဝင်ရောက်မှုအနေဖြင့် ပန်းတောင်းမြို့နယ်မှ တစ်ရက်အိတ် ၂၀၀ ကျော် ၃၀၀ ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ ပဲကြီးသီးနှံဈေးနှုန်းကတော့ အခြားသော မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲသီးနှံကဲ့သို့ ဈေးတဖြည်းဖြည်း မြင့်တက်လာခြင်းမျိုးမဟုတ်ဘဲ ဧပြီလကုန်မှစလို့(ရွှေကျွန်း) တစ်တင်း ၂၄၅၀၀ ကျပ်၊ (ကမ်းနား)တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့် အခြားတိုင်းမှ ဝယ်ယူမှုမရှိဘဲ ဒေသအတွင်း လုပ်ငန်းသမားများဖြစ်သော ပဲကြော်ဖိုသမားများမှ ပုံမှန်ဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။

လက်လီသမားများသာ အရောင်းအဝယ်ရှိလို့ ပဲဈေးနှုန်းလည်းအေးကာ အရောင်းအဝယ်အေးနေတဲ့ ပဲနီပြား၊ စားတော်ပဲ၊ ပဲပုပ်သီးနှံများကလည်း ဇွန်လဆန်းရက် ဈေးအတိုင်း ပဲနီပြားတစ်တင်း ၁၈၅၀၀ ကျပ်၊ စားတော်ပဲတစ်တင်း ၂၇၅၀၀ ကျပ်၊ ပဲပုတ်တစ်တင်း ၁၆၅၀၀ ကျပ်ဖြင့် ပဲအဝင်လည်းမရှိဘဲ လက်ကျန်ပဲ လောက်သာ ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



# ဝယ်လက်ရှိနေတဲ့ စစ်ကိုင်းပဲတီစိမ်းပို့ကုန်

ဘုတလင်၊ အရာတော်၊ ယင်းမာပင်၊ ကနီ၊ ပုလဲ၊ ခင်ဦး၊ ဝက်လက်၊ ဒီပဲယင်း၊ တန့်ဆည်စတဲ့ နယ်စုံမှ ပဲတီစိမ်းသီးနှံများ မုံရွာကုန်စည်ဒိုင်သို့ အဝင်လှိုင်လျက်ရှိပါတယ်။

တရုတ်ဝယ်လက်နဲ့ ရန်ကုန်ပို့ကုန် ဝယ်လက်ရှိ၍ အဝင်လှိုင်နေပေမယ့် ဝယ်လိုအားများပြီး ရောင်းလိုအားနည်းနေကြောင်း၊ ငွေလဲလှယ်ဈေးမြင့်လို့ ဇွန်လ ပထမပတ်ထက် ဒုတိယပတ်တွင် ပဲတီစိမ်းဈေး တစ်တင်းအပေါ် ၇၀၀ ကျပ် တက်ခဲ့ပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်အကောင်းဆုံးသီးနှံမှာ ပဲတီစိမ်းဖြစ်ပြီး ဇွန်လအတွင်း တစ်ရက်တင်း ၂၀၀၀ မှ ၃၀၀၀ ကြား အရောင်းအဝယ်ဖြစ်ပြီး၊ တစ်တင်းအနိမ့်ဈေး ၃၅၀၀၀ ကျပ်၊ အမြင့်ဈေး ၃၈၇၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်ကြပါတယ်။

**သန်းသန်းတင်-မုံရွာ**



# မုံရွာကုန်စည်ဒိုင် ဇွန်လ ဒုတိယပတ်ပဲဈေးကွက် မတ်ပဲဈေးဆက်လက်မြင့်လာ

မုံရွာကုန်စည်ဒိုင် ဇွန်လဒုတိယပတ်ပဲဈေးကွက်မှာ ကုလားပဲမျိုးစုံ စိမ်းကြီးနဲ့ ငုံနီတို့ ဈေးအနည်းငယ် ထပ်တက်လာခဲ့ပေမဲ့ စိမ်းကြီးတစ်မျိုးသာ အရောင်းအဝယ် အနည်းငယ်သွက်ခဲ့ပြီး ကျန်ပဲတွေက အရောင်းအဝယ် မဖြစ်သလောက် အေးလျက်ရှိတယ်လို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။

အထူးသဖြင့် ကုလားပဲဈေးကွက်မှာ ယခုတစ်ပတ်အတွင်း ထိုင်ဝမ်တစ်တင်း ၂၃၂၀၀ ကျပ်၊ V2 တစ်တင်း ၂၃၃၀၀ ကျပ်နဲ့ 929 တစ်တင်း ၂၃၃၀၀ ကျပ်အသီးသီးဈေးအမြင့်ဆုံး တက်ခဲ့ပေမယ့် ပို့ကုန်အတွက် ဝယ်လက်စိတ်တဲ့နေ့မှာသာ တစ်ရက်အိတ် ၂၀၀၀ နီးပါး အရောင်းအဝယ် ဖြစ်တတ်ပြီး၊ ဒေသခံလုပ်ငန်းသမားတွေအနေနဲ့ လိုဝယ်အဆင့်သာရှိခဲ့လို့ အရောင်းအဝယ်ပါးနေတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

စိမ်းကြီးဈေးကွက်မှာတော့ ယခုတစ်ပတ် နယ်အဝင်ပုံမှန်ရှိခဲ့သလို အရည်အသွေးမီခဲ့လို့ တစ်တင်း ၄၀၅၀၀ ကျပ်အထိ အမြင့်ဆုံးဈေး ရခဲ့ကာ မန်းဝယ်လက်ပုံမှန် ဆွဲနေတဲ့အတွက် တစ်ရက်အိတ် ၃၀၀၀ ခန့် ဖြစ်လျက်ရှိတယ်လို့ ပွဲရုံရပ်ကွက်က သိရပါတယ်။

မတ်ပဲဈေးကွက်လည်း ပို့ကုန်ဝယ်လက် ဝယ်လိုအား ကောင်းသလောက် ဒိုင်မှာလည်း ရောင်းအားနည်းနေကာ ယခုတစ်ပတ်အတွင်း တစ်တင်း ၄၅၀၀၀ ကျပ်အထိ စံချိန်တင်တက်ဈေးဖြစ်ပေါ်ခဲ့ပေမယ့် ပဲလက်ကျန်နည်းလို့ ရောင်းလက်အေးနေတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ပို့ကုန် ပဲများသာမက ပြည်တွင်းသုံး ပဲများဖြစ်ကြတဲ့ ပဲကြီး၊ ထောပတ်ပဲ၊ စွန်တာနီ၊ ပဲနီလုံးကြားနဲ့ ကျန်ပဲအားလုံးလည်း ယခုတစ်ပတ်လုံး ဈေးငြိမ်အရောင်းအဝယ်အေးခဲ့ရာ ပဲကြီးတစ်တင်း ၂၃၅၀၀ ကျပ်၊ ထောပတ်ပဲတစ်တင်း ၁၂၀၀၀ ကျပ်၊ စွန်တာနီတစ်တင်း ၁၃၅၀၀ ကျပ်၊ ပဲနီလုံးကြားတစ်တင်း ၁၃၈၀၀ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ် စီပီပြောင်းဈေးကွက်ကတော့ တရုတ်လက် ဝယ်လိုအားကောင်းသလို နယ်အဝင် လျော့လာတဲ့အတွက် ယခုတစ်ပတ်မှာ တက်ဈေးဖြစ်ပေါ်ခဲ့ရာ တစ်တင်း ၉၃၀၀ ကျပ်ထိ ပေါက်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်က လေ့လာသိရှိရပါတယ်။

ဒေသခံ ကုန်သည်တွေထံမှာ လက်ကျန်လျော့ပါးလာတဲ့ ငုံနီဈေးကွက်မှာလည်း ရောင်းသူဈေးကွက်ဖြစ်နေရာ တစ်တင်း ၄၂၀၀၀ ကျပ်အမြင့်ဈေးရလျှင် အိတ် ၁၀၀၀ ခန့် အရောင်းရှိခဲ့ပြီး၊ ဈေးနိမ့်လျှင် ရောင်းလက်မရှိဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က သိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ပခုက္ကူကုန်စည်ဒိုင်ရဲ့ အရောင်းအဝယ်ပန်းချီကား

ပခုက္ကူကုန်စည်ဒိုင်ရဲ့ အရောင်းအဝယ်ဟာ ဇွန်လ ဒုတိယပတ်ကိုရောက်ခဲ့ပါပြီ၊ ဇွန်လဟာ အရောင်းအဝယ်ရဲ့ ဇာတ်ရှိန်အမြင့်ဆုံးလို့ ကျွန်တော်တင်ပြခဲ့ဖူးပါတယ်။ ပစ္စည်းလက်ကျန်နည်းချိန်လည်းဖြစ်ပြန်၊ ဒီနှစ်အဖို့ ပစ္စည်းတော်တော်များများကလည်း အထက်စျေးနဲ့ ဂုဏ်ရှိန်မြင့်မားစွာ ရှိနေချိန်ဆိုတာလည်း တိုက်ဆိုင်နေလို့ပါ။

ရုံးကိစ္စနဲ့ ဆော၊ ကျောက်ထုမြို့နယ်ဘက်ကို ခရီးသွားလို့ ပတ်ဝန်းကျင်ကိုခရီးသွားရင်း လေ့လာကြည့်မိတော့ ဝီရိယကောင်းတဲ့ တောင်သူများရဲ့ စိုက်ခင်းများမှာ အစေ့အဆန်ကအစို့အညှောင့်ထွက်လို့ အပင်များပေါက်လို့တောင်သူအခေါ် "မှုန်း" တယ် စိုက်ပျိုးထားတဲ့ အပင်များနဲ့အတူ ပေါက်လာတဲ့ ပေါင်းမြက် အမှိုက်တွေကို ထွန်နဲ့တွန်းပြီး မြေလှန် ပေါင်းသတ်ထားတဲ့ မြင်ကွင်းများကို တွေ့ခဲ့မြင်ခဲ့ကြပါတယ်။

ပခုက္ကူက ထွက်ကတည်းက ကန်တော်ရွာစိုက်ကွင်း၊ ညောင်ပင်လှစိုက်ကွင်း ဂျိုးပျံစိုက်ကွင်း၊ ပေါက်နယ်ထဲက ရေပြာရွာ စပါးစိုက်ခင်း၊ ဖိုးဖြူလုံးကန်စိုက်ကွင်း၊ ရှားတော၊ သရက်တော၊ စမ်းရိပ်ခုံစိုက်ခင်း၊ကျောက်ထုနယ်ထဲက တပြင်းစိုက်ခင်း၊ အညာပန်းပလွန်း၊ အကြည်ပန်းပလွန်း၊ နွားသိုးရွာ၊ သရက်ချဉ်၊ ပန်းဆံ၊ ဂုံဘိုစတဲ့ ရွာတွေရဲ့ စိုက်ခင်းတွေမှာ စိုက်ပျိုးခြင်းရဲ့ အလှတရားကို ကိုယ်တိုင်တွေ့ကြုံခဲ့ရပါတယ်။

ဆော၊ ကျောက်ထုနယ်တွေမှာ အချို့နှမ်းခင်းများ အပွင့်တိုးနေတာကိုလည်း တွေ့ရပါတယ်။ ဆိုလိုချင်တာက ယခင်နှစ်ကထွက်ရှိခဲ့တဲ့ အသီးအနှံ အစေ့အဆန်ဟာ စျေးကွက်မှာ ကုန်ခါနီးဖြစ်နေသလို နောက်ထပ်စိုက်ပျိုး တဲ့ အသီးအနှံတွေဟာ သူ့တာဝန်သူ ကျေပွန်စွာဖြင့် ရှင်သန်ကြီးထွားနေတဲ့ တိုင်းပြည်ရဲ့ နိုင်ငံခြားဝင်ငွေရှာဖွေ ပေးနေတဲ့ ဘဏ္ဍာရေး အလှတရားကို တွေ့မြင်ခံစားခဲ့ရတဲ့ ပီတိအရသာကို တင်ပြတာပါ။

ပခုက္ကူကုန်စည်ဒိုင်မှာ လတ်တလောဖြစ်ပေါ်နေတဲ့ သီးနှံတွေအခြေအနေကို ကြည့်ရအောင်ပါ-

**ပဲစင်းငုံ**

ကျွန်တော်ကတော့ မင်းသားဆိုတဲ့ ခာတ်စာတချို့လို ဇာတ်လိုက်ကျော် ပဲစင်းငုံဟာ စျေးကွက်မှာ မြင့်မားလှစွာသော စျေးနဲ့ အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။ ယခင်တစ်ပတ်က တစ်တင်း ၄၀၀၀၀ ကျပ်မရရင် မလွှတ်ဘူးဆိုတဲ့ လှောင်လက်တချို့က သုံးသပ်ဆွဲကိုင်ထားတာဟာ ၄၀၀၀၀ ကျပ်မက ၄၀၀၀၀ ကျပ်ကျော်သွားပြီဖြစ်ပါတယ်။ ယခုနောက်ဆုံးစျေး တစ်ပိဿာ ၂၀၆၅ ကျပ်၊ တစ်တင်း ၄၁၃၀၀ ကျပ်ပါ၊ ယခင်နှစ်စျေးနှုန်းတွေကို နှိုင်းယှဉ်ကြည့်ရင် ပဲစင်းငုံဟာ ဒီနှစ်အဖို့ အမြင့်ဆုံးပါလို့ ပြောရမှာပါ။ ဒီနှစ်အနေအထား ပစ္စည်းလက်ကျန်နည်းနေတယ်လို့ လေ့လာသုံးသပ်ရပါတယ်။ လှောင်လက်အနေအထားပြန်ကြည့်ရင် ကိုယ်ပိုင်ငွေနဲ့ ကိုယ့်သဘောနဲ့ကိုယ် လှောင်ထားသူ တစ်နိုင်တစ်ပိုင်လှောင်သူရှိတော့ရှိပါတယ်။ နည်းတယ်လို့ လေ့လာရပါတယ်။ ရန်ကုန်-မန္တလေး အော်ဒါ ကုမ္ပဏီများရဲ့ လှောင်လက်အများစုသာရှိပြီး အဲဒီအုပ်စုမှာတောင် ရန်ကုန်ကို တင်ပို့ကြလို့ လက်ကျန်သိပ်မကျန်တော့ဘူးလို့ သိရပါတယ်။ ပဲစင်းငုံနှစ်ပါလို့ ပြောရမှာပါ။

**ပဲတီစိမ်း**

ယခုတစ်ပိဿာ ၁၉၂၅ ကျပ်၊ တစ်တင်း ၃၈၅၀၀ ကျပ်ပါ၊ ယခင် အမြင့်ဆုံး တစ်ပိဿာ ၂၀၆၀ ကျပ်၊ တစ်တင်း ၄၁၂၀၀ ကျပ်ကနေသူ့ကိုတော့ စျေးဆင်းလာတယ်ပြောရလိမ့်မယ်။ ပဲတီစိမ်းသီးနှံရဲ့ သဘာဝစိုက်ခင်းမှာ အနည်းဆုံး သုံးကြိမ်၊ လေးကြိမ် အချို့ဆို ငါးကြိမ်အထိ ဆွတ်ခူးရတဲ့ သီးနှံဖြစ်လေတော့၊ နောက်ဆုံးပိတ် သီးနှံပဲတောင့်အကျန် ဆွတ်ခူးရတာဖြစ်လို့ သီးနှံရဲ့သတ်မှတ်တဲ့ အရည်အသွေးမမီတော့တာလို့ ပြောရမှာပါ။ ဒါပေမယ့် သူလည်းပဲ ဖြစ်ပေါ်နေတဲ့ သီးနှံအရည်အသွေး အရောင်းအဝယ်ဖြစ်နေတဲ့ စျေးနှုန်းနှိုင်းယှဉ်ရင်တော့ သင့်တာထက်ပိုလို့တောင် စျေးကောင်းတယ်လို့ ပြောရမှာပါ။

**ကုလားပဲအုပ်စု**

ကုလားပဲဖြူလုံးကြီး နောက်ဆုံးစျေးတစ်ပိဿာ ၁၂၂၆ ကျပ်၊ တစ်တင်း ၂၃၃၀၀ ကျပ်၊ ကုလားပဲဝါ နောက်ဆုံးစျေး တစ်ပိဿာ ၁၂၁၀ ကျပ်၊ တစ်တင်း ၂၃၃၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး ယခင်အမြင့်ဆုံးစျေး တစ်ပိဿာ ၁၁၁၅ ကျပ်၊ တစ်တင်း ၂၁၂၀၀ ကျပ်၊ ကုလားပဲဝါ ယခင်အမြင့်ဆုံးစျေး ၁၁၆၃ ကျပ်၊ တစ်တင်း ၂၂၁၀၀ ကျပ်စျေးတွေကနေ ယခုအနေအထားမှာ အမြင့်ဆုံးရောက်နေတယ်လို့ ပြောရမှာပါ။ ပြည်ပဆွဲလက်၊ ပြည်တွင်းအသုံးဆိုတာလို စျေးကွက်စစ်မျက်နှာ နှစ်နေရာရှိနေတဲ့သီးနှံပါ။ ပစ္စည်းလက်ကျန်နည်းနေပါပြီ။ သူလည်းပဲ ပဲစင်းငုံသီးနှံလို့ပဲ ပြောရမှာပါ။ ဒီနေ့အဖို့ ကုလားပဲအုပ်စုအနေနဲ့ စျေးကောင်းရတဲ့နှစ်လို့ ပြောရမှာဖြစ်ကြောင်းပါ။

**ပြောင်းဖူးစေ့စီပီ**

နောက်ဆုံးစျေး တစ်ပိဿာ ၅၁၆ ကျပ်၊ တစ်တင်း ၉၃၀၀ ကျပ်၊ ယခင်အနိမ့်ဆုံးစျေး တစ်ပိဿာ ၄၅၆ ကျပ်၊ တစ်တင်း ၈၂၀၀ ကျပ်စျေးကနေ တက်လာတာပါ။ ဒေသတွင်းလုပ်ငန်းသုံး တိရစ္ဆာန်အစာစျေးကွက်ရဲ့ တရုတ်ဆွဲ လက်ကြမ်းလာတာရယ်ကြောင့် စျေးတက်လာတာပါ။ အခြားသောသီးနှံတွေဖြစ်တဲ့ ထောပတ်ပဲ(ယော)၊ (ကျွန်း)၊ စွန်တာနီ(ယော)၊ (ကျွန်း)၊ ပဲဇီးကွက်၊ ပဲယင်း(မြစ်ခြေ)၊ (ယော) စတဲ့ သီးနှံတွေအနေနဲ့ကလည်း တက်နည်းနည်း၊ ကျနည်းနည်းနဲ့ စျေးကွက်ထဲမှာ ပုံမှန်လှုပ်ရှားနေတာကို တွေ့ရပါတယ်။ ဘာပဲပြောပြော ဒီနေ့အဖို့ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံအားလုံးဟာ ဖြစ်ထွန်းအောင်မြင်ထွက်ရှိမှု အနည်းအများ၊ စျေးကွက်ရဲ့ လိုအပ်ချက်၊ တောင်းဆိုမှုစတာတွေနဲ့ လိုက်လျောညီထွေစွာ စျေးနှုန်းပင်မြင့်မှာ အသွင်တင့်စွာနဲ့ ရောင်းဝယ်ဖောက်ကားလှုပ်ရှား နေတယ်လို့ ပြောရမှာပါ။ စျေးနှုန်း မြင့်တက်နေတယ်လို့ ဆိုရမှာပါ။ ယခုနှစ်အဖို့ သီးနှံတော်တော်များများ စျေးကောင်းရနေသလို လာမယ့်နှစ်အတွက် နေရာဒေသတော်တော်များများမှာ စိုက်ပျိုးထားကြတဲ့အပင်များ ရှင်သန်ကြီးထွားနေပါပြီ အရောင်းအဝယ်ပန်းချီကားတစ်ချပ်မှာ စျေးကွက်တောင်းဆိုမှုဆိုတဲ့ စုတ်ချက်က လှပအောင်တန်ဆာဆင်ထားလေတော့ ပြီးပြည့်စုံလှပနေသော အရောင်းအဝယ်ပန်းချီကားတစ်ချပ်ဖြစ်ပေါ်လာရတာပါလို့ ပြောရမှာပါ။

**မြင့်ဦး-ပခုက္ကူ**

## ဒေသဝယ်လိုအားသာရှိပေမယ့် ပြည်ကုလားပဲစျေးမြင့်

ပြည်ပဲမျိုးစုံစျေးကွက်မှာ ပြည်ပဝယ်လက်ရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ သီးနှံများနည်းတူ ဒေသဝယ်လိုအားသာရှိတဲ့ ကုလားပဲသီးနှံကလည်း စျေးဆက်မြင့်တက်လာနေတာကို တွေ့ရပါတယ်။ တစ်တင်း ၂၄၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၂၅၀၀၀ ကျပ်ထိ ကျပ်တစ်ထောင်ခန့် မြင့်တက်ခဲ့ပြီး ဝယ်လက်ကတော့ ခွဲစက်သမားများနေ့စဉ်အဝယ်ရှိလို့ တစ်ရက်အိတ် ၃၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့သလို လက်ပံတန်းနှင့် ပြည်ခရိုင် ပန်းတောင်း၊ ရွှေတောင်အပြင် မင်းတုန်း၊ ကံမမြို့နယ်များမှလည်း နေ့စဉ်ဝင်ရောက်မှုရှိခဲ့ကြောင်းလည်း သိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



## ပို့ကုန်ဝယ်လက်ကြောင့် မုံရွာ V-2 စျေးမာ

ပို့ကုန်ဝယ်လက်အဆွဲရှိသဖြင့် မုံရွာကုန်စည်ဒိုင်မှာ ဒုတိယအရောင်းအဝယ်အကောင်းဆုံးသီးနှံမှာ ကုလားပဲဖြူလုံးကြီး V-2 လို့ ကုန်သည်တစ်ဦးက ပြောပါတယ်။ တောင်သူလက်ဝယ်လက်ကျန် နည်းနေပြီး၊ ကုန်သည်နဲ့ လှောင်လက်သမားများကတော့ ကြိုက်စျေးရလို့ထုတ်ရောင်းနေကြတဲ့အတွက် မုံရွာကုန်စည်ဒိုင်မှာ တစ်ရက်အိတ် ၁၅၀၀မှ ၂၀၀၀ကြား အရောင်းအဝယ် ဖြစ်ပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ဇွန်လဒုတိယပတ်အတွင်း ကုလားပဲဖြူလုံးကြီး တစ်တင်းအနိမ့်၊ အမြင့်စျေးမှာ ၂၂၃၀၀ ကျပ်၊ ၂၃၂၀၀ ကျပ်စျေးရှိပြီး၊ ယခင်နှစ်ကာလတူစျေးမှာ ၁၄၅၀၀ ကျပ်၊ ၁၄၆၀၀ ကျပ်စျေးပေါက်ခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ပြည်ထောပတ်ပဲစျေးငြိမ်ပြီး လက်လီအဝယ်သာရှိ

ပြည်ပဲစျေးကွက်မှာ လက်လီသာအရောင်းအဝယ်ဖြစ်နေတဲ့ ပဲထဲမှာ ထောပတ်ပဲသီးနှံပါဝင်ပြီး ပဲလက်ကျန် လည်းနည်းလာပြီဖြစ်လို့ တစ်ရက်အိတ် ၁၅ အိတ်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစျေးမှာတော့ တစ်တင်း ၁၃၅၀၀ ကျပ်ဖြင့်သာ မေလဆန်းမှစလို့ ယခုအချိန်ထိ စျေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။

မတ်လကုန်မှစလို့ ဧပြီလအတွင်း တစ်တင်း ၁၅၅၀၀ ကျပ်မှ ၁၆၀၀၀ ကျပ်ထိ စျေးရခဲ့သော်လည်း ပဲလက်ကျန် နည်းချိန် ဝယ်လို အားလည်း နည်းလာသလို ပဲအရည်အသွေးကလည်း ကျဆင်းခဲ့လို့ ပဲစျေးမှာ တဖြည်းဖြည်း ကျဆင်းခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ဘိုကိတ် စျေးငြိမ်ပြီး အရောင်းအဝယ်အေး

ပြည်ပဲစျေးကွက်မှာ ယခုတစ်ပတ်အတွင်း လက်လီသမားများနဲ့ အရောင်းအဝယ်ဖြစ်နေတဲ့ ပဲထဲမှာ ဘိုကိတ်ပဲသီးနှံလည်းပါဝင်နေပြီး၊ ပဲလက်ကျန်လောက်သာရှိခဲ့လို့ အရောင်းအဝယ်ဖြစ်မှု ပမာဏမှာ တစ်ရက်အိတ် ၁၅ အိတ်၊ ၂၀ အိတ်ခန့်သာ ရှိခဲ့တဲ့အတွက် အရောင်းအဝယ်အေးနေခဲ့ပါတယ်။

ပဲစျေးမှာလည်း မေလလယ်မှစ၍ တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် ယခုချိန်ထိ ငုင်းစျေးအတိုင်း စျေးငြိမ်နေခဲ့ပါတယ်။ ယခင်နှစ် တစ်နှစ်တာလုံးမှာ တစ်တင်း ၁၃၀၀၀ ကျပ်မှ ၁၄၅၀၀ ကျပ်ခန့်အထိသာ ရရှိခဲ့တဲ့အတွက် ယခုနှစ်မှာ နှစ်လယ်တွင် တစ်တင်း ၁၅၀၀၀ ကျပ်အထက် ရရှိနေလို့ စျေးငြိမ်နေပေမယ့် ယခင်နှစ်ထက်တော့ စျေးပိုရခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲလွန်းဖြူစျေးငြိမ်ပေမယ့် နှစ်စစျေးထက်တော့ ပိုလာခဲ့

ဇွန်လဒုတိယပတ်အတွင်း ပြည်စျေးကွက်မှာ ပဲလွန်းဖြူသီးနှံအနေနဲ့ အရောင်းအဝယ်အနည်းငယ်သာ ဖြစ်ခဲ့သလို စျေးနှုန်းကလည်း တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့်သာ စျေးငြိမ်နေခဲ့ပါတယ်။ ယခုနှစ်အတွင်း ပဲလွန်းဖြူသီးနှံစျေးနှုန်းမှာ နှစ်စတွင် တစ်တင်း ၁၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း မှာတော့ တစ်တင်း ၁၉၀၀၀ ကျပ်မှ မတ်လမှာ ၂၀၀၀၀ ကျပ်အထိ စျေးတဖြည်းဖြည်းမြင့်လာခဲ့ပါတယ်။

ပဲလက်ကျန်နည်း လာချိန်မှစလို့ ပဲစျေးမှာ ထပ်မံမြင့်တက်လာပြီး ဧပြီ၊ မေလများမှစ၍ တစ်တင်း ၂ သောင်းကျော် အထက်ရရှိနေကာ ယခုအချိန်ထိ ငုင်းစျေးအတိုင်း စျေးအတက်အကျမရှိဘဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နနွင်း

### ဒီတစ်ပတ်နနွင်းတင်ပို့မှုလျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ မေလ ၃၁ ရက်မှ ဇွန်လ ၆ ရက်သီတင်းပတ်အတွင်း နနွင်းတန်ချိန်၁၃၀ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို ၇၅ တန်နဲ့ အိန္ဒိယနိုင်ငံကို ၅၅တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်း ၁၅၈ တန် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၈ တန်တင်ပို့မှုလျော့ခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၀၀၇၂၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

### ရှမ်းနနွင်းဈေးကွက် အဝင်ပုံမှန်၊ အရောင်းပုံမှန်ရှိ

ရှမ်းနနွင်းကတော့ ပုံမှန်အဝင်ရှိနေသလို၊ အရောင်းအဝယ်ကလည်း ပုံမှန်ရှိနေပါတယ်။ ပစ္စည်းတွေ ရှိနေပြီး၊ ဝယ်လက်သာလိုနေတယ်လို့လည်း သိရပါတယ်။ ရန်ကုန်၊ မုံရွာ၊ စစ်တွေ စတဲ့မြို့တွေက လှောင်လက်တွေ ဝယ်ယူနေတာရယ်၊ ဈေးပတ်သမားတွေကလည်း ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း နနွင်းပိဿာချိန် လေးသောင်းခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပုံမှန်အရောင်းအဝယ်ဖြစ်နေတဲ့ နနွင်းတွေကတော့ ပင်းတယ၊ (တောင်ပို့လ)စနဲ့ ဆင်တောင် နနွင်းတွေ ဖြစ်ပါတယ်။ အင်းလေးအရှေ့ဘက်ခြမ်းက နနွင်းတွေကတော့ ဈေးကွက်ကို သိပ်ပြီး မဝင်လာသေးဘဲ ဒေသသုံးအတွက်သာ အရောင်းအဝယ်ဖြစ်နေတယ် လို့ သိရပါတယ်။ ပင်လောင်းနနွင်းကလည်း ဒီနှစ်မှာ အထွက်နည်းလာပြီး အရည်အသွေးကလည်း ညံ့တာကြောင့်၊ ခြင်ဆေးခွေပြုလုပ်ဖို့အတွက်သာ ဝယ်ယူမှုရှိနေပြီး တစ်ပိဿာကို ၆၀၀ ကျပ်၊ ၇၀၀ ကျပ်ဈေးသာရှိပါတယ်။ အောင်ပန်းဈေးကွက်ကိုဝင်တဲ့ တောင်ပို့လနနွင်းက တစ်ပိဿာ ၁၂၀၀ ကျပ်-၁၃၀၀ ကျပ်နဲ့ ဆင်တောင်နနွင်းက ၂၀၀၀ ကျပ်ဈေးရှိပါတယ်။ **ဇေခိုင်-တောင်ကြီး**

## ကြက်သွန်

### ပြည်ကြက်သွန်နီ အရောင်းအဝယ်အေးပြီး ဈေးမြင့်

ဇွန်လ ဒုတိယပတ်တွင်း ပြည်ပွဲရုံများတွင် အရောင်းအဝယ်သိပ်မဖြစ်ဘဲ အေးနေပါတယ်။ နယ်မှ ကြက်သွန်နီဝင်ရောက်မှုလည်းနည်းပြီး ပွဲရုံဈေး အနည်းငယ်တက်လာပါတယ်။ လက်ကားပွဲရုံဈေး တစ်ပိဿာ (ကြီး) ၅၀၀ ကျပ်၊ (လတ်) ၄၅၀ ကျပ်နှင့် (သေး) ၄၀၀ ကျပ်တို့ဖြစ်ပြီး လက်လီအိတ်ဆွဲသမားများ၏ ရောင်းဈေးကတော့ (ကြီး) ၅၅၀ ကျပ်၊ (လတ်) ၅၅၀ ကျပ်နဲ့ (သေး) ၄၅၀ ကျပ်တို့ဖြစ်ပါတယ်။

ပွဲရုံဈေး အနည်းငယ်တက်လာသော်လည်း လက်လီသမားများက အရောင်းအဝယ်အေးလာတာကြောင့် ဈေးတက်မရဘဲ အရောင်းအဝယ်ဖြစ်ရုံသာရောင်းချနေရပါတယ်။ ပွဲရုံများတွင် တစ်ရက်ကို အိတ် ၃၅၀ လောက်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ **နီနီဝင်း-ပြည်**

### ကြက်သွန်နီပိုမိုတင်ပို့

မေလ ၃၀ ရက်မှ ဇွန်လ ၆ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၃၈၆၂၈ တန်ဖိုးရှိကြက်သွန်နီ ၆၈၀ ဒသမ ၅ တန်ကိုလည်းကောင်း မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၀၈၈၉၀ တန်ဖိုးရှိကြက်သွန်နီ ၄၃၃ တန်နဲ့ တာချီလိတ် နယ်စပ်စခန်းမှ ကန်ဒေါ်လာ ၂၀၂၃၇ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၀၀ ကိုလည်းကောင်း အသီးသီးတင်ပို့မှုရှိခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၄၃၅ တန်ကျော်နဲ့ မြဝတီမှ ၄၄၉ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်ရဲ့ ကြက်သွန်နီတင်ပို့မှု ပိုမိုလာတာ တွေ့ရပါတယ်။

ကုန်စည်ဈေးကွက်အတွင်းသို့ ကြက်သွန်နီ အဓိကဝင်ရောက်တဲ့ ဒေသများမှာ မြင်းခြံ၊ တောင်သာ၊ ပခုက္ကူ ကျောက်ပန်းတောင်း၊ မြောင်းမြနဲ့ ပုသိမ် အစရှိတဲ့ ဒေသတွေမှ အများဆုံး ဝင်ရောက်မှုရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**



## ချင်း

### ချင်း ၂၄ တန်တင်ပို့

မေ ၃၁ ရက်မှ ဇွန်လ ၆ ရက်သီတင်းပတ်အတွင်း ချင်း ၂၄တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုပျောက်ခဲ့တဲ့ နနွင်းမှာ ဒီတစ်ပတ်မှာ ပြန်လည်တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ၃၉၆၀၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ချင်းဈေးအနည်းငယ်တက်

ယခုတစ်ပတ် ပြည်ချင်းဈေးကွက်မှာ ချင်းဈေးများ ယခင်အပတ်ထက် ကျပ် ၁၀၀ ခန့်ဈေးမြင့်လာပြီး၊ ပိဿာ ၃၀ ဝင်အိတ် ၃၀ ခန့်ပုံမှန်အဝင်ရှိနေတယ် ဆိုပေမယ့် တချို့ရက်တွေမှာ တစ်ရက်လုံး အဝင်မရှိတဲ့နေ့တွေလည်း ရှိနေပါတယ်။ ပုံမှန်အားဖြင့် နယ်ဝယ်လက်များသာ ဝယ်ယူနေတယ်လို့ ချင်းပွဲရုံများမှ သိရပါတယ်။ ပြည်ချင်းပွဲရုံများမှာ ယခုတစ်ပတ်ချင်း တစ်ပိဿာကို (ဂွန်) ၁၂၀၀ ကျပ်-၁၅၀၀ ကျပ်၊ (ရှယ်) ၁၆၀၀ ကျပ်-၂၀၀၀ ကျပ်ရှိပြီး၊ ပြည်ဈေးကွက်မှ တစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ ယခုတစ်ပတ်အတွင်း စားသုံးမှုအဖြစ် တစ်နေ့ ပိဿာချိန် ၃၀၀ ခန့်တင်ပို့မှုရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ရှမ်းချင်း(ဥမ)များ ဈေးကွက်ကိုဝင်လာ

မိုးကလေး တစ်ဖြိုက်နှစ်ဖြိုက်ကျလာပြီဆိုတော့ ချင်း (ဥမ) တွေကို ဖော်လို့ရလာတာကြောင့် ဈေးကွက်ကိုလည်း ဝင်လာပါပြီ၊ ဒါပေမယ့် ကလေးမြို့နယ်အတွင်းရှိ ဒေသအချို့တွေမှာလည်း မိုးရတဲ့ နေရာကရပြီး၊ တချို့နေရာတွေမှာတော့ မိုးမရသေးဘူးလို့ သိရပါတယ်။ မိုးရတဲ့နယ်တွေက ဥမတွေသာ အဝင်ရှိနေသေးလို့ အဝင်ကလည်း သိပ်မများသေးပါဘူး၊ မိုးသာဆက်တိုက်ရွာလာမယ်ဆိုရင်တော့ ဥမတွေလည်း ဒီဘက်ဝင်လာနိုင်ပါတယ်။ အခုလောလောဆယ်တော့ ဈေးကွက်မှာ ချင်းတက်တွေလည်း ကုန်သလောက်ဖြစ်သွားတော့ ချင်း (ဥမ) တွေက ဝင်လာသလောက် ပြန်ပြီး ရောင်းနေရတယ်လို့ သိရပါတယ်။ ဈေးပတ်သမားတွေကလည်း (ဥမ) ကို ပိုပြီးကြိုက်ကြတယ်လို့ ဆိုပါတယ်။ ချင်းတက်တွေကတော့ တစ်ပိဿာကို ၁၃၀၀ ကျပ်ဈေးနဲ့ ဈေးပိတ်သွားပါတယ်။ (ဥမ)ကလည်း ဝင်သလောက်အကုန် ရောင်းရတယ်လို့ သိရပါတယ်။ ချင်း(ဥမ) အဖွင့်ဈေးကတော့ တစ်ပိဿာကို ၇၀၀ ကျပ်-၈၀၀ ကျပ်ဈေးရှိပါတယ်။ ချင်းခြောက်ကလည်း ပစ္စည်းလက်ကျန်သိပ်ပြီးမရှိတော့ပါဘူး၊ လှောင်လက်တွေကတော့ ချင်းခြောက်ကို ဝယ်ပြီး စုနေပါတယ်။ နည်းနည်းချင်းစီ စုထားပြီး ဝယ်လက်ရှိရင် ထုတ်ရောင်းလို့ အဆင်ပြေအောင် ဝယ်ထားကြတယ်လို့လည်း သိရပါတယ်။ ချင်းခြောက်မှာလည်း အရည်အသွေး သိပ်မကောင်းတဲ့ အသားပွခြောက် (အစိမ်းခြောက်)က တစ်ပိဿာ ၁၈၀၀ ကျပ်ဈေးရှိပြီး၊ ပစ္စည်းကောင်းရင်တော့ တစ်ပိဿာကို ၂၀၀၀ ကျပ်မှ ၂၂၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

| ၈-၆-၂၀၁၅ မှ ၁၂-၆-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 156 | 9,315,175.927 |
| 2 | Form D | 59 | 3,493,429.470 |
| 3 | Form E | 58 | 2,758,693.860 |
| 4 | Korea GSP | 2 | 65,779.500 |
| 5 | Form AK | 29 | 2,631,229.180 |
| 6 | Form AJ | 5 | 179,361.863 |
| 7 | Form AI | 33 | 1,046,820.440 |
| 8 | Form AANZ | 2 | 107,665.010 |
| 9 | Form DFTP | - | - |
| **Grand Total** | | **344** | **19,598,155.250** |

## မန်ကျည်း



### စားဖိုဆောင်သီးနှံ မန်ကျည်းမှည့်ဈေးတက်လာခဲ့

ပြည်မြို့ စားဖိုဆောင်သီးနှံဖြစ်တဲ့ မန်ကျည်းမှည့်ကတော့ ပွဲရုံများတွင်သာ ရှိပြီး၊ ပြည်ပမှ အဝယ်ပုံမှန်ရှိနေတာကြောင့် ပြည်မန်ကျည်းမှည့်ဈေးဆက်တက်လာပါတယ်။ မန်ကျည်းမှည့် တစ်ပိဿာ (ပွဲရုံဈေး) ၁၄၀၀ ကျပ်ထိ မြင့်တက်လာပြီး၊ ဒေသတွင်း လက်လီ တစ်ပိဿာဈေး ၁၈၀၀ ကျပ် ဖြစ်ပါတယ်။ ရခိုင်၊ သံတွဲမြို့များသို့ ရက်ခြားပြီး ပိဿာ ၅၀၀ ကျော် ပုံမှန်တင်ပို့မှုရှိကြောင်းလည်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## ပရဆေး

### ပရဆေးကုန်ကြမ်း စခန်းစုံမှ တင်ပို့

ဇွန်လ ပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၈၈၅ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း တန်ချိန် ၁၂၈၆ တန် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ ကြက်ဆူစေ့၊ သီဟိုဠ်စေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ မျောက်ဥ၊ မာလာဥ၊ ဝဥခြောက်၊ စကားပန်းပွင့်ခြောက်၊ သရက်ပြားခြောက်၊ လက်ပံပွင့်ခြောက်၊ ဆီးသီးခြောက်၊ ဆီးဆံ၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ ကွမ်းစားဂမုန်းနဲ့ တောင်လုံးကျော်တို့ဖြစ်ပါတယ်။ အလားတူ ချင်းရွှေဟော်နယ်စပ်စခန်းမှလည်း ကန်ဒေါ်လာ သုည ဒသမ ၀၆၃ သန်းဖိုးရှိ ကြက်ဆူ တန်ချိန် ၉၀၀ တင်ပို့နိုင်ခဲ့သလို မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း နွယ်ချို ၁၉ တန်ကျော်ကို ကန်ဒေါ်လာ ၁၅၉၄၂ ဖိုးတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ပရဆေးကုန်ကြမ်း တင်ပို့မှုစုံလင်ခဲ့သလို မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးစခန်းမှလည်း ကန်ဒေါ်လာ ၂၀၀၉ တန်ဖိုးရှိတဲ့ တောင်လုံးကျော် ၁၁ တန် တင်သွင်းလာခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း တမူးမှ တောင်လုံးကျော် ၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ရာသီဥတုပြောင်းလဲမှု ဂယက်နဲ့ ဒီရေတောခံတပ်များ



စံမြို့အောင်

ကမ္ဘာ့မျက်နှာပြင်ကိုကြည့်မယ်ဆိုရင် အဓိကအားဖြင့်ကုန်းမြေဇရိယာနဲ့ရေပြင်ဇရိယာဆိုပြီး နှစ်မျိုးရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီဇရိယာနှစ်ခုအနက် ရေပြင်ဇရိယာမှာ အကျယ်ဆုံးဖြစ်ပါတယ်။ ကမ္ဘာကြီးပူနွေးလာပြီဟု လူပြောသူပြောများနေတဲ့ ယခုလိုကာလမျိုးမှာ ပူလွယ်အေးလွယ်ပြီး ကမ္ဘာ့ရာသီဥတုကို ပြုပြင်ပြောင်းလဲရာမှာ ပင်လယ်သမုဒ္ဒရာရေပြင်ရဲ့ ရာသီဥတုအပေါ် အကျိုးသက်ရောက်မှုကလည်းအရေးပါလာပါတယ်။ ပင်လယ်ရေပြင်ရဲ့ ပြုပြင်ပြောင်းလဲမှုများအကျိုးဆက်များပြင်းထန်ဆိုးဝါးမှုမရှိအောင် ခုခံကာကွယ်ရာတွင် ဒီရေလမုတောများက အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင်လျက်ရှိတာကို တွေ့ရပါတယ်။

ဒီရေတောများပေါက်ရောက်ရှင်သန်ရာနေရာမှာ ပင်လယ်သမုဒ္ဒရာ၊ ရေချိုနဲ့ ကုန်းမြေတို့တွေ့ဆုံနေရာဖြစ်ပါတယ်။ ဒီရေတောမှာ ပေါက်ရောက်တဲ့သစ်ပင်တွေဟာ သာမန်သစ်ပင်များ လွယ်ကူလျင်မြန်စွာသေကျေပျက်စီးနိုင်တဲ့ သဘာဝ ပတ်ဝန်းကျင်မှာ ရှင်သန်ပေါက်ဖွားပြီး ကမ္ဘာပေါ်တွင်အလွန်ရှုပ်ထွေးတဲ့ ဂေဟစနစ်တစ်မျိုးကို ဖန်တီးနိုင်စွမ်းရှိတဲ့ သစ်ပင်မျိုးဖြစ်ပါတယ်။ ဒီရေတောတွေက အပူပိုင်းဒေသနဲ့တစ်ဝက်တစ်ပျက်အပူပိုင်းဒေသတွင်တွေ့ရပြီး အီကွေတာနဲ့နီးကပ်တဲ့ဒေသတွေမှာ ရှင်သန်ပေါက်ဖွားပါတယ်။ ဒီရေတောတွေပေါက်ရောက်တဲ့ဒေသတွေက ပင်လယ်ရေငန်တွေဝင်ရောက်လေ့ရှိတဲ့ ဒေသတွေလည်း ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာ ဒီရေတောတွေဖြန့်ကျက်ရှင်သန်နေတဲ့ဇရိယာက ဟက်တာ ၁၅ ဒသမ ၂ သန်းရှိပြီး လျင်မြန်စွာကျဆင်းလျက်ရှိနေတာကိုတွေ့ရပါတယ်။ ဒီအဖြစ်အပျက်တွေကို အဓိကအားဖြင့် အာဖရိက၊ ဩစတြေးလျ၊ အာရှနဲ့အမေရိကဒေသတွေမှာ တွေ့ရပါတယ်။

ပင်လယ်ကမ်းခြေဒေသတွေမှာရှိတဲ့ ဒီရေတောတွေဟာ အင်အားပြင်း မုန်တိုင်းတွေရဲ့တိုက်ခတ်မှုဒဏ်၊ ဆူနာမီကြောင့်ဖြစ်ပေါ်လာတဲ့ လှိုင်းပုတ်မှုအန္တရာယ်တွေကနေ ကာကွယ်မှုပေးတဲ့အတွက် ဒေသခံပြည်သူတွေအတွက် လုံခြုံစိတ်ချရမှုကို ဖြစ်ပေါ်စေပါတယ်။ အထူးသဖြင့် အဲဒီဒေသမှာရှိတဲ့ ဆင်းရဲသားတွေအတွက် အစားအစာနဲ့ ဆောက်လုပ်ရေး ပစ္စည်းတွေကို ပံ့ပိုးပေးပါတယ်။ ဒါ့အပြင်များပြားလှတဲ့ သက်ရှိတိရစ္ဆာန်မျိုးစိတ်တွေ နေထိုင်ကျက်စားရာဒေသတစ်ခုဖြစ်သလို အထူးသဖြင့် စီးပွားဖြစ်အကျိုးပြု နိုင်တဲ့ ငါးမျိုးစိတ်တွေ တည်ရှိရာဒေသလည်းဖြစ်ပါတယ်။

**ပြဿနာများ**

လက်တင်အမေရိက၊ အာဖရိကနဲ့ အာရှဒေသရှိ ဒီရေတောအတော်များများက ဆုတ်ယုတ်ယိုယွင်းနေတာရှိသလို တချို့နေရာတွေမှာ လုံးဝပျက်စီးလျက်ရှိနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် အာရှဒေသရှိပုစွန်မွေးမြူရေးလုပ်ငန်းတွေကြောင့် ဒီရေတောတွေရှိတဲ့ ကမ်းခြေနဲ့ ပင်လယ်သမုဒ္ဒရာဝန်းကျင်မှာရှိတဲ့ သန္တာကျောက်တန်းတွေကို ပျက်စီးစေပါတယ်။ မြို့ပြဖွံ့ဖြိုးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပင်လယ်ကမ်းခြေသစ်တောများမှာ သစ်များကိုအလွန်အကျွံခုတ်ထွင်မှုနဲ့ ရေပြင်မှာဖောက်ခွဲပြီး ငါးရှာဖွေမှုစတာတွေကြောင့်လည်း ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပွားစေပါတယ်။

**ဒီရေတောများ၏ အကျိုးပြုမှုများ**

ဒီရေတောတွေက မုန်တိုင်းနဲ့ ပင်လယ်ရေလွှမ်းမိုးမှုတို့လို ရာသီဥတုပြင်းထန် ဆိုးဝါးမှုအန္တရာယ်တွေကို ကာကွယ်ပေးပါတယ်။ ဒါ့အပြင် ရာသီဥတုပြင်းထန်မှုကြောင့်ဖြစ်ရတဲ့ ပင်လယ်ရေမြင့်တက်မှုတွေကိုလည်း အကာအကွယ်ပေးနိုင်ပါတယ်။ ဒီရေတော သုညဒသမ ၁ ဟက်တာမှာအမြင့်ပေမီတာ ၁၀၀ အမြင့်ရှိတဲ့ ပင်လယ်လမုပင် ၃၀ ရှိရင် ဆူနာမီဖျက်ဆီးမှုဒဏ်ရဲ့ ၉၀ ရာခိုင်နှုန်းကို လျှော့ချပေးနိုင်ပါတယ်။

**ဇီဝမျိုးကွဲများ ရှင်သန်မှု**

သက်ရှိနဲ့သစ်ပင်မျိုးစိတ်များ ရှင်သန်ပေါက်ဖွားစေနိုင်တဲ့ဒေသတစ်ခုကိုဖန်တီးပေးနိုင်တဲ့အတွက် လမုတောတွေမှာ ဇီဝမျိုးကွဲတွေကြွယ်ဝစွာဖြစ်ထွန်းတည်ရှိနေပါတယ်။ လမုပင်တွေရဲ့ အမြစ်တွေ၊ အရွက်တွေက ပလင့်တန် (Plankton) ခေါ် မျောလေးများ၊ ရေမှော်၊ ငါးနဲ့ ပုစွန်တို့အတွက် အစားအစာတွေကို ပေးပါတယ်။ အပူပိုင်းဒေသမှာ စီးပွားဖြစ်ဖမ်းဆီးနေတဲ့ ငါးအများစုက မွေးဖွားပြီး အရွယ်ရောက်တဲ့အထိ ဒီရေတောတွေထဲမှာ ပေါက်ဖွားရှင်သန်ခဲ့ကြတာဖြစ်ပါတယ်။ ဒီရေတောတွေက ငှက်တွေနဲ့ တောင်အာရှဒေသရှိလမုတောနေမျောက်တွေလို နို့တိုက်သတ္တဝါတွေကျင်လည်ကျက်စားရာဒေသဖြစ်ပါတယ်။

**လူသားတို့နေထိုင်စားသောက်ရေး**

ဒီရေတောဒေသများရှိ သမားရိုးကျ အသက်မွေးဝမ်းကျောင်းစီးပွားရေးလုပ်ငန်းများတွင် ငါးဖမ်းလုပ်ငန်း၊ အခွံမာရေနေသတ္တဝါများစုဆောင်းခြင်းစတဲ့လုပ်ငန်းတွေကအစပြုပြီး သစ်ထုတ်လုပ်မှု၊ ဆိုးဆေးပြုလုပ်တဲ့သစ်ခေါက်များထုတ်လုပ်ခြင်းစတဲ့ လုပ်ငန်းတွေပါဝင်ပါတယ်။ ဒီရေတောများကိုအမှီပြုပြီး ဆောင်ရွက်တဲ့စီးပွားရေးလုပ်ငန်းတွေရဲ့နှစ်စဉ်ဝင်ငွေက တစ်ဟက်တာကို အမေရိကန်ဒေါ်လာ ၁၂၃၉၂ ဒေါ်လာနှုန်းရှိပါတယ်။ ထုတ်လုပ်တဲ့ပစ္စည်းတွေထဲမှာ သစ်၊ သစ်မဟုတ်တဲ့ ထုတ်ကုန်တွေ၊ ငါးဖမ်းလုပ်ငန်း၊ သစ်ပင်ပျိုးထောင်မှုနဲ့ ကမ်းခြေဒေသများအား မုန်တိုင်းဒဏ်မှ ကာကွယ်ရေးဆိုတဲ့ လုပ်ငန်းတွေ ပါဝင်ပါတယ်။

စီးပွားရေးအရ ရရှိနိုင်တဲ့တန်ဖိုးအပြင် လမုတောတွေက ဒေသနေပြည်သူတို့အတွက် ယဉ်ကျေးမှုဆိုင်ရာ ထူးခြားချက်အခြေအနေတွေကိုပေါ်ထွန်းလာစေပါတယ်။ ဒီအထဲမှာ တောင်အမေရိကတိုက်မှာပြုလုပ်တဲ့ ခရုစုဆောင်းရေးပွဲတော် (Concheras) မျိုးတွေလည်းပါဝင်ပါတယ်။

**ကာဗွန်ဓာတ်ထိန်းသိမ်းမှု**

သက်ရှိဇီဝဒြပ်ထုများက ကာဗွန်များကိုထိန်းသိမ်းမှုနဲ့ အနယ်ကျကျောက်များတွင် ကာဗွန်များကို စုစည်းထားခြင်းစသည်တို့ဖြင့် ဒီရေတောများမှာ ကာဗွန်ဓာတ်ကိုထိန်းသိမ်းထားနိုင်ပါတယ်။

**ဒီရေတောကာကွယ်ရေး**

ဒီရေတောအဖြစ် ဖွဲ့စည်းဖြစ်ပေါ်နေတဲ့ လမုပင်တွေက ကမ်းရိုးတန်း ဒေသတွေအတွက် အရေးပါတဲ့တောတွေဖြစ်ပါတယ်။ ပင်လယ်မြစ်ဝဒေသတွေမှာ လူနေထူထပ်လာတာနဲ့အမျှ ဂေဟဗေဒ ဆိုင်ရာမညီမျှမှုတွေကြောင့် ပျက်စီး ဆုံးရှုံးမှုတွေ အများအပြား ဖြစ်ပွားနိုင်ပါတယ်။ ဒီဒေသတွေတည်ငြိမ်ရေးအတွက် ဒီရေတော တွေက အရေးပါတဲ့ ကဏ္ဍကပါဝင်ပါတယ်။ ဒီရေတောလမုပင်တွေမှ သစ်တောထွက်ပစ္စည်းတွေမရရှိတဲ့တိုင်အောင် "ပင်လယ်ကမ်းခြေ ဒေသကာကွယ်သူ" အဖြစ်ဆောင်ရွက်နေခြင်းကပင်လျှင် နှစ်သက်စရာကောင်းနေပါတယ်။

လမုတောတွေက မြေပြင်နဲ့ပင်လယ်ပြင်ဒေသကို ကြားခံအဖြစ်ဆောင်ရွက်ပေးပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ကမ်းရိုးတန်းဒေသတွေဟာ ရေတိုက်စားခံရခြင်းနဲ့ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုရဲ့ ခြိမ်းခြောက်မှုကိုခံနေရပါတယ်။ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ ကမ်းရိုးတန်းဒေသတွေမှာ ရေတိုက်စားမှုများ ဖြစ်ပေါ်လာခြင်းစတဲ့ ခြိမ်းခြောက်မှုတွေကို ခံစားနေရပါတယ်။ ဒီလိုခြိမ်းခြောက်မှုတွေကို ဒီရေတောတွေက အကာအကွယ်ပေးထားတာ ဖြစ်ပါတယ်။ ယေဘုယျအားဖြင့် ရေပြင်ကကုန်းမြေကိုဝိုင်းတော့မယ့် အလားအလာတွေ ရှိနေတဲ့အတွက် ဒီအခြေအနေက တစ်မူထူးခြားတဲ့ အသွင်သဏ္ဌာန်တစ်ခုဖြစ်ပါတယ်။

ဒီရေတောတွေနဲ့ ပင်လယ်မြစ်ဝတွေက သမုဒ္ဒရာသက်ရှိအများအပြားအတွက် မွေးဖွားကြီးပြင်းရာဒေသဖြစ်ပြီး ဒီသက်ရှိတွေထဲမှာ စီးပွားရေးအရအရေးပါတဲ့ ပုစွန်၊ ဂဏန်းနဲ့ငါးမျိုးစိတ်တွေပါဝင်ပါတယ်။ သို့ဖြစ်ရာ ဒီရေတောတွေ ဆုံးရှုံးမှုကသွယ်ဝိုက်တဲ့ ငါးဖမ်းလုပ်ငန်းအပါအဝင် တခြားသောထိခိုက်ဆုံးရှုံးမှုတွေဖြစ်ပေါ်စေနိုင်ပါတယ်။

လမုပင်တွေကို အိမ်ဆောက်ဖို့၊ ပရိဘောဂပြုလုပ်ဖို့နဲ့ တယ်လီဖုန်းတိုင်အဖြစ်သုံးဖို့အပြင် တချို့အိမ်သုံးပစ္စည်းတွေအတွက်သုံးဖို့ ခုတ်ထွင်သုံးစွဲပါတယ်။ ဒီလုပ်ငန်းတွေကို စနစ်တကျ စီမံဆောင်ရွက်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုကို ထိန်းသိမ်းပြီး စီးပွားဖြစ်ငါးဖမ်းလုပ်ငန်းကို အထောက်အကူရစေမှာ ဖြစ်ပါတယ်။ ကတ်ချ်ပင်လယ်ကွေ့ဒေသအပါအဝင်ကမ်းခြေဒေသအတော်များများမှာ ဒီရေတောတွေကနေ တိရစ္ဆာန်တွေကို စီးပွားဖြစ် ဖမ်းယူလျက်ရှိနေပါတယ်။

တချို့ဒီရေတောသစ်ပင်အမျိုးအစားတွေကနေ ဆိုးဆေးအတွက်အသုံးပြုတဲ့ သစ်ခေါက်ရည်ကိုထုတ်လုပ်နိုင်ပါတယ်။ အိန္ဒိယနိုင်ငံရှိလမုပင်တွေကထွက်ရှိတဲ့ အခေါက်တွေမှာ ဆိုးဆေးထုတ်ရာမှာအသုံးပြုတဲ့အစေး ၃၅ ရာခိုင်နှုန်းပါဝင်တဲ့ အတွက်တခြားဒေသကအခေါက်တွေထက် အစေးပါဝင်မှုနှုန်းပိုမိုများပြားပါတယ်။ လမုပင်ကထွက်တဲ့ ဆိုးဆေးကိုအသုံးပြုရင် ငါးဖမ်းပိုက်တွေရဲ့ သက်တမ်းပိုမိုရှည်တာကို တွေ့ရပါတယ်။

ဟိုးရှေးခေတ်ကတည်းက လမုပင်တွေကို ထင်းအဖြစ်အသုံးပြုခဲ့ပါတယ်။ Rhizophora, Kantelia, Ceripos နဲ့ Bruguiera စတဲ့မျိုးစိတ်တွေကထင်းအတွက်အသုံးပြုလို့ကောင်းတဲ့ မျိုးစိတ်တွေ ဖြစ်ပါတယ်။ တချို့မျိုးစိတ်တွေက အိမ်ဆောက်ရာ၊ အုတ်ဖုတ်ရာမှာအသုံးဝင်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဒီရေတောမှ ပျားရည်စုဆောင်းတဲ့အလုပ်ကလည်းအလားအလာကောင်းတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ အိန္ဒိယဆန်ဒေါ့ဘန် ဒီရေတောတစ်ခုတည်းက နှစ်စဉ်စုဆောင်း ရရှိတဲ့ ပျားရည်က ၁၁၁ တန်ရှိပါတယ်။ Gynometra နဲ့ Aegialitis သစ်တောတွေရတဲ့ ပျားရည်ဆိုရင် ဈေးကွက်ကောင်းပြီး ဝယ်လိုအားများပါတယ်။

တချို့ဒီရေတောအမျိုးအစားတွေက လူနဲ့တိရစ္ဆာန်တွေ အတွက်အသုံးဝင်ပါတယ်။ ဓနိတောတွေကရတဲ့ ဓနိရည်က သောက်သုံးလို့ရပါတယ်။ ဓနိရွက်တွေကို အိမ်မိုးသက်ငယ်အဖြစ်သုံးလို့ ရပါတယ်။

နှစ်ဆယ်ရာစုအလယ်ပိုင်းလောက်ကတည်းက ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဒီရေတောထက်ဝက်လောက် ဆုံးရှုံးခဲ့ရပါတယ်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းဆုံးရှုံးမှုကပင်လျှင် ငါးပုံတစ်ပုံလောက်ရှိနေပါတယ်။ စုစုပေါင်းပျက်စီးဆုံးရှုံးမှုရဲ့ ၂၅ ရာခိုင်နှုန်းက ပုစွန်မွေးကန်တွေအဖြစ်ပြောင်းလဲလို့ဖြစ်ပွားရပြီး၊ အရှေ့တောင်အာရှနဲ့ လက်တင်အမေရိကမှာအဖြစ်များပါတယ်။ တခြားအကြောင်းတရားတွေထဲမှာ ထင်းအဖြစ်ထုတ်ယူမှု၊ ရာသီဥတုပြောင်းလဲမှုနဲ့ စက်မှုဖွံ့ဖြိုးမှုတွေကြောင့်ဖြစ်ပါတယ်။

ယိုယွင်းပျက်စီးလာစပြုနေပြီဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပေးနိုင်ဖို့ ကမ္ဘာ့အရပ်ရပ်မှာရှိတဲ့ ဒီရေတောတွေ ကို ထိန်းသိမ်းနိုင်ဖို့ ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း။

■

## စာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၃၆၁ တန်ကျော်ဝင်

မေ ၃၁ ရက်မှ ဇွန် ၆ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၂၇၈၀၅၆၅ တန်ဖိုးရှိ ဓာတ်ဆီ ၂၁၄ ဒသမ ၄၆နဲ့ ကန်ဒေါ်လာ၉၄၇၀၀၁၆ တန်ဖိုးရှိ ဒီဇယ် ၁၄၇ ဒသမ ၀၄၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဓာတ်ဆီအဝင်မှာ ၁၈၂ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၁ ဒသမ ၉၄ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်က ယခင်သီတင်းပတ်မှာ တင်သွင်းမှုလျော့ခဲ့ပြီး ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဒီတစ်ပတ် ဒီဇယ်ရော ဓာတ်ဆီပါ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဇွန်လ ၈ ရက်နေ့မှ ၁၂ ရက်နေ့အတွင်းရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးငြိမ်နေပြီး ရန်ကုန်မှာ ဈေးမြင့်နေတယ်လို့ သိရပါတယ်။ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေးအပြောင်းအလဲ သိပ်မရှိပေမယ့် ဒီဇယ်က ဈေးနည်းနည်းမြင့် လာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၇၃၀ ကျပ်၊ အောက်တိန်း(၉၂) ၇၈၀ ကျပ်၊ အောက်တိန်း(၉၅)၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၈၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဇွန်လ ၈ ရက်နေ့ ဓာတ်ဆီ ဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၁၀ ရက်မှာတော့ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာဇွန် ၈ ရက်မှာ ဝယ်ဈေး ၁၄၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာမှ ၁၀ရက်မှာ ဝယ်ဈေး၊ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ၁၁ ရက်တွင် ဝယ်ဈေး ၁၅၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၃၀၀၀ ကျပ်ထိ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ဓါတ်ဆီ၊ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ် ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဓာတ်ဆီနဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊ အောက်တိန်း ၈၃၀ ကျပ်၊ ဒီဇယ် ၇၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၂၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၈ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ရာ ၁၀ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၆၀၀၀ ကျပ် ဈေးမြင့်ခဲ့ပြီး ၁၁ ရက်တွင် ဝယ်ဈေး ၁၅၂၀၀၀ ကျပ်၊ရောင်းဈေး ၁၅၅၀၀၀ ကျပ်နဲ့ ရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇွန်လ၈ ရက်နေ့ ဝယ်ဈေး၁၄၇၀၀၀ ကျပ်၊ရောင်းဈေး ၁၅၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီဈေး သိပ်မပြောင်းလဲပေမယ့် ဒီဇယ်ဈေး ၇၀၀၀ ကျပ်ဝန်းကျင်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၆၀၀ ကျပ်၊ ဓာတ်ဆီ ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၈၅ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၃၀၀ ကျပ်၊ အောက်တိန်း ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ်၃၁၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၅၀၀ ကျပ်၊ ဒီဇယ် ၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**MIRT-DOT**

### Energy NYMEX 12-6-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 60.31 | -0.46 | -0.76 |
| Brent Crude Futr (USD/bbl) | 64.73 | -0.38 | -0.58 |
| Gasoline Rbob Fut (Cent/gal) | 211.36 | -2.45 | -1.15 |
| Natural Gas Futr (USD/MMBtu) | 2.79 | -0.03 | -1.10 |
| Heating Oil Futr (Cent/gal) | 190.88 | -1.22 | -0.64 |

## ပြည်တွင်းငွေလဲနှုန်းများ အတက်အကျကြမ်းလာ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဆက်တိုက်မြင့်တက်ခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၂၅၅ကျပ်အထိ အမြင့်ဆုံးနှုန်းကိုရောက်ရှိခဲ့ပြီး ပြန်လည်ကျဆင်းခဲ့သည်။ ပြည်တွင်းငွေလဲနှုန်းများ အဆမတန် မြင့်တက်လာခြင်းကြောင့် အခြေခံစားကုန်ဈေးနှုန်းများ ရုတ်ခြည်းမြင့်တက်လာခဲ့သည်။ ထို့ပြင် မြန်မာ့ရွှေဈေးမှာလည်း ငွေလဲနှုန်းမြင့်တက်မှုကြောင့် ကျပ်ရှစ်သိန်းအထိ အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့သည်။

"ပြည်တွင်းမှာ ဈေးကစားတဲ့သူတွေကြောင့် ခုလို ဈေးတွေက ဆက်တိုက်မြင့်တက်လာရတာပါ။ ဘဏ်တွေကိုယ်တိုင်က ဒေါ်လာကို ရောင်းမပေး နိုင်တော့ ဒေါ်လာလိုအပ်တဲ့သူတွေက အပြင်မှာပဲ လိုက်ဝယ်နေကြတယ်။ အဲလိုမျိုးတွေကြောင့် ဈေးကတက်လာရတာကို ဗဟိုဘဏ်ကလည်း မထိန်းချုပ်နိုင်တော့ ဈေးကတက်ပြီးရင်းတက်ဖြစ်နေတယ်။ ခုထက်ထိပဲ။ တချို့ဘဏ်တွေက အရောင်းကိုပိတ်ထားတယ်။ အဝယ်ပဲ လက်ခံတဲ့အခါကျတော့ ဒေါ်လာနဲ့ပေးချေရမယ့်သူတွေအတွက် တကယ်လိုအပ်လာတော့ အပြင်ကနေလိုက်ပြီး ဝယ်နေရတယ်။ အပြင်မှာ ဒေါ်လာကို အလုံးအရင်းနဲ့လိုက်ဝယ်တဲ့ အခါကျတော့ ဈေးက လိုသလို တက်လို့ရနေပြီပေါ့။ ဈေးကွက်ထဲမှာ ရောင်းလိုအားထက်ဝယ်လိုအားက များလာတဲ့အတွက် ဈေးတက်လာရတဲ့ သဘောပါပဲ"ဟု ပြင်ပငွေဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ဆိုသည်။

ရက်ပိုင်းအတွင်း တစ်ဒေါ်လာလျှင် ၆၆ ကျပ်အထိ မြင့်တက်သွားခဲ့သည့်နှုန်းထားသည် ပြည်တွင်းငွေလဲဈေးကွက်ပျက်မည့်အနေအထားပင်ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတို့က သုံးသပ်ကြသည်။

ဗဟိုဘဏ်မှလည်း ဇွန် ၁၂ရက်အတွက် ရည်ညွှန်းငွေလဲနှုန်းကို ၁၁၀၅ကျပ်ဟု သတ်မှတ်ထားသဖြင့် ငွေလဲစင်တာများတွင် ရောင်းဈေး ၁၁၁၃ ကျပ်၊ ဝယ်ဈေး ၁၁၁၁ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်ဟု ဆိုသော်လည်း တကယ်တမ်းတွင်မူ အောက်ဈေးဖြင့်သာ ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

## မြန်မာ့ရွှေဈေး အမြင့်ဆုံးကျပ်ရှစ်သိန်းအထိ မြင့်တက်ပြီးမှ ပြန်လည်ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကတည်းက မြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ပိုမိုအတက်ကြမ်းလာခဲ့ကာ ပြန်လည်ကျဆင်းသည့်အခါတွင်လည်း အကျကြမ်းခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက မြန်မာ့ရွှေဈေးသည် ကျပ် ၇၂၇၀၀၀ ဖြင့် ဈေးပိတ်ခဲ့ပြီး ဈေးပြန်ဖွင့်ချိန်တွင် အဆိုပါဈေးအတိုင်းသာရှိခဲ့သည်။ သို့သော် ဇွန် ၉ ရက်တွင် ပြည်တွင်းရွှေဈေးသည် ထိုနေ့တစ်နေ့တည်းမှာပင် ကျပ် ၃၄၅၀၀ အထိ မြင့်တက်ခဲ့သည်။ ထို့နောက် ဆက်လက်မြင့်တက်ခဲ့ရာ ဇွန် ၁၀ရက်တွင် စံချိန်တင်အမြင့်ဆုံးဈေးအဖြစ် ကျပ်ရှစ်သိန်းအထိ မြင့်တက်ခဲ့သည်။

ထိုကဲ့သို့ ပြည်တွင်းရွှေဈေးများ မြင့်တက်ခဲ့သော်လည်း ကမ္ဘာ့ရွှေဈေးမှာမူ တစ်ပတ်အတွင်း ခုနစ်ဒေါ်လာသာမြင့်တက်ခဲ့သည်။ ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်ခဲ့ခြင်းနှင့်အတူ ဈေးကစားသူများကြောင့် ပြည်တွင်း ရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်သည်ဟု သုံးသပ်လျက်ရှိကြသည်။

"ရွှေဈေးတွေက နေ့ချင်းညချင်း ဆိုသလို တစ်နေ့တည်းမှာကို သုံးလေးသောင်းလောက် မြင့်တက်နေတော့ ကုန်သည်တွေ အရှုံးပေါ်ကြတာများတယ်။ ဈေးကွက်က ပျက်သွားတာပေါ့။ ဈေးက မထင်မှတ်ဘဲကို အဆမတန် မြင့်တက်လာတာ။ ဈေးကစားတဲ့သူတွေကြောင့်ရော၊ ပြည်တွင်းငွေလဲနှုန်းပါ ရုတ်တရက် မြင့်တက်သွားတာကြောင့်ရော ခုလို ပြည်တွင်းရွှေဈေးတွေ မြင့်တက်လာရတာပါ။ အစိုးရကလည်း ပြည်တွင်းငွေလဲနှုန်းကို မထိန်းချုပ်နိုင်တဲ့အတွက် ခုလိုမျိုးဈေးကစားတဲ့သူတွေ လက်ထဲကို ရောက်သွားရတာ။ နောက်ဆုံးတော့ထိခိုက်နစ်နာတာက ပြည်သူတွေပဲလေ။ ဒေါ်လာဈေးတက်တယ်ဆိုပြီးတော့ ကျန်တဲ့ကုန်ပစ္စည်းတွေပါ လိုက်တက်တာ။ အခြေခံစားကုန်တွေပါ ဈေးနှုန်းတွေ လိုက်တက်တော့ လက်လုပ်လက်စားပြည်သူတွေပဲ ဒုက္ခရောက်ကြရတာပဲလေ"ဟု ရွှေကုန်သည် ဦးစံမြင့်က သုံးသပ်ပြခဲ့သည်။

မြန်မာ့ရွှေဈေးသည် ၂၀၁၅ခုနှစ်အတွင်း စံချိန်တင်အမြင့်ဆုံးဈေးအဖြစ် ကျပ်ရှစ်သိန်းအထိ မြင့်တက်သွားခဲ့သော်လည်း ဇွန် ၁၁ ရက် ရက်မှစတင်ကာ ပြန်လည်ကျဆင်းလာခဲ့သည်။ ဇွန် ၁၂ ရက်တွင် ကျပ် ၇၃၃၀၀၀ သို့ ပြန်လည်ကျဆင်းလာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇွန်လ ၈ရက်က ၁၁၇၄ ဒေါ်လာရှိခဲ့ပြီး ဇွန်လ ၁၂ ရက်နေ့တွင် ၁၁၈၂ ဒေါ်လာသို့မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

June 12, 2015
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.29 |
| BDT | Bangladesh Taka | 77.90 |
| CAD | Canada Dollars | 1.23 |
| CNY | China Yuan Renminbi | 6.21 |
| EUR | Euro | 0.89 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 64.04 |
| IDR | Indonesia Rupiahs | 13323.05 |
| JPY | Japan Yen | 123.59 |
| MYR | Malaysia | 3.75 |
| PKR | Pakistan Rupees | 101.70 |
| PHP | Philippines Pesos | 45.33 |
| RUB | Russia Rubles | 54.78 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1115.46 |
| LKR | Sri Lanka Rupe | 134.19 |
| THB | Thailand Baht | 33.72 |
| GBP | United Kingdom Pounds | 0.64 |
| VND | Vietnam Dong | 21741.59 |

*Source : xe.com*

### World Gold Price

June, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 8 | 1171 | 1171 | 1171 |
| 9 | 1174 | 1174 | 1174 |
| 10 | 1179 | 1179 | 1179 |
| 11 | 1182 | 1182 | 1183 |
| 12 | 1181 | 1181 | 1181 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 8-6- 2015 | 730.50 | 731.00 |
| 9-6- 2015 | 750.00 | 749.80 |
| 10-6- 2015 | 783.00 | - |
| 11-6- 2015 | 740.00 | 733.00 |
| 12-6- 2015 | 733.00 | 732.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 8 | 6 .21 | 33.91 | 78.67 | 64.05 |
| 9 | 6. 21 | 33.77 | 77.70 | 63.95 |
| 10 | 6 .21 | 33.60 | 77.74 | 63.82 |
| 11 | 6 .21 | 33.72 | 77.68 | 63.92 |
| 12 | 6.21 | 33.72 | 77.90 | 64.04 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 8-June | 16.09 | 2154.66 | 1719.42 | 6039.49 | 1095.00 |
| 9-June | 16.03 | 2170.78 | 1724.35 | 6046.21 | 1107.00 |
| 10-June | 16.03 | 2170.78 | 1724.35 | 6046.21 | 1107.00 |
| 11-June | 15.96 | 2166.75 | 1729.06 | 6084.96 | 1111.00 |
| 12-June | 15.97 | 2143.90 | 1718.30 | 5966.24 | 1100.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေအဝင်လျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ မေလ ၃၁ ရက်မှဇွန်လ ၆ ရက်အတွင်း ပြည်တွင်းကို ကန်ဒေါ်လာ၄၂၂၅၆၂၈ ကျော်တန်ဖိုးရှိ ဘိလပ်မြေ ၅၀၀၁၇ ဒသမ ၃၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မှာယူတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ တန်ချိန်၃၆၉၀၊ ထိုင်းနိုင်ငံမှ ၄၆၃၀၀တန်နဲ့ တရုတ်နိုင်ငံမှ ၂၇ဒသမ ၃၆၀တန်ဝင်လာခဲ့ပါတယ်။ဒီတစ်ပတ်မှာစိန်၊ဆင်နဲ့ INSEE ဘိလပ်မြေများ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်မှာ တန်ချိန် တစ်သိန်းခုနစ်သောင်းကျော် ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် တစ်သိန်းနှစ်သောင်းကျော် အဝင်လျော့ခဲ့ တယ်လို့ သိရပါတယ်။



### စျေးမြင့်ပြီး အရောင်းအဝယ်ပုံမှန်ရှိနေဆဲ ဘိလပ်မြေ

မေ ၃၁ ရက်မှ ဇွန် ၆ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေ အဝင်မှာ ၅၀၀၁၇ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေ အဝင်မှာ ၁၇၄၃၉၄ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန် တစ်သိန်းနှစ်သောင်းကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၅၁၉၅ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၀၄၃၉ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၂၄၄ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါ တယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့သလို နယ်စပ်လမ်းမှလည်း အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေစျေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ စျေးကတော့ နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဆင်(ထိုင်း) က၁၅၀ ကျပ်၊ကြံ့(မြိုင်ကလေး) က ၁၇၅ ကျပ်၊စိန်(ထိုင်း) က ၁၀၀ ကျပ်စျေးမြင့်ခဲ့ တယ်လို့ သိရပါတယ်။ စျေးနည်းနည်းတက်သလို ဝယ်လက်ရှိနေတာကြောင့် နေ့စဉ် ပုံမှန်အရောင်းရှိတယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့စျေးက ဆင် (ထိုင်း) ၅၃၅၀ ကျပ်၊မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့ (မြိုင်ကလေး) ၅၁၀၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးစျေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်သွက်တယ်လို့ သိရပါ တယ်။ ထိုင်းဘိလပ်မြေနဲ့ ပြည်တွင်းဘိလပ်မြေများ စျေးနည်းနည်းမြင့်လာပါ တယ်။ စျေးမြင့်တယ်ဆိုပေမယ့် ကျပ် ၁၀၀ ဝန်းကျင်သာ မြင့်ခဲ့တယ်လို့ သိရပါတယ်။ဆင် (ထိုင်း) ၆၈၀၀ ကျပ်၊ မြင်းခေါင်း ၅၉၀၀ ကျပ်၊အပါချီ ၅၉၀၀ ကျပ် ၊ ဆင်(မြန်မာ) ၅၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိ ခဲ့ပါတယ်။

**တောင်ကြီးစျေးကွက်မှာ** ဘိလပ်မြေက အရောင်းပုံမှန်ရှိသလို ဘိလပ်မြေ စျေးကလည်း နည်းနည်းမြင့်လာခဲ့ပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ စျေးမှာဆင်(ထိုင်း) ၇၅၀၀ ကျပ်၊ စိန်(ထိုင်း) ၇၅၀၀ ကျပ်၊ခြင်္သေ့၅၀၀၀ ကျပ်၊အပါချီ ၅၆၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊ နဂါး ၅၆၀၀ ကျပ်၊ကမ္ဘောဇ ၅၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါ တယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာတန်ချိန် ၄၇၀၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ မေ ၃၁ ရက်မှ ဇွန် ၆ ရက် သီတင်းပတ်အတွင်းမှာ ပြည်တွင်းကို ကန်ဒေါ်လာ ၁၃၈၈၇၃၀ကျော်တန်ဖိုးရှိ မြေဩဇာ ၄၇၃၈ ဒသမ ၁၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ် မှာ တရုတ်နိုင်ငံမှ ၁၇၄၈ ဒသမ၅ တန်၊ မလေးရှားနိုင်ငံမှ ၇၅၈ တန်၊ စင်ကာပူမှ ၁၄၉၃ ဒသမ ၆၀တန်၊ ဂျာမနီနိုင်ငံမှ ၄၀၈ တန်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်း ခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ အမိုးနီးယမ်း ဆာလဖိတ်၊ ယူရီးယား၊ ဩဂဲနစ် စတဲ့ မြေဆီများ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကွန်ပေါင်းမြေဩဇာ ၂၃၆၃ တန်ချိန်ကျော်ဝင်လာတယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်တန်ချိန် ၉၅၀၀ ကျော် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၇၆၄ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ရန်ကုန်စျေးကွက်မှာ ဓာတ်မြေဩဇာ စျေးမြင့်

မေ ၃၁ ရက်မှ ဇွန်လ ၆ ရက် အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာတန်ချိန် ၄၇၃၈ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာတန်ချိန် ၉၅၀၂ တန် ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၇၆၄ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါ တယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၅၀၄၀ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၇၅၁၂ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၄၇၁ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ ရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းစျေးကွက်များဖြစ်တဲ့ မကွေး ၊ မော်လမြိုင်နဲ့ တောင်ကြီးမှာ စျေးငြိမ် ပြီးအရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်စျေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာ အရောင်းအဝယ် ပုံမှန်ရှိ တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာတော့ မြေဩဇာက ယခင်တစ်ပတ်ထက် အရောင်း နည်းနည်းတက်လာတယ်လို့ သိရပါတယ်။ အရောင်းတက်ပေမယ့် စျေးကငြိမ်နေဆဲ ဖြစ်ပါတယ်။ တစ်ပတ်စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ စျေးနှုန်းတွေမှာပုလဲ- အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၃၁၅၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၉၅၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း- တရုတ်) ၂၀၀၀၀ ကျပ် ၊တီစူပါ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးစျေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါ တယ်။ ဒီတစ်ပတ်မှာတော့ ယူရီးယား က၅၀၀ ဝန်းကျင်စျေးမြင့်လာပြီး ကျန်မြေ ဩဇာများက စျေးငြိမ်နေတယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ် တဲ့ စျေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၁၉၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်- တရုတ်) ၂၁၉၀၀ ကျပ်၊ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ၁၄၇၀၀ ကျပ်၊ ဆင်၁၀း၁၀း၅ ၁၄၅၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၅၂၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၅၈၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၂၈၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၅၈၀၀ ကျပ်၊ ပိုတက် ၂၃၀၀၀ ကျပ်၊တောင်သူမ ၁၃၈၀၀ ကျပ်စျေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးစျေးကွက်မှာ** မြေဩဇာကအရောင်းအဝယ် ပုံမှန်ရှိပေမယ့် ဒီတစ် ပတ်မှာ စျေးငြိမ်နေတယ်လို့ စိုက်ပျိုးရေးသုံးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ဆိုပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့စျေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်)၂၂၂၀၀ကျပ်၊ ယူရီးယား -ပုလဲ(ရွှေတောင်-တရုတ်) ၂၂၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၀၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၀၇၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၇၀၀၀ကျပ်၊တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၅၅၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၅၈၀၀ကျပ်၊ပိုတက် (တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၂၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၂၀၀ ကျပ် စျေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စျေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်စျေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာက အရောင်းအဝယ် ပုံမှန်ရှိ ရှိပေမယ့် မြေဩဇာစျေးတွေ နည်း နည်းမြင့်လာတယ်လို့ သိရပါတယ်။ ယူရီးယားက ၂၀၀၀ ကျပ်၊ တီစူပါ က ၁၈၀၀ ကျပ်၊ပိုတက် က ၂၅၀၀ ကျပ်ထိ စျေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ စျေး ကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ စျေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၂၃၀၀၀ ကျပ်၊ ယူရီးယား(နေရွက်လှေ- တရုတ်) ၂၃၀၀၀ ကျပ်၊ တီစူပါ(သံကွင်း- တရုတ်) ၂၁၀၀၀ကျပ်၊ပိုတက် (အိန္ဒိယ) ၂၄၀၀၀ ကျပ်၊ ကွန်ပေါင်း( နေရွက်လှေ- တရုတ်) ၁၅း၁၅း၁၅ ၃၆၅၀၀ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စျေးကွက် အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒွန်းနဲ့အိုကေနို့ဆီနို့စိမ်းများဝင်

ပြည်တွင်းကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၀၈၇၇၄ တန်ဖိုးရှိ နို့စိမ်း ၂၆၆ ဒသမ ၇၆ တန်နဲ့ ကန်ဒေါ်လာ ၃၃၂၄၀၈ တန်ဖိုးရှိ နို့ဆီ ၂၄၈ဒသမ ၄၀ တန်ကို မေ ၃၁ ရက်မှ ဇွန် ၆ ရက် သီတင်းပတ် အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ် ပတ်မှာ နို့ဆီရော နို့စိမ်းပါ တင်သွင်းခဲ့ ပါတယ်။ ဒွန်းနို့ဆီနဲ့ အိုကေနို့စိမ်း ဝင် လာခဲ့တယ်လို့ သိရပါတယ်။ ယခင် တစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန်၁၁၇ ဒသမ ၇၂ တန်အဝင်ပိုခဲ့တယ်လို့ သိရ ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ မလေးရှား နိုင်ငံမှ ၁၇ ဒသမ ၂၅၆ တန်နဲ့ စင်ကာပူ မှ ၁၁ ဒသမ ၀၁၂ တန် တင်သွင်းခဲ့ပါ တယ်။ ယခင်သီတင်းပတ် အဝင်နဲ့ယှဉ် ရင်၈ ဒသမ ၈၆ တန် အဝင်လျော့တယ် လို့ သိရပါတယ်။

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၃၀/၅ မှ ၅/၆ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၃/၅ မှ ၂၉/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၁၁၂.၃၀ | ၇၀၁.၇၅ | (+) ၁၄၁၀.၅၅ |
| ၂။ | လွယ်ဂျယ် | ၅၉၄.၀၀ | ၇၇၀.၀၀ | (-) ၁၇၆.၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၀ .၀၀ | ၃၃၀.၀၀ | (-) ၂၈၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၄၈၀.၀၀ | ၄၆၁၅.၀၀ | (-) ၁၁၃၅.၀၀ |
| ၅။ | တာချီလိတ် | ၂၀၀၀.၀၀ | ၅၀၀၀.၀၀ | (-) ၃၀၀၀.၀၀ |
| ၆။ | မြဝတီ | ၂၆၆၃.၃၀ | ၈၈၂.၇၅ | (+) ၁၇၈၀.၅၅ |
| ၇။ | ကော့သောင်း | ၄၁၇၀.၅၀ | ၇၀၉၀.၀၀ | (-) ၂၉၁၉.၅၀ |
| ၈။ | မြိတ် | ၁၂၅.၀၀ | ၁၀၅၀.၀၀ | (-) ၉၂၅.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၁၅၁၉၅.၁၀ | ၂၀၄၃၉.၅၀ | (-) ၅၂၄၄.၄၀ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၃၀/၅ မှ ၅/၆ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၃/၅ မှ ၂၉/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၈၃၂.၄၄၀ | ၁၅၅၈၇.၅၀၀ | (-) ၁၇၅၅.၀၆၀ |
| ၂။ | လွယ်ဂျယ် | ၂၉၆.၆၀၀ | ၈၆.၈၀၀ | (+) ၂၀၉.၈၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၃၇.၂၅၀ | ၁၀၀၀.၀၀၀ | (-) ၈၆၂.၇၅၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၆၃၈.၄၆၀ | ၄၈၇.၅၇၀ | (+) ၁၅၀.၈၉၀ |
| ၆။ | ကော့သောင်း | ၁၃၅.၅၀၀ | - | (+) ၁၃၅.၅၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိုဒ် | - | ၃၅၀.၁၅၀ | (-) ၃၅၀.၁၅၀ |
| | စုစုပေါင်း | ၁၅၀၄၀.၂၅၀ | ၁၇၅၁၂.၀၂၀ | (-) ၂၄၇၁.၇၇၀ |

တင်တင်ထွန်း MIRT (DCCA)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နှမ်း/မြေပဲ

# မြေပဲဆီဈေးမြင့်လာပြီး နှမ်းဆီဈေးအေးသွားတဲ့ ပြည်စားသုံးဆီဈေးကွက်

ယခုဇွန်လ ဒုတိယပတ် ပြည်စားဆီဈေးကွက်မှာ မြေပဲဆီဈေးမြင့်ပြီး နှမ်းဆီဈေးပြန်ကျလာခဲ့ပါတယ်။ ယခုနှစ်အစမှ သင်္ကြန်မတိုင်မီအထိ နှမ်းဆီမှာအမြင့်၌တည်နေပြီး သင်္ကြန်အပြီးမှ ယခုအချိန်အထိ နှမ်းဆီဈေး ပြန်ကျသွားပြီး၊ မြေပဲဆီဈေးမြင့်လာတာ တွေ့ရပါတယ်။

ဝယ်လက်များက နှမ်းအစားမြေပဲကို ဝယ်ယူနေလို့ ဈေးမြင့်လာခြင်း ဖြစ်ပါတယ်။ ယခင်နှစ်က နှမ်းဆီဈေးမှာ တစ်ပိဿာ ၅၄၀၀ ကျပ်ရှိခဲ့ပြီး၊ ယခုနှစ်တွင် တစ်ပိဿာ ၄၇၀၀ ကျပ်ထိ ကျဆင်းလာပါတယ်။ ယခင်နှစ်က နှမ်းအထွက်နည်းပြီး အဝယ်များသဖြင့် နှမ်းဈေးမြင့်၍ ဆီဈေးပါ မြင့်လာခြင်းဖြစ်ပါတယ်။ မြေပဲဆီဈေးအနေဖြင့် ယခင်နှစ်က မြေပဲဆီတစ်ပိဿာ ၃၃၀၀ ကျပ်ရှိခဲ့ပြီး၊ ယခုနှစ် မြေပဲဆီမှာ တစ်ပိဿာ ၅၂၀၀ ကျပ်အထိ မြင့်လာတာ တွေ့ရပါတယ်။

နှမ်းဝယ်လက်သမားများက နှမ်းအစားမြေပဲကို အဝယ်ရှိလာလို့ မြေပဲဆီဈေးမြင့်တက်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆီဈေးမှာ ရှယ် တစ်ပိဿာ ၅၂၀၀ ကျပ်နဲ့ ရိုးရိုးမြေပဲဆီ တစ်ပိဿာ ၅၀၀၀ ကျပ်ရှိပြီး နှမ်းဆီဈေးမှာ နှမ်းဦးဆီ တစ်ပိဿာ ၄၇၀၀ ကျပ်နဲ့ နှမ်းဆီရိုးရိုး တစ်ပိဿာကို ၄၅၀၀ ကျပ်နဲ့ တစ်ပတ်အတွင်း ပြည်ဈေးကွက်မှာ ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ **ဝေဝေမင်း-ပြည်**

# နှမ်းတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန်လ ပထမပတ်တွင် ကန်ဒေါ်လာ သုည ဒသမ ၀၆၃ သန်းဖိုးရှိ နှမ်းဖြူ (အခွံချွတ်) ၃၆ တန်နဲ့ ချင်းရွှေဟော်စခန်းမှ နှမ်းနက် တန် ၃၂၀၊ နှမ်းဖြူ တန် ၃၁၀ နဲ့ နှမ်းညို ၁၇ တန်ကို ကန်ဒေါ်လာ သုည ဒသမ ၉၆၇ သန်းဖိုး တင်ပို့ခဲ့ပါတယ်။ယခင်ရက်သတ္တပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၂၃၃ ဒသမ ၅ တန်ကျော်ထိ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ရဲ့ နှမ်းတင်ပို့မှု လျော့ကျသွားပါတယ်။

မူဆယ် ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၁၇၂၃၅၉၉ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၁၇၆၅၀၉၃ ကျပ်သို့လည်းကောင်း၊ နှမ်းနက် တစ်တန် ၁၉၉၄၈၄၆ ကျပ်မှ ၂၀၄၂၈၇၀ ကျပ်သို့လည်းကောင်း နှမ်းဈေးတွေ ဆက်လက်မြင့်တက်လာခဲ့ပါတယ်။ "ကုန်စည်ဒိုင်ဈေးကွက်ကို တရုတ်တွေ စိတ်ကြိုက်ဈေးကစားကာ တရုတ်ယွမ်ငွေနဲ့ မြန်မာကျပ်ငွေပေါ် မူတည်ပြီး ဝယ်ချင်မှဝယ်တယ်၊ ဝယ်ပြီးသား ဖြစ်လည်း ဖျက်ချင်ဖျက်တယ်။ ဈေးကွက်က သူတို့တက်ဆိုတက်၊ ကျဆိုကျဖြစ်နေတာ" လို့ ကုန်သည်အချို့က ပြောဆိုနေကြောင်း သိရပါတယ်။ **မော်မော်အောင်**

## စားအုန်းဆီ

# လက်ကျန်မြင့်တက်မှုကြောင့် စားအုန်းဆီဈေးနှုန်းကျဆင်း

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုမှာ ဒုတိယအများဆုံးဖြစ်တဲ့ မလေးရှားနိုင်ငံရဲ့ စားအုန်းဆီလက်ကျန်အခြေအနေက မေလမှာ ခြောက်လအတွင်း အမြင့်မားဆုံးအခြေအနေကို ရောက်ရှိပြီး၊ လုပ်ငန်းကဏ္ဍမှ ထုတ်ပြန်တဲ့ အစီရင်ခံစာများ ထွက်ပေါ်လာပြီးနောက် မလေးရှားစားအုန်းဆီရဲ့ ကြိုရောင်းကြိုဝယ်ဈေးက ဇွန်လ ၁၁ ရက်နေ့မှာ လေးရက်မြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်းခဲ့ပါတယ်။



မလေးရှားနိုင်ငံရဲ့ စားအုန်းဆီ လက်ကျန်က မေလအကုန်မှာ ၂ ဒသမ ၅ ရာခိုင်နှုန်းထိ မြင့်တက်ပြီး တန်ချိန် ၂ ဒသမ ၂၄ သန်းထိ ရောက်ရှိခဲ့ရာ နိုဝင်ဘာနောက်ပိုင်း အမြင့်ဆုံးအခြေအနေ ဖြစ်ကြောင်း၊ မလေးရှားစားအုန်းဆီဘုတ်အဖွဲ့မှ ထုတ်ပြန်ချက်အရ သိရပါတယ်။ ဈေးကွက်က ခန့်မှန်းထားတဲ့ ၂ ဒသမ၁၄ သန်းအထက် ကျော်လွန်ခဲ့ပါတယ်။

လက်ကျန်မြင့်တက်မှုကြောင့် ဇွန် ၈ ရက်က သုံးလအတွင်း အမြင့်ဆုံးနှုန်းထိ ခေတ္တမြင့်တက်ခဲ့တဲ့ ဈေးနှုန်းကို ကျဆင်းစေခဲ့ပါတယ်။ စောစောပိုင်းက ဈေးနှုန်းမြင့်တက်ခဲ့ရတဲ့ အဓိကအကြောင်းရင်းက ဇီဝဒီဇယ်အတွက် စားအုန်းဆီသုံးစွဲမှုမြင့်တက်လိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက်နဲ့ ရင်းဂစ်ငွေကြေးတန်ဖိုး ၉ နှစ်အတွင်း အနိမ့်ဆုံးကို ကျဆင်းခဲ့လို့ဖြစ်ပါတယ်။

"သိုလှောင်လက်ကျန် မြင့်မားနေရတဲ့ အကြောင်းအရင်းက စားအုန်းဆီကြမ်းဈေးကို ကျဆင်းစေမယ့် ထုတ်လုပ်မှုက ခန့်မှန်းထားတာထက် ပိုမိုထွက်ရှိလာလို့ဖြစ်ပါတယ်"လို့ CIMB Investment Bank ရဲ့ ခြံကျယ်လုပ်ငန်းသုတေသနဌာနအကြီးအကဲ IVY Ng က ပြောပါတယ်။

"ရာသီအလိုက် စားအုန်းဆီကြမ်း ထုတ်လုပ်မှုမြင့်မားတဲ့အတွက် ဇွန်လထဲမှာ စားအုန်းဆီ သိုလှောင်လက်ကျန်ဆက်လက်မြင့်မားမယ်လို့ ခန့်မှန်းပါတယ်။ ဝယ်လိုအား ထူးထူးခြားခြားမြင့်တက်မလာရင် ဒါမှမဟုတ် အယ်လ်နီညိုရာသီဥတုကြောင့် ထုတ်လုပ်မှုကို ထူးထူးခြားခြား မထိခိုက်ဘူးဆိုရင် စားအုန်းဆီကြမ်းဈေးနှုန်း ကျဆင်းနိုင်ပါတယ်"လို့ Ng က ထပ်လောင်းပြောကြားပါတယ်။

ညနေဘက်ဈေးပိတ်ချိန်မှာ ဘာဆာမလေးရှား ကုန်စည်ဒိုင်ရဲ့ ဩဂုတ်လအတွက် စားအုန်းဆီ စာချုပ်ဈေးက ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၂၉၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၁၃ ဒသမ ၅၃ ဒေါ်လာ) ရှိခဲ့ပါတယ်။

စုစုပေါင်း ရောင်းဝယ်မှုပမာဏက ၂၅ တန်ရှိ အတွဲ ၂၉၂၄၃ တွဲရှိခဲ့ရာ ပုံမှန်ပျမ်းမျှရောင်းချနှုန်းဖြစ်တဲ့ အတွဲ ၃၅၀၀၀ အောက်ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ဇွန် ၁ ရက်မှ ၁၀ ရက်အတွင်း မလေးရှားစားအုန်းဆီ ထုတ်လုပ်မှုက ၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၄၆၈၉၇၅ တန်ထိရောက်ရှိခဲ့တဲ့အနက် တင်ပို့တဲ့တန်ချိန် ၄၅၈၆၇၇ တန်ရှိခဲ့ရာ ယခင်လအတွင်း အရောင်းကျဆင်းခဲ့တာကို ပြသနေကြောင်း၊ ဇွန် ၁၀ ရက်ကထုတ်ပြန်တဲ့ ကုန်စည် စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Service ရဲ့ အစီရင်ခံစာအရသိရပါတယ်။ အခြား စစ်တမ်းကောက်ယူရေးအဖွဲ့ Societe Generale de Surveillance အစီရင်ခံစာအရ အလားတူကာလအတွင်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်တယ်လို့သိရပါတယ်။

အလားတူ ပြိုင်ဘက်သီးနှံတွေဖြစ်တဲ့ ပဲပုပ်ဈေးကွက်မှာ အမေရိကန်ပြည်ထောင်စုရဲ့ ဇွန်လအတွက် ပဲပုပ်ဆီ စာချုပ်ဈေးက သုည ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ပြီး တရုတ်နိုင်ငံဒါလီယံဈေးကွက်နဲ့ စက်တင်ဘာစာချုပ်ဈေးက အတက်အကျမရှိတန့်နေပါတယ်။ **ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၂-၆-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ ယခင် | ပဲဆီ ယခု | ပဲဆီ နှိုင်းယှဉ်ချက် | နှမ်းဆီ ယခင် | နှမ်းဆီ ယခု | နှမ်းဆီ နှိုင်းယှဉ်ချက် | စားအုန်းဆီ ယခင် | စားအုန်းဆီ ယခု | စားအုန်းဆီ နှိုင်းယှဉ်ချက် |
|---|---|---|---|---|---|---|---|---|---|
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၇၀၀ | ၁၇၅၀ | △ |
| ရန်ကုန် | ၅၃၀၀ | ၅၃၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၄၉၀ | ၁၅၃၀ | △ |
| မန္တလေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၉၀ | ၁၇၀၀ | △ |
| ပဲခူး | ၂၉၀၀ | ၂၉၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၅၀၀ | ၁၆၈၀ | △ |
| မကွေး | ၄၅၀၀ | ၄၇၀၀ | △ | ၄၁၀၀ | ၄၀၀၀ | ▽ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၄၀ | ၁၇၂၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

## စားအုန်းဆီဈေးနှုန်းများ (၈-၆-၂၀၁၅ မှ ၁၂-၆-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၈-၆-၂၀၁၅ | ၇၀၅ |
| (၂) | ၉-၆-၂၀၁၅ | ၇၀၅ |
| (၃) | ၁၀-၆-၂၀၁၅ | ၆၉၅ |
| (၄) | ၁၂-၆-၂၀၁၅ | ၆၈၅ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၂-၆-၂၀၁၅ US$/Ton

| အမျိုးအစား | ဇွန်လပထမပတ် | ဇွန်လဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၁၃.၅၀ | ၆၃၈.၀၀ | △ |
| RBD P.Olein | ၆၃၀.၅၀ | ၆၃၆.၅၀ | △ |
| RBD P.Strarin | ၅၈၁.၅၀ | ၅၇၉.၀၀ | ▽ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၂ - ၆ - ၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၃၃၇.၁၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၃၄ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၆၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၆၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၁.၉၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၉.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၈၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၇၈.၀၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၂-၆-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၅ဒေါ်လာ၊ FOB ၆၆၀ဒေါ်လာနှင့် Earning ဈေး ၁၁၉၅ ကျပ်ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၂-၆-၂၀၁၅နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၁၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

**မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ**

# စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်မှ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးပို့ချမည်

စင်ကာပူအခြေစိုက် ကုမ္ပဏီများက မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် သင်ကြားရေးဆွေးနွေးပွဲတစ်ရပ်ကို စင်ကာပူနိုင်ငံရှိ အစိုးရနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်မြို့တွင် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၅ ရက်မှ ၁၀ ရက်နေ့အထိကျင်းပမည်ဖြစ်ပါသည်။

International Business Fellowship-Executive Programme on Myanmar ခေါင်းစဉ်ဖြင့်ကျင်းပမည့် ဤဆွေးနွေးပွဲ၌ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများလုပ်ကိုင်မှုနှင့် ပတ်သက်သည့် သိကောင်းစရာများနှင့် ကွန်ရက်ချိတ်ဆက် ထူထောင်မှုဆိုင်ရာများအား စင်ကာပူကုမ္ပဏီများ၏ အမှုဆောင်အရာရှိများသို့ ရှင်းလင်းပို့ချပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ အသင်းဝင်ကုမ္ပဏီများအနေဖြင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်စာရင်းပေးကြရန် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ် (SBF) မှ နှိုးဆော်ထားပါသည်။

ယခုသင်ကြားရေးဆွေးနွေးပွဲမှာ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စင်ကာပူကုမ္ပဏီများနှင့်မြန်မာဈေးကွက်သို့ ဝင်ရောက်ရန် တာစူလျက်ရှိသော စင်ကာပူအခြေစိုက်လုပ်ငန်းများမှ အကြီးတန်းစီမံခန့်ခွဲသူများ၊ စင်ကာပူနှင့်မြန်မာနှစ်နိုင်ငံအကြား စီးပွားရေးရာလှုပ်ရှားဆောင်ရွက်မှုများကို ကူညီပံ့ပိုးလျက်ရှိသော အစိုးရအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိများအတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပို့ချမည့်ခေါင်းစဉ်များမှာ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေအပေါ် လေ့လာသုံးသပ်ချက်များ၊ မြန်မာနိုင်ငံ၌ လက်ရှိကြုံတွေ့နေရသည့် အခွန် ထမ်းဆောင်မှုနှင့်ဥပဒေကြောင်းဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့်အလုပ်သမားကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ကိုင်ရန် ရန်ပုံငွေကြေးဖြည့်ဆည်းရာ၌ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများစသည်တို့ကို လွှမ်းခြုံဆွေးနွေးမည်ဖြစ်ကြောင်း ဆွေးနွေးပွဲအစီအစဉ်ပြီးဆုံးချိန်၌ တက်ရောက်လာသူများအနေဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအောက်တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို မည်သို့ကိုင်တွယ် ဖြေရှင်းဆောင်ရွက်ရမည်ကို သိရှိနားလည်လာမည်ဖြစ်ကြောင်း စသည်ဖြင့် SBF မှ ၎င်း၏ အသင်းသားများထံပေးပို့သည့် အကြောင်းကြားစာ၌ ဖော်ပြပါသည်။

ဤဆွေးနွေးပွဲသို့ တက်ရောက်ရာတွင် သင်တန်းကြေးအဖြစ် စင်ကာပူဒေါ်လာ ၄၀၀၀ သတ်မှတ်ထားရှိပြီး လေယာဉ်ခ၊ ဟိုတယ်ခနှင့်အခြားစရိတ်စကများကို ဆွေးနွေးပွဲတက်ရောက်သူမှ ကျခံရမည်ဖြစ်ပါသည်။ စင်ကာပူ နိုင်ငံသားသို့မဟုတ် စင်ကာပူအခြေစိုက် ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသော အမြဲတမ်းနေထိုင်ခွင့် PR လက်မှတ် ကိုင်ဆောင်သူဖြစ်ပါက စင်ကာပူအပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်း (SBF Singapore)မှ သင်တန်းကြေး၏ ၇၀ ရာခိုင်နှုန်းကို စိုက်ထုတ်ကျခံပေးမည်ဖြစ်သည်။ SBF ၏ဖော်ပြချက်အရ ဆွေးနွေးပွဲတက်ရောက်သူ သင်တန်းသားဦးရေကို ၃၀ ဦးအထိသာ လက်ခံမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးချိန်၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အသိအမှတ်ပြု လက်မှတ်ပေးအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# ထားဝယ်စီမံကိန်းတွင် တန်းတူမဲပေးပိုင်ခွင့်ရရန် ထိုင်းနိုင်ငံကအဆိုပြုမည်

ထိုင်းနိုင်ငံသည် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ ကုန်ကျမည့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပတ်သက်၍ ဂျပန်အနေဖြင့် ၎င်းထက်အစုရှယ်ယာပိုင်ဆိုင်မှုများလျှင်ပင် စီမံကိန်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဂျပန်မှ ဆုံးဖြတ်ခြင်းကို မလိုလားသောကြောင့် ဆန္ဒပြု/မဲခွဲဆုံးဖြတ်ရာတွင် တန်းတူအခွင့်အရေးရရှိရန် အဆိုပြုတင်ပြမည်ဖြစ်ကြောင်း အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (NEDA) မှ ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် စီမံကိန်းနေရာနှင့်ထိုင်းနိုင်ငံ ကန်ချနဘူရီကို ဆက်သွယ်မည့် ၁၃၈ ကီလိုမီတာရှည်သည့်ကားလမ်း တည်ဆောက်ရန် ကတိ ပြုပြီးနောက် ဂျပန်အစိုးရအနေဖြင့် ထားဝယ်စီမံကိန်းတွင် ပါဝင်ရန် စိတ်ဝင်စားမှုပြလာကြောင်း မေလ ၃၀ ရက်နေ့ထုတ် ဗန်ကောက်ပို့စ် သတင်းစာ၌ ဖော်ပြထားပါသည်။ ဂျပန်အနေဖြင့် ထားဝယ်စီမံကိန်းအား ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သုံးနိုင်ငံသဘောတူစာချုပ်ကို ဇူလိုင်လတွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအဖွဲ့ (NESDB) အတွင်းရေးမှူးချုပ်က အစောပိုင်းတွင် ပြောကြားခဲ့ပါသည်။

ဂျပန်အနေဖြင့် ရင်းနှီးငွေရှိသကဲ့သို့ ၎င်း၏ စီးပွားရေးလုပ်ငန်းရှင်များသည်လည်း သံမဏိ၊ မော်တော်ကားလုပ်ငန်း စသည်ဖြင့် များစွာသော လုပ်ငန်းများတွင် ဦးဆောင်နေသူများ ဖြစ်သောကြောင့် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် စီမံကိန်း၏ အလားအလာကို မြှင့်တင်ပေးမည်ဟု ယူဆထားကြပါသည်။ ထားဝယ်စီမံကိန်း ဖွံ့ဖြိုးရေးအတွက် မဟာစီမံကိန်းရေးဆွဲခြင်း သည် ယခုနှစ်တတိယသုံးလပတ်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ နောက်ဆုံး အတည်ပြုချက်ရယူရန် မြန်မာနိုင်ငံအစိုးရထံသို့ ပေးပို့မည်ဖြစ်ကြောင်း၊ အဆိုပါမဟာစီမံကိန်းကို NEDA မှ ငှားရမ်းထားသော ပြည်ပအကြံပေး ပုဂ္ဂိုလ်မှ ရေးဆွဲနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အိန္ဒိယနိုင်ငံထုတ် မက်ဂီအမှတ်တံဆိပ် အသင့်စား ခေါက်ဆွဲထုပ်များ ရောင်းချမှုအား စင်ကာပူနိုင်ငံ၌ ယာယီရပ်ဆိုင်း

အိန္ဒိယနိုင်ငံ၊ နယူးဒေလီနှင့် ဥတ္တရာပရာဒေ့ရှ်ဒေသများတွင် ရောင်းချလျက်ရှိသော မက်ဂီ (Maggi)အမှတ်တံဆိပ် အသင့်စားခေါက်ဆွဲထုပ်များ၌ ခဲသတ္တုဓာတ် ပါဝင်မှုမှာကန့်သတ်ပမာဏထက် ကျော်လွန်လျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထွက်ပေါ်ခဲ့အပြီးတွင် စာတမ်းပါ Made in India အိန္ဒိယနိုင်ငံထုတ် မက်ဂီ ခေါက်ဆွဲထုပ်များအား ဈေးကွက်အတွင်း ရောင်းချခြင်းကို ယာယီရပ်ဆိုင်းထားရန် စင်ကာပူလယ်ယာထွက် အစားအစာနှင့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ အာဏာပိုင်အဖွဲ့ (AVA) က စားသောက်ကုန် တင်သွင်းသူများသို့ ၂၀၁၅ ခုနှစ် ဇွန်လ ၄ရက်နေ့၌ ပြောကြားခဲ့ပါသည်။

အစားအစာဘေးအန္တရာယ် ကင်းရှင်းစေရေး ကြိုတင်ကာကွယ်မှု လုပ်ဆောင်ချက်တစ်ရပ်အဖြစ် AVA သည် မက်ဂီခေါက်ဆွဲထုပ်နမူနာများအား ရယူစစ်ဆေးလျက်ရှိပြီး တွေ့ရှိရသည့်ရလဒ်အပေါ် မူတည်၍ သက်ဆိုင်ရာ တင်သွင်းသူ ကုန်သည်များထံသို့ ရောင်းချမှုရပ်ဆိုင်းရန် ညွှန်ကြားမည်ဖြစ်ပါသည်။ စင်ကာပူဈေးကွက်၌ ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် နက်စလေကုမ္ပဏီ၏ လက်အောက်ခံ လုပ်ငန်းခွဲဖြစ်သော Nestle Singapore သည် မလေးရှားနိုင်ငံ၌ ထုတ်လုပ်သည့် မက်ဂီခေါက်ဆွဲထုပ်များအား တင်သွင်းလျက်ရှိသကဲ့သို့ အချို့သော ကုန်သည်များကလည်း အိန္ဒိယနိုင်ငံထုတ် မဆလာအရသာ အသင့်စား မက်ဂီ ခေါက်ဆွဲထုပ်များကို တင်သွင်းလျက်ရှိကြပါသည်။

ယခုကိစ္စရပ်နှင့် ပတ်သက်၍ စင်ကာပူနိုင်ငံရှိ နက်စလေကုမ္ပဏီက ၎င်းတို့၏ ထုတ်ကုန်များမှာ ဒေသခံစားသောက်ကုန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးခြင်းဖြစ်ကြောင်း၊ ထို့အပြင် အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အလုံးစုံ စစ်ဆေးစမ်းသပ်မှုကိုလည်း လိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း ဖြင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် သတင်းထုတ်ပြန် ကြေညာခဲ့ပါသည်။ Straits Times သတင်းဌာန၏ ဖော်ပြချက် အရ စင်ကာပူနိုင်ငံ Little India အရပ်ဒေသရှိစားသောက်ကုန် လက်လီအရောင်းဆိုင်များအနေဖြင့် Made in India စာတမ်းပါ မဆလာအရသာနှင့် ဟင်းသီးဟင်းရွက်အရသာ မက်ဂီ ခေါက်ဆွဲထုပ်များအား ဆက်လက်ရောင်းချမှုမပြုဘဲ ဇွန် ၅ ရက်နံနက်ပိုင်းမှစတင်၍ ၎င်းတို့၏ သိုလှောင်ရုံများသို့ ပြန်လည်ပို့ဆောင် သိမ်းဆည်းလျက်ရှိကြောင်း၊ ဤသို့ဆောင်ရွက်ခြင်းမှာ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းရပ်များ အပေါ် ထိခိုက်ဖွယ်ရာမရှိဟု လက်လီအရောင်းဆိုင်များက ပြောဆိုခဲ့ကြကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# အမေရိကန်နိုင်ငံ၏ ပထမသုံးလစီးပွားရေး တိုးတက်မှုနှုန်းကျဆင်း

အမေရိကန်နိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှမတ်လအတွင်း စီးပွားရေးတိုးတက်မှုနှုန်းသည် သုည ဒသမ ၇ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ကြောင်း၊ ပထမသုံးလတာကာလအတွက် ကနဦးခန့်မှန်းချက်မှာ သုည ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းခဲ့သော်လည်း ယခုထုတ်ပြန်သည့် ဒုတိယအကြိမ် ပြန်လည်ပြင်ဆင်သုံးသပ်ထားသည့် ခန့်မှန်းချက်တွင် စီးပွားရေးကျဆင်းခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့က ကြေညာခဲ့ပါသည်။

ပြီးခဲ့သည့်ဆောင်းရာသီတွင် အအေးလွန်ကဲမှုကြောင့် တစ်ဦးချင်းစားသုံးမှုနှင့် private inventory investment တို့ ကျဆင်းခဲ့ရပါသည်။ တစ်ဦးချင်းစားသုံးမှုသည် ၂၀၁၄ ခုနှစ်၊ စတုတ္ထသုံးလပတ်ကာလတွင် ၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်၊ ပထမသုံးလပတ်တာကာလတွင် သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ Nonresidential fixed investment သည် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ယခုနှစ်ပထမသုံးလအတွင်း ၂ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

ထို့အပြင် ပို့ကုန် တင်ပို့မှုသည် ပထမသုံးလအတွင်း ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး သွင်းကုန်တင်သွင်းမှုမှာမူ ၅ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့။**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မဲဆောက် အထူးစီးပွားရေးဇုန်အတွက် အသုံးစရိတ် ခွင့်ပြုချက်ရရှိ

ထိုင်းနိုင်ငံ အစိုးရအဖွဲ့သည် ဒုတိယမြောက် ထိုင်း-မြန်မာ Moei မြစ်ကူးတံတားနှင့် လေးလမ်းသွားကားလမ်း တည်ဆောက်ရန် အသုံးစရိတ် ဘတ် ၃ ဒသမ ၉ ဘီလီယံကို ဇွန်လ ၂ ရက်က အတည်ပြုပေးခဲ့ပါသည်။ ယခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် မဲဆောက်အထူးစီးပွားရေးဇုန်အတွက် အထောက်အကူဖြစ်စေရန် အဆိုပါ အသုံးစရိတ်ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Mr. Sansern ကပြောကြားခဲ့ပါသည်။

အဆိုပါ Moei မြစ်ကူးတံတားနှင့် ၂၁ ဒသမ ၄ ကီလိုမီတာရှည်သည့် ကားလမ်းသည် နယ်စပ်ဒေသများရှိကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို လျင်မြန်ချောမွေ့စေမည်ဖြစ်ပါသည်။ ခွင့်ပြုပေးလိုက်သည့် အသုံးစရိတ်အနက် ဘတ်သန်း ၅၀၀ ကို ၂၀၁၅ ဘဏ္ဍာနှစ် အသုံးစရိတ်မှလည်းကောင်း၊ ဘတ် ၃ ဒသမ ၂၅ ဘီလီယံကို ၂၀၁၆ ဘဏ္ဍာနှစ် အသုံးစရိတ်မှလည်းကောင်း၊ ဘတ်သန်း၁၅၀ ကို ၂၀၁၇ ဘဏ္ဍာနှစ် အသုံးစရိတ်မှလည်းကောင်း အသီးသီးခွဲဝေထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Mr.Sansern ရဲ့ ပြောကြားချက်အရ ခွင့်ပြုပေးလိုက်သည့် အသုံးစရိတ်တွင် မြန်မာနိုင်ငံအား ငွေကြေးအထောက်အပံ့အဖြစ် ပေးမည့် ဘတ် တစ်ဘီလီယံ ပါဝင်ပါသည်။ အစိုးရအဖွဲ့၏ ခွင့်ပြုချက် ရရှိပြီးဖြစ်ရာ လုပ်ငန်းဆောင်ရွက်ခွင့်ပေးခြင်းကို ယခုလ နှောင်းပိုင်းတွင် အပြီးသတ် ဆောင်ရွက်၍ စက်တင်ဘာလတွင် တည်ဆောက်ရေးလုပ်ငန်း စတင်နိုင်မည်ဟု ခန့်မှန်းထားကြပါသည်။

ထိုင်းနိုင်ငံ အစိုးရအနေဖြင့် မဲဆောက်လေဆိပ်အား ပြုပြင်ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ထိုင်းနိုင်ငံ၏ အထူးစီးပွားရေးဇုန်များတွင် အလုပ်လုပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများမှ အလုပ်သမားများရွှေ့ပြောင်းမှု အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ၊ ကမ္ဘောဒီးယားနိုင်ငံများနှင့်နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် များ ပြင်ဆင်ခြင်းကိုလည်း ဇွန်လ ၂ ရက်နေ့၌ အစိုးရအဖွဲ့ကအတည်ပြုပေးခဲ့ကြောင်း၊ သဘောတူစာချုပ်များတွင် မယ်ဆိုင်-တာချီလိတ်၊ မဲဆောက်-မြဝတီ၊ ဘန်ပူနာရွမ်၊ ဆင်ခွန်းစစ်ဆေးရေးဂိတ်များ အကျုံးဝင်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# IMFက အမေရိကန်နိုင်ငံ၏ ၂၀၁၅ ခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းကို ၂ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်း

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သည် ၂၀၁၅ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကို ဧပြီလအတွင်းထုတ်ပြန်ခဲ့သည့် ၃ ဒသမ ၁ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချလိုက်ပါသည်။

အမေရိကန်နိုင်ငံတွင် ပထမသုံးလတာကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းခဲ့ခြင်းကြောင့် ယခုကဲ့သို့ ခန့်မှန်းချက်ကို လျှော့ချခဲ့သော်လည်း အမေရိကန်နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ကောင်းမွန်သည့်ဘက်သို့ ဦးတည်နေကြောင်း၊ အလုပ်အကိုင်သစ် ခန့်အပ်နိုင်မှုမှာလည်း လစဉ် ၂၅၀,၀၀၀ ခန့်ရှိကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေလည်း ကောင်းမွန်ကြောင်း ရေနံဈေးနှုန်းကျဆင်းမှုကြောင့် ရေနံလုပ်ငန်းနှင့် ဆက်နွယ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ထိခိုက်ခဲ့သည်ကို ပထမ သုံးလတာကာလတွင် တွေ့မြင်ခဲ့ရသော်လည်း ရေနံဈေးနှုန်း ကျဆင်းခြင်းကြောင့် ၂၀၁၅ ခုနှစ်အတွင်း ကျန်ရှိသည့်လများတွင် စားသုံးသူများ၏ သုံးစွဲမှုမြင့်မားလာမည်ဟု မျှော်လင့်ကြောင်း အမေရိကန်နိုင်ငံနှင့် 2015 Article IV Consultation အပြီးတွင် ဇွန်လ ၄ ရက်နေ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ကမ္ဘာ့အကြီးဆုံး လက်လီအရောင်းဆိုင်လုပ်ငန်းကြီးနှစ်ခုအား ပင်လယ်စာများတွင် ပဋိဇီဝဆေးများ အသုံးပြုမှုနှင့်စပ်လျဉ်း၍ သတိပေးချက်ထုတ်ပြန်

အမေရိကန်နိုင်ငံ အာကင်ဆက်ပြည်နယ်တွင် အခြေစိုက်သည့် Walmart သည် ကမ္ဘာ့အကြီးဆုံး လက်လီအရောင်းဆိုင်လုပ်ငန်းကြီးတစ်ခုဖြစ်ပြီး အစားအသောက်များကို လက်လီရောင်းချသည့် ဆိုင်ခွဲပေါင်းများစွာရှိသည့် ကုမ္ပဏီကြီးဖြစ်ပါသည်။ Walmart သည် ၎င်း၏ ပင်လယ်စာပေးသွင်းသူများအား ပင်လယ်စာများတွင် ပဋိဇီဝဆေးများ အသုံးပြုမှုကိုကန့်သတ်ကြောင်းနှင့် တိရစ္ဆာန် ဆေးဝါးကွပ်ကဲရေးအဖွဲ့မှ လက်ခံနိုင်မည့် အချက်အလက်များနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်တစ်စောင်ကို မေလ ၂၈ ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။

ပဋိဇီဝဆေးများသည် တိရစ္ဆာန်များကျန်းမာရေးအတွက် အရေးကြီးသော်လည်း လူသားများတွင် ဆိုးကျိုးသက်ရောက်မှုမဖြစ်စေရန် ထိန်းသိမ်းသည့်အနေဖြင့် အဆိုပါဆေးများကို တာဝန်ယူမှုရှိရှိ အသုံးပြုရန် Walmart ကုမ္ပဏီသည် ပင်လယ်စာထုတ်လုပ်သူများအား တိုက်တွန်းခဲ့ပါသည်။

တာဝန်ယူမှုရှိရှိအသုံးပြုခြင်းတွင် နှိုင်းချိန်အသုံးပြုသည့်စည်းမျဉ်းများကို လိုက်နာအကောင်အထည်ဖော်ခြင်း ဥပမာအားဖြင့် American Veterinary Medical Association (AVMA) မှချမှတ်ထားသည့် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ နှိုင်းချိန်အသုံးပြုခြင်းတွင် ရောဂါကာကွယ်ရေးဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို ကြီးကြပ်ခြင်း၊ မှတ်တမ်းများ စနစ်တကျနှင့်တိတိကျကျ ဆောင်ရွက်ထားရှိခြင်းနှင့်ပဋိဇီဝဆေးများ မသုံးမိ သေချာစွာ လေ့လာသုံးသပ်ခြင်းတို့ ပါဝင်ပါသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် Walmart ကုမ္ပဏီသို့ ပင်လယ်စာများ တင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် အမေရိကန်နိုင်ငံ၏ ဖက်ဒရယ်အစိုးရ၊ ပြည်နယ်အစိုးရနှင့်ဒေသအစိုးရတို့၏ ဥပဒေ၊ စည်းမျဉ်းများကို သာမက Walmart ကုမ္ပဏီ၏ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး စံသတ်မှတ်ချက်များကို လိုက်နာရန်လည်း လိုအပ်ကြောင်း၊ အဆိုပါကုမ္ပဏီများအနေဖြင့် AVMA Judicious Use Principles of Antimicrobials ကို လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် တိုက်တွန်းကြောင်း ဖော်ပြထားပါသည်။ တိရစ္ဆာန်ကြီးထွားမှုအတွက် ပဋိဇီဝဆေးများကို အသုံးမပြုရန်လည်းကုမ္ပဏီမှ ဖြည့်စွက်ပြောကြားပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# အမေရိကန်နိုင်ငံတွင် ဧပြီလ စားသုံးသူသုံးစွဲမှု သိသိသာသာ မပြောင်းလဲ

အမေရိကန်နိုင်ငံတွင် ဧပြီလ၌ စားသုံးသူများ ၏ ဝင်ငွေ (Personal income) သည် အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၄ ဘီလီယံ သို့မဟုတ် သုည ဒသမ ၄ ရာခိုင်နှုန်းနှင့် အသားတင် ဝင်ငွေ (disposable personal income-DPI) သည် အမေရိကန် ဒေါ်လာ ၄၈ ဒသမ ၈ဘီလီယံ သို့မဟုတ် သုည ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဝင်ငွေတိုးတက်လာသော်လည်း စားသုံးသူများ၏ သုံးစွဲမှု (Personal consumption expenditures-PCE) သည် ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံကျဆင်းခဲ့ကြောင်း အမေရိကန် ကူးသန်းရောင်းဝယ် ရေးဝန်ကြီး ဌာနက ဇွန်လ ၁ ရက်နေ့က ထုတ်ပြန်ကြေညာ ခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ မတ်လတွင် စားသုံးသူများ၏ ဝင်ငွေတိုးတက်မှုနှုန်းသည် သုည ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး စားသုံးသူများ၏ သုံးစွဲမှုသည် သုည ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

စားသုံးသူ စုဆောင်းမှုနှုန်းသည် မတ်လ တွင် ၅ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပြီး ဧပြီလတွင် ၅ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့၍ အမေရိကန် စားသုံးသူများသည် သုံးစွဲမှုအပေါ် ပိုမို ဂရုတစိုက်ရှိလာသည့် အခြေအနေ တစ်ရပ်ကို ထင်ဟပ်နေကြောင်း သိရှိရပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ထိုင်းပြည်ပတင်ပို့မှု ပြန်လည် ကောင်းမွန်မြင့်တက်လာမည်ဟု ယုံကြည်မှုရှိ

ဘတ်ငွေတန်ဖိုး(ရောင်းဝယ်သည့်နှုန်း) သည် အမေရိကန်တစ်ဒေါ်လာ လျှင် ၃၃ ဘတ်နှင့်၃၄ ဘတ် အကြားရှိ နေမည်ဆိုပါက ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် ယခုနှစ်တွင် တိုးတက်မှုရှိနိုင်သည့် အလားအလာ ရှိနေဆဲဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောကြားခဲ့ပါသည်။

ဘတ်ငွေတန်ဖိုးကျဆင်းနေခြင်း၏ တွန်းအား ပေးမှုဖြင့် ပြည်ပတင်ပို့မှုသည် ယခုနှစ် ဒုတိယနှစ်ဝက်၌ တိုးတက်လာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စတာရမ်ဆန် ကပြောကြားခဲ့ပါသည်။

ဧပြီလ၌ ပြည်ပတင်ပို့မှုသည် ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်း၍ အမေရိကန် ဒေါ်လာ ၁၆ ဒသမ ၉ ဘီလီယံရှိရာ ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် လေးလဆက်တိုက် ကျဆင်းခဲ့ပြီဖြစ်ပါသည်။ ယခုနှစ်ပထမလေးလအတွင်း ပြည်ပတင်ပို့မှုသည် ၃ ဒသမ ၉၉ ရာခိုင်နှုန်းကျဆင်း၍ အမေရိကန် ဒေါ်လာ ၇၀ ဒသမ ၃ ဘီလီယံရှိခဲ့ပါသည်။

သို့ရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပတင်ပို့ မှု အလားအလာအပေါ် ယုံကြည်နေဆဲဖြစ်ကြောင်း ပြည်ပတင်ပို့မှုသည် ယခုနှစ် စီးပွားရေးမြင့်တက်မှုအတွက် အဓိကအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကို ၃ ဒသမ ၇ ရာခိုင်နှုန်း မှာပင်ထားရှိဆဲဖြစ်ကြောင်း မစ္စတာရမ်ဆန်က ပြောကြားခဲ့ပါသည်။

များစွာသော စီမံကိန်းများအတွက် အသုံးစရိတ် ခွဲဝေထုတ်ပေးမှုကို အပြည့်အဝဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများသည် အချိန်ယူနိုင်ကြောင်း သို့ရာတွင် ဒုတိယနှစ်ဝက်တွင် ရင်းနှီးမြှုပ်နှံမှု အရှိန်မြင့် တက်လာမည်ဟု ခန့်မှန်းထားကြောင်း အသေးစားနှင့်အလတ် စားစီးပွားရေးလုပ်ငန်းများနှင့် ဝင်ငွေနည်းသူများအား ကူညီထောက်ပံ့မည့် စီမံကိန်း၏ တစ်စိတ်တစ်ဒေသအဖြစ် အစိုးရသည် အတိုးနှုန်းသက်သာသော ချေးငွေများ ကမ်းလှမ်းပေးမည့် ဇွန်လ ငွေကြေးပြပွဲ (june money expo) ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်ဖို့ အာဆီယံပေါင်းစည်းရေးဈေးကွက်အတွင်းကို ဝင်ရောက်နိုင်ဖို့ အဖက်ဖက်က ကြိုးပမ်းနေချိန်မှာ ငွေဈေးနှုန်းအတက်အကျတွေ၊ ရွှေဈေးနှုန်းအတက်အကျတွေဟာ ကြမ်းသည်ထက် ကြမ်း၊ ရမ်းသည်ထက် ရမ်းလာခဲ့ပါတယ်။

အဲဒီလို ရမ်းလာကြမ်းလာခဲ့တာကြောင့် ဈေးကွက်ထဲမှာ အရှုံးနဲ့ရင်ဆိုင်ရသူတွေ အများအပြားရှိ ခဲ့သလို အမြတ်တွေကိုယ်စီနဲ့ပြုံးပျော်နေကြတာလည်းမြင်ခဲ့ရပါသေးတယ်။

နိုင်ငံတကာက ဈေးကွက်တွေမှာ ငွေလဲနှုန်းရော ရွှေဈေးပါ အတက်အကျအနည်းငယ်သာရှိခဲ့ပေမယ့် မြန်မာနိုင်ငံရဲ့ရွှေဈေးကွက် ငွေဈေးကွက်အတွင်းမှာတော့ အတက်ကြမ်းကြမ်း အကျကြမ်းကြမ်းတွေနဲ့ ရင်ဆိုင်ခဲ့ရပါပြီ။ ဈေးကစားသူတွေရဲ့လက်ချက်ကြောင့်လို့ လူအများက သုံးသပ်နေကြပါတယ်။

တကယ်လည်း ဈေးကစားသူတွေ ရှိနေခဲ့ပါတယ်။ အိမ်ခြံမြေဈေးကွက်က အခြေအနေမကောင်း တော့လို့ ဈေးကစားလို့မရတဲ့ အနေအထားတစ်ရပ်မှာ သူတို့ပေါ့ပေါ့ပါးပါးသွက်သွက်လက်လက်နဲ့ လှုပ်ရှားလို့ရနိုင်တာက ဒေါ်လာပါ။ ဒေါ်လာဟာ ခုလို အချိန်အခါမျိုးမှာ ဈေးကွက်ကစားလို့ အကောင်းဆုံးသော အရာလို့ ဆိုရင် မှားမယ်လို့မထင်ပါဘူး။

ဘာကြောင့်လည်းဆိုတော့ စက်သုံးဆီတင်သွင်းသူတွေ ဆေးဝါးတင်သွင်းသူတွေ၊ သွင်းကုန်တင်သွင်းလာသူတွေဟာ ဒီအမေရိကန်ဒေါ်လာကိုပဲ အမှီသဟဲပြုနေရတာမို့ ဈေးကွက်ထဲမှာ အမြဲလိုအပ်နေမှာပဲဖြစ်ပါတယ်။ ဒီလိုလိုအပ်နေတဲ့ငွေကြေးကို အစိုးရဘဏ်တွေနဲ့ ပုဂ္ဂလိကဘဏ်တွေက ပံ့ပိုးဖြည့် ဆည်းမှုမပေးနိုင်ဘူးဆိုရင် သူတို့အနေနဲ့လိုအပ်တဲ့ငွေကို အပြင်ဈေးကွက်က ရှာပြီး ဝယ်ကြမှာအမှန်ပါ။

ဒီလိုအပြင်ကရှာပြီး ဝယ်ကြပြီဆိုတာနဲ့ ဈေးကွက်ထဲမှာ ငွေကြေးလိုအပ်ချက်တွေ ရှိလာဦးမှာပါ။ ငွေကြေးလိုအပ်ချက်တွေရှိလာတာနဲ့အမျှ ရောင်းလိုအားနဲ့ ဝယ်လိုအားမျှခြေကို မရောက်နိုင်တော့ဘဲ ဈေးမြင့်တက်ခြင်းဆိုတာတွေ ဆက်တိုက်ဖြစ်ပေါ်လာခဲ့တာဖြစ်ပါတယ်။

ဒီအချက်ဟာ အမေရိကန်ဒေါ်လာကို ဝယ်ရောင်းလုပ်ပြီး ဈေးကစားသူတွေရဲ့သည်းခြေကြိုက်တဲ့ အချက်တစ်ချက်ပဲဖြစ်ပါတယ်။ ဒီအချက်ကို အခွင့်ကောင်းယူပြီး သူတို့အတွက် အမြတ်အစွန်းရနိုင်မယ့် နည်းလမ်းတစ်ခုကတော့ ဈေးကစားကြတာပါပဲ။ ဈေးကစားတာဟာ သူတို့အတွက် အချိန်တိုကာလတစ်ခု အတွင်းမှာ အမြတ်အစွန်းပမာဏ အများအပြားရရှိနိုင်သလို အရှုံးနဲ့လည်း ရင်ဆိုင်ရနိုင်ပါတယ်။

ဒါပေမယ့်လည်း ဈေးကစားသူတွေဟာ သူတို့အတွက် အမြတ်ကျန်မယ့်နည်းလမ်းမျိုးကိုသာ တွေး ပြီး လုပ်ကိုင်လေ့ရှိကြပါတယ်။

ပြီးခဲ့တဲ့မေလကတည်းက အမေရိကန်ဒေါ်လာဈေးဟာ အကျထက် အတက်ဖက်ကိုပဲ ဦးတည်နေခဲ့ပေမယ့် ဗဟိုဘဏ်က ဝင်ရောက်ထိန်းချုပ်မှုကြောင့် အကျဘက်ကို ပြန်ရောက်လာခဲ့ပါတယ်။ ဒါပေမယ့်လည်း အဲဒါဟာ တစ်ခဏတာပဲ ခံခဲ့ပါတယ်။ ပုဂ္ဂလိကဘဏ်တွေမှာ အမေရိကန်ဒေါ်လာအရောင်းကောင် တာတွေ ပိတ်ထားပြီး အဝယ်ကောင်တာကိုပဲ ဖွင့်ပေးထားတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာခဲ့ပါ တယ်။

ဒ့ါပြင် တချို့သောဘဏ်တွေမှာဆိုရင် အရောင်းရော အဝယ်ရော ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ နှုန်းထားအတိုင်း ဈေးဖွင့်ထားပေမယ့် တကယ်တမ်းသွားပြီး ဝယ်တဲ့အခါမှာ အပြင်ကဈေးအတိုင်းရောင်းလိုက်တာမျိုးနဲ့ကြုံခဲ့ရတယ်လို့ ပုဂ္ဂလိကဘဏ်တစ်ဘဏ်မှာ ငွေလဲလာခဲ့တဲ့ပြည်သူတစ်ဦးက ရင်ဖွင့်ခဲ့ ပါတယ်။

“ဘဏ်တွေက ခုလိုမျိုးအရောင်းကောင်တာကိုပိတ်ထားတယ်။ မရောင်းတော့ဘူးဆိုရင် ကျွန်တော် တို့ အပြင်ဈေးကွက်ကို ရောက်လာကြတယ်။ အဲဒီလိုရောက်လာကြတဲ့အထဲမှာ အစိုးရပိုင်းကရော၊ အပြင် ကုမ္ပဏီတွေပါ ရောက်လာကြတယ်။ အဲဒီလို အပြင်မှာပဲ ဝယ်ကြတာဖြစ်တဲ့အတွက် အပြင်ကငွေလဲစင် တာတွေမှာလည်း ပစ္စည်းက ပြတ်သွားတယ်။ အဲဒီလိုဖြစ်ရပ်တွေကြောင့် ဈေးက တစ်ဟုန်ထိုးမြင့်တက် သွားရတာ”လို့ ပန်းဘဲတန်းမြို့နယ်မှာဖွင့်လှစ်ထားတဲ့ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများ အဆမတန်မြင့်တက်သွားတဲ့အတွက် သွင်းကုန်ပိုင်းတွင် ဈေး များမြင့်တက်လာနိုင်ပြီး ကုန်ဈေးနှုန်းများမြင့်တက်လာနိုင်ကြောင်း၊ အထူးသဖြင့်စက်သုံးဆီဈေးနှုန်းတွေ မြင့်တက်လာပါက တန်ဆာခဈေးနှုန်းများ မြင့်တက်

# အတက်ကြမ်းကြမ်း

## အကျကြမ်းကြမ်းကြားမှာ

# ဘယ်သူတွေဗျာများခဲ့ရသလဲ

|မယ်သီတာ|



လာနိုင်ပြီး အခြေခံစားကုန်ဈေးနှုန်းများလည်းမြင့် တက်လာနိုင်ကြောင်း ကုန်သည်တစ်ဦးက ထောက်ပြခဲ့သည်။

“ဗဟိုဘဏ်အနေနဲ့ရော၊ အစိုးရပိုင်းကပါ ဒီအမေရိကန်ဒေါ်လာလဲလှယ်နှုန်းကို ထိန်းထားစေချင်တယ်။ ထိန်းထားပုံထိန်းထားနည်းမမှန်တဲ့အခါကျတော့ ခုလိုမျိုး ဈေးကွက်ထဲမှာ ဝယ်မရလို့ ကြိုက်ဈေး ပေးပြီး ဝယ်ရတာမျိုးတွေ ဖြစ်ကုန်တယ်။ အဲဒီလိုဖြစ်လာတဲ့အခါကျတော့ ကုန်ဈေးနှုန်းတွေတက်လာမှာ ပဲ။ သွင်းကုန်တွေမှာဈေးတက်လာပြီဆိုရင် အထူးသဖြင့် စက်သုံးဆီဈေးတွေ တက်လာပြီဆိုရင်တော့ ကုန်ဈေးနှုန်းတက်လာမှာသေချာတယ်။ ကုန်ဈေးနှုန်းတက်လာပြီဆိုရင် တကယ်တမ်းထိခိုက်နစ်နာမှာက စားသုံးသူပြည်သူတွေပါ။ ဒါကြောင့် အမေရိကန်ဒေါ်လာဈေးကို တတ်နိုင်သမျှ တည်ငြိမ်အောင် လုပ် ပေးစေချင်တယ်”လို့ ဆန်ကုန်သည် ဦးလှမြင့်က ဝေဖန်ထောက်ပြခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ဒေါ်လာဈေးမြင့်တက်ခြင်းကို ထိန်းချုပ်ရန်အတွက် ပြည်တွင်း ငွေပေးချေမှုများကို မြန်မာကျပ်ငွေဖြင့်သာ သုံးစွဲကြရန်နှင့် နိုင်ငံခြားဘဏ်ငွေစာရင်းများမှာ အမေရိကန် ဒေါ်လာများထုတ်ယူခြင်းတို့ကိုလည်း ကန့်သတ်လာခဲ့ပါတယ်။ ဒါပေမယ့် အဲဒီလိုကန့်သတ်ချက်တွေကြောင့် အမေရိကန်ဒေါ်လာဈေးဟာ မြင့်သည်ထက်မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

အကန့်အသတ်နဲ့သာ ထုတ်ယူခွင့်ပြုလိုက်တဲ့အတွက် ငွေလိုအပ်နေတဲ့ကုမ္ပဏီတွေဟာ ပြင်ပကနေ လိုအပ်သမျှကို ဝယ်ယူကြရတဲ့အတွက် ဒေါ်လာဈေးတွေ မြင့်တက်လာရတာဖြစ်တယ်လို့ ထောက်ပြနေကြပါသေးတယ်။

အမေရိကန်ဒေါ်လာဈေးတက်လာတဲ့အတွက် ၎င်းနဲ့ ဆက်စပ်နေတဲ့ မြန်မာ့ရွှေဈေးဟာလည်း တစ်မုဟုတ်ချင်း လိုက်ပါမြင့်တက်ခဲ့ကာ စံချိန်တင်အမြင့်ဆုံးဈေးအဖြစ် ကျပ်ရှစ်သိန်းအထိမြင့်တက်ခဲ့ပါတယ်။ တစ်ရက်အတွင်းမှာပဲ ကျပ် ၃၄၅၀၀ မြင့်တက်ခဲ့တဲ့အတွက် ရွှေဈေးကွက်မှာလည်း ကုန်သည် အများအပြားမှာ အရှုံးနှင့်ရင်ဆိုင်ရသူများရှိသလို အမြတ်နှင့်ကြုံတွေ့ခဲ့ရသူများလည်းရှိခဲ့ကြောင်း ရွှေကုန်သည်အသိုင်းအဝိုင်းမှသိရပါတယ်။

ရွှေနှင့်အမေရိကန်ဒေါ်လာဟာ ဆက်စပ်မှုရှိနေသဖြင့် ပြည်တွင်းငွေလဲနှုန်းမြင့်တက်လာတာနဲ့အမျှ မြန်မာ့ရွှေဈေးပါ လိုက်ပါမြင့်တက်ခဲ့တာဖြစ်ပါတယ်။ မြန်မာ့ရွှေဈေးဟာ အတက်ကြမ်းခဲ့တာနဲ့အမျှ ရွှေကုန်သည်အများစုဟာ ဈေးကွက်ပျက်မှာကို စိုးရိမ်နေခဲ့ကြပါတယ်။ တကယ်လည်းဈေးကွက်ထဲမှာ ရွှေ ကို ရောင်းသူရော ဝယ်သူပါ မရှိသလောက်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ကမ္ဘာ့ရွှေဈေးမှာ လိုက်ပါမြင့်တက်ခြင်းမရှိသော်လည်း မြန်မာ့ရွှေဈေးမှာ တစ်ပတ်အတွင်းနေ့စဉ် ဆိုသလို မြင့်တက်နေခဲ့ပါတယ်။ အမေရိကန်ဒေါ်လာဈေးမြင့်တက်ခဲ့သည့်နည်းတူ မြန်မာ့ရွှေဈေးဟာလည်း လိုက်ပါမြင့်တက်ခဲ့ပါတယ်။

ဒါပေမယ့်လည်း ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များဟာ ဇွန်လ ၁၀ရက်နေ့က တွေ့ဆုံပြီး အမေရိကန်ဒေါ်လာဈေးမြင့်တက်ရမှုကိစ္စများကို ဆွေးနွေးခဲ့ကြတယ်လို့ဆိုပါတယ်။

အဲဒီလိုဆွေးနွေးပွဲပြုလုပ်အပြီးမှာ ငွေလဲဈေးကွက်အတွင်း လိုက်လံဖမ်းဆီးနေတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာခဲ့သလို ငွေလဲစင်တာအများစုရဲ့ ငွေလဲကောင်တာများကို ပိတ်ထားခဲ့တာတွေ့ရပါတယ်။ အဲဒီနောက်မှာတော့အမေရိကန်ဒေါ်လာလဲလှယ်နှုန်းဟာ ပြန်လည်ကျဆင်းလာခဲ့ပြီး ရောင်းဈေး ၁၁၉၀ ကျပ်၊ ဝယ်ဈေး ၁၁၆၅ကျပ်ကို ရောက်ရှိခဲ့ပါတယ်။

ဗဟိုဘဏ်ကတော့ သူရဲ့ရည်ညွှန်းငွေလဲနှုန်းကို ၁၁၀၅ကျပ်လို့ သတ်မှတ်ထားပြီး အဲဒီနှုန်းရှင်အတိုင်း မရောင်းဘူးဆိုရင် ဥပဒေအရအရေးယူမယ်လို့ ညွှန်ကြားချက်ထုတ်ပြန်ထားခဲ့ပါတယ်။ ဒါပေမယ့်လည်း ပုဂ္ဂလိကဘဏ်တွေရဲ့ ငွေလဲကောင်တာတွေမှာတော့ အရောင်းကောင်တာတွေကို ပိတ်ထားမြဲ ပိတ်ထားဆဲဖြစ်ပါတယ်။ သူတို့ကလည်း လာရောင်းသူရှိမှ ပြန်ရောင်းနိုင်မယ်လို့ ဆိုပါတယ်။

“ရွေးကောက်ပွဲ နီးလာတဲ့အချိန်မျိုးမှာ ဒီလိုငွေဈေးတွေ ရွှေဈေးတွေ အတက်အကျကြမ်းတာ သိပ်ပြီးတော့ကောင်းတဲ့ ရလဒ်မဟုတ်ဘူး။ နိုင်ငံရေးကိုပါ ထိခိုက်လာနိုင်တယ်။ ကုန်ဈေးနှုန်းတွေ တက်လာပြီဆိုရင် ပြည်သူတွေက ငြိမ်နေမှာမဟုတ်ဘူးလေ။ ဒါကြောင့် ဒီဒေါ်လာဈေးလေးကိုတော့ ငြိမ်အောင်လုပ်စေချင်တယ်” လို့ ကုန်သည်တစ်ဦးက ပြောကြားခဲ့ပါတယ်။

ငွေလဲနှုန်းတွေ မြင့်တက်လာခြင်းဟာ ကုန်သည်တွေအတွက် မထောင်းတာလှပေမယ့် ပြည်သူတွေမှာတော့ ကုန်ဈေးနှုန်းမြင့်တက်ခြင်းဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းထားရပါပြီ။ တစ်ခဏတာ လေးတက်လိုက်တဲ့ငွေဈေးနှုန်းဟာ ပြည်သူတွေအတွက်တော့ တစ်ဘဝစာကုန်ဈေးနှုန်းမြင့်တက်ခြင်းပါပဲ။

အတက်သာရှိပြီး အကျမရှိတဲ့ကုန်ဈေးနှုန်းဟာ ဝန်ထမ်းတွေ လစာနှုန်းတိုးမြှင့်လိုက်တဲ့အချိန်တုန်းက သိပ်မသိသာပေမယ့် အမေရိကန်ဒေါ်လာဈေး မြင့်တက်လာခဲ့တဲ့အချိန်မှာတော့ တော်တော်လေး သိသိသာသာနဲ့ကို ပြောင်းလဲသွားခဲ့ပါတယ်။

စက်သုံးဆီတွေဟာ တစ်လီတာကို ကျပ် ၁၀၀နှုန်းနဲ့မြင့်တက်ခဲ့တဲ့အတွက် ကုန်စည်သယ်ယူပို့ဆောင်ခ တွေမှာလည်း လိုက်ပါမြင့်တက်ခဲ့ပါတယ်။ အဲဒီလိုကုန်စည်သယ်ယူပို့ဆောင်ခတွေမြင့်တက်ခဲ့တဲ့ အတွက်ကုန်ဈေးနှုန်းတွေလည်း သူ့နေရာနဲ့သူ လိုက်ပါမြင့်တက်ခဲ့တာဖြစ်ပါတယ်။

အမေရိကန်ဒေါ်လာဈေး မြင့်တက်လာလို့ ရွှေဈေးနှုန်း မြင့်တက်လာတာဟာ သာမန်ပြည်သူတွေအတွက် ထူးဆန်းတဲ့ သတင်းတစ်ခုမဟုတ်ပေမယ့် အမေရိကန်ဒေါ်လာဈေးမြင့်တက်လာတဲ့အတွက် ကုန်ဈေးနှုန်းတွေ မြင့်တက်လာတာကတော့ ပြည်သူတွေအတွက် သတင်းဆိုးတစ်ပုဒ်ပါပဲ။

“အရင်တုန်းက နံပြားတစ်ချပ် ၁၀၀၊ မနေ့က သွားဝယ်တော့ ၁၅၀ဖြစ်သွားတယ်။ စမူဆာလည်း ဒီလိုပဲ၊ အရင်က တစ်ခု ၁၀၀ အခု ၁၅၀၊ ဒေါ်လာဈေးတက်လို့တဲ့။ ဈေးထဲက ကန်စွန်းရွက်တောင် အရင်က ၃၀၀ အခု ၄၀၀ ဖြစ်သွားပြီ။ ဒီလိုသာလိုက်တက်နေရင် အခြေခံလူတန်းစားတွေ အကုန်ဒုက္ခရောက်ကုန်ကြမှာပေ့ါ။ ဆန်ဈေးလည်း လိုက်တက်တာပဲ။ အရင်က ၁၅၀၀ တန်ပေါ်ဆန်းက အခု ၁၇၀၀၊ ဘယ်လိုလုပ်ကြမလဲ”လို့ ၃၈လမ်းဈေးအတွင်း ဈေးဝယ်နေသူတစ်ဦးက ညည်းတွားခဲ့တာပါ။

ငွေဈေးနှုန်း အတက်ကြမ်းကြမ်းခရီးလမ်းမှာ တကယ့် ဘဝကြမ်းကြမ်းကို ဖြတ်သန်းရင်ဆိုင်ရမှာက သာမန်လက်လုပ် လက်စားပြည်သူတွေနဲ့ လစာနည်းဝန်ထမ်းငယ်တွေပါပဲ။ ငွေဈေးနှုန်း တက်လာတဲ့အတွက် ကုန်ဈေးနှုန်းက ဖဝါးခြေထပ် ထပ်ချပ်မကွာ လိုက်ပါမြင့်တက်ခဲ့ပေမယ့် ငွေဈေးနှုန်း ပြန်လည်ကျဆင်းလာတဲ့အခါမှာတော့ ကုန်ဈေးနှုန်းက မလိုက်ချင်လိုက်ချင်နဲ့ တွန့်ဆုတ်နေတတ်တဲ့ သဘာဝကြောင့် ငွေဈေး နှုန်းတည်ငြိမ်ရေးဟာ ကုန်ဈေးနှုန်းတည်ငြိမ်ရေးမှာ အရေးပါအရာရောက်တဲ့သူတစ်ဦး ဖြစ်နေတယ်ဆိုတာ သတိပြုရမှာပဲ။

အတက်ကြမ်းကြမ်း အကျကြမ်းကြမ်းရှိခဲ့ပေမယ့် အဲဒီအတက်ကြမ်း အကျကြမ်း နှစ်ခုကြားမှာ ဗျာများခဲ့ရတဲ့သူတွေကတော့ ပြည်သူတွေပဲဆိုတာ မငြင်းနိုင်ဘူးဆိုတာကို သက်သေပြလိုက်ပြီပဲ ဖြစ်ပါတယ်။

## ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနှင့် အာဆီယံ-ဂျပန်စင်တာတို့ ပူးပေါင်း၍ Product and Design Development For Myanmar Handicraft Items အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီး ဌာနနဲ့ အာဆီယံ-ဂျပန်စင်တာတို့ ပူးပေါင်း၍ Product and Design Development For Myanmar Handicraft Items အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် ၂၂၈/၂၄၀ ကမ်းနားလမ်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပဥ္စမထပ်၌ နံနက် ၉း၀၀နာရီမှ နေ့လယ်၁၄း၃၀ အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တာဝန်ရှိသူများနှင့် လက်မှုလုပ်ငန်းရှင်များ၊ မြန်မာ့လက်မှုအနုပညာအသင်းနှင့် လက်မှုလုပ်ငန်းရှင် စုစုပေါင်း ၁၂၀ ဦးခန့် တက်ရောက်ပြီး၊ အာဆီယံ-ဂျပန်စင်တာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဌာနမှ စီမံကိန်းမန်နေဂျာ Mrs. Michiko Shimizu နှင့် Japan Institute of Design Promotion မှ Executive Director Mr. Shiro Aoki နှင့် ဒီဇိုင်းပညာရှင်များဖြစ်သည့် Mr. Satoshi Sasaki, Mr. Shunsuke Ikai တို့ တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနား၌ ကုန်စည်ပြပွဲနှင့်ကုန်သွယ်မှုဗဟိုဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နော်မူတာ ကပေါ်နှင့် စီမံကိန်းမန်နေဂျာ Mrs. Michiko Shimizu တို့မှ ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့်အဖွင့်အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပြီး၊ ဂျပန်နိုင်ငံဒီဇိုင်းအသင်းအဖွဲ့မှ ပညာရှင်များနှင့် ဒီဇိုင်နာများကPower Point များဖြင့် ရှင်းလင်းတင်ပြခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံမှ အလားအလာရှိသော လက်မှုထည်ပစ္စည်းအား နိုင်ငံတကာမှ နှစ်သက်သည့် ဒီဇိုင်းများထုတ်လုပ်ပြီး ဈေးကွက်သို့ ထိုးဖောက် ဝင်ရောက် နိုင်စေရန်နှင့် မြန်မာ-ဂျပန် နှစ်နိုင်ငံတို့အကြား စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးချဲ့နိုင်စေရန် ဖြစ်ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အာဆီယံ-ဂျပန်စင်တာတို့ ပူးပေါင်းကျင်းပသည့် သတ္တမအကြိမ်မြောက် ကုန်သွယ်မှုတိုးတက်ရေးအတွက် စွမ်းအားစု တည်ဆောက်ရေး အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါသည်။ ■

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် အာဆီယံ-ကိုရီးယားစင်တာတို့ပူးပေါင်း၍ မြန်မာ့လက်မှုထည်ပစ္စည်းများအတွက် ဒီဇိုင်းအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနှင့် အာဆီယံ-ကိုရီးယားစင်တာတို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် တောင်ကြီးမြို့နှင့် ၆ ရက်နေ့တွင် ရန်ကုန်မြို့ Chatrium Hotel ၌ မြန်မာ့လက်မှုထည်ပစ္စည်းများအတွက် ဒီဇိုင်းအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံမှ လက်မှုလုပ်ငန်းရှင်များ၏ ဒေသထွက်ကုန်ကြမ်းများကို အခြေခံ၍ ရိုးရာလက်မှုနည်းပညာဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာမှ ကြိုက်နှစ်သက်သည့် ဒီဇိုင်းများထုတ်လုပ်ပြီး၊ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်နှင့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးချဲ့နိုင်စေရန် ရည်ရွယ်၍ ကိုရီးယားနိုင်ငံ၏ ဒီဇိုင်နာများမှ Power Point များဖြင့် ရှင်းလင်း တင်ပြသွားမည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စား သုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုဗဟိုဌာန၊ ဖုန်း ၀၁-၂၅၄၀၂၄၊ ဖက်စ် ၀၁-၂၅၄၀၂၃၊Email:itpic.moc@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(MTC)**

## စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတကာကုန်သွယ်ရေးမဟာဗျူဟာအလုပ်ရုံဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ဟိုတယ်တွင်ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပုသိမ်ဟိုတယ်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီး ဌာနနှင့် Bagan Trade.com တို့ ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတကာကုန်သွယ်ရေး မဟာဗျူဟာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၇ ရက်နေ့က ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်နဲ့ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ ကုမ္ပဏီအသင်းအဖွဲ့များ၊ နိုင်ငံတကာ ပို့ကုန်အလားအလာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

၎င်းဆွေးနွေးပွဲမှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးသိန်းအောင်က အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနဲ့ ပတ်သက်ပြီး၊ မြန်မာ့စီးပွားရေးဈေးကွက် ဖွံ့ဖြိုးစေရန်၊ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒများနဲ့အညီ တိုင်းအတွင်းရှိ SMEs လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ အခြေခံလိုအပ်ချက်များဖြစ်သော (နည်းပညာပေါင်းစပ်မှု၊ ဈေးကွက်ချိတ်ဆက်ပေးနိုင်မှု၊ အတွေ့အကြုံ) များကို အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူ Public Private Partnership (PPP) ပေါင်းစပ်ဖလှယ်မှုများနှင့်အတူ ပေါ်ပေါက်လာမည့် ဈေးကွက်အခွင့်အလမ်းများကို အကျိုးရှိရှိအသုံးချပြီး IT On Line စီးပွားရေးမဟာဗျူဟာအဖြစ် နိုင်ငံတကာဈေးကွက်ကို ချိတ်ဆက်ကုန်သွယ်နိုင်စေဖို့ ရည်ရွယ်ခြင်းဖြစ်ပြီး။ ၂၀၁၅ ခုနှစ်နဲ့အတူ တစ်ဖက်မှာလည်း AEC, FDI နှင့် Asean Free Trade Area (AFTA) အာဆီယံ အိမ်နီးချင်းနိုင်ငံတွေသာမက နိုင်ငံတကာအဖွဲ့အစည်းပေါင်းစုံဖြင့် လွတ်လပ်စွာစီးဆင်းလာမည့် (ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ကျွမ်းကျင်အလုပ်သမား) ဝင်ရောက်လာမှုနဲ့အတူ အာဆီယံစီးပွားရေး အသိုက်အဝန်းအဖြစ် ဖန်တီးပေးနိုင်မည့် ကဏ္ဍအသီးသီးကို ယခုမှစတင်ပြီး အမျှော်အမြင်ရှိရှိ ကြိုတင်ပြင်ဆင်ရန်လိုအပ်ကြောင်း ပြောကြားပါတယ်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်ကလည်း စီးပွားရေး စစ်တမ်းအရ မြန်မာနိုင်ငံအတွင်း အဓိကဖွံ့ဖြိုးလာမည့် လုပ်ငန်းစဉ် ၇ ရပ်ဖြစ်သော စွမ်းအင်၊ သတ္တုတူးဖော်မှု၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း၊ အဆောက်အဦး၊ ဆက်သွယ်ရေး၊ ငွေကြေးဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်းစတဲ့ လုပ်ငန်းများ များစွာဖွံ့ဖြိုးတိုးတက်ဖို့ရှိနေပြီး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာလည်း National Export Strategy (NES) အမျိုးသားပို့ကုန် မဟာဗျူဟာများ၊ ရေနက်ဆိပ်ကမ်းဇုန်၊ စက်ရုံအလုပ်ရုံများနဲ့ မြို့ပြဖော်ဆောင်သွားမည့် စီမံကိန်းအသစ်များနဲ့အတူ ဂျပန်နိုင်ငံနဲ့အခြားသော ပြည်ပဖက်စပ်စီးပွားရေးလုပ်ငန်းများလည်း စီမံလျာထားချက်များ ရှိနေတဲ့အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ နိုင်ငံသားစီးပွားရေးလုပ်ငန်းများကို စွန့်ဦးတီထွင်တိုးချဲ့ လုပ်ဆောင်နိုင်ဖို့ လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းမှာရှိသော ထုတ်ကုန်အမျိုးမျိုးကို နိုင်ငံတကာသို့ ချိတ်ဆက်မှုဖြင့် ဒစ်ဂျစ်တယ် e-commerce စီးပွားရေးသုံး ဝိုင်းဝန်းဖော်ဆောင်ပေးနိုင်မည့် Bagan Trade.com မှတစ်ဆင့် နိုင်ငံတကာ ဈေးကွက်အသစ်များ ရှာဖွေချိတ်ဆက်ပေးမှာဖြစ်ကြောင်း၊ ရောင်းသူဝယ်သူအကြား အချိန်နှင့် ကုန်ကျစရိတ် သက်သာလျင်မြန်စွာ ချိတ်ဆက်ပေးနိုင်မှု၊ ရေရှည်စီးပွားရေး အတွက် ဈေးကွက်အသစ်ဖန်တီးမှုများ ဆောင်ရွက်နိုင်မှာဖြစ်ပြီး၊ တိုင်းအတွင်း အဓိကထွက်ကုန်များဖြစ်သော ဆန်၊ ပဲ၊ သား၊ ငါး၊ သစ်အထည်၊ လက်မှုပစ္စည်းများကိုတန်ဖိုးမြင့်မားလာစေပြီး၊ ဈေးကွက်ရရှိမှုနဲ့ Make local-trade global ပုံစံဖြင့် ဒေသထွက် ကုန်မှသည် ကမ္ဘာ့ကုန်သွယ်မှုဆီသို့ ယနေ့ကျင်းပသော အလုပ်ရုံ ဆွေးနွေးပွဲမှ ထွန်းသစ်စ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ အလားအလာကောင်းစေဖို့အတွက်နဲ့ SMEs လုပ်ငန်းများကိုလည်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး Bagan Trade.com မှ ဦးနေမင်းသူက ပြည်ပပို့ကုန်ဖြင့်အောင်မြင်နေတဲ့ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ၊ ဦးပြည့်ဖြိုးပိုင်က ပြည်ပပို့ကုန် မဟာဗျူဟာအတွက် Bagan Trade.com ရဲ့ဆောင်ရွက်မှုများ၊ ဦးစိုးဟိန်းက စွန့်ဦးတီထွင်ဈေးကွက်ရှာဖွေမှုနဲ့ မြန်မာပြည်ဈေးကွက်ချဲ့ထွင်မှုကိစ္စရပ်များ၊ ဦးဇင်ဖြိုးပိုင်က မြန်မာ SMEs လုပ်ငန်းများမှသည် AEC အာဆီယံစီးပွားရေးအတွက် ပြင်ဆင်မှုများ ဆွေးနွေးဟောပြောပြီး၊ တက်ရောက်လာသူများကလည်း နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ အားသာချက်၊ အားနည်းချက်များနဲ့ သိလိုတာတွေကို မေးမြန်းခဲ့ရာ Bagan Trade.com မှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြောင်းသိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

Commodity Exchange News
Vol: 15, No.22 Monday June 15 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၅–၆– ၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယဝယ်လက် ဝယ်လိုအားပုံမှန်ရှိ၊ ပဲလက်ကျန်နည်းလာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်လျော့နည်းလာကြောင်း သိရပါတယ်။ ဈေးကွက်စဖွင့်ချိန်မှာ အိန္ဒိယဝယ်လက်က မတ်ပဲ(RC) ကိုတစ်တန် ၁၃၆၈၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ရာက နောက်ပိုင်းရက်တွေမှာ ဈေးလျော့အဝယ်ရှိလို့တစ်တန်ကို ၁၃၄၀၀၀၀ ကျပ် ဈေးသို့ ဈေးပြန်ဆင်း သွားပေမယ့် အရောင်းအဝယ်တော့ ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရာသီဥတုမမှန်တာကြောင့် အထွက်နှုန်းလျော့ကျပေ မယ့် အိန္ဒိယဘက်မှ ဝယ်လိုအားမြင့်တက်လာတာကြောင့် ဒီနှစ်မှာ ဈေးကောင်းရပြီး ကုန်သည်တွေထိုက်သင့်တဲ့အကျိုးအမြတ်များရရှိ နေကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဆွဲသွက်လို့ ဈေးမာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ပို့ကုန်အတွက် ရန်ကုန်ဝယ်လိုအားသွက်လို့ ဈေးမြင့်လာပြီး တစ်ပိဿာ ၂၀၂၅ ကျပ်(တစ်တန်ကို ၁၂၄၀၀၈၉ ကျပ်) ဈေးဖြင့် အရောင်းရောအဝယ်ပါသွက်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ပဲအထွက်နှုန်း လျော့နည်းခဲ့ပေမယ့် အိန္ဒိယဈေးကွက်ရဲ့ ဝယ်လိုအားမြင့်လာတာကြောင့် ယခုလိုဈေးကောင်းရခဲ့တာဖြစ်ကြောင်း ပဲစင်းငုံနီဈေး ကောင်းမရတာ နှစ်အတော်ကြာခဲ့ပြီး အခုမှ ဈေးကောင်းရခဲ့ကြောင်း ပဲလက်ကျန်လည်း ကုန်သည်လက်ဝယ်မှာ လျော့လာကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအသစ်ရော အဟောင်းပါ တရုတ် အဆွဲသွက်နေ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ စောစောစိုက်ပျိုးတဲ့ ဒေသမှပြောင်း(သစ်)ရော လက်ကျန်ပြောင်းတွေပါ တစ်ပတ်အတွင်း တန်ချိန် ၁၃၀၀၀ ခန့်ဝင်ရောက်ခဲ့သလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအားတောက်လျှောက်ရှိတာကြောင့် ဈေးကွက်မှာ နေ့စဉ်လိုလို ပြောင်းအရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း၊ အရောင်းအဝယ်အနေ ဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၁၀၁ ယွမ်ကျပ်ဈေးဖြင့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းဈေးအေး၊ ပဲစင်းငုံနီဈေးမြင့်လာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို တရုတ်အတွက် ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိပေမယ့် ဈေးအေးနေကြောင်း၊ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာ ၂၂၅၀ ကျပ် (တစ်တန်ကို ၁၃၇၇၈၇၇ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ပဲလက်ကျန်ရှိတဲ့ကုန်သည်တချို့က ဈေးကောင်းရတဲ့အခါမှာ ထုတ်ရောင်းမှုတွေရှိလာတာကြောင့် တစ်ပိဿာ ၂၀၃၀ ကျပ်(တစ်တန်ကို ၁၂၄၃၁၅၁ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါ တယ်။

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံအရောင်းအဝယ်သွက်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်အဆွဲသွက်သလို ပဲတီစိမ်းကြီးကိုလည်း တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားသွက်နေတယ်လို့ သိရပါတယ်။ ပဲစင်းငုံနီက ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားသွက်နေတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၂၀၃၅ ကျပ် (တစ်တန်ကို ၁၂၄၆၂၁၃ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် ပဲတီစိမ်းကြီး(ထိပ်စ)ကိုလည်း တရုတ်ဝယ်လက်က ပဲအရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၅၀ ကျပ် (တစ်တန်ကို ၁၂၅၅၃၉၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကတော့ ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်တွေအဝယ်ဆုံလို့ဈေးမြင့်လာပြီး တစ်ပိဿာ ၂၁၁၇ ကျပ် (တစ်တန်ကို ၁၂၉၆၄၂၉ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများ ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို ဈေးကွက်စဖွင့်ချိန်မှာ ပဲခွဲစက်များက တစ်ပိဿာ ၁၂၀၀ ကျပ်(တစ်တန်ကို ၇၃၄၈၆၈ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့လို့ ဈေးကောင်းရခဲ့တယ်လို့ မြို့ခံပဲကုန် သည်များက ဆိုပါတယ်။

## အောင်လံဈေးကွက်မှာ ကုလားပဲနဲ့ ပဲစင်းငုံနီ ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲ ခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်းအဆိုပါဈေးဖြင့် အရောင်းပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၂၀၀ ကျပ် (တစ်တန်ကို ၃၄၈၆၈ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။ ပဲစင်းငုံနီအနေဖြင့် ရန်ကုန်ဝယ်လက်က ဝယ်လိုအား ပြန်လိုက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၀၂၅ ကျပ်(တစ်တန်ကို ၁၂၄၀၀၈၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ကုလားပဲ အရောင်းအဝယ်ပုံမှန်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေချိန်မှာ ပို့ကုန်အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၂၀၂၀ ကျပ် (တစ်တန်ကို ၁၂၃၇၀၂၇ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ဒီတစ်ပတ်မှာ ရန်ကုန်အဆွဲပြန်လိုက်လာလို့ဈေးမြင့်လာပြီး တစ်ပိဿာ ၂၀၂၅ ကျပ်(တစ်တန်ကို ၁၂၄၀၀၈၉ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်များက တစ်ပိဿာ ၁၂၀၀ ကျပ်(တစ်တန်ကို ၇၃၄၈၆၈ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ပဲနောက်ဈေးတန့် ပဲစင်းငုံနီတက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲနောက်ကို မန္တလေးဝယ်လက်က ပဲရဲ့ အရည်အသွေးအပေါ် မူတည်ပြီး တွက်ချက်ဝယ်ယူမှုတွေရှိတာကြောင့် ဈေးတန့်ပြီး တစ်ပိဿာ ၁၆၉၀ ကျပ် (တစ်တန်ကို ၁၀၃၄၉၃၉ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု ပမာဏနည်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၀၁၀ ကျပ်(တစ်တန်ကို ၁၂၃၀၉၀၃ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လိုအား ဆက်တိုက်ရှိနေ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအား တောက်လျှောက်ရှိတာကြောင့် ဈေးကွက်မှာ နေ့စဉ်လိုလို အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၂၀ ကျပ်(တစ်တန်ကို ၁၂၉၈၂၆၆ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းသီးနှံကို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် ဒေသတွင်း အစာစပ်လုပ်ငန်းရှင်များ ဝယ်အားပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဒေသတွင်း အစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၅၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၃ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးကွက် တရုတ်အဆွဲသွက်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ဒေသထွက် ပြောင်းသီးနှံအနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် တရုတ်ဘက်ကတော့ ဈေးကွက်လိုအပ်ချက်အရ ဝယ်လိုအား ဆက်တိုက်ရှိနေတာကြောင့် အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၅၂၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၀ သိန်းခန့်ဖြစ်ခဲ့ ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်) ကို ပဲခွဲစက်တွေဝယ်လိုအားသွက်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက်များက ဝယ်လိုအား သွက်နေတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၂၀၀ ကျပ် (တစ်တန်ကို ၇၃၄၈၆၈ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပမည့် Fifth China Import Luxuries Exhibition ပြပွဲ

၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျိလင်ပြည်နယ်၊ ချန်းချွန်ရှိ Changchun International Conference and Exhibition Centre တွင် Fifth China Import Luxuries Exhibition ပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ယခု ကျင်းပပြုလုပ်မည့် Fifth China Import Luxuries Exhibition ပြပွဲသည် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် အကြီးမားဆုံးသော လူသုံးကုန် ပစ္စည်းပြပွဲကြီးဖြစ်ပါသည်။ အဆိုပါပြပွဲကို ၂၀၁၁ ခုနှစ်မှစတင်၍ ကျင်းပခဲ့ပြီး ယခုနှစ်တွင် ပါဝင်ပြသမည့် ကုမ္ပဏီပေါင်း ၈၄၆ ခုတို့မှ ကုန်ပစ္စည်း အမျိုးအစားပေါင်း ၂၃၀၀၀ ကျော်ကို ပြသမည်ဖြစ်ပါသည်။ နိုင်ငံတကာမှ ပါဝင်ပြသသူများအတွက် ကိုးစတုရန်းမီတာ အကျယ်ရှိသော ပြပွဲ ခန်းမငှားရမ်းခကို ယွမ် ၄၀၀၀ သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံနှင့်တရုတ် နိုင်ငံအကြား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ပါဝင် ပြသမည့်သူများအား ပြပွဲ ငှားရမ်းခကို ယွမ် ၂၀၀၀ ပေးချေရန် သတ်မှတ်ထားပါကြောင်းနှင့် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီး ဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ် မှုဗဟိုဌာနများဌာနခွဲ၊ မြန်မာကုန်သွယ် မှုဗဟိုဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံ စမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (ကုန်စည်ပြပွဲ)

# အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် Indonesia Independence Tarakan Festival 2015 ပြပွဲ

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် နေ့မှ ၁၃ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ မြောက်ကာလီမန်တန်၊ Tarakan မြို့တွင် Indonesia Independence Tarakan Festival 2015 ပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ Indonesia Independence Tarakan Festival 2015 ပြပွဲသည် Tarakan အစိုးရအဖွဲ့နှင့် အင်ဒိုနီးရှားနိုင်ငံ၊ ကြည်းတပ်၊ ရေတပ်နှင့် လေတပ်၊ Tarakan ပတ်ဝန်းကျင်ထိန်း သိမ်းရေးဌာနနှင့် KNPI Kec တို့ ပူးပေါင်း၍ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ မော်တော်ယာဉ်များ၊ စစ်အသုံးအဆောင်ပစ္စည်းများ၊ ပညာရေးနှင့် အခြားလုပ်ငန်းများကို မြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။

စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေး ရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲ၊ မြန်မာကုန်သွယ်မှု ဗဟိုဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်သို့ ဆက်သွယ် စုံစမ်းနိုင်ပါကြောင်း သတင်း ရရှိပါသည်။

ဥမ္မာကြူ (ကုန်စည်ပြပွဲ)

# တူရကီနိုင်ငံတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သစ်သီးဝလံပန်းမန်ပြပွဲ- ၂၀၁၆

တူရကီနိုင်ငံ၊ အန်တာလျာမြို့တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှ အောက် တိုဘာလ ၃၀ ရက်နေ့အထိ အပြည်ပြည်ဆိုင်ရာသစ်သီးဝလံပန်းမန်ပြပွဲ- ၂၀၁၆ ပြပွဲအားခြောက်လကြာ ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိပါသည်။ ပြပွဲ၏အဓိက ရည်ရွယ်ချက်မှာ အနာဂတ်မျိုး ဆက်သစ်များ အနေဖြင့် သဘာဝပတ်ဝန်းကျင်အကြောင်း သိရှိနားလည်မှုတိုးမြှင့်ရန်၊ ဒေသတွင်းနှင့် ကမ္ဘာလုံး ဆိုင်ရာ ပတ်ဝန်းကျင်ကိစ္စရပ်များ ဆွေးနွေးရန်၊ အခြားသော စွမ်းအင်အရင်းအမြစ်များ ပြောင်းလဲအသုံးပြုရေး အာရုံပြုမိစေရန်၊ ဂေဟစနစ်နှင့်ဇီဝအကျိုးပြု သဘာဝကျသော စိုက်ပျိုးမှုအရေးပါပုံကို ဆင့်ပွား အသိပညာပေးရန်ဖြစ်ပါသည်။ ထို့ပြင် ညီလာခံများ၊ ဆွေးနွေးပွဲများ၊ ဘာသာရပ် ရှင်းလင်းပွဲများ၊ ယဉ်ကျေးမှုနှင့် အနုပညာ ဆိုင်ရာ ပြပွဲများလည်း ပါဝင်မည်ဖြစ်ပါသည်။ အပြည်ပြည် ဆိုင်ရာသစ်သီးဝလံ ပန်းမန်ပြပွဲ- ၂၀၁၆ ပြပွဲသို့ပါဝင်ပြသသူများအနေဖြင့် Indoor Outdoor garden ပြပွဲနေရာများကို အခမဲ့အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ Outdoor garden ရှိပြပွဲနေရာများ သည် ၅၀၀ စတုရန်းမီတာစီအကျယ်အဝန်းရှိပြီး Indoor garden ရှိ ပြပွဲနေရာများသည် ၂၀ စတုရန်းမီတာစီ အကျယ်အဝန်းရှိကြောင်း၊ နေရာထပ်မံရယူလိုပါက အလားတူအကျယ်အဝန်းများအတိုင်း ရယူနိုင်ပါကြောင်း၊ Outdoor garden ရှိပြပွဲများကို EXPO 2016 ပြီးဆုံးပြီး နောက်ပိုင်း ဆက်လက်ဖွင့်လှစ် သွားမည်ဖြစ်သဖြင့် ကာလတိုအသုံးပြု နိုင်ခြင်း မရှိကြောင်း၊ Indoor garden ရှိ ပြခန်းများကို သတ်မှတ်ကာလများအတွင်း တစ်ကြိမ်ထက်မက ကာလတိုပြပွဲများ အတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့်ကုန် သွယ်မှုဗဟိုဌာနများဌာနခွဲ၊ မြန်မာကုန်သွယ်မှုဗဟိုဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါ ကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (ကုန်စည်ပြပွဲ)

■

# SMIDB ဘဏ်ချေးငွေနှင့် နယ်မြို့များ၏ SME အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုရေချိန်အလားအလာ

စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစား အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ် SMIDB ဘဏ် အနေဖြင့် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ် မေလအထိ SME စက်မှုလုပ်ငန်းရှင် ၄၃ ဦးသို့ SME ချေးငွေ ကျပ်သိန်းပေါင်း ၁၁၁၅၀ ကို ထုတ်ချေးထားပြီးဖြစ်သလို၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင်လည်း ချေးငွေ ဆက်လက်ထုတ်ချေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းစက်မှုကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ သိရှိရပါတယ်။

SMIDB ဘဏ်မှ SME ချေးငွေထုတ်ချေးရာတွင် စက်မှုလုပ်ငန်းရှင်အတွက် အခြားဘဏ်များထက် အားသာချက်များမှာ တစ်နှစ်လျှင်အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့်ရရှိခြင်း၊ ချေးငွေအား ၃ နှစ်အထိ တစ်ဆက်တည်းအရင်းအနှီး လုပ်ကိုင်နိုင်ခြင်း၊ သုံးလတစ်ကြိမ်သာ အတိုးသွင်းရခြင်းတို့အပြင် သုံးနှစ်ပြည့်ပါက အရင်းအတိုးပေးဆပ်ပြီး နောက်ထပ် နှစ်နှစ် သက်တမ်းတိုးချေးငွေရယူနိုင်ခြင်းတို့ကြောင့် စက်မှုလုပ်ငန်းရှင်များအနေဖြင့် လုပ်သာကိုင်သာရှိသည့်ချေးငွေဖြစ်ကြောင်း သိရပါတယ်။

SME ချေးငွေအား တိုင်းဒေသကြီးအစိုးရထံသို့ တင်ပြလျှောက်ထားရာတွင် လုပ်ငန်းရှင်များက အကူအညီတောင်းခံပါက ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ လျှောက်လွှာတင်ရမည့်လိုအပ်သည့် အချက်အလက်များအား စိစစ်အကူအညီပေးနေပါတယ်။ မြို့နယ်များတွင်ရှိ စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများ တိုးချဲ့ရာတွင်ဖြစ်စေ၊ အဆင့်မြှင့်တင်ရာတွင်ဖြစ်စေ အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်နိုင်မှာဖြစ်သဖြင့် SMIDB ဘဏ်အား SME လုပ်ငန်းရှင်များမှ ဝမ်းမြောက်စွာကြိုဆိုကြောင်း သိရပါတယ်။ နယ်မြို့များတွင်လည်း စက်ရုံ၊ အလုပ်ရုံများတိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး SMIDB ဘဏ်တွင်လည်း SMEs ဘဏ်ချေးငွေများ လျှောက်ထားလျက်ရှိကြောင်း သိရပါတယ်။

SMIDB ဘဏ်အနေနဲ့လည်း ဘဏ်မှ ယခုထက်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေမှုများအား မြို့နယ်များသို့ သိရှိနိုင်ရန် လက်ကမ်းစာစောင်များ၊ အသိပညာပေးဟောပြောပွဲများ အခါအားလျော်စွာ ဆောင်ရွက်ပေးသင့်ကြောင်းနဲ့ နယ်မြို့များမှ လုပ်ငန်းရှင်များ SME ချေးငွေလျှောက်ထားရာတွင် အချက်အလက်အပြည့်အစုံပါရှိပြီး တိုင်းဒေသကြီးအစိုးရထံမှာ စီစစ်ခွင့်ပြုထောက်ခံချက်ရရှိထားတဲ့ လုပ်ငန်းရှင်များရဲ့ ချေးငွေလျှောက်ထားမှုအား SMIDB ဘဏ်အနေဖြင့် ကြန့်ကြာမှုမရှိစေဘဲ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးနိုင်ပါက နောင်ကာလတွင် နယ်မြို့များမှ SME စက်မှုလုပ်ငန်းရှင်များ၏ အားကိုးအားထားပြုရာ ဘဏ်ကြီးဖြစ်လာပြီး နယ်မြို့များမှ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများလည်း မြို့ပြမှ စက်မှုလုပ်ငန်းများနည်းတူ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ကျော်စိန်ဌေး-ကောလင်း

# ဖိလစ်ပိုင်နိုင်ငံ မနီလာတွင်ကျင်းပမည့်စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့်ပြပွဲနှင့် ဆွေးနွေးပွဲ

အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် $22^{nd}$ International Agribusiness Exhibition and Seminars, $16^{th}$ International Food Processing, Packaging and Pro-ducts Exhibition နှင့် $11^{th}$ National Fisheries Exhibition and Seminars စသည့် ပြပွဲနှင့် ဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ဆွေးနွေးပွဲများကို ယခုနှစ်တွင် "Regional Agribusiness Development: Cornerstone of Inclusive Growth" ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ ပြပွဲတွင် သက်ရှိရေသတ္တဝါများနှင့် အပင်များကို အခြေခံသည့် ထုတ်ကုန်များ၊ သတင်းအချက်အလက်များ၊ နည်းပညာများ၊ ပစ္စည်းကိရိယာများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် စိုက်ပျိုးရေး ဝန်ဆောင်မှုများကို ပြခန်းပေါင်း ၅၀၀ ဖြင့် ပြသသွားမည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထွက်ကုန်များနှင့် နည်းပညာများကို ရှင်းလင်းပြသနိုင်ရေး အတွက် Seminar Slots ပေါင်း ၂၄ ခု ဖွင့်လှစ်ထားရှိမည် ဖြစ်ပါသည်။

စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲ၊ မြန်မာကုန်သွယ်မှုဗဟိုဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (ကုန်စည်ပြပွဲ)

## ဒုတိယမြောက် ထိုင်း-မြန်မာချစ်ကြည်ရေး ဆောက်လုပ်ရေးလုပ်ငန်း စက်တင်ဘာလဆန်းမှာ စတင်ရန်မျှော်မှန်း

ထိုင်းအစိုးရက ယခုနှစ်မှာ အကောင်အထည်ဖော်ရန်လျာထားတဲ့ မဲဆောက်အထူးစီးပွားရေးဇုန်အား အထောက်အပံ့ဖြစ်စေရန် သောင်ရင်းမြစ်ကူး ဒုတိယမြောက် ထိုင်း-မြန်မာ ချစ်ကြည်ရေးလေးလမ်းသွား တံတားကို တည်ဆောက်ရန် ဇွန်လ ၂ ရက်နေ့က ဘတ်ဂျက်ခွင့်ပြုလိုက်ပြီလို့ ထိုင်းအစိုးရမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဗန်ကောက်ပို့စ်သတင်းဌာနကို ပြောကြားလိုက်ပါတယ်။မြေအသုံးပြုမှုအတွက် တရားဝင်ခွင့်ပြုမိန့်ကို ဇွန်လ နှောင်းပိုင်းမှာ ရရှိနိုင်မှာဖြစ်ပြီး စက်တင်ဘာလမှာ ဆောက်လုပ်ရေးလုပ်ငန်းစတင်ရန် မျှော်မှန်းထား တယ်လို့သိရပါတယ်။

တံတားအရှည်မှာ ၂၁ ဒသမ ၄ ကီလိုမီတာရှည်ပြီး လေးလမ်းသွားလမ်းမကြီးတစ်ခုဖြစ်ပါတယ်။နယ်စပ်ဒေသများမှာ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုစေရန် ရည်ရွယ်ဆောက်လုပ်မှာဖြစ်ပါတယ်။ တံတားတည်ဆောက်ရေးလုပ်ငန်းအတွက် ဘတ် ၃ ဘီလီယံကျော် အသုံးပြုသွားမယ်လို့သိရပါတယ်။ ထိုင်းအစိုးရဟာ နိုင်ငံအတွင်းရှိ အထူးစီးပွားရေးဇုန်များမှာ လာရောက်အလုပ်လုပ်ကိုင်ကြတဲ့ အိမ်နီးချင်းနိုင်ငံများမှ လုပ်သားများ သွားလာရေးလွယ်ကူချောမွေ့စေရန် အိမ်နီးချင်းနိုင်ငံများနဲ့ နယ်စပ်ဖြတ်ကျော်သဘောတူ စာချုပ်များလည်း ပြင်ဆင်ချုပ်ဆို သွားမယ်လို့သိရပါတယ်။

**CMK**

## အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ တမူးနယ်စပ်မှ ကွမ်းသီး၊ အုန်းသီး၊ ကြက်သွန်နီ ပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက မေလတွင် ပို့ကုန် ကန်ဒေါ်လာ ၃ ဒသမ ၂၈၇ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၁ ဒသမ ၃၃၇ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၄ ဒသမ ၆၂၄ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ပါက ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၀၁၃ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၃၉၉ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၄၁၂ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သလို ယမန်နှစ် ကာလတူနဲ့နှိုင်းယှဉ်ပါက ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၂၀၄ သန်း ၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၉၇၀ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၁၇၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ထိုကဲ့သို့ အနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပို့ကုန်ပိုင်း ပိုမိုရခြင်းမှာ ကွမ်းသီး၊ အုန်းသီး၊ကြက်သွန်နီတို့ ပိုမိုတင်ပို့နိုင်ခဲ့လို့ ဖြစ်ပါတယ်။ တမူးနယ်စပ်စခန်းရဲ့ အများဆုံးပို့ကုန်များမှာ ကွမ်းသီး၊ CMP ဖိနပ်၊ စီးကရက်၊ အင်ဗာတာ ၊ အရုပ်၊ လက်ဆွဲမီးစက်စတဲ့ လျှပ်စစ်အိမ်သုံးပစ္စည်းများနဲ့ အုန်းသီး၊ ပဲပုတ်စေ့တို့ဖြစ်ပါတယ်။အများဆုံးသွင်းကုန်များမှာ မော်တော်ဆိုင်ကယ်၊ စားတော်ပဲ၊ဂျုံမှုန့်၊ ချည်ခင်၊ချွတ်ဆေး၊ တောင်လုံးကျော်၊ပဲရာဇာ၊ ဖန်စီပစ္စည်းများ ဖြစ်ကြပါတယ်။

မေလအတွင်း ITC ကတ်နဲ့အုန်းသီး ၈၇ တန်ကျော် အပို့ရှိခဲ့ပါတယ်။မေလအတွင်းမှာ ITC ကတ် ၂၆ ကတ်ထုတ်ပေးနိုင်ခဲ့ပြီး ပို့ကုန် ၁၇ ဒသမ ၅၀ ကျပ်သန်း၊ သွင်းကုန် ၆၄ ဒသမ ၅၆၃ သန်း ဖိုးစီ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလ၊ ယမန်နှစ်ကာလတူတို့ထက်ကွမ်းသီး၊အုန်းသီးနဲ့ ကြက်သွန်နီ တင်ပို့နိုင်မှုကို ဖော်ပြပေးလိုက်ပါတယ်-

| | ၂၀၁၅-၂၀၁၆ ဧပြီလ(အနီးစပ်ဆုံးကာလ) | | ၂၀၁၅-၂၀၁၆ မေလ( ကာလတူ) | |
|---|---|---|---|---|
| | ကီလိုဂရမ် | တန်ဖိုး (ဒေါ်လာသန်း) | ကီလိုဂရမ် | တန်ဖိုး (ဒေါ်လာသန်း) |
| ကွမ်းသီး | ၁၇၅၆၀၀ | ၀. ၁၀၄ | ၅၉၁၀၀၀ | ၀. ၅၂၂ |
| အုန်းသီး | ၈၇၅၀၀ | ၀. ၀၁၆ | ၈၂၅၀၀ | ၀. ၀၁၅ |
| ကြက်သွန်နီ | ၈၀၀၀ | ၀. ၀၀၂ | ၈၀၀၀ | ၀. ၀၀၃ |

**MIRT**

## ဆင်ခွန်ဂိတ်အား အထူးယာယီနယ်စပ်ဂိတ်အဖြစ်တိုးမြှင့်

မော်တောင်နယ်စပ်ဂိတ်အား မေလ ၈ ရက်နေ့က တရားဝင်ဖွင့်လှစ်ထားခဲ့ပြီး တစ်ဖက်နိုင်ငံ ဆင်ခွန်ဂိတ်အား မေလ ၂၃ ရက်နေ့က အထူးယာယီနယ်စပ်ဂိတ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်လိုက်ပြီဖြစ်ပါတယ်။ ယခင်က ယာယီဂိတ်ဖြစ်တဲ့အတွက် လူဝင် လူထွက်မှာ တရားဝင်မဟုတ်သော်လည်း အထူးယာယီ နယ်စပ်ဂိတ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်လိုက်တဲ့အတွက် လူဝင်လူထွက်သွားလာမှု တရားဝင်ဖြစ်လာပြီဖြစ်ပါတယ်။ ကုန်ပစ္စည်းဝင်ထွက် သွားလာမှုများကိုလည်း ယခင်ကထက် ပိုမိုတင်ပို့တင်သွင်းလာတော့မှာဖြစ်ရာ မော်တော်ယာဉ်လိုင်းများလည်း စနစ်တကျလုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ ထိုင်းနံပါတ်ပါ မော်တော်ယာဉ်များအား မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းအထိ သွားလာခွင့်ပြုထားတယ်လို့ သိရပါတယ်။

ကုန်သွယ်မှုကိစ္စရပ်များ ၊ လူဝင်လူထွက်သွားလာမှုများ ၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဝီရိယစိုက်ထုတ်လုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသခံကုန်သည်များအနေနဲ့ ကုမ္ပဏီကြီးများနဲ့ အပြိုင်ယှဉ်ပြိုင် လုပ်ကိုင်ကြရမှာဖြစ်တဲ့အတွက် ဌာနဆိုင်ရာ ရုံးပိုင်းဆိုင်ရာကိစ္စရပ်များကို ကျွမ်းဝင်နားလည် လုပ်ကိုင်တတ်ရန် ကြိုတင်လေ့လာထားကြရန်နဲ့တရားမဝင်လမ်းကြောင်းမှ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိရေးဆောင်ရွက်ကြရန် အထူးအရေးကြီးကာလဖြစ်ကြောင်း မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံက မေလ ၃၁ ရက်နေ့က မော်တောင်နယ်စပ် ကုန်သွယ်ရေးရုံး အစည်းအဝေးခန်းမမှာ ပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ ကုန်သည်လုပ်ငန်းရှင်များကို အသိပေးပြောကြားခဲ့တာဖြစ်ပါတယ်။

အဆိုပါဆင်ခွန်ဂိတ်အား အထူးယာယီဂိတ်အဖြစ်အဆင့်တိုးမြှင့်လိုက်ပြီဖြစ်ရာ တစ်ဖက်နိုင်ငံ ပရာကျွတ်ခီရီခန်အထိ တစ်ညအိပ် နှစ်ရက်ခရီး တရားဝင်သွားလာနိုင်ပြီလို့သိရပါတယ်။ထိုင်းနိုင်ငံသားများအနေနဲ့ Border Pass (BP), Temporary Border Pass (TBP) တို့နဲ့ ခြောက်ညအိပ် ခုနစ်ရက်ခရီး၊ ၁၃ ညအိပ် ၁၄ ရက်ခရီးအား တနင်္သာရီမြို့၊ မြိတ်မြို့များထိ သွားလာလည်ပတ်နိုင်ပြီဖြစ်ရာ ခရီးသွားလုပ်ငန်းအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင်မဲ့ အလားအလား များရရှိနေပြီဖြစ်ပါတယ်။

**ပန်းကြယ်စင်**

## ITC ကတ် အသုံးပြုပြီး မော်တောင်နယ်စပ်မှ သစ်သီးဝလံ အဓိကကုန်သွယ်

ကုန်သွယ်ရေးဦးစီးဌာန မော်တောင်နယ်စပ်မှ ၂၀၁၅ မေလမှာ ITC ကတ်နဲ့ လိမ္မော်သီး၊ ပန်းသီးနဲ့ စပျစ်သီးတို့ကို ကျပ်သန်းပေါင်း ၅ ဒသမ ၉၆၇ ခန့် တင်သွင်းနိုင်ခဲ့ပါတယ်။ မော်တောင်နယ်စပ်မှာ မေလအတွင်း ITC ကတ် ပြုလုပ်သူတစ်ဦးရှိပြီး ပို့ကုန်တင်ပို့နိုင်မှုမရှိသော်လည်း သွင်းကုန်ပိုင်းတွင် သစ်သီးဝလံများကို တင်သွင်း နိုင်ခဲ့ပါတယ်။ မော်တောင်နယ်စပ်မှာ မေလအတွင်း လိုင်စင်ဖြင့် ပို့ကုန် ကျပ်သန်းပေါင်း ၁၄ ဒသမ ၀၅၀၊ သွင်းကုန်ကျပ်သန်းပေါင်း ၁၂ ဒသမ ၈၂၆ နဲ့ ကုန်သွယ်မှုပမာဏ ၂၆ ဒသမ ၈၇၆ သန်းကုန်သွယ်နိုင်ခဲ့ ပါတယ်။ အမှန်လိုင်စင် ပို့ကုန်အနေဖြင့် ကြက်သွန်နီကို အဓိက တင်ပို့နိုင်ပြီး သွင်းကုန်အနေနဲ့ ဘိလပ်မြေ၊ ဒီဇယ်၊ လိမ္မော်သီး၊ ပန်းသီးနဲ့ စပျစ်သီးတို့ကုန် အဓိက တင်သွင်းခဲ့ပါတယ်။ မော်တောင်နယ်စပ်မှ မေလအတွင်း ကုန်သွယ်မှုသည် အနီးစပ်ဆုံးဖြစ်တဲ့ ဧပြီလ ကုန်သွယ်မှုထက် ကုန်သွယ်မှုပမာဏ ပိုမိုခဲ့ပါတယ်။ ယင်းသို့ပိုမိုရခြင်းမှာ မေလတွင် ပို့ကုန်အနေနဲ့ ကြက်သွန်နီ တင်ပို့မှု ပိုမိုခဲ့ပြီး သွင်းကုန်အနေဖြင့် ဘိလပ်မြေ၊ ဒီဇယ်၊ လိမ္မော်သီး၊ ပန်းသီးနဲ့ စပျစ်သီးတို့ တင်သွင်းမှုပိုမိုခြင်းကြောင့်ဖြစ်ပါတယ်။

**ခင်မိုးသူ MIRT**

## ကော့သောင်း ကုန်သွယ်ရေးစခန်းက အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပိုမိုတင်ပို့နိုင်

မြန်မာ-ထိုင်း နယ်စပ်ရှိ ကော့သောင်းစခန်းက ၂၀၁၅ ခုနှစ် မေလအတွင်း ပို့ကုန် ကန်ဒေါ်လာ ၃ ဒသမ ၁၂၁ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလ ဧပြီလထက် ကန်ဒေါ်လာ သုည ဒသမ ၁၂၉ သန်း ပိုမိုခဲ့ရခြင်းမှာ သီဟိုဠ်စေ့၊ ပုစွန်၊ ပင်လယ်ငါးရှဥ့်၊ ကင်းမွန်တို့ လျော့နည်းတင်ပို့ခဲ့သော်လည်း ငါးမျိုးစုံ၊ ရေဘဝဲ၊ ငါးလေးခြောက်နဲ့ ကဏန်းတို့ ပိုမိုတင်ပို့နိုင်ခဲ့၍ ဖြစ်ပါတယ်။ ယမန်နှစ်ကာလတူဖြစ်သော ၂၀၁၄ ခုနှစ် မေလထက် သုည ဒသမ ၂၇၉ သန်းပိုမိုခဲ့ရခြင်းမှာ ပင်လယ်ငါးရှဥ့်၊ ရေဘဝဲတို့ လျော့နည်းတင်ပို့ခဲ့သော်လည်း သီဟိုဠ်စေ့၊ ရော်ဘာပင်အိုခြောက်၊ ငါးမျိုးစုံ၊ ပုစွန်၊ ငါးလေးခြောက်နဲ့ ကင်းမွန် ပိုမိုတင်ပို့ခဲ့၍ ဖြစ်ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းရဲ့ အများဆုံးပို့ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ၊ ကင်းမွန်၊ သီဟိုဠ်စေ့ ပုစွန်၊ Stoinless Steel Scraps၊ ပင်လယ်ငါးရှဥ့်၊ ဆီအုန်းကြိတ်ဖတ်၊ ငါးလေးခြောက်၊ ရေဘဝဲ၊ ကဏန်းတို့ဖြစ်ပါတယ်။

**ခင်မြနွယ် MIRT**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်ရေထွက်ကုန်အများဆုံးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ မေလ ၃၀ ရက်မှ ဇွန်လ ၅ ရက်ထိ ကာလအတွင်း ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၃၉၃ သန်းဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင် သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၃၉၃ သန်းဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၀၄၂ သန်းတင်ပို့ခဲ့သဖြင့် ယခုတစ်ပတ်မှာ ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၃၅၁ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ အများဆုံးတင်ပို့ခဲ့တဲ့ ရေထွက်ကုန်များမှာ ရေချို(ငါးမြစ်ချင်း) ၈၄ တန် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သုည ဒသမ ၃၇၆ သန်းဖိုးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ နနွင်းတက် ၅ တန်၊ ချင်းအစို ၅ တန်၊ မန်ကျည်းစေ့ တန် ၄၀ နဲ့ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုတ် ၁၀ တန်ကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။

**တင်တင်ထွန်း**

## ကန်ပိုက်တီးနယ်စပ်မှ တစ်သျှူးငှက်ပျောတင်ပို့

၂၀၁၅ ခုနှစ် ဇွန်လ ပထမပတ်အတွင်း ကန်ဒေါ်လာ ၄၇၆၁၉၀ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန်ချိန် ၁၃၀၀ ကို မြန်မာ-တရုတ် နယ်စပ်ရှိ ကန်ပိုက်တီး နယ်စပ်စခန်းမှ တစ်ဆင့် တရုတ်ပြည်ကို တင်ပို့ခဲ့ပါတယ်။ မေလတတိယပတ်က တန်ချိန် ၃၅၀၀ တင်ပို့ခဲ့ပြီးနောက် ယခု ဇွန်မှာ ထပ်မံတင်ပို့ခဲ့တာဖြစ်ပါတယ်။ တစ်သျှူးငှက်ပျော တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးကတော့ ကျပ် ၄ သိန်းဈေး ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

## မြဝတီနဲ့ မြိတ်နယ်စပ်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ဖြစ်သော မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနယ်စပ်စခန်းနဲ့ မြိတ်နယ်စပ် စခန်းများမှ ၂၀၁၅ ခုနှစ် မေ ၃၀ ရက်မှ ဇွန် ၅ ရက်ထိကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၂၉၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၅၅၈ တန်ခန့်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ၇၂၅ တန်ကျော် ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။စခန်းအလိုက်တင်ပို့မှုများမှာ-

**မြဝတီကုန်သွယ်ရေးဇုန်**က ကန်ဒေါ်လာ သုည ဒသမ ၂၀၂ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၀၁ တန်ကျော် ကဏန်း ၃၉ တန်ကျော်၊ငါးရှဉ့် ၅ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ၃၂ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ပုစွန်တင်ပို့နိုင်ခြင်းမရှိပေမယ့် ယခင်တစ်ပတ်ထက် ပိုမိုခြင်းမှာ ငါးမျိုးစုံ ၆၁ တန်နဲ့၊ကဏန်း ၁၂ တန်ကျော်နဲ့၊ငါးရှဉ့် ၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာကြောင့်ဖြစ်ပါတယ်။

**ကော့သောင်းကုန်သွယ်ရေးစခန်းက** ကန်ဒေါ်လာ သုည ဒသမ ၇၇၉ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၄၁၇ တန်ကျော်၊ကင်းမွန် ၂၃ တန်နဲ့ ပုစွန် တစ်ဝက်ခန့်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ၈၅ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်ထက်လျော့နည်းခြင်းမှာ ပုစွန် ၂ တန်ကျော်၊ငါးရှဉ့် ၂ တန်ကျော်၊ ရေဘဝဲ ၁ တန်ခန့် ပိုမိုတင်ပို့ခဲ့သော်လည်း ငါးမျိုးစုံ ၄၆ တန်ကျော်နဲ့ကင်းမွန် ၉ တန်ကျော်လျော့နည်းတင်ပို့ခဲ့တာကြောင့်ဖြစ်ပါတယ်။

**မြိတ်ကုန်သွယ်ရေးစခန်းက** ကန်ဒေါ်လာ ၁ ဒသမ ၇၀၆ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၁၅၀ တန်ကျော် ငါးမွှန်တန် ၈၀၀ ၊ပုစွန် ၁၇ တန်ကျော်၊ကင်းမွန် ၁ တန်ကျော်၊ သဲကဏန်း တစ်ဝက်ကျော်တင်ပို့နိုင်ခဲ့ပြီး ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက တန်ချိန် ၁၉၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့ခြင်းမှာ ပုစွန် ၁ တန်ကျော်နဲ့ သဲကဏန်းအနည်းငယ်လျော့နည်းသော်လည်း ငါးမျိုးစုံ ၁၂ တန်၊ ငါးမွှန် ၇၂၅ တန်၊ ပုစွန်ခြောက် ၁ တန်ကျော်၊ ကဏန်းသေး ၁ တန်ကျော်နဲ့ကင်းမွန် အနည်းငယ်ပိုမိုတာကြောင့်ဖြစ်ပါတယ်။ ခင်မြနွယ်

## အကောက်ခွန်မဲ့ တင်သွင်းလာသည့်မော်တော်ယာဉ်များ လရ – ၂ မှ သိမ်းဆည်းရမိ

ပဲခူးတိုင်း ဝေါမြို့နယ် ညောင်ခါးရှည်အနီး မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတားဆီးရေး တာဝန်ထမ်းဆောင်နေတဲ့ Mobile Team ပူးပေါင်းအဖွဲ့သည် ဇွန်လ ၅ ရက်မှ ၈ ရက်နေ့ထိ ကာလအတွင်းမှာ မော်တော်ယာဉ်များကို စစ်ဆေးမှုပြုလုပ်စဉ် တရားဝင်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိတဲ့ မော်တော်ယာဉ်လေးစီးကို ကညနအဖွဲ့နဲ့အတူ အသေးစိတ်စစ်ဆေးမှုပြုလုပ်ခဲ့ရာ အကောက်ခွန်မဲ့ တင်သွင်းထားတဲ့ တရားမဝင် မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နိုင်ငံဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ရာ သိမ်းဆည်းရမိယာဉ်များမှာ ဇွန်လ ၅ ရက်နေ့ ၂၃း၁၅ နာရီတွင် Land Cruiser Prado ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၂၀၀၊ ဇွန်လ ၆ ရက်နေ့ ၀၄း၀၀ နာရီတွင် Chaser ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၁၀၊ ဇွန်လ ၇ ရက်နေ့ ၀၉း၀၀ နာရီတွင် Honda Fit ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၀၀၊ ဇွန်လ ၈ ရက်နေ့ ၁၅း၀၀ နာရီတွင် Toyota Estima ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၂၀တို့ကိုသိမ်းဆည်းရမိခဲ့တယ်လို့သတင်း ရရှိပါတယ်။

မေလအတွင်းမှာလည်း လရ-၂ အဖွဲ့က စိစစ်တွေ့ရှိပြီး ယာဉ် ၃၉ စီး၊ ခန့်မှန်းတန်ဖိုး ကျပ် ၅၆၄ သိန်း အားပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ရတယ်လို့ သိရပါတယ်။ သိမ်းဆည်းရမိယာဉ်အမျိုးအစားတွေကတော့ Toyota Hilux Vigo၊ Honda CRV၊ Toyota Caldina၊Toyota Calica၊ Honda Fit၊ Toyota Mark II၊ Toyota Harrier၊ Honda (Stream)၊ Honda (Odyssey)၊ Mitsubishi Pajero၊ Mazda Titam (Light Truck)၊ Honda Stepwgn (Microbus)၊ Honda Airwave၊ Toyota Hiace၊ Toyata Ipsum၊ Toyota Hilux Surf၊ Nissian AD Van၊ Isuzu D max၊Toyota Gaia တို့ဖြစ်ကြပါတယ်။

MIRT

## တရားမဝင်တင်ဆောင်လာတဲ့ အသားခြောက်များကို ပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန ၊ မူဆယ်စခန်းထုတ်နုတ်အင်အား Mobile Team မှ ဦးစီးအရာရှိ ဦးစီးတဲ့ အဖွဲ့သည် ဇွန်လ ၈ ရက်နေ့တွင် အေးရှားဝေါလ်တိုဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တရားမဝင် တင်ဆောင်လာတဲ့ ဧရာဝတီ Express နဲ့ ဆလွန်းယာဉ်ပေါ်မှ (1x4) kg နဲ့ (1x9) kg ပါအသားထုပ် ၂၂ ထုပ်ကိုပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ အကောက်ခွန်မဲ့၊ ပိုင်ရှင်မဲ့အသားခြောက်များကို မူဆယ်မြို့နယ် အကောက်ခွန် ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး ဖြစ်ပါတယ်။

MIRT

## ယာဉ်များပေါ်မှ စားသောက်ကုန်များနဲ့အတူ ရေသန့်စက် တစ်စုံကို လရ–၁ အဖွဲ့မှ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီ အခြေပြုတဲ့ Mobile Team (လရ-၁)အဖွဲ့က ဇွန်လ ၆ရက် နဲ့ ၇ ရက်တွင် မူဆယ်မှ မန္တလေးသို့ဝင်ရောက်လာတဲ့ ကိုယ်ပိုင်ယာဉ်၊ ကုန်တင်ယာဉ်၊ အခြားယာဉ်များကို စစ်ဆေးရာ ယာဉ်များပေါ်မှ တရားမဝင်သယ်ဆောင်လာတဲ့ အကောက်ခွန်မဲ့ပစ္စည်းများကို စစ်ဆေးတွေ့ရှိရပါတယ်။အဆိုပါယာဉ်များပေါ်မှ မာလာ ခေါက်ဆွဲခြောက် အိတ် ၄၀၊ စပျစ်သီးခြောက် ၂၀ ဖာ၊ ဂျုံမှုန့် ၁၅ အိတ်၊ အုန်းသီးမှုန့် ၁၀ အိတ်၊ မာဂျရင်း ၂၀ ဖာ၊ဝါရှာဆိုဒ်စ် ၃၀ အိတ်၊ တရုတ်မုန့်မျိုးစုံ ၁၀ ဖာ၊ ကြိတ်သားချောင်း ၁၅ ထုပ်၊ Aluminium Foil ငါးဖာ၊ ကျောက်ပွင့်ထုပ် သုံးထုပ်၊ Potassium Sorbate ၃ ထုပ် ၊ ရေသန့်စက် တစ်စုံတို့ကိုစစ်ဆေးတွေ့ရှိတယ်လို့ ရှေ့ပြေးသတင်းများအရ သိရပါတယ်။

MIRT

## ဆလွန်းယာဉ်ပေါ်မှ မျက်နှာပေါင်းတင်ဆေးနဲ့ သံလွင်ဆီများ သိမ်းဆည်းရမိ

မန္တလေး-မူဆယ်လမ်းကြောင်းတစ်လျှောက်တွင် တာဝန်ထမ်းဆောင်နေသော Mobile Team လရ-၁ အဖွဲ့သည် ဇွန်လ ၄ ရက်နေ့ ၁၂း၀၀ ချိန်တွင် မူဆယ်မှ မန္တလေးဘက်သို့ သွားရောက်မည့်ဆလွန်း 7E/xxxx ယာဉ်ပေါ်မှ တရားမဝင် တင်ဆောင် လာတဲ့ မျက်နှာပေါင်းတင်ကပ်ခွာနဲ့ သံလွင်ဆီတို့ကို သိမ်းဆည်းရမိခဲ့ပါတယ်။သိမ်းဆည်းရမိ အကောက်ခွန်မဲ့ပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၁ ဒသမ ၂၆၄ ဖိုးခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာ အကောက်ခွန် ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီးဖြစ်ပါတယ်။

MIRT

## အိမ်စီးယာဉ်များပေါ်မှ တမလန်းသစ်များ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့ Asia World တိုးဂိတ် အနီးအခြေပြုတဲ့ Mobile Team လရ-၁ အဖွဲ့သည် ဇွန်လ ၉ ရက်နဲ့ ၁၀ ရက်နေ့များတွင် မန္တလေးမှမူဆယ်သို့ သွားရောက်မည့် ယာဉ်များစစ်ဆေးရာ Toyota Pre mio, Toyota Crown ယာဉ်အမှတ် EE/xxxx ,9D/xxxx,5G/xxxx အိမ်စီးယာဉ်များပေါ်မှ တရားမဝင် အကောက်ခွန်မဲ့ သို့ဝှက်တင်ဆောင်လာတဲ့ တမလန်းဟုယူဆရတဲ့ သစ်တုံးများကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။အဆိုပါစစ်ဆေးတွေ့ရှိ သစ်များကို နောင်ချိုမြို့သစ်တောဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီစနစ်တကျ အပ်နှံပြီး ယာဉ်အား အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာ အရေးယူဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

MIRT

## မိုဘိုင်းဟန်းဖုန်းများကို လရ-၁ အဖွဲ့မှ ကျပ် ၄ သန်း နီးပါးဖိုး သိမ်းဆည်းရမိ

နောင်ချိုမြို့ Asia World တိုးဂိတ်အနီးအခြေပြုတဲ့ Mobile Team အဖွဲ့သည် စားသုံးသူ အကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ဇွန်လ ၅ ရက်နေ့ ၁၆း၀၀ ချိန်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် (Rav-4)ယာဉ်အမှတ် 4E/xxxx ပေါ်၌ တရားမဝင်တင်ဆောင်လာတဲ့ ဟန်းဖုန်းများကို သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိ အကောက်ခွန်မဲ့ မိုဘိုင်းဟန်းဖုန်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၃ ဒသမ ၉၂၀ ခန့်ဖြစ်ပြီး အကောက်ခွန် အမှုတွဲဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။

MIRT

## မေလအတွင်း ဖမ်းဆီးရမိတဲ့ စားသောက်ကုန်၊ အလှကုန် ၊ အထည်အလိပ်၊ သစ်သီးဝလံများ ကျပ်သိန်း ၁၁၄၀ နီးပါးရှိ

မြဝတီ-ရန်ကုန် ကုန်သွယ်မှု လမ်းကြောင်းမှာ စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတားဆီးရေး တာဝန်ထမ်းဆောင်နေတဲ့ လရ-၂အဖွဲ့သည် ၂၀၁၅ ခုနှစ် မေလအတွင်းမှာ စားသောက်ကုန် (ခရမ်းချဉ်၊ ပဲနို့၊ စည်သွပ်ဘူး၊ နို့ချောကလက်၊ ဝေဖာဟင်းချက်ဆီ၊ သကြား) ဘီယာ (Chang, Singa, Leo, Dioblo)၊ အချိုရည် (Deedo , Carabo Soft Drink, Energy Drink)သစ်သီးဝလံ (ဒူးရင်းသီး၊ကြက်မောက်သီး၊ စပျစ်သီး၊ မာလကာသီး)၊လူသုံး(ရေခဲသေတ္တာ၊ ပန်ကာ၊ ပလတ်စတစ်ဖျာ၊ မိုးစီးဖိနပ်၊ ဒရမ်အလွတ်၊ (cycle tube, D-Link , Car Tyre)အထည်အလိပ်ပိတ်နဲ့ အဝတ်အထည်များ၊ အလှကုန် (ဆပ်ပြာ၊ ဆိတ်နို့ရေချိုးခရင်မ်၊ အမွှေးဆီ)တို့ကို ခန့်မှန်းတန်ဖိုး ကျပ် ၁၁၃၈ ဒသမ ၉၄၀ သိန်းဖိုး သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ အဆိုပါကုန်ပစ္စည်းများအပြင် တရားမဝင်အကောက်ခွန်မဲ့ ယာဉ်၃၉ စီးခန့်မှန်းတန်ဖိုး ကျပ် သိန်း ၅၆၀ ကျော်ဖိုးလည်း သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။

MIRT

## Leo ဘီယာ ကတ် ၄၀ သိမ်းဆည်းရမိ

တာချီလိတ် Mobile Team မှ တာချီလိတ်-မိုင်းဆက်လမ်း ဝေ့ချွဲရွာအနီး ရွာကားလမ်းဘေးအစပ်မှာ တရားမဝင်သယ်ဆောင်ရန် သိုဝှက်စုပုံထားတဲ့ Leo ဘီယာကတ် ၄၀ ကိုပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့တယ်လို့ ရှေ့ပြေး သတင်းရရှိပါတယ်။ သိမ်းဆည်းပစ္စည်းများအား အဖွဲ့စုံနဲ့စစ်ဆေးပြီး တာချီလိတ်မြို့နယ် အကောက်ခွန်သို့ အမှုတွဲဖွင့်လွှဲပြောင်းအပ်နှံမှုကို ဆက်လက်လုပ်ဆောင်သွားမယ်လို့သိရပါတယ်။

MIRT

# ထိုးမည့်ဆင် နောက်ခြေတစ်လှမ်းဆုတ်တဲ့ စားသုံးသူကာကွယ်ရေး

|ခင်မြင့်မြင့်သန်း-မွန္တလေး|











စားသုံးကာကွယ်ရေးနဲ့ပတ်သက်ပြီး ပြည်သူတွေကြားမှာ အမျိုးမျိုးဝေဖန်ပြောကြားနေကြတာကို နေ့စဉ်နဲ့အမျှ ကြုံတွေ့နေကြရပါတယ်။ စားသုံးသူကာကွယ်ရေး ကို လုပ်မလိုလို မလုပ်ဘူးလိုလိုနဲ့ လုပ်ပြန်တော့လည်း ကောက်ရိုးမီးလို၊ ခုလည်း ဆက်မလုပ်တော့ဘူးလားဆိုတဲ့အသံတွေနဲ့ ဝေဖန်သံတွေ ကဲ့ရဲ့ပြစ်တင်သံတွေကြားမှာ စားသုံးသူကာကွယ်ရေးဆိုတာ ပြန်လည်ခေါင်းထောင်ထလာခဲ့ပါပြီ။

အရင်တုန်းက စားသုံးသူကာကွယ်ရေးကို နယ်စပ်ကုန်သွယ်ရေးနှင့်စားသုံးသူ ရေးရာဦးစီးဌာနက တာဝန်ယူလုပ်ဆောင်ခဲ့ပြီး လုပ်ငန်းတွေ လုပ်ဆောင်ခဲ့လို့ အရှိန် မရတရအချိန်လေးမှာ နယ်စပ်ကုန်သွယ်ရေးနဲ့စားသုံးသူရေးရာဦးစီးဌာနကို ဖျက်သိမ်းပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနလို့ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

ဖွဲ့စည်းပုံပြင်ဆင်နေဆဲကာလ အခိုက်အတန့်မှာ စားသုံးသူကာကွယ်ရေးရဲ့ လုပ်ငန်းတွေဟာ ရပ်တန့်သွားခဲ့ရပါတယ်။ အဲဒီလို ရပ်တန့်သွားခဲ့ရတဲ့အတွက် ပြည်သူတွေ လုပ်ငန်းရှင်တွေကြားမှာ ဝေဖန်သံတွေ ကဲ့ရဲ့ပြစ်တင်သံတွေ အများ အပြားပေါ်ထွက်လာခဲ့ရတာပါပဲ။

ဒါဟာ စားသုံးသူပြည်သူတွေနဲ့လုပ်ငန်းရှင်တွေရဲ့ စားသုံးသူကာကွယ်ရေးလုပ်ငန်းကို မျှော်လင့်တောင့်တနေကြတယ်ဆိုတာ အသေအချာပါပဲ။ ဒီအချက်ကို ကြည့်ရင် စားသုံးသူကာကွယ်ရေးကို အရှိန်ပြင်းပြင်းနဲ့လုပ်ဆောင်ရတော့မယ်ဆိုတာ တာဝန်ရှိသူတွေအနေနဲ့ သုံးသပ်မိလောက်မယ်ထင်ပါတယ်။

စားသုံးသူကာကွယ်ရေးလုပ်ငန်းလုပ်ဆောင်မှုအရှိန်အဟုန်တွေဟာ ရပ်တန့် သွားတာမဟုတ်ဘဲ ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်ခြင်းသာဖြစ်ပါတယ်လို့ ဆိုချင်ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံး သူရေးရာ ဦးစီးဌာနကို ၂၀၁၃ ခုနှစ် မေလ ၁ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီကမှ စားသုံးသူ ကာကွယ်ရေး လုပ်ငန်းဆိုတာ ပေါ်ပေါက်လာခဲ့ပြီး သက်ဆိုင်ရာဌာနများ၊ NGO အဖွဲ့များနှင့်ပူးပေါင်းပြီး စားသုံးသူကာကွယ်ရေးလုပ်ငန်းများ အရှိန်ရနေဆဲကာလမှာ ၂၀၁၅ ဧပြီလ ၁ရက်နေ့မှ စ၍ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့်ပေါင်းစည်း၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဟူ၍ ပြန်လည်ဖွဲ့စည်းခဲ့ပြန်ပါ တယ်။ ဒီလိုအပြောင်းအလဲ ကာလတစ်ခုမှာ စားသုံးသူကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များ ခေတ္တခဏ အရှိန်တန့်ခဲ့တာမှန်ပါတယ်။ ဒါပေမယ့် အပြောင်းအလဲတစ်ခုမှာ ဌာနနှစ်ခုပူးပေါင်းတဲ့အတွက် ဝန်ထမ်းများနေရာချ တစ်သားတည်းဖြစ်ဖို့ ကြိုးစားရသလို၊ ဌာနခွဲတွေအလိုက် တာဝန်သတ်မှတ်ချက်တွေ၊ ဝန်ထမ်းများ နေရေးထိုင်ရေး သွားလာရေး အဆင်ပြေချောမွေ့စေဖို့ အတည်တကျဖြစ်ဖို့ စီစဉ်ဆောင်ရွက်နေရတဲ့ကာလသာ ဖြစ်ခဲ့ပါတယ်။ စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများ ရပ်တန့်သွားတာမဟုတ်ဘဲ ထိုးမည့်ဆင် နောက်ခြေတစ်လှမ်းဆုတ်တဲ့ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းသာ ဖြစ်တယ်ဆိုတဲ့အကြောင်း စိတ်ဝင်စားနေကြတဲ့ ပြည်သူများသို့ မျှဝေအသိပေးချင်ပါတယ်။ အခုဆိုရင် ဌာနနှစ်ခု ပေါင်းစည်းလိုက်တဲ့အတွက် လူအင်အားတောင့်တင်းမှုတွေ ရှိလာပြီဖြစ်ပါတယ်။ အပြောင်းအလဲတွေကြားမှာ မိမိတို့ဝန်ထမ်းတွေ ရဲ့အရည်အသွေးတွေ တိုးတက်အောင် ဓားတွေ၊ ပုဆိန်တွေသွေးနေကြတဲ့အချိန်သာဖြစ်ကြောင်း အသိပေးချင်ပါတယ်။ စားသုံးသူကာကွယ်ရေးအကြောင်း သိပြီးသားဝန်ထမ်းတွေ ပိုသိဖို့၊ ပိုတတ်ဖို့၊ ပိုပြီးမျှဝေနိုင်ဖို့ ကြိုးစားနေကြရသလို စားသုံးသူကာကွယ်ရေးနဲ့ စိမ်းနေကြသေးတဲ့ ကုန်သွယ်မှု မြှင့်တင်ရေးက ဝန်ထမ်းတွေလည်းသိအောင်၊ နားလည်အောင် သင်တန်းတွေ၊ ဆွေးနွေးပွဲတွေနဲ့ လေ့လာသင်ယူနေကြရတဲ့အချိန်သာဖြစ်ပါတယ်။ သစ်ခုတ်သမားပုံပြင်ထဲကလို နေ့တိုင်းသစ်တွေ၊ ဝါးတွေ ခုတ်နေတဲ့အခါ ဓားတွေ၊ပုဆိန်တွေကို မသွေးဘဲထားရင် ထုတ်လုပ်မှုအားတွေ လျော့ကျလာမယ်၊ စွမ်းဆောင်မှုအားတွေ လျော့ကျလာနိုင်တဲ့အတွက် မိမိတို့ဓားတွေ၊ ပုဆိန်တွေကိုလည်း အမြဲတမ်းထက်အောင် သွေးနေကြရတဲ့ သစ်ခုတ်သမားများပမာ မိမိတို့ မန္တလေးတိုင်းဒေသကြီးအပါအဝင် ကျန်တိုင်းနှင့်ပြည်နယ် အသီးသီးက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီး ဌာနမှ အရာထမ်း၊ အမှုထမ်းတွေလည်း အသိပညာစွမ်းအား၊ နားလည်မှုစွမ်းအား၊ မျှဝေနိုင်မှု စွမ်းအားတွေ မြှင့်တင် နေကြရတဲ့ အချိန်တွေသာဖြစ်ကြောင်း တင်ပြလိုပါတယ်။

လုပ်ငန်းခွင်မှာ အသုံးပြုတဲ့ ဓားတွေ၊ပုဆိန်တွေဆိုတာ သွေးမှထက်တယ်၊ ထက်မှ လုပ်ငန်း တွင်ကျယ်တယ်၊ လုပ်ငန်းတွင်ကျယ်မှ ထိရောက်မှုရှိမယ်။ ထိရောက်မှုရှိမှလည်း လိုချင်တဲ့ပန်းတိုင်၊ လိုချင်တဲ့ နေရာတစ်ခုဆီကို ရောက်အောင်သွားနိုင်ကြမှာဖြစ်ပါတယ်။ မိမိတို့ အရာထမ်း၊ အမှုထမ်း အသီးသီးတွေရဲ့ တာဝန်သတ်မှတ်ချက်တွေ၊ လုပ်နည်း သတ်မှတ်ချက်တွေ၊ တစ်ဦးချင်းဆီရဲ့ လုပ်နိုင်တဲ့ စွမ်းရည်နဲ့ လုပ်ရမည့်လုပ်ငန်းစဉ်တွေလည်း ချင့်ချိန်စဉ်းစားကြရပါတယ်။ မိမိတို့ဌာန၏ မူလလုပ်ငန်းတာဝန်တွေဖြစ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး၊ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ ဌာန၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုမြှင့်တင်ရေးအတွက်ကုန်စည်ပြပွဲများ၊ Workshop များ၊ Business Matching များ ပြုလုပ်ကျင်းပဆောင်ရွက်ခြင်း၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့် ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းအပြင် စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မိမိတို့ တိုင်းနှင့်ပြည်နယ်ဒေသကြီးများအလိုက် လုပ်သင့်လုပ်ထိုက်တာတွေကို ကြိုလုပ်နေကြသလို စပြီးလုပ်နေကြတာကိုလည်း သတင်းစာ၊ ဂျာနယ်၊ TVသတင်းနှင့် တိုင်းနှင့်ပြည်နယ်အသီးသီး၏ Facebookစာမျက်နှာများမှ လှုပ်ရှားဆောင်ရွက်မှုတွေလည်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။

မိမိတို့နိုင်ငံရဲ့ ၅၁သန်းကျော်သော စားသုံးသူပြည်သူများအတွက် AEC မတိုင်မီမှာ ပြည်သူတွေစားသုံးသူကာကွယ်ရေးအတွက် အသိပညာ၊ ဗဟုသုတရရှိစေရန် Awareness တွေပေးရမယ်။ အခြေခံပညာ ရေးနဲ့ အဆင့်မြင့်ပညာရေးကျောင်းများ၊ ဈေးများ၊ အများပြည်သူ ပုဂ္ဂလိကများ၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များစတဲ့ အလွှာပေါင်းစုံ၊ လူတန်းစားပေါင်းစုံသို့ စားသုံးသူကာကွယ်ရေး အသိအမြင် ပြောင်းလဲရေးဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလို လုပ်ငန်းစဉ်တွေနဲ့အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်ဖို့ရန် -

(၁) **Why** - ဘာကြောင့် စားသုံးသူကာကွယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်ရသလဲ။

> စားသုံးသူပြည်သူများအနေနဲ့ ဌာနဆိုင်ရာ၊ အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များမှာ ပါဝင်လာနိုင်အောင် ဆွဲခေါ်ဖို့၊ တာဝန်သိ၊ တာဝန်ရှိ၊ တာဝန်ခံ၊ တာဝန်ယူ၊ တာဝန်ကျေဖို့ လူတိုင်းတွင် တာဝန်ရှိကြောင်း ဆွဲဆောင်စည်းရုံး

(၂) **What** - ဘာတွေလုပ်ရမလဲ။ (ဥပမာ- စားသုံးမှုပုံစံတွေ ပြောင်းရမယ်၊ ရောင်းဝယ်မှုပုံစံ တွေပြောင်းရမယ်၊ ထုတ်လုပ်မှုပုံစံတွေ ပြောင်းရမယ်၊ အသိပညာပေးဆွေးနွေးပွဲတွေ လုပ်ရမယ်၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ကွင်းဆင်းဆောင်ရွက်ပြီး စားသုံးရန်သင့်/မသင့် ဓာတ်ခွဲစစ်ဆေး စမ်းသပ်မှုများပူးပေါင်းဆောင်ရွက်ကြရမယ်)

(၃) **How** - ဘယ်လိုလုပ်ကြမလဲ ဆိုတာတွေ စဉ်းစားရမယ်။

ဒီလုပ်ငန်းစဉ်တွေဆောင်ရွက်ဖို့ Plan တွေဆွဲရပါမယ်။ စားသောက်ဆိုင်တွေ ဆွေးနွေးမှာလား၊ ပညာရေးအသိုင်းအဝိုင်းတွေ ဆွေးနွေးမှာလား၊ ထုတ်လုပ်သူတွေဆွေးနွေးမှာလား၊ ရောင်းချသူတွေ ဆွေးနွေးမှာလား စသည်ဖြင့် တစ်လဘယ်နှစ်ကြိမ် ဆွေးနွေးပွဲလုပ်

မလဲ၊ ဘယ်နေရာတွေ၊ ဘယ်ဌာနတွေမှာလုပ်မှာလဲ၊ ဘယ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းအကောင်အထည်ဖော်မှာလဲ၊ ဘယ်နယ်တွေဆင်းမှာလဲ၊ ဘာနဲ့သွားကြမှာလဲ၊ ကုန်ကျစရိတ် ဘယ်လောက်ရှိမှာလဲစတဲ့ စီမံချက်တွေနဲ့ အသေးစိတ်စဉ်းစား ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ယခု လက်တွေ့အကောင်အထည်ဖော်ရာတွင် မိမိတို့တိုင်းနှင့်ပြည်နယ် အသီးသီးအလိုက် တိုင်းဒေသကြီးဦးစီးမှူးများ၏ အတွေးအခေါ် အယူအဆအကြံဉာဏ် တတ်စွမ်းနိုင်သလောက် လုပ်နေကြရသော်လည်း ရေရှည်ကာလအတွက် ခရီးသွားလာရေးစရိတ်၊ စားစရိတ်၊ ပညာပေး လက်ကမ်းစာစောင်များ အတွက် ကုန်ကျစရိတ်၊ စက္ကူနှင့် စာရေးကိရိယာ လိုအပ်ချက်၊ ဈေးကွက်အတွင်းမှ အစားအသောက်ထုတ်ကုန်လုံခြုံရေးအတွက် စစ်ဆေးမည့် မုန့်နမူနာများဝယ်ယူခြင်း ကုန်ကျစရိတ်အစရှိသည်တို့လည်း ခန့်မှန်းတွက်ချက်တင်ပြဆောင်ရွက်မှုတွေ ပြုလုပ်ကြရပါတယ်။ ဒ့ါပြင် ရုံးချုပ်ရဲ့ စားသုံးသူကာကွယ်ရေးလုပ်ငန်း၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုလုပ်ငန်းများ အတွက် မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ တာဝန်သတ်မှတ်ချက်တွေ လမ်းညွှန်ဖြည့်ဆည်းပေးဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

ဒါမှသာ တိုင်းနှင့်ပြည်နယ်အားလုံး တစ်ပြေးညီ တိကျမှန်ကန်သော လုပ်ထုံးလုပ်နည်းများ၊ တာဝန်သတ်မှတ်ချက်များ၊ မူဝါဒများအရ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မိမိတို့ဝန်ထမ်းများကလည်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရင်း Doing By Learning လုပ်ရင်းနဲ့သင်ယူကြရမှာဖြစ်ပါတယ်။ လူထုကို အသိပညာ ပေးရုံသာမက နည်းပညာတွေပါ ပေးရပါမယ်။ စားသုံးသူကာကွယ်ရေးဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေ၊ စည်ပင်သာယာရေး ဥပဒေ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဥပဒေ၊ ပြည်သူ့ကျန်းမာရေးဥပဒေစတဲ့ ဆက်စပ်မှုရှိတဲ့ ဥပဒေများရှိကြောင်း လူထုကို အသိပညာပေး ဆွေးနွေးမှုတွေ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီဥပဒေတွေကိုလည်း လိုက်နာဖို့လိုအပ်သလို အလေးထား ဆောင်ရွက်ဖို့လည်းသိရှိအောင် ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ကြရမှာဖြစ်ပါတယ်။ မိမိတို့စားသုံးသူကာကွယ်ရေးဥပဒေတွင် လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများမရှိသေးသော်လည်း အခြားဆက်စပ်မှုရှိသည့် ဥပဒေများနှင့်လည်း အရေးယူဆောင်ရွက်လို့ရနိုင်ကြောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း၊ စီမံခန့်ခွဲရေးနည်းလမ်းများအရသော်လည်းကောင်း၊ အရေးယူ ဆောင်ရွက်နိုင်သည့်အကြောင်း အသိပေးရှင်းလင်းဆွေးနွေးကြရမှာဖြစ်ပါတယ်။ စားသုံးသူပြည်သူများအနေနဲ့ ဌာနဆိုင်ရာ၊ အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များမှာ ပါဝင်လာနိုင်အောင် ဆွဲခေါ်ဖို့၊ တာဝန်သိ၊ တာဝန်ရှိ၊ တာဝန်ခံ၊ တာဝန်ယူ၊ တာဝန်ကျေဖို့ လူတိုင်းတွင် တာဝန်ရှိကြောင်း ဆွဲဆောင်စည်းရုံး ဆွေးနွေးကြရမှာဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် မေလ ၁၁ရက်မှ ၁၂ ရက်ထိ Mandalay Hill Resort Hotel တွင် ကျင်းပပြုလုပ်သည့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး နိုင်ငံတကာ အကောင်းဆုံး အလေ့အထများကို လေ့လာခြင်းဆိုင်ရာ ဆွေးနွေးပွဲတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးစားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် တိုင်းဒေသကြီး ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းများ ဆောင်ရွက်ခဲ့ပြီး၊ တိုင်းအတွင်း ခရိုင်ခုနစ်ခုသို့ ကော်မတီများဖွဲ့စည်းရေး၊ စားသုံးသူအကာ အကွယ် ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရေး စီမံချက်များချမှတ်ဆောင်ရွက်လျက် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးမှလည်း မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်များသို့ ကွင်းဆင်းအသိပညာပေး ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။

ထို့ပြင် တရုတ်နိုင်ငံမှ တရားမဝင်ဝင်ရောက်လျက်ရှိတဲ့ အေးခဲကြက်သားများနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသောအဖွဲ့မှ ဦးဆောင်လျက် မန္တလေးမြို့ပေါ်ရှိ ပင်လယ်စာရောင်းဝယ်ရေးလုပ်ငန်းရှင် နှစ်ဦးအား ပထမအဆင့် ရှင်းလင်းအသိပေးခြင်း၊ အကြံပြုဆွေးနွေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် မည်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဆောင်ရွက်ချက်များ၏ အောင်မြင်မှုကို တိုင်းတာနိုင်သော Result ၅မျိုး ဖြင့် တိုင်းတာတွေ့ရှိနိုင်မှာဖြစ်ပါတယ်။

- ပထမ Result အနေဖြင့် Input လို့ခေါ်တဲ့ ဆွေးနွေးပွဲများဖြစ်မြောက်အောင် လုပ်ဆောင်ခြင်းနှင့် တိုင်းတာလို့ရသလို၊
- ဒုတိယ Result ဖြစ်တဲ့ Process များ၊ ဆွေးနွေးချက်များ၊ မေးခွန်းအမေးအဖြေများနဲ့ တိုင်းတာလို့ရပါတယ်။
- တတိယ Result အနေဖြင့် Output တွေဖြစ်တဲ့ ဒီဆွေးနွေးပွဲပြီးရင် လူဘယ်နှစ်ယောက် တက်ရောက်ခဲ့သလဲ၊ လူဘယ်နှစ်ယောက်မေးမြန်းခဲ့သလဲ၊ လူဘယ်နှစ်ယောက် အသိပညာ၊ ဗဟုသုတတွေရရှိသွားသလဲဆိုတာတွေနဲ့ တိုင်းတာနိုင်ပါတယ်။
- စတုတ္ထ Result အနေဖြင့် Outcome ဖြစ်တဲ့ ဆေးမစားမီပုံနှင့် ဆေးစားပြီးပုံကဲ့သို့ ဥပမာပေးရလျှင် ဆွေးနွေးပွဲ မတက်ရောက်ခင်နှင့် တက်ရောက်ပြီးသိရှိတဲ့ အသိစိတ်နဲ့ တိုင်းတာလို့ရပါတယ်။
- ပဉ္စမ Result အနေဖြင့် Impact ဆိုတဲ့ အကျိုးတရား၊ အကျိုးသက်ရောက်မှု၊ အတွေးအခေါ် ရရှိမှု၊ လက်တွေ့အသုံးချမှုများနဲ့တိုင်းတာလို့ရပါတယ်။

ဒီနေ့သိပြီး နောက်နေ့မှာ လက်တွေ့ဆောင်ရွက်တဲ့စားသောက်ဆိုင်လုပ်ငန်းရှင်၊ ထုတ်ကုန် လုပ်ငန်းရှင်၊ ကျောင်းဈေးရောင်းတဲ့ ကျောင်းဈေးသည် စသည်တို့ပေါ်ပေါက်လာခဲ့မည်ဆိုလျှင် မိမိတို့ရဲ့ စားသုံးသူ ကာကွယ်ရေး လုပ်ငန်းအောင်မြင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဆက်စပ်နေ သည့်ဌာနများ၊ NGO အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ We must do ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရပါမည်။ We must apply ကျွန်ုပ်တို့လည်း အသိပညာများကို လက်တွေ့အသုံးချရင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ရွက်စုံလွှင့် တက်စုံဖွင့်မည့် အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း စားသုံးသူပြည်သူ များသို့ အသိပေးမျှဝေလိုက်ရပါတယ်။

■

# နိုင်ငံတကာခရီးသွားဧည့်သည်များ လက်ဆောင်ပစ္စည်းအဖြစ် နှစ်သက်စွာဝယ်ယူနေကြသဖြင့် ဈေးကွက်တွင်ကျယ်လာသည့် မြန်မာ့ရိုးရာ ရိုးရာလက်မှုအလှထည်ပစ္စည်းချင်းပုတီး

မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ အင်ကြင်းကျောက်လုပ်ငန်းများမှ ထုတ်လုပ်ရောင်းချနေသည့်မြန်မာ့ရိုးရာလက်မှုအလှထည်ပစ္စည်း ချင်းပုတီးများကို နိုင်ငံတကာ ခရီးသွားဧည့်သည်များက နှစ်သက်စွာ ဝယ်ယူနေကြသဖြင့် ဈေးကွက်ပိုမိုတွင်ကျယ်လာကြောင်းနွားထိုးကြီးမြို့နယ်၊ သဇင်ရွာ၊ TreeJade အင်ကြင်းကျောက်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးမင်းဆွေ၏ ပြောပြချက်များအရ သိရသည်။ အဆိုပါချင်းပုတီးကိုအင်ကြင်းကျောက်၏ဘေးထွက်ပစ္စည်းဖြစ်သည့် အင်ကြင်းကျောက်အကာသားများနှင့် ပြုလုပ်ခြင်းဖြစ်သည်။ အဆိုပါ ပုတီးများကို ယခင်ခေတ်ကာလက တိုင်းရင်းသားချင်းလူမျိုးများက ပယင်းကျောက်များနှင့် ပြုလုပ်ဝတ်ဆင်ခဲ့ကြသည်။ အင်ကြင်းကျောက်များခေတ်စားလာကာ အင်ကြင်းကျောက် အကာသားများကို ပုတီးအဖြစ်ပြုလုပ်ရောင်းချရာ အဆိုပါ တိုင်းရင်းသားချင်း လူမျိုးများ၏ ပုတီးများနှင့် အသွင်အပြင်ရောပုံသဏ္ဌာန်ပါတူညီနေသဖြင့် ချင်းပြည်နယ်မှ တိုင်းရင်းသားချင်းလူမျိုးများက လာရောက်ဝယ်ယူနေကြသဖြင့် ချင်းပုတီးဟုအမည်တွင်ခဲ့ခြင်းဖြစ်သကဲ့သို့ မြန်မာ့ရိုးရာလက်မှုအလှထည် ပစ္စည်းတစ်ခုဖြစ်ကြောင်းသိရသည်။

အင်ကြင်းကျောက် အကာသားများကို ကျောက်ဖြတ်၊ ကျောက်သွေးစက်များနှင့် ဂေါ်လီလုံး၊ အပြား၊အဝိုင်းစသည်ဖြင့် ဒီဇိုင်းပုံသဏ္ဌာန်အမျိုးမျိုးပြုလုပ်ကြသည်။ထိုသို့ဒီဇိုင်းပုံဖော်ပြီး လျှင်ဆေးရောင်ခြယ်ကြရသည်။ ဆေးရောင်ခြယ်မှုမှာ အံ့သြဖွယ်ဖြစ်သည်။ ဒီဇိုင်းပုံဖော်ပြီးသောအင်ကြင်းကျောက်များပေါ် တွင် မည်သည့်ဆေးနှင့်မှ ရေးခြယ်မရ၊ သားသည်မိခင်များ၏ နို့ရည်များနှင့်သာ ရေးခြယ်ကြရသည်။ မိခင်၏နို့ရည်မှလွဲ၍ မည်သည့်



ဆေးရည်မှ ဒီဇိုင်းပုံဖော်ပြီး အင်ကြင်းကျောက်သားပေါ် တွင် ဆေးစွဲထင်မှုမရှိဟုဆိုသည်။ ထို့ကြောင့် ဆေးရောင်ခြယ်ရန်အတွက် ဒေသခံများ၏အကူအညီနှင့် သားသည်မိခင်များ၏ နို့ရည်များကိုရှာဖွေစုဆောင်းရသည်ဟု အဆိုပါကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးဝင်းနိုင်က ရှင်းပြသည်။

"ချင်းပုတီးပေါ် မှာ မိခင်နို့ရည်ကလွဲပြီး ဘာဆေးနဲ့မှ ဆေးခြယ်လို့ မရဘူး၊ ဒါကြောင့်ဒေသခံတွေကို စည်းရုံးပြီး မိခင်နို့ရည်တွေကို ရနိုင်သမျှရှာဖွေစုဆောင်းပြီးသိုလှောင်သိမ်းဆည်းထားရတယ်။မိခင်နို့ရည်က တစ်နှစ်ကြာသိမ်းထားလည်း ချင်းပုတီးမှာရေးဆွဲလို့ရတယ်။ မိခင်နို့ရှာ ရတာကတော့ သိပ်ပြီးအခက်အခဲမရှိပါဘူး။ နွားထိုးကြီးမြို့နယ်ထဲမှာ ကျေးရွာတစ်ရာကျော်ရှိတယ်။ ဒေသခံတွေအ ချင်းချင်းချိတ်ဆက်ရှာဖွေကြတာပါ"ဟုဦးဝင်းနိုင်ကရှင်းပြသည်။ အဆိုပါချင်းပုတီးများမှာ ကျောက်စိမ်းပုတီးများနှင့် အနှစ်သာရတူနေသည့်အပြင် အသွင်သဏ္ဌာန်ဆန်းပြားနေသဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်များက စိတ်ဝင်စားကာ လက်ဆောင်ပစ္စည်းအဖြစ် ဝယ်ယူနေကြခြင်းဖြစ်သည်။ ယခင်က ပြည်တွင်းတွင် ချင်းပြည်နယ် ဈေးကွက်ကိုသာ အားထားရောင်းနေခဲ့ရသဖြင့် ပြည်တွင်းဈေးကွက် တွင်ကျယ်မှုမရှိခဲ့။ ယခုအခါ ပြည်တွင်းဈေးကွက်မှလည်း ဝယ်ယူမှုတွေရှိလာကာ အလှအပ ပုတီးများအပြင် ကိုးနဝင်းပုတီး၊ ဂုဏ်တော်ပုတီး၊ တစ်ဆယ့်တစ်မီးငြိမ်းစေမည့် ဆယ့်တစ်လုံးပုတီး (၁၁လုံးပုတီး)၊ စိတ်ပုတီး စသည့် ဘာသာရေးပုတီးများအထိ ပြုလုပ်ရောင်းချပေးနေရသည်။ နိုင်ငံတကာ ခရီးသွားဧည့်သည်များကလည်း အဆိုပါပုတီးများကိုပင် အမှတ်တရအဖြစ် အမြတ်တနိုး ဝယ်ယူမှုတွေရှိနေသည်။ ပုတီးလုံးကိုးလုံးပါရှိသည့် ကိုးနဝင်းပုတီးတစ်ကုံးကို အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာတန်ဖိုးရရှိသည်ဟု ဆိုသည်။ ထို့ကြောင့် နွားထိုးကြီးမြို့နယ်ဒေသထွက်ချင်းပုတီးများမှာ ပြည်တွင်းပြည်ပဈေးကွက်တွင်ကျယ်လာသဖြင့် နိုင်ငံတကာခရီးသွားများ သွားရောက်လည်ပတ်လေ့ရှိသည့် ပုဂံ၊ ညောင်ဦး၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ရန်ကုန် စသည့်ဈေးကွက်များသို့ အဓိကတင်ပို့ရောင်းချနေရသည်။ ထို့သို့ ချင်းပုတီးဈေး ကွက်သွက်လက်လှုပ်ရှားနေသဖြင့် ဒေသအတွင်းအလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖြစ်ပေါ်တိုးတက်လာသဖြင့် ဒေသခံများမှာလည်းအလုပ်အကိုင်များရရှိကာ လုပ်အားခဝင်ငွေရရှိနေကြသည်။

အဆိုပါ ချင်းပုတီးလုပ်ငန်းတွင် အလုပ်သမားတစ်ယောက်၏ တစ်နေ့တာလုပ်အားခဝင်ငွေမှာ ငွေကျပ်သုံးထောင်ကျပ်နှင့် အထက်ရရှိနေကြောင်းသိရသည်။

**ပင်လယ်သားစံထွား**

## ပြောင်း



### တရုတ်ဈေးကွက်သို့ ပြောင်းအဝင်ပုံမှန်ရှိ

ဇွန်လ ပထမပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ကန်ပိုက်တီးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၃၆၀ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၅၀၂၂ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၁၄၆၉၆ တန်ခွဲနဲ့ ကန်ပိုက်တီးမှ ၃၂၅ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့ ကန်ပိုက်တီးစခန်းနှစ်ခုစလုံးမှ ၁၄၂၉၉ တန်ကျော်တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်တွင် ၇၂၁ တန်ကျော် ပိုမိုလာခဲ့ပါတယ်။ ဒါကြောင့် ဈေးကွက်တွင် ပြောင်း အဝင်ပုံမှန်ရှိသလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအား ပုံမှန်ရှိကြောင်း သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ဈေး ၃၂၃၉၆၀ ကျပ်ရှိရာမှ ယခုအပတ်မှာ ၃၃၅၄၆၃ ကျပ်သို့ဈေးဆက်လက်မြင့်တက်လာခဲ့ပါတယ်။ အရောင်းအဝယ်အနေဖြင့် ၁၀၀ ကီလို ဂရမ်ကို ၁၈၆ ယွမ်ရှိတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

### စစ်ကိုင်းအစေ့ထုတ်ပြောင်း တက်ဈေးဖြင့် အရောင်းအဝယ်ကောင်း

မုံရွာမြို့နယ် နဂါးတွင်း၊ ဘုဘ၊ သစ်စိမ့်၊ ညောင်ဖြူပင်ကျေးရွာများနှင့် ချောင်းဦးမြို့နယ် ဆူးလေကုန်း၊ ဝယာ၊ တောချောင်းလေး၊ ကံဇီး၊ ကမွန်တော်၊ ကုလားကြီး၊ အင်းမစသည့်ကျေးရွာများတွင် ရေသွင်းစိုက်ပျိုးခဲ့တဲ့ အစေ့ထုတ်ပြောင်း CP များ မုံရွာကုန်စည်ဒိုင်သို့ အဝင်လှိုင်လျက်ရှိပါတယ်။

၎င်းကျေးရွာများတွင် အထွက်နှုန်း ကောင်းသည့် CP-888 မျိုးကို အများဆုံး စိုက်ပြီး ရေသွင်းစိုက်တဲ့အတွက် တစ်ဧကကုန်ကျစရိတ်မှာ ကျပ် တစ်သိန်းငါးသောင်း ဝန်းကျင်ခန့် ကုန်ကျပြီး ပျမ်းမျှအထွက်နှုန်း တင်း ၇၀ ခန့်ထွက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရပါ တယ်။

ယခုအစေ့ထုတ်ပြောင်းများမှာ အရည်အသွေးကောင်းပြီး ငွေလဲလှယ်ဈေးမြင့်နေသဖြင့် ဈေးကောင်းရနေကြောင်း ကုန်စည်ဒိုင်သတင်း ရပ်ကွက်ကသိရပါတယ်။ ဒေသတွင်းပုံမှန် အသုံးရှိသလို၊ မန္တလေး (တရုတ်) ဝယ်လက်အဆွဲရှိ၍ မုံရွာကုန်စည်ဒိုင်မှာ ပုံမှန်အမြဲအရောင်းအဝယ်ကောင်းလျက်ရှိသောသီးနှံမှာ အစေ့ထုတ် ပြောင်း (CP) ဖြစ်ပြီး၊ ဇွန်လဒုတိယပတ်အတွင်း တစ်ရက်ပျမ်းမျှ တင်း ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ပါတယ်။

ဧပြီလ သင်္ကြန်မတိုင်မီကအစေ့ထုတ်ပြောင်း တစ်တင်း ၆၉၀၀ ကျပ်မှ တရိပ်ရိပ်တက်လာခဲ့ရာ မေလတွင် ၈၀၀၀ ကျပ်၊ ဇွန်လဒုတိယပတ်တွင် ၉၀၀၀ ကျပ်ထိ ဈေးတက်ခဲ့ပါတယ်။ **သန်းသန်းတင်-မုံရွာ**

## သီဟိုဠ်

### မူဆယ်၊ မြဝတီနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ သီဟိုဠ်စေ့ ၂၇ တန်ခန့်တင်ပို့

မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ ၂၀၁၅ ခုနှစ် မေလ ၃၀ ရက်မှ ဇွန်လ ၅ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၀၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂၇ တန်ခန့်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင် သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၁၄ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၁၂ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၄ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၆ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ဝ၆၈ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၉ တန် တင်ပို့ခဲ့ တဲ့အတွက် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ၂ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ဝ၂၄ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၃ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိတဲ့အတွက် ယခင်အပတ်နဲ့ နှိုင်းယှဉ်ပါက ၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ **ခင်မြနွယ် MIRT**

## ရော်ဘာ

### ထိုင်း ၊ မလေးရှားနဲ့ စင်ကာပူနိုင်ငံများသို့ ရော်ဘာတင်ပို့

ဇွန်လ ပထမပတ်အတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ထိုင်းနိုင်ငံ၊ မလေးရှားနဲ့ စင်ကာပူနိုင်ငံများသို့ ရော်ဘာ ၃၂၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ပို့ကုန်ဝင်ငွေမှာ ကန်ဒေါ်လာ သုည ဒသမ ၄၀၃ သန်းဖိုး ဖြစ်ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုတွေကတော့ ထိုင်းနိုင်ငံကို RSS-3 ၂၃ တန်၊ မလေးရှားနိုင်ငံကို RSS-3 ၁၁၁ တန်နဲ့ စင်ကာပူနိုင်ငံကို MSR-20 ၁၉၄ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၁၂၅ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးများ ထပ်မံမြင့်တက်လာကြောင်း သိရပါတယ်။နိုင်ငံတကာ ရော်ဘာဈေးမြင့်တက်လာတဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်းတက်လာပါတယ်။ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာများရဲ့ ဈေးများကို ယခင်တစ်ပတ်ဈေး ထက် တစ်တန်လျှင် ဒေါ်လာ ၅၀ စီတိုးပြီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ထားပါတယ်။ အသင်းမှ ထုတ်ပြန်ထားတဲ့ ဈေးနှုန်း များကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | ဒေါ်လာ ၁၆၀၀-၁၇၀၀ |
| **RSS 2** | **တစ်တန်လျှင်** | ဒေါ်လာ ၁၅၅၀-၁၆၅၀ |
| **RSS 3** | **တစ်တန်လျှင်** | ဒေါ်လာ ၁၅၀၀-၁၆၀၀ |
| **RSS 4** | **တစ်တန်လျှင်** | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| **RSS 5** | **တစ်တန်လျှင်** | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| **MSR 10** | **တစ်တန်လျှင်** | ဒေါ်လာ ၁၅၀၀-၁၆၀၀ |
| **MSR 20** | **တစ်တန်လျှင်** | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| **MSR 50** | **တစ်တန်လျှင်** | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| **Crepe Rubber** | **တစ်တန်လျှင်** | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| **Concentrate** | **တစ်တန်လျှင်** | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

### နယ်စပ်စခန်းများမှ ရော်ဘာ တန်တစ်ထောင်ကျော်တင်ပို့

ဇွန်လ ပထမပတ်အတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၁ ဒသမ ၇၈၅ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၁၃၀၄ တန် တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ် ၁၀၅ မိုင်မှ တင်ပို့ခဲ့တဲ့ ရော်ဘာအမျိုးအစားနဲ့ တန်ချိန်တွေကတော့ RSS-1 ၆၈ တန်၊ RSS-3 ၈၀၃ တန်ကျော်၊ RSS-5 ၆၄ တန်ကျော်၊ MSR 20 ၄၇ တန်နဲ့ MSR 50 ၇၇ တန်ဖြစ်ပါတယ်။ ချင်းရွှေဟော်စခန်းမှ RSS-3 တန် ၁၀၀၊ တာချီလိတ်စခန်းမှ Latex 60% ၂၄ တန်၊ မြိတ်စခန်းမှ RSS-3 တန် ၂၀ နဲ Y MSR 20 တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မြန်မာ-တရုတ် နယ်စပ်စခန်းများသာမက မြန်မာ-ထိုင်းနယ်စပ်များမှပါ တင်ပို့နိုင်ခဲ့ပါတယ်။ ရော်ဘာဈေးများ ပြန်လည်မြင့်တက်လာတဲ့အတွက် ရော်ဘာတင်ပို့မှုလည်း ပြန်လည်ဦးမော့လာတာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ မူဆယ်ကုန်စည်ဒိုင်မှာ RSS-3 တစ်တန်ကို ၁၅၆၅၀၉၃ ကျပ်ဈေးပေါက်နေပြီး ယခင်တစ်ပတ်ထက် ၃၆၇၉၃ကျပ် ပိုမိုဈေးရတယ်လို့ သိရပါတယ်။ ဒေသတွင်း ပေါက်ဈေးများကတော့ မြိတ်မှာ RSS-3 တစ်ပေါင်ကို ၆၆၇ ကျပ်နဲ့ မော်လမြိုင်မှာ ၈၀၀ ကျပ်အထိ ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ယခင်လများက RSS-3 တစ်ပေါင်ကို ကျပ် ၅၀၀ကျော်သာ ဈေးပေါက်ခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

### ဂျပန်နိုင်ငံသို့ မြန်မာ့ရော်ဘာသားများတင်ပို့

ရော်ဘာဟာ အရှေ့တောင်အာရှဒေသမှာ အများဆုံးစိုက်ပျိုးဖြစ်ထွန်းပြီး မြန်မာနိုင်ငံမှာတော့ မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးကလွဲရင် ကျန်တဲ့ဒေသများမှာ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနေတာ တွေ့ရပါတယ်။

ရာသီဥတုပူအိုက်စွတ်စိုတဲ့ မွန်ပြည်နယ် မော်လမြိုင်နဲ့ မုဒုံတို့မှာ ယခင်က အများဆုံးစိုက်ပျိုးခဲ့ကြပေမယ့် ယခုအချိန်မှာတော့ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွေမှာလည်း ပိုမိုစိုက်ပျိုးလာတာ တွေ့ရပါတယ်။

လုပ်ငန်းရှင်များအနေနဲ့ ပြည်ပနိုင်ငံအသီးသီးသို့ ရော်ဘာတင်ပို့တဲ့အခါ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်သော ဈေးနှုန်းများနဲ့ ပို့ကုန်လိုင်စင်ဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်း တရုတ်နိုင်ငံကို အဓိကဈေးကွက်အဖြစ် တင်ပို့လျက်ရှိနေပါတယ်။

ယခုအခါမှာတော့ မြန်မာ့ရော်ဘာဈေးကွက် တိုးချဲ့နိုင်ဖို့ကို ရည်ရွယ်ပြီး MSR-20 အမျိုးအစားကို ကုမ္ပဏီတစ်ခုမှ ဂျပန်နိုင်ငံသို့ တင်ပို့ခွင့်ရရှိနေပြီဖြစ်တဲ့အတွက် အိမ်နီးချင်းနိုင်ငံကိုသာမက ကမ္ဘာ့ဈေးကွက်ကို ဝင်ရောက်နိုင်ဖို့ အခွင့်အလမ်းကောင်းများ ပေါ်ထွက်နေပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

အဆိုပါကုမ္ပဏီဟာ ယခုနှစ်ဆန်းပိုင်း ဇန်နဝါရီလ ပထမပတ်အတွင်း မှာလည်း MSR-20 ၂ တန်ခွဲကျော် ဂျပန်သို့တင်ပို့ခဲ့ပြီး ယခုအကြိမ်မှာ ၄ တန်ကျော် တင်ပို့သွားမယ်လို့ သိရပါတယ်။ **ပို့ကုန်၊ ရန်ကုန်**

### မွန်ပြည်နယ် ရော်ဘာဈေးမြင့်လာပြီ

ရော်ဘာမြို့တော် မွန်ပြည်နယ်ရဲ့ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိုက်ဧက ၄၈၉၀၀၀ အပေါ် အထွက်တန်ပေါင်း ၁၀၄၀၃၀ ထွက်ရှိခဲ့ပြီး ဖြစ်ပါတယ်။

သို့သော် ပြည်ပရော်ဘာဈေးနှုန်းအပေါ် မူတည်ပြီး၊ ပြည်တွင်းရော်ဘာဈေးနှုန်းများမှာလည်း ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး တဖြည်းဖြည်း ကျဆင်းလာခဲ့ရာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းက RSS(3) တစ်ပေါင် ၅၀၀ ကျပ်အထိ ရောက်ရှိခဲ့ပါတယ်။ ရော်ဘာခြံရှင်အများစု၊ အလုပ်သမားကုန်ကျစရိတ် မကာမိတဲ့အတွက် ခြံများအစေးခြစ်လုပ်ငန်း ရပ်ဆိုင်းခဲ့ရသလို ခြစ်ယူပြီး ရော်ဘာများလည်း ထုတ်မရောင်းနိုင်ဘဲ သိုလှောင်သိမ်းဆည်းခဲ့ရပါတယ်။

ယခုအခါမှာတော့ ရော်ဘာဈေးနှုန်း ပြန်လည်ဦးမော့လာပြီလို့ဆိုရမလို ဖေဖော်ဝါရီလလယ်ကစပြီး RSS (3) တစ်ပေါင်ဈေးနှုန်းဟာ ၅၂၅ ကျပ်ကနေပြီး ယခုအချိန် မေလဆန်းမှာ ၈၀၀ ကျပ်ကို ရောက်ရှိနေပြီဖြစ်လို့ ရော်ဘာခြံရှင်များ ပြုံးပျော်နေကြောင်း တွေ့မြင်ရပါတယ်။

အလားတူ မွန်ပြည်နယ်မှ ရော်ဘာများ ကုန်သွယ်ရေးလမ်းကြောင်းတစ်လျှောက် ပြည်ပကိုခြေဆန့်သွားတော့မှာဖြစ်ကြောင်းပါ။ **အောင်လွင်-မော်လမြိုင်**

# နယ်စပ်ကုန်သွယ်မှုဖြင့် အိမ်နီးချင်း တရုတ်နိုင်ငံဘက်သို့ ရောင်းချသည့်မန္တလေးမှဈေးနှင့် မလေးရှားမှတင်သွင်းပြီး မန္တလေးတွင် ရောင်းချသည့်စားအုန်းဆီဈေးနှိုင်းယှဉ်ခြင်း

ကျော်မြင့်

မြန်မာနိုင်ငံသည် စားသုံးဆီရရှိရန်အတွက် နှစ်ချင်းရာသီ စိုက်ဆီထွက်သီးနှံများ (oilseed crops) ဖြစ်သော၊ မြေပဲ၊နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းတို့ကို ရေမြေ ဒေသပေါ် အခြေခံ၍ စိုက်ပျိုးကြသည်။ နှစ်ချင်းရာသီစိုက်ဆီထွက်သီးနှံများ (oilseed crops) ဖြစ်သော၊ မြေပဲ၊ နှမ်း၊ နေကြာ အဓိကစိုက်ပျိုးထွက်ရှိသော ဒေသမှာ မြန်မာနိုင်ငံ အလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မန္တလေး၊ မကွေး၊ စစ်ကိုင်း တိုင်းများဖြစ်သည်။

မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ စားသုံးဆီ ဖူလုံခြင်းမရှိသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်း ဒေသသည် စားသုံးဆီအဓိက ထုတ်လုပ်ပို့လျှံသော ဒေသကြီးဖြစ်သည်။ မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံး အတိုင်းအတာအရ စားသုံးဆီ ဖူလုံခြင်းမရှိသောကြောင့် ပြည်ပမှ စားအုန်းဆီတင်သွင်းပြီး ဖြည့်စွက် စားသုံးကြောင်း သိရှိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် နှစ်ချင်းရာသီစိုက်ဆီထွက်သီးနှံ စုစုပေါင်းဧက ၇ ဒသမ ၈ သန်း ကျော်စိုက်ပျိုးသည်ဟု သိရှိရသည်။ နှစ်ချင်းရာသီစိုက်ဆီထွက်သီးနှံများတွင် နှမ်းကို အများဆုံးစိုက်ပျိုးကြပြီး ဧကအားဖြင့် ၃ ဒသမ ၈ သန်းကျော်ရှိသည်။ တစ်နိုင်ငံလုံး နှစ်ချင်းရာသီစိုက်ဆီထွက်သီးနှံများ စိုက်ဧက ၇ ဒသမ ၈ သန်းကျော်၏ ၄၉ ရာခိုင်နှုန်းသည် နှမ်းစိုက်ပျိုးသည့်ဧရိယာဖြစ်သည်။ ဒုတိယအများဆုံး စိုက်ပျိုး သောဆီထွက်သီးနှံမှာ မြေပဲဖြစ်ပြီး ဧကအားဖြင့် နှစ်သန်းကျော် စိုက်ပျိုးကြသည်။ ပုံ-၁ ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၁။ မြန်မာနိုင်ငံ၏ နှစ်ချင်းရာသီစိုက်ဆီထွက်သီးနှံများ စိုက်ပျိုးသည့်ဧက (၂၀၁၂-၂၀၁၃ ခုနှစ်)**




**ဇယား၁။ မြန်မာနိုင်ငံ၏ နှမ်းစိုက်ပျိုးထွက်ရှိမှုခန့်မှန်းချက် (၂၀၁၂-၂၀၁၃)**




**ဇာစ်မြစ်၊ Ministry of Agriculture and Irrigation**

**ဇယား၁-မြန်မာနိုင်ငံ၏ နှမ်းစိုက်ပျိုးထွက်ရှိမှု ခန့်မှန်းချက် (၂၀၁၂ - ၂၀၁၃)**

| စိုက်ချိန်ရာသီ | စိုက်ဧက | ရိတ်သိမ်းဧက | အထွက်နှုန်း (တင်း/ဧက) | အထွက်တင်း | အထွက်မတန် |
|---|---|---|---|---|---|
| မိုး | ၂၇၉၀၉၇၉ | ၂၇၈၉၆၁၆ | ၇. ၇၆ | ၂၁၆၃၈၈၆၀ | ၅၂၉၉၃၁ |
| ဆောင်း(မိုးနှောင်း) | ၈၉၇၉၇၅ | ၈၉၆၆၇၇ | ၁၂. ၆၃ | ၁၁၃၂၂၂၉၅ | ၂၇၇၂၈၁ |
| နွေ(ရေသွင်းနှမ်း) | ၁၄၈၆၉၈ | ၁၄၈၆၉၈ | ၁၅. ၄၁ | ၂၂၉၂၀၇၂ | ၅၆၁၃၂ |
| ပေါင်း | ၃၈၃၇၆၅၂ | ၃၈၃၄၉၉၁ | ၉. ၁၉ | ၃၅၂၅၃၂၂၇ | ၈၆၃၃၄၄ |

**ဇာစ်မြစ်၊ Ministry of Agriculture and Irrigation**

မြန်မာနိုင်ငံသည် နှမ်းကိုစုစုပေါင်း ဧက ၃ ဒသမ ၈ သန်းကျော် စိုက်ပျိုးပြီး မိုးရာသီတွင် စုစုပေါင်းနှမ်းစိုက်ဧက၏ ၇၃ ရာခိုင်နှုန်း၊ ဆောင်း(မိုးနှောင်း)ရာသီတွင် ၂၃ ရာခိုင်နှုန်း၊ နွေရာသီတွင်ရေသွင်း နှမ်းအဖြစ် ၄ ရာခိုင်နှုန်း စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသသည် နှမ်းအဓိကစိုက်ပျိုးထွက်ရှိသည့်ဒေသ ဖြစ်သည်။ ဇယား-၁ ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်မတိုင်မီက နှမ်းအဖြူ၊ နှမ်းအနက်ကိုသာ ပြည်ပ တင်ပို့ရန် ခွင့်ပြုခဲ့ပြီး အခြားနှမ်းအရောင်များ ပြည်ပတင်ပို့ရန် ခွင့် မပြုခဲ့ပါ။ ပြည်ပတင်ပို့ရန်ခွင့်ပြုသော နှမ်းအဖြူ၊ နှမ်းအနက်သည် အခြား နှမ်းအရောင်များထက်ဈေးကောင်းခဲ့သည်။ နှမ်းအဖြူကို မန္တလေး ဈေးကွက်မှ တရုတ်ဘက်သို့ တင်ပို့ရောင်းချကြသည်။ တောင်သူများ က နှမ်းစိုက်ပျိုးရသည့်အတူတူ ဈေးကောင်းရသော နှမ်းဖြူကိုပိုမို တိုးချဲ့ စိုက်ပျိုးလာကြသည်။ တရုတ်ဘက်မှ နှမ်းဝယ်အားကျဆင်းခြင်း၊ နှမ်းအဖြူအထွက် များခြင်းတို့ကြောင့် ၂၀၁၀ ခုနှစ်တွင် နှမ်းအဖြူကို စားသုံးဆီအဖြစ်ကြိတ်ခွဲရသည့် အခြေအနေဖြစ်ပေါ်ခဲ့သည်။ မြေပဲ ဆန်ကို အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင်တင်ပို့ရောင်းချမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ကုန်သွယ်မှုမူဝါဒ (Trade policy)ကို ပြုပြင် ပြောင်းလဲခဲ့ သည်။ နှမ်းအဖြူ၊ နှမ်းအနက်သာမက နှမ်းအရောင် မျိုးစုံကိုပြည်ပသို့ တင်ပို့ရန် ခွင့်ပြုခဲ့ခြင်း၊ မြေပဲဆန်ကိုပါ ပြည်ပသို့ တင်ပို့ရန်ခွင့်ပြုခြင်း၊ စားအုန်းဆီနှင့် ပတ်သက်၍ အရည်အသွေး ကောင်းသောစားအုန်းဆီကို ပုဂ္ဂလိကပိုင်းမှ တင်သွင်းရန် ခွင့်ပြု အားပေးခြင်းများ ပြောင်းလဲဆောင်ရွက်ခဲ့သည်။

**ဇယား၂။ မြန်မာနိုင်ငံ၏ နှမ်းတင်ပို့ရောင်းချမှု (၂၀၀၉-၂၀၁၀ မှ ၂၀၁၃-၂၀၁၄)**

| ခုနှစ် | နှမ်းတင်ပို့မှု ပမာဏ (မတန်ထောင်ပေါင်း) | | | နှမ်းတင်ပို့မှုတန်ဖိုး ( ကန်ဒေါ်လာသန်းပေါင်း) | | | နှမ်း၁တန်ပျှမ်းမျှ တင်ပို့ ရောင်းချဈေး (၁တန်= ကန်ဒေါ်လာ) |
|---|---|---|---|---|---|---|---|
| | ပင်လယ် ရေကြောင်း | နယ်စပ် | ပေါင်း | ပင်လယ် ရေကြောင်း | နယ်စပ် | ပေါင်း | |
| ၂၀၀၉-၂၀၁၀ | ၂၄. ၄၀ | ၆၄. ၄၅ | ၈၈. ၈၅ | ၃၄. ၁၉ | ၈၇. ၃၉ | ၁၂၁. ၅၈ | ၁၃၆၈ |
| ၂၀၁၀-၂၀၁၁ | ၂၉. ၅၀ | ၅၀. ၂၄ | ၇၉. ၇၄ | ၄၅. ၄၄ | ၆၈. ၉၁ | ၁၁၄. ၃၅ | ၁၄၃၄ |
| ၂၀၁၁-၂၀၁၂ | ၃၅. ၅၀ | ၈၂. ၁၃ | ၁၁၇. ၆၃ | ၅၇. ၈၇ | ၁၁၀. ၈၆ | ၁၆၈. ၇၃ | ၁၄၃၄ |
| ၂၀၁၂-၂၀၁၃ | ၆၅. ၂၀ | ၁၉၂. ၆၀ | ၂၅၇. ၈၀ | ၆၅. ၄၀ | ၂၁၆. ၅၄ | ၂၈၁. ၉၄ | ၁၀၉၄ |
| ၂၀၁၃-၂၀၁၄ | ၂၆. ၁၀ | ၁၄၆. ၂၀ | ၁၇၂. ၃၀ | ၄၉. ၅၇ | ၂၉၁. ၀၈ | ၃၄၀. ၆၅ | ၁၉၇၇ |

ဇာစ်မြစ်၊ Ministry of commerce

မြန်မာနိုင်ငံ၏ နှမ်းတင်ပို့ရောင်းချမှုကို လေ့လာပါက ၂၀၁၂- ၂၀၁၃ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၂ ဒသမ ၆ သိန်းခန့် တင်ပို့ ရောင်းချခဲ့ပြီး နယ်စပ်ကုန်သွယ်မှု အဖြစ် ၇၅ ရာခိုင်နှုန်းပါဝင်ပါသည်။ နယ်စပ်ကုန်သွယ်မှုအဖြစ် မန္တလေးဈေးကွက်မှ တရုတ်ဘက်သို့ တင်ပို့ရောင်းချကြသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် နှမ်းစုစုပေါင်း အထွက်ပမာဏမှာ မက်ထရစ်တန်ချိန် ၈ ဒသမ ၆၃ သိန်းခန့်ရှိသဖြင့် နှမ်းစုစုပေါင်း အထွက်ပမာဏ၏ ၃၀ ရာခိုင်နှုန်းကိုသာ တင်ပို့ ရောင်းချပြီး ကျန် ၇၀ ရာခိုင်နှုန်းကို ပြည်တွင်းတွင် နှမ်းဆီအဖြစ် စားသုံးခြင်း၊ နှမ်းဆီကြိတ်ခွဲရာမှ ဘေးထွက်ပစ္စည်းဖြစ်သည့် နှမ်းဖတ် ကို မွေးမြူရေးအစားအစာအဖြစ် အသုံးချကြသည်။

မန္တလေးတွင် နှမ်းညိုကို ပြည်တွင်း ဆီစက်လုပ်ငန်းများမှ နှမ်းဆီထုတ်လုပ်ရန် ကုန်ကြမ်းအဖြစ် ဝယ်အားရှိကြပြီး တရုတ်ဘက် သို့ တင်ပို့ရောင်းချမည့် ကုန်သည် များက နှမ်းညိုကို ဝယ်ယူတင်ပို့ကြ သည်။ နှမ်းဆီကြိတ်ရာတွင် ကုန်ကြမ်းအဖြစ် အသုံးပြုသော နှမ်းညို ဈေးကျလာသဖြင့် နှမ်းဆီဈေးကျလာခဲ့သည်။ ပုံ-၂ ကို လေ့လာ ကြည့်ရှုရန်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် မြေပဲဆီဈေးသည် နှမ်းဆီ ဈေးထက်ဈေးမြင့်လာခဲ့သည်။

**ဇယား၃။ ပြည်ပသို့တင်ပို့ရောင်းချသည့် တစ်နှစ်ပတ်လုံးပျမ်းမျှ မြန်မာ့နှမ်းညိုဈေး၊ ပြည်ပမှ တင်သွင်း ရောင်းချသည့်တစ်နှစ်ပတ် လုံးပျမ်းမျှစားအုန်းဆီဈေး (မန္တလေး၊ ၂၀၁၁ မှ ၂၀၁၅ထိ)**

| ခုနှစ် | မန္တလေး စားအုန်းဆီတစ်နှစ် ပတ်လုံးပျမ်းမျှ လက်ကား ရောင်းဈေး (ကျပ်/ပိဿာ) | မန္တလေး နှမ်းညိုတစ်နှစ် ပတ်လုံးပျမ်းမျှဈေး (ကျပ်/ပိဿာ) | နှမ်းညို။ စားအုန်းဆီဈေး အချိုး (ပိဿာ) |
|---|---|---|---|
| ၂၀၁၁ | ၂၂၁၉ | ၁၃၄၈ | ၀. ၆ |
| ၂၀၁၂ | ၁၈၀၇ | ၁၆၂၇ | ၀. ၉ |
| ၂၀၁၃ | ၁၅၉၉ | ၂၃၃၂ | ၁. ၅ |
| ၂၀၁၄ | ၁၆၀၉ | ၂၆၈၀ | ၁. ၇ |
| ၂၀၁၅ (ဇန် မှ ဧပြီ) | ၁၄၃၇ | ၂၀၀၅ | ၁. ၄ |

၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း ပြည်တွင်းဈေးကွက်တွင် ပြည်ပ သို့ တင်ပို့ ရောင်းချသည့် မန္တလေးမှ မြန်မာ့နှမ်းညိုဈေးနှင့် မလေးရှား မှတင်သွင်းပြီး မန္တလေး တွင်ရောင်းချသည့် စားအုန်းဆီဈေးကို နှိုင်း ယှဉ်လေ့လာပါက မန္တလေးနှမ်းညို တစ်ပိဿာသည် စားအုန်းဆီ (သုည ဒသမ ၆ ပိဿာ မှ ၁ ဒသမ ၇ ပိဿာ) နှင့် ညီမျှသည်ကို စိစစ် ရရှိပါသည်။ အဓိကအကြောင်းရင်းမှာ ပြည်ပသို့ တင်ပို့ ရောင်းချသည့် မန္တလေးမှ မြန်မာ့နှမ်းညိုဈေးမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ဆက် တိုက်ဈေးမြင့်လာခြင်း၊ မန္တလေးစားအုန်းဆီဈေးမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိဆက်တိုက်ဈေးကျလာခြင်းများကြောင့် နှမ်းညို တစ်ပိသာဈေးသည် စားအုန်း ဆီ (သုည ဒသမ ၆ ပိဿာ မှ ၁ ဒသမ ၇ ပိဿာ ) နှင့် ညီမျှလာရခြင်းဖြစ်ကြောင်း စိစစ်သုံးသပ်ဖော်ပြအပ် ပါသည်။

**ပုံ-၂။ မန္တလေးနှမ်းညိုနှင့် မန္တလေးစားအုန်းဆီ လအလိုက်ပျမ်းမျှ ဈေး(၂၀၁၁ မှ ၂၀၁၅ ဧပြီလထိ)**




**ပုံ-၃။ မန္တလေးနှမ်းညိုနှင့် မန္တလေးစားအုန်းဆီ လအလိုက်ပျမ်းမျှ ဈေးအချိုး (၂၀၁၁ မှ ၂၀၁၅ ဧပြီလထိ)**




**ဇာစ်မြစ်၊ www.etrademyanmar.com**

# မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်ပတ်သက်ပြီး အသိပညာပေးဆွေးနွေးပွဲကျင်းပ

အောင်လံမြို့၊ မြို့မဈေးကြီးအတွင်း ဈေးကော်မတီရုံးခန်းတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနဲ့ ပတ်သက်လို့ အသိပညာပေးဆွေးနွေးပွဲကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးကျော်မျိုးမင်းနဲ့ စိုက်ပျိုးရေး၊ မွေး/ကုဦးစီးဌာန၊ စီမံကိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နဲ့ ဈေးကော်မတီ များပူးပေါင်းပြီး ဇွန်လ ၁၀ ရက်နေ့ နံနက်ကပြုလုပ်ခဲ့ရာ ဌာနဆိုင်ရာ ဝန်ထမ်းများ အပါအဝင် စားသုံးသူ၊ ထုတ်လုပ်ရောင်းချသူ စုစုပေါင်းလူဦးရေ ၅၀ တက်ရောက်ခဲ့ပါတယ်။

အသိပညာပေးဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံက ဥပဒေပါအချက်အလက်များဖြစ်တဲ့ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များနဲ့စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို မကွေးတိုင်း ဒေသကြီးတွင် ဖွဲ့စည်းထားပြီးဖြစ်ကြောင်းတို့ကို ရှင်းလင်း ဆွေးနွေးခဲ့ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဝင်းဖေက စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ သီးနှံမျိုးစေ့များတွင် ကဏ္ဍအလိုက် ဥပဒေများထားရှိပြီးဖြစ်ပါကြောင်း၊ စိုက် ပျိုးရေးသုံးပစ္စည်းများနဲ့စိုက်ခင်းများအတွင်း အခက်အခဲ၊ ပြဿနာများရှိပါက ဆက်သွယ်နိုင်ပါကြောင်းနှင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

မွေး/ကုဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းဦးကလည်း သားသတ်လုပ်ငန်းများနဲ့ပတ်သက်လို့ ဌာန လုပ်ထုံးလုပ်နည်းများနဲ့အညီ စနစ်တကျဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ယခုစားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနဲ့ပတ်သက်ပြီး၊ စားသုံးသူနဲ့ထုတ်လုပ်ရောင်းချသူများ အနေနဲ့ ထဲထဲဝင်ဝင်သိရှိနိုင်ရန် လေ့လာဖတ်ရှုကြရမှာဖြစ်ကြောင်းကိုလည်း ဆွေးနွေးပြောကြားပေးခဲ့ကြောင်းသိရပါတယ်။

**ကျော်မျိုးမင်း-အောင်လံ**



# ပဲခူးမြို့ ပေါ်တွင် သက်တမ်းလွန်ဆေးဝါးများနှင့် မှတ်ပုံတင်မထားသော ဆေးဝါးများအား တွေ့ရှိသိမ်းဆည်း

သုံးစွဲသူ/စားသုံးသူပြည်သူများ အသက်အန္တရာယ် ဘေးကင်းလုံခြုံစေရေးနှင့် ရောဂါဘယကင်းရှင်းစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးမြင့်ဦး ဦးစီး၍ စားသုံးသူရေးရာဌာနခွဲနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဌာနခွဲမှ အရာထမ်း ၊ အမှုထမ်းများ ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာနီနီအေးနှင့်အဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ ဇွန်လ ၄ ရက်နေ့ နံနက် ၁၀ နာရီ အချိန်တွင် ပဲခူးမြို့ပေါ်ရှိ ဆေးဆိုင်များသို့ သုံးစွဲရန် သက်တမ်းကုန်ဆုံးနေသော သောက်ဆေး/ထိုးဆေးများ၊ မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံမတင်ထားသော သောက်ဆေး/ ထိုးဆေးများ ရောင်းချဖြန့်ဖြူးခြင်းရှိ/မရှိကို သွားရောက်စစ်ဆေးခဲ့ပါသည်။

အဆိုပါအဖွဲ့များသည် ပဲခူးမြို့ပေါ်ရှိဆေးဆိုင်ကြီးများအားဝင်ရောက်စစ်ဆေးခဲ့ရာ သုံးဆိုင်တွင် သုံးစွဲရန်သက်တမ်းကုန်ဆုံးနေသော သောက်ဆေး/ထိုးဆေးများ မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံမတင်ထားသော သောက်ဆေး/ထိုးဆေးများ စုစုပေါင်း ၁၀ မျိုးခန့်အား တွေ့ရှိသဖြင့် ကျန်းမာ ရေးဝန်ကြီးဌာန၏ ဆေးဆိုင်များစစ်ဆေးခြင်း မှတ်တမ်းဖြင့် အဖွဲ့များမှ သိမ်းဆည်းခဲ့ရကြောင်း၊ ၎င်းဆေးများကို ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့လွှဲပြောင်းပေးခဲ့ပြီး သုံးစွဲသူ/စားသုံးသူများ၏ အသက်အန္တရာယ်ဘေးကင်းလုံခြုံမှုရှိစေရေးရောင်းချဖြန့်ဖြူးသွားရန် ဆေးဆိုင်ရှင်များအား အသိပညာပေး ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း၊ စားသုံးသူရေးရာ**

# Maggie နစ်နာဆုံးရှုံးမှုအတွက် အိန္ဒိယနိုင်ငံအစိုးရက Nestle အား တရားစွဲဆိုနိုင်ဖွယ်ရှိ

အိန္ဒိယနိုင်ငံတွင် Nestle India အား ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသော ထုတ်ကုန်များကို ရောင်းချမှု၊ တရားမျှတမှုမရှိသော ကုန်သွယ်မှုအလေ့အထများ ကျင့်သုံးမှုနှင့် သွေးဆောင်ဖြားယောင်းသော ကြော်ငြာများကို အသုံးပြုမှုတို့ကြောင့် စားသုံးသူများ၏ကိုယ်စား နစ်နာဆုံးရှုံးမှုများအတွက် တရားစွဲဆိုရန် ပြင်ဆင်လျက်ရှိပါသည်။ စားနပ်ရိက္ခာဝန်ကြီးဌာနမှ အရာထမ်းများ၏ ပြောကြားချက်အရ သက်သေ အထောက်အထားများကို စုစည်းပြီးနောက် အမှုကို ခိုင်မာစွာတည်ဆောက်ပြီး တစ်စိတ်တစ်ပိုင်းအားဖြင့် တရားစီရင်မှု အာဏာရှိသော အမျိုးသားစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးကော်မရှင်တွင် တရားစွဲဆိုမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ စားသုံးသူရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Ram Vilas Paswan က



Nestle India အား လျော်ကြေးငွေပေးအပ်နိုင်ရန်အတွက် တရားစွဲဆိုရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ယင်းကဲ့သို့ အိန္ဒိယနိုင်ငံ အစိုးရက နိုင်ငံစုံကုမ္ပဏီတစ်ခုအား စားသုံးသူများ၏ ကိုယ်စား လျော်ကြေးပေးအပ်စေရန် တရားစွဲဆိုမည့်ကိစ္စသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ ထို့ပြင် ယခုဖြစ်ရပ်သည် အိန္ဒိယနိုင်ငံရှိ အခြားသော အစားအသောက်နှင့်အဖျော်ယမကာ ထုတ်လုပ်ရောင်းချသူများကိုလည်း အရည်အသွေး ပြည့်ဝသော ထုတ်ကုန်များကို ထုတ်လုပ်ရောင်းချရန် ရှင်းလင်းပြတ်သားသော သတင်းစကား ထုတ်ဖော်ပြသကဲ့သို့ ဖြစ်လျက် ရှိပါသည်။

အိန္ဒိယနိုင်ငံရဲ့ ၁၉၈၆ ခုနှစ် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၁၂(ဃ) အရပြည်ထောင်စုအစိုးရသို့မဟုတ်ပြည်နယ်အစိုးရသည် စားသုံးသူ ကာကွယ်ရေးနှင့်ပတ်သက်၍ မှုခင်းတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အမျိုးသားစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးကော်မရှင်ထံတွင် တရားစွဲဆိုနိုင်ပါသည်။ အဆိုပါ ဥပဒေပုဒ်မတွင် ပြဋ္ဌာန်းချက်တစ်ရပ်အနေဖြင့် ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခံစားရသည့် စားသုံးသူအများစုအား သင့်လျော်စွာသတ်မှတ်နိုင်ခြင်းမရှိပါက စားသုံးသူဖိုရမ်သည် ဆန့်ကျင်ဖက်အဖွဲ့အား သတ်မှတ် ထားသည့်ငွေပမာဏ စုစုပေါင်းကို ပေးဆောင်ရန်ညွှန်ကြားနိုင်သည်ဟူ၍ ပါရှိပါသည်။ ထို့ပြင် ပေးဆောင် ရမည့်အနိမ့်ဆုံးတန်ဖိုးသည် စားသုံးသူများအား ရောင်းချခဲ့သည့် အပြစ်အနာအဆာပါသော ထုတ်ကုန်များ တန်ဖိုး၏ ၅ရာခိုင်နှုန်းထက်လျော့နည်းခြင်းမရှိဘဲ ဖြစ်စေရမည်ဟုလည်း ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် Nestle အနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များသည် ဘေးအန္တရာယ်ကင်းရှင်းမှုရှိကြောင်းပြောကြားခဲ့ပြီး အိန္ဒိယနိုင်ငံရှိ စမ်းသပ် စစ်ဆေးရေး လုပ်ငန်းဌာနများ၏ အရည်အသွေးနှင့် ပတ်သက်ပြီး သံသယရှိကြောင်း ပြောကြားခဲ့သည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာ**

# ဒီပဲယင်းမြို့နယ်တွင် ကျေးရွာများအရောက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ပညာပေးဆွေးနွေးခြင်းကို သုံးနှစ်အတွင်း ဆောင်ရွက်ပြီးဖြစ်ရမည်ဟု ရည်မှန်းချက်ထားရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးရှိ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်ကြပါသည်။ ထို့ကြောင့် ရည်မှန်းချက်အောင်မြင်နိုင်ရေးအတွက် အခါအခွင့်သင့်လျှင် သင့်သလို ကျေးလက်များသို့ သွားရောက်၍ ပညာပေး လုပ်ငန်းများဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မောင်း၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်း ဦးစီးသည့် ဝန်ထမ်း ၁၁ ဦးသည် ဇွန်လ ၆ ရက် မှ ၈ ရက်နေ့ အထိ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဟောပြောပွဲကို ဇွန်လ ၆ရက်နေ့တွင် ဒီပဲယင်းမြို့နယ်၊ မကြီးအုပ်ကျေးရွာ၊ အင်ပင်ကျေးရွာ၊ လျှော်ဖြူ ကျေးရွာတို့ရှိ ဘုန်းတော်ကြီးကျောင်းများတွင်လည်းကောင်း၊ ဇွန်လ ၇ ရက်နေ့တွင် ကြူတောကျေးရွာ၊ ချောင်းမီးတို ကျေးရွာ၊ မအိုးကျေးရွာ၊ သရက်ကန်အရှေ့ရွာနှင့် သရက်ကန်အနောက်ရွာတို့ရှိ ဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း၊ ဇွန်လ ၈ ရက်နေ့တွင် မဲအိုးကျေးရွာ၊ အင်ပင်ကျေးရွာ၊ ဒိုင်နတ်ကျေးရွာ၊ မြင်းတန့်ကျေး ကျေးရွာနှင့် မရကန်ကျေးရွာတို့ရှိဘုန်းတော်ကြီးကျောင်းများတွင်လည်းကောင်း ဆောင်ရွက်ခဲ့ကြပါသည်။ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအသင်းဝင်များ၊ ဆရာ/ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် ဓမ္မစကြာဝတ်အသင်း ဝင်များ၊ စုစုပေါင်း ၄၂၅၄ ဦး တက်ရောက် ခဲ့ပါသည်။ ဟောပြောပွဲတွင် ဦးခမ်လျန်စွမ်း၊ ဦးသောင်းကြိုင်၊ ဒေါ်နှင်းနှင်းခိုင်နှင့် ဦးစောမောင်တို့က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်း ထားရှိမှုနှင့် လုပ်ပိုင်ခွင့်တာဝန်များအကြောင်း၊ အန္တရာယ်ရှိမုန့်မျိုးစုံ၊ အချိုရည်၊



စားသုံးဆီနှင့်အချို မှုန့်များအကြောင်း၊ ဆေးလိပ်၊ အရက်နှင့်ကွမ်းယာတို့၏ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် နောက်ဆက်တွဲဖြစ်ပွားနိုင်သော ရောဂါအန္တရာယ်များအကြောင်း၊ အန္တရာယ်ရှိ ဖျော်ဖြေရေးများ၊ ဝန်ဆောင်မှုများအကြောင်း၊ တားမြစ်ထားသော စားသောက်ကုန် များနှင့်ရေသန့်များအကြောင်း ဆွေးနွေးဟောပြောခဲ့ပါသည်။

နောင်တွင်လည်း တိုင်းဒေသကြီးအတွင်းရှိမြို့နယ်၊ ကျေးရွာများသို့ အဖွဲ့ခွဲများဖြင့် ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း သိရ ပါသည်။

**နှင်းနှင်းခိုင် (မုံရွာ)**

# ရန်ကုန်မြို့တွင် ယှဉ်ပြိုင်မှုဆိုင်ရာ ပြည်တွင်းအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ




နိုင်ငံတော်အစိုးရသည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်လာစေရန် အဘက်ဘက်မှ ကြိုးစားဆောင်ရွက် လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ဈေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်မှုခိုင်မာလာစေရန် အထောက်အကူပြု အရေးပါသော အချက်တစ်ချက်ဖြစ်တဲ့ ဈေးကွက်အတွင်း စီးပွားရေးလုပ်ငန်းရှင်များ ၎င်းတို့ရဲ့ လုပ်ငန်းများကို လုပ်ဆောင်ရာမှာ ကြီးနိုင်ငယ်ညှဉ်းမရှိဘဲ မိမိတို့ စွမ်းဆောင်နိုင်တဲ့ အတိုင်းအတာအလျောက် လွတ်လွတ်လပ်လပ်တန်းတူညီမျှစွာ ယှဉ်ပြိုင်ဆောင်ရွက်နိုင်စေရန်အလို့ငှာ ယှဉ်ပြိုင်မှုဥပဒေပြဋ္ဌာန်းနိုင်အောင် ကြိုးစားအကောင်အထည်ဖော်ခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်ခဲ့တာကြောင့် ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ နဲ့ ယှဉ်ပြိုင်မှု ဥပဒေပြဋ္ဌာန်းခဲ့တာကို အားလုံးသိရှိပြီး ဖြစ်ပါတယ်။

ထိုသို့ဥပဒေပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများအနေနဲ့ ထိုဥပဒေနဲ့ ပတ်သက်တဲ့ သဘောသဘာဝ များနဲ့ ကျင့်သုံးနိုင်မှုများကို မသိရှိလျှင် မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းရှင်များနဲ့ စားသုံးသူများသာ ထိခိုက်မှုများပြားမည်ကို စိုးရိမ်သောကြောင့် ယှဉ်ပြိုင်မှုဥပဒေနဲ့ မူဝါဒအပေါ် ပုဂ္ဂလိကကဏ္ဍမှ သိရှိလိုက်နာနိုင်မှုမြှင့်တင်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနဲ့ ဖရက်ဒရစ်နော်မန် ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ "ယှဉ်ပြိုင်မှုဆိုင်ရာ ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲ" ခေါင်းစဉ်ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲကို မေလ ၂၉ ရက်နေ့က အမှတ် ၃၅ (ဘီ) / ၁၅၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ SME ခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

၎င်းအလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်းမှာ ယှဉ်ပြိုင်မှုဥပဒေနဲ့ မူဝါဒအပေါ် ပုဂ္ဂလိကကဏ္ဍမှ သိရှိလိုက်နာနိုင်မှု မြှင့်တင်ရေး၊ စီးပွားရေးလုပ်ငန်းများအတွက် လွတ်လပ်ပြီး တရားမျှတစွာ ယှဉ်ပြိုင်ဆောင်ရွက် နိုင်စေရန် ယှဉ်ပြိုင်မှုဆိုင်ရာ သဘောသဘာဝများနှင့် ယှဉ်ပြိုင်မှုဥပဒေနဲ့ ပတ်သက်သည့် အသိပညာဗဟုသုတများပိုမိုသိရှိနိုင်ရေး၊ ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်အကြံပြုနိုင်ရေး၊ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်ဖွံ့ဖြိုးလာစေရန်အတွက် ယှဉ်ပြိုင်မှု ဥပဒေသည် မရှိမဖြစ်အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင်နေတယ်ဆိုတာ ပြည်သူအများ သိရှိနားလည်နိုင်စေရေး စတဲ့ ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။

ထိုအလုပ်ရုံဆွေးနွေးပွဲ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ယှဉ်ပြိုင်မှုမူဝါဒဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးရန်နိုင်မြင့်နဲ့ ဖရက်ဒရစ်နော်မန်ဖောင်ဒေးရှင်းမှ Project Director Ms. Katrin Bannach တို့မှ အဖွင့်အမှာ စကားများ အသီးသီးပြောကြားခဲ့ပါတယ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် ပြည်တွင်းရှိ ပုဂ္ဂလိကကဏ္ဍများအတွက် အသိပညာပေးဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် ယှဉ်ပြိုင်မှုဆိုင်ရာ သဘောတရားများနဲ့ ဥပဒေကို ကောင်းမွန်စွာ နားလည်ပြီး ပြန်လည်မျှဝေ အသုံးချနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်မြို့ရှိစီးပွားရေးတက္ကသိုလ်များမှ ဆရာ/ဆရာမ ၁၀ ဦး ၊ ဥပဒေပညာဌာနများမှ ဆရာ/ဆရာမ ၁၀ ဦး၊ UMFCCI မှ စီးပွားရေးလုပ်ငန်းရှင် ၁၀ ဦး၊ ကုန်သွယ်မှု သင်တန်းကျောင်းမှ စီးပွားရေးလုပ်ငန်းရှင် သင်တန်းသား ၁၀ ဦး ၊ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများမှ ၁၀ ဦး၊ စုစုပေါင်း ၅၀ ဦးဖိတ်ကြားခဲ့ရာ ၄၆ ဦးတက်ရောက်ခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲမှာ ပထမဦးစွာ ယှဉ်ပြိုင်မှုမူဝါဒဌာနခွဲရဲ့ ညွှန်ကြားရေးမှူး ဦးရန်နိုင်မြင့်က "မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်လျက်ရှိသော ယှဉ်ပြိုင်မှုဥပဒေနှင့် မူဝါဒအခြေအနေများ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်မှုဥပဒေ စတင်အကောင်အထည်ဖော်ခဲ့မှုများ၊ စီးပွားရေးလုပ်ငန်းများ၏ ပြိုင်ဆိုင်မှု သဘောသဘာဝများ၊ အာဆီယံနိုင်ငံများနှင့် အာဆီယံဒေသတွင်း ဆောင်ရွက်နေမှုများအားလည်းကောင်း၊ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေက "ယှဉ်ပြိုင်မှုပေါ်လစီနှင့် စီးပွားရေးတိုးတက်မှု" ခေါင်းစဉ်ဖြင့် ပြိုင်ဆိုင်မှုနဲ့ ဈေးကွက်စွမ်းဆောင်ရည်၊ မပြိုင်ဆိုင်ခြင်း၏ ဆိုးကျိုးများ၊ ယှဉ်ပြိုင်မှုဥပဒေပေါ်လစီ၏ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံအတွက် ဖြစ်ထွန်းစေနိုင်မယ့် ကောင်းကျိုးများနဲ့ ဥပဒေရဲ့ သဘောသဘာဝစသည်တို့ကို စီးပွားရေးရှုထောင့်မှလည်းကောင်း၊ "မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုဥပဒေ" ခေါင်းစဉ်ဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစပယ်ကြည်မောင်မှ လက်ရှိမြန်မာနိုင်ငံမှာ ပြဋ္ဌာန်းပြီးတဲ့ ယှဉ်ပြိုင်မှုဥပဒေအကြောင်း၊ ဥပဒေပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်၊ ယှဉ်ပြိုင်မှုကော်မရှင်နဲ့ ကော်မတီများရဲ့ ဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်များ၊ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်တဲ့ ဆောင်ရွက်ချက်များ၊ ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်ချက်များ၊ တရားမျှတမှုမရှိသော ဆောင်ရွက်မှုများ၊ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းများ၊ သက်ညှာခွင့်ပြုခြင်းများစတဲ့ ဥပဒေပါအကြောင်းအရာများ၊ ဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်နေသော နည်းဥပဒေရေးဆွဲနေမှုအခြေအနေများကို တင်ပြဆွေးနွေးပြီး တက်ရောက်လာသူများက နည်းဥပဒေရေးဆွဲရာမှာ ထည့်သွင်းရေးဆွဲသင့်တဲ့ အချက်အလက်များ၊ အကြံဉာဏ်များ တောင်းခံ၍လည်းကောင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ကြရာ တက်ရောက်လာကြသူများမှ တင်ပြမှုများနဲ့ပတ်သက်ပြီး မရှင်းလင်းတဲ့ အချက်များ၊ နည်းဥပဒေက ထည့်သွင်းစေလိုတဲ့ အချက်များကို ဆွေးနွေးအကြံပြုခဲ့ကြပါတယ်။

ထိုင်းနိုင်ငံ၊ ချင်းမိုင်တက္ကသိုလ်မှ ဖိတ်ကြားထားသည့် ယှဉ်ပြိုင်မှုဆိုင်ရာပညာရှင် Dr. Pornchai Wisuttisak မှ "ယှဉ်ပြိုင်မှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုနှင့်လုပ်ငန်းများ ဝါးမြိုသိမ်းပိုက်မှု (Merger & Acqui-sition)"ဟူသော ခေါင်းစဉ်ဖြင့် Merger & Acquisition ဆိုသည့် အဓိပ္ပာယ်နှင့် သဘောတရားများအကြောင်း၊ ထိုကဲ့သို့ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းသည့်အခါတွင် ယှဉ်ပြိုင်မှုဥပဒေကို လိုက်နာဆောင်ရွက်မှု ရှိ/မရှိကို ထည့်သွင်း စဉ်းစားဂရုစိုက်မှုပြုသင့်ကြောင်း ၊ Merger & Acquisition အမျိုးအစားများ ၊ လုပ်ငန်းများမှ Merger & Acauisition လုပ်ဆောင်မှု အပေါ်တွင် စောင့်ကြည့်ထိန်းချုပ်ခြင်းများ ပြုသင့်ကြောင်း၊ ၎င်းတို့ကို တားမြစ်ခြင်းပြုလုပ်ရသည့်အကြောင်း ၊ Merger & Acquisition နဲ့ ပတ်သက်တဲ့ ယှဉ်ပြိုင်မှု ဥပဒေနဲ့မူဝါဒအကြောင်း ၊ လုပ်ငန်းများရဲ့ Merger & Acquisition ဆောင်ရွက်မှုအပေါ် သုံးသပ်တင်ပြမှုများ အကြောင်းစသည်ဖြင့် သီအိုရီနှင့်လက်တွေ့နယ်ပယ်ရှုထောင့်များမှ တင်ပြ၍လည်းကောင်း၊ "ဈေးကွက်အတွင်း လွှမ်းမိုးနိုင်မှုအင်အားအပေါ် အလွဲသုံးစားပြုခြင်း (Abuse of Dominant Market Power )" ခေါင်းစဉ်ဖြင့် ဈေးကွက်လွှမ်းမိုးထားနိုင်အားကို အလွဲသုံးစားပြု၍ ယှဉ်ပြိုင်မှုဆိုင်ရာ ချိုးဖောက်မှုများ၊ ယှဉ်ပြိုင်မှုကို ဆန့်ကျင်ဆောင်ရွက်တဲ့ သဘောတူညီချက်များနဲ့ လုပ် ငန်းများပူးပေါင်းဆောင်ရွက်မှုများ စသည့် အကြောင်းအရာများကို လည်းကောင်း၊ "စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ဈေးနှုန်းညှိနှိုင်း သတ်မှတ် ရောင်းချခြင်း (Cartel)"ဟူသော ခေါင်းစဉ်ဖြင့် ဈေးကွက်အတွင်း စီးပွားရေးလုပ်ငန်းရှင်များမှ ကုန်စည်များရဲ့ ဈေးနှုန်းများကို တရားမျှတစွာ ယှဉ်ပြိုင်ရောင်းချခြင်းမပြုဘဲ အချင်းချင်းညှိနှိုင်းပြီး ဈေးနှုန်းသတ်မှတ်ပြီး ရောင်းချခြင်းမှာ တရားမျှတဲ့ ယှဉ်ပြိုင်မှုကို ချိုးဖောက်တဲ့ ဆောင်ရွက်ချက်ဖြစ်ပြီး လွတ်လပ်စွာ ယှဉ်ပြိုင်ဆောင်ရွက်မှုကို ချိုးဖောက်တဲ့ ဆောင်ရွက်ချက်လည်းဖြစ်ကြောင်း၊ ဒါ့အပြင် လွတ်လပ်စွာ ယှဉ်ပြိုင်ဆောင်ရွက်နေတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ပျက်ပြားစေသကဲ့သို့ စားသုံးသူများရဲ့ ရွေးချယ်ဝယ်ယူနိုင်တဲ့ အခွင့်အရေးကိုလည်း ချိုးဖောက်ရာရောက်ကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသူများရဲ့ မေးမြန်းမှုများကိုလည်း ရှင်းလင်းဖြေကြားမှုများ ပြုလုပ်ခဲ့ပါတယ်။

ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့တဲ့အတွက် မိမိတို့နိုင်ငံတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များနဲ့ စားသုံးသူပြည်သူများအတွက် ပြဋ္ဌာန်းပြီးတဲ့ ယှဉ်ပြိုင်မှုဥပဒေနဲ့ ပတ်သက်ပြီး အသိပညာပေးနိုင်ခဲ့သလို ကောင်းမွန်စွာ အသုံးချနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ ဒါ့အပြင် ယှဉ်ပြိုင်မှု နည်းဥပဒေများ ရေးဆွဲရာတွင်လည်း ပြည်သူများအနေနဲ့ ၎င်းတို့မျှော်လင့်တဲ့ ထည့်သွင်းပြဋ္ဌာန်းပေးစေလိုတဲ့ အချက်များအား ပါဝင်ဆွေးနွေးအကြံပေးခဲ့ကြလို့ ဥပဒေရေးဆွဲသူများအတွက်လည်း အလွန် အဖိုးတန်တဲ့ အကြံပြုချက်၊ လိုလားချက်များ ရရှိ/သိရှိခဲ့ရ၍ ယခုအလုပ်ရုံဆွေးနွေးပွဲဟာ အလွန်ထိရောက်သော ဆောင်ရွက်ချက်တစ်ခု ဖြစ်ခဲ့သည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်ပါတယ်။ သို့ဖြစ်ရာ ယခုကဲ့သို့ အလုပ်ရုံ ဆွေးနွေးပွဲများ၊ အသိပညာဖြန့်ဝေမှုများအား အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာ ဆက်လက်ကျင်းပနိုင်ရေးကို ကြိုးစားလုပ်ဆောင်သွားမှာ ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**ဒေါက်တာစံပယ်ကြည်မောင်**

## စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ထားဝယ်မြို့တွင်ပြုလုပ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အာဇာနည်လမ်းရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန၊ အစည်းအဝေးခန်းမမှာ ဇွန်လ ၆ ရက်နေ့က စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆိုင်ရာအကြောင်း၊ အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါက်တာဟိန်းမင်းထက်အောင်က အစားအသောက်နဲ့ ဆေးဝါးများဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိုင်းဦးစီးမှူး ဦးကျော်စိုးရီမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနဲ့ဥပဒေများကိုလည်းကောင်း၊ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီးစီးမှုနဲ့ လုပ်ငန်းကော်မတီနှစ်ရပ်ဖြစ်တဲ့ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်း ကော်မတီများရဲ့ လုပ်ငန်းတာဝန်များအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက် လာသော လုပ်ငန်းရှင်တို့မှမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရှိရပါတယ်။ အဆိုပါ ဆွေးနွေးပွဲသို့ ကုန်သည်လုပ်ငန်းရှင်စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြောင်းသိရပါတယ်။

**ကျော်စွာဝင်း-ထားဝယ်**

# နေအိမ်ဆောက်အအုံ၏ အမိုးအကာများ ပြင်ဆင်ချိန်ရောက်ရှိလာပြီ ဖြစ်သဖြင့် ဓနိဈေးကွက် သွက်လက်လှုပ်ရှားလာ

ယခုအခါ လုပ်ငန်းအဆောက်အအုံများနှင့်အခြေခံလူတန်းစားများ၏ နေအိမ်အမိုးအကာများ ပြင်ဆင်ချိန်ရောက်ရှိလာပြီဖြစ်သဖြင့် ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ်ဓနိဈေးကွက်များ သွက်လက်လှုပ်ရှားနေပြီဖြစ်ကြောင်း၊ ဖျာပုံမြို့နယ် တယ်ပင်ဆိပ်ကျေးရွာနေ ဓနိခြံနှင့် ဓနိကုန်သည်ဦးညွန့်တင်ထံမှ သိရသည်။ မကြာမီ မိုးဖြိုင်ဖြိုင်ရွာလာတော့မည်ဖြစ်သည်။ ဓနိကိုအသုံးပြုဆောက်လုပ်ထားသည့် လုပ်ငန်းသုံးအဆောက်အအုံများနှင့် အခြေခံလူတန်းစားများ၏ နေအိမ်များ အမိုးအကာများကို မိုးမများမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ဓနိများကိုဝယ်ယူကာ ပြင်ဆင်လုပ်ဆောင်နေကြပြီဖြစ်သဖြင့် ရန်ကုန်မြို့ ဓနိဈေးကွက်များနှင့် မြစ်ဝကျွန်းပေါ်ပင်ရင်းဒေသ ပင်ရင်းဓနိဈေးကွက်များမှာ ဈေးကွက်ဖွင့် သွက်လက်လှုပ်ရှားနေပြီဖြစ်ကြောင်း ဓနိကုန်သည်များထံမှသိရသည်။

ရန်ကုန်မြို့ဓနိဈေးကွက်များသို့ မြစ်ဝကျွန်းပေါ် မြို့ရွာအသီးသီးရှိပင်ရင်းဓနိဈေးကွက်များမှ တင်ပို့ရောင်းချနေသော်လည်း လပွတ္တာမြို့နယ်၊လှိုင်းဘုံးကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသများထွက်ရှိသည့် လှိုင်းဘုန်းဓနိနှင့် ဖျာပုံမြို့နယ် တယ်ပင်ဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသများမှထွက်ရှိသည့် တယ်ပင်ဆိပ်ဓနိများမှာ တာရှည်ခံသဖြင့် ဈေးကောင်းရရှိကာ လူကြိုက်အများဆုံးဖြစ်သည်။ ရန်ကုန်မြို့၏ ဓနိဈေးကွက်များမှာအခြေခံလူတန်းစားများအများဆုံးနေထိုင်သည့် လှိုင်သာယာ၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ မြောက်ဥက္ကလာပ၊ အင်းစိန်၊ သန်လျင်၊ ဒလ၊ ဒေါပုံ စသည့်မြို့နယ်ဒေသများတွင် အများဆုံးရှိနေပြီး လက်ရှိတွင်မြို့နယ်အနီးအဝေး၊ခရီးစားရိတ်ပေါ် မူတည်ကာ ဓနိပြစ်တစ်ရာလျှင်ငွေကျပ်၅၀၀၀မှ ၈၀၀၀ ကျပ်အထိ ပေါက်ဈေးရှိနေသည်။

မြစ်ဝကျွန်းပေါ်ပင်ရင်းဒေသများမှ ဓနိများကို လှေများဖြင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြသဖြင့်ပုဇွန်တောင်ချောင်း၊ လှိုင်မြစ်၊ ပန်းလှိုင်မြစ်၊ပဲခူးမြစ်ကမ်းဒေသများနှင့် နီးစပ်သောဈေးကွက်များမှာ ဈေးနှုန်းသက်သာပြီး ကမ်းခြေမှတစ်ဆင့်ကားနှင့် သယ်ယူရောင်းချရသည့် ကုန်းတွင်းဈေးကွက်များမှ ဈေးနှုန်းအနည်းငယ် ပိုမိုများပြားကြောင်း ဓနိကုန်သည်ဦးညွန့်တင်၏ပြောပြချက် များအရသိရသည်။

ကမ်းခြေပင်ရင်းဈေးကွက်များတွင် ဓနိလက်များကို နှစ်စဉ် တပေါင်းလတွင် စတင်ခုတ်ယူကြသည်။ ခုတ်ယူရရှိသော ဓနိလက်များမှ အရွက်များကို အစီးများပြုလုပ်ကြသည်။ အဆိုပါဓနိစီးများကို ဓနိဘောဟုခေါ်ကြသည်။ ဓနိ ဘော သုံး စီးလျှင် ဓနိပြစ်တစ်ရာထွက်ရှိသည်။ ပင်ရင်းဒေသများတွင်ဓနိခုတ် လုပ်အားခမှာ ဓနိဘောတစ်ဘောလျှင် ကျပ် ၅၀၀ နှင့် ဓနိပြစ်ထိုးခလုပ် အားခမှာ ဓနိပြစ်တစ်ရာလျှင် ကျပ် ၅၀၀ မှ ကျပ် ၆၀၀ ဈေးနှုန်းရှိသည်။ ဒေသအတွင်းပင်ရင်းဈေးကွက်များတွင် ဓနိပြစ်တစ်ရာလျှင် ကျပ် ၃၀၀၀ မှ ကျပ် ၃၅၀၀ ဈေးနှုန်းရှိသည်။ လက်ရှိတွင်ဓနိဈေးကွက်သွက်လက်လှုပ်ရှားနေသဖြင့် ဓနိတံဝါးများမှာလည်း တစ်စီး (ဓနိတံ အချောင်းတစ်ရာ) လျှင်ကျပ် ၄၃၀ မှကျပ် ၆၀၀ သို့ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ပင်ရင်းဒေသများတွင် ဓနိဈေးကွက်သွက်လက်လှုပ်ရှားနေသဖြင့် ဒေသအတွင်းရှိလက်လုပ်လက်စား အလုပ်သမားများမှာလည်း ဓနိခုတ်အလုပ်၊ ဓနိထိုးအလုပ်၊ ဓနိသယ်အလုပ်များလုပ်ကိုင်ပြီး နေ့စဉ်ဝင်ငွေရရှိကာ အဆင် ပြေနေကြောင်း၊ အချို့သောမိသားစုများမှာ ဓနိအလုပ်ရုံများမှဓနိများကို မိမိတို့၏နေအိမ်များသို့ယူဆောင်ကာမိသားစု၊ စုပေါင်း၍ ဓနိထိုးသဖြင့် ဝင်ငွေရရှိကာ အဆင်ပြေနေကြောင်းနှင့် ဓနိဈေးကွက်မှာနှစ်စဉ် ဝါဆိုလအထိသွက်လက်လှုပ်ရှားလေ့ရှိနေသဖြင့် ဒေသခံလက်လုပ်လက်စား အလုပ်သမားများမှာလည်း ဓနိလုပ်ငန်းမှဝင်ငွေများရရှိကာ အဆင်ပြေနေကြမည်ဖြစ်ကြောင်း ဘိုကလေးမြို့နယ်ဓနိသယ်လုပ်သားများထံမှသိ ရသည်။ လက်ရှိတွင်ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ် ပင်လယ်ကမ်းခြေဒေသများတွင် ဓနိဈေးကွက်တွင်ကျယ်စွာ သွက်လက်လှုပ်ရှားနေပြီးမိုးများလာသည်နှင့် ဓနိဈေးနှုန်းများထပ်မံမြင့်တက်လာဦးမည်ဖြစ်ကြောင်း ဓနိကုန်သည်များထံမှသိရသည်။ **ပင်လယ်သားစံထွား**

# ၂၀၁၄-၂၀၁၅ ပင်လယ်ရေလုပ်ငန်းရာသီတွင် ပြည်ပဈေးကွက်ဝင် ကင်းပုစွန်ဈေးကွက် ထူးထူးခြားခြား အကျိုးမခံစားခဲ့ရ

ယခုအခါ ၂၀၁၄-၂၀၁၅ ပင်လယ်ရေလုပ်ငန်းရာသီစခန်းသိမ်းချိန်ဖြစ်ရာ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသရှိပင်လယ်ရေလုပ်ငန်းဈေးကွက်တစ်ခုဖြစ်သည့် ကင်းပုစွန်ဈေးကွက်မှာလည်း မိုးခိုစခန်းသိမ်းရန်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။ ကင်းပုစွန်ဈေးကွက်မှာ၂၀၁၄-၂၀၁၅ ပင်လယ်ရေလုပ်ငန်းရာသီတွင် လုပ်ငန်းရာသီတစ်ချိန်လုံး ပင်လယ်ပြင်မှ ကင်းပုစွန်ဖမ်းဆီးရမိမှု အလွန်နည်းပါးနေသဖြင့် ထူးထူးခြားခြား အကျိုးအမြတ်မခံစားရဘဲ လုပ်ငန်းမပြတ် ပုံမှန်လုပ်ကိုင်ဆောင်ရွက်ရင်း စခန်းသိမ်းရပ်နားခဲ့ရကြောင်း ဖျာပုံမြို့နယ်၊ အရှေ့စုကျေးရွာတွင် ကင်းပိုက်လုပ်ငန်းများကို အခြေစိုက် လုပ်ကိုင်ဆောင်ရွက်နေသည့် ကိုကျော်မင်းလွင်၏ပြောပြချက် များအရသိရသည်။ မြန်မာ့ပင်လယ်ပြင်မှ ကင်းပုစွန်များမှာ ပြည်ပဈေးကွက်များတွင် ဈေးကွက်တွင်ကျယ်ခိုင်မာစွာ ဈေးကောင်းရရှိနေသည့် ပြည်ပပို့ကုန်ရေထွက်ကုန်ပစ္စည်းတစ်ခုဖြစ်သည်။ ယခုနှစ် လုပ်ငန်းရာသီတွင်မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများတွင် ကင်းပိုက်လုပ်ငန်းများကိုအများအပြား လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ အထူးသဖြင့် ဖျာပုံမြို့နယ်အေးကုန်း၊ အရှေ့စု၊ အနောက်စု၊ အောင်လှိုင်၊ နောက်မီးနှင့် အမာမြို့နယ်အရှေ့ဖျား၊ ဂယက်ကြီးစသည့်ကျေးရွာများနှင့် ပတ်ဝန်းကျင်ဒေသများတွင်အများအပြားလုပ် ကိုင်ဆောင်ရွက်ခဲ့ကြသည်။ အရှေ့စု ကျေးရွာတစ်ရွာတည်းမှပင် ကင်းပိုက်စက်လှေ အစင်းရေငါးရာခန့်ရှိကြောင်း ကိုကျော်မင်းလွင်က ပြောသည်။

ကင်းပုစွန်များမှာ ယခင်က ပင်လယ်ရေလုပ်ငန်းများတွင် တစ်ကောင်စ၊ နှစ်ကောင်စ ဖမ်းယူရမိသော်လည်း ဈေးကွက်လည်းမရှိ၊ စားသုံးမှုလည်းမရှိ၊ကြက်စာ၊ငါးပိစသည့် အခြားသောရေထွက်ကုန် ပစ္စည်းများတွင်လည်း ထည့်သွင်းအသုံးပြု၍မရသဖြင့် စွန့်ပစ်လေလွင့်ပစ္စည်းအဖြစ် ပြန်လည်စွန့်ပစ်ခဲ့ကြသည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် ပြည်ပဈေးကွက်ဝင်ကုန်ပစ္စည်းအဖြစ် ဈေးကွက်ဝင်လာခဲ့ရာ ကင်းပုစွန်တစ်ကောင်ကို ငွေကျပ်လေးငါးရာအထိ ဈေးပေးဝယ်ယူမှုတွေရှိလာသဖြင့် ယခင်ကစွန့်ပစ်နေကြသည့် ကင်းပုစွန်တွေကို ပင်လယ်ရေလုပ်ငန်းတွေ စိတ်ဝင်စားလာခဲ့ကြသည်။

ထို့ကြောင့် ပင်လယ်ရေလုပ်ငန်းများတွင် တစ်ကောင်စ၊ နှစ်ကောင်စသာ ဖမ်းဆီးရမိနေသည့် ကင်းပုစွန်များကို အများအပြား ဖမ်းဆီးရမိစေရန်တီထွင်ကြံဆ လုပ်ကိုင်ခဲ့ကြသည်။

ကင်းပုစွန်မှာ ပြည်တွင်ဈေးကွက်မရှိဘဲပြည်ပဈေးကွက်ကိုသာအားထားလုပ်ကိုင်နေရသည့်ရေထွက်ကုန်ပစ္စည်းဖြစ်သည်။ ပြည်ပပို့ကုန်လုပ်ငန်းကုမ္ပဏီများနှင့် အဆက်အသွယ်ရှိသူများသာ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ကမ်းခြေပင်ရင်းဒေသများတွင် ကင်းပုစွန်အဝယ်ဒိုင်လုပ်ငန်းများမှာ အခြားသော ရေထွက်ကုန်ပစ္စည်း အဝယ်ဒိုင်များကဲ့သို့ များများစားစားမရှိ၊ ဒေသတစ်ခုတွင် အဝယ်ဒိုင်တစ်ခုလောက်သာ ရှိသည်။ ယခုနှစ်ကင်းပုစွန်ရာသီတွင် ကင်းပုစွန်အထီးစိမ်း တစ်ကောင် ကျပ် ၄၀၀၀၊ အမစိမ်း တစ်ကောင် ကျပ် ၆၀၀၀၊ ကင်းပုစွန်အနီ တစ်ကောင် ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ ဈေးနှုန်းများဖြင့် ဝယ်ယူခဲ့ကြသည်။ ယခင်နှစ်လုပ်ငန်းရာသီတွင် အထီးစိမ်း တစ်ကောင် ကျပ် ၆၀၀၀၊ အမစိမ်း တစ်ကောင် ကျပ် ၈၀၀၀ နှင့်အနီတစ်ကောင် ကျပ် ၂၅၀၀ ဈေးနှုန်းများနှင့် ဝယ်ယူခဲ့ကြသည်။ ယခုနှစ်လုပ်ငန်းရာသီတွင် ကင်းပုစွန်ဈေးကောင်းနေသော်လည်း ပင်လယ်ပြင်မှ ဖမ်းဆီးရရှိမှုနည်းပါးနေသဖြင့် ကင်းပိုက်လုပ်ငန်းပိုင်ရှင်များနှင့် ကုန်သည်များမှာ ထူးထူးခြားခြား အကျိုးအမြတ်မခံစားရဘဲ လုပ်ငန်းမပြတ်ပုံမှန်လုပ်ကိုင်ဆောင်ရွက်ရင်း စခန်းသိမ်းရပ်နားခဲ့ရကြောင်း ကိုကျော်မင်းလွင်၏ပြောပြချက်များအရသိရသည်။

**ပင်လယ်သားစံထွား**

# အရောင်းအဝယ်ပါးသော်လည်း ကားဈေးကွက် တစ်ခုလုံးခြုံ၍ ဈေးမြင့်တက်မှုရှိလာ

ဇွန်လဒုတိယပတ်အတွင်း ရန်ကုန်မြို့ ကားဈေးကွက်၏ အခြေအနေမှာ ယခင်ရက်သတ္တပတ်များနည်းတူ ယာဉ်ဟောင်းအပ်နှံစလစ်ဈေးတန်း မာနေပြီး အရောင်းအဝယ်များလည်း အေးနေကြောင်း သိရသည်။

ကားဈေးကွက်တစ်ခုလုံးတွင် အရောင်းအဝယ်အေးနေပြီး နံပါတ်ထွက်ပြီး အကွာရာအနိမ့်ကားလေးများသာ အရောင်းအဝယ်အနည်းငယ်ရှိကြောင်း၊ စလစ်ကပ်များထဲတွင်လည်း နံပါတ်ထွက်ပြီးကားများကိုသာ ရွေးချယ်ဝယ်ယူမှုရှိလာကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်ထဲတွင် ပွဲစားတန်းများတွင်သာမက ကားအရောင်းစင်တာများတွင်ပါ အရောင်းအဝယ်အေးနေပြီး စင်တာများတွင် ဝယ်ယူမှုရှိပါကလည်း နံပါတ်ထွက်ကားများနှင့် လူကြိုက်များကားများသာ အနည်းငယ်ရောင်းချရကြောင်း၊ ဖရီးပါမစ်ဖြင့်တင်သွင်းသော အင်ဂျင်ပါဝါသေးကားငယ်များမှာ ကားပါကင်ထောက်ခံချက်ရရှိရန်အတွက် အချိန်စောင့်ဆိုင်းရမှုများလာသဖြင့် ပြင်ပပေါက်ဈေး မြင့်တက်လာသလိုအဝယ်လည်းရှားလာပြီး တင်သွင်းမှုနည်းလာကြောင်း သွင်းပြီး ရောက်ပြီးကားများနှင့် အကွာရာတစ်တန်း နှစ်တန်းနိမ့်ကားများသာ လက်ရှိပေါက်ဈေးထက်အနိမ့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ကားဈေးကွက်ထဲတွင် လက်ရှိစလစ်ကပ်တင်သွင်းသည့် ကားများမှာလည်း စလစ်ဈေးတန်းမြင့်တက်နေခြင်း၊ ဒေါ်လာဈေးလည်း မြင့်တက်လာခြင်း၊ ကားတင်သွင်းခွန်ရာခိုင်နှုန်းလျှော့ပေါ့မပေးတော့ခြင်းစသည့် အချက်များကြောင့် စလစ်ကပ် အင်ဂျင်ပါဝါကြီးကားများမှာ တင်သွင်းသူနည်းပါးလာပြီး အရောင်းစင်တာများတွင်ရှိ နံပါတ်ထွက်ပြီး၊ လူကြိုက်များသည့် ဝုရှ်ကဲ့သို့၊ အာအေဗီ (၄) ကဲ့သို့ ဝက်ဂွန်များသာ အနည်းငယ်အဝယ်ရှိတော့ကြောင်း၊ လတ်တလောကျောင်းဖွင့်ရာသီဖြစ်နေသော်လည်း မနှစ်ကကဲ့သို့ဝယ်လိုအားမရှိဘဲ နယ်ဝယ်လက်များလည်းနည်းသွားကြောင်း၊ ကားဈေးကွက်ထဲတွင် အဝယ်ပါးပြီး၊ အမေးသာများနေကြောင်း ဝါရင့်ဝယ်ရောင်းအကျိုးဆောင်ကိုမြင့်ကျော်မှ ပြောသည်။

ယခုရက်သတ္တပတ်အတွင်း နှစ်နှစ်ဆယ်ကားစလစ် ၆၇ မှ ၆၈သိန်း၊ စက်မှုဇုန် ၆၃မှ ၆၅သိန်း၊ မြန်မာမီနီ ၅၆မှ ၅၈သိန်းပေါက်ဈေးရှိနေပြီး စလစ်ရှားလာသလို အဝယ်နည်းလာကြောင်း၊ အပြောင်းအလဲတစ်စုံတစ်ရာမရှိသေးပါက ဒီထက်ဆက်တက်ရန်မြင်ကြောင်း၊ ယင်းကဲ့သို့ အားလုံးလိုက်တက်နေသည့် ဂယက်ကြောင့် အကွာရာအနိမ့်တင်သွင်းပြီး တစ်နှစ်စီးကားဟောင်းများပင် ဈေးတန်း အနည်းငယ်လိုက်လာသည်ကိုတွေ့ရကြောင်း ၎င်းမှပြောသည်။**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အယ်ဖတ် (၂၀၀၃) | ယာယီ | ၂၅၀ သိန်း | ၃.၀ ဓာတ်ဆီ |
| ၂။ | ဝုရှ် (၂၀၀၃) | ယာယီ | ၁၇၀ သိန်း | ၂.၀ ဓာတ်ဆီ |
| ၃။ | ကလူဂါ (၂၀၀၂) | ယာယီ | ၂၄၀ သိန်း | ၂.၄ ဓာတ်ဆီ |
| ၄။ | အေဒီဗင် (၂၀၀၉) | ယာယီ | ၁၁၀ သိန်း | ၁.၃ ဓာတ်ဆီ |
| ၅။ | ဗီလ်ဒါ (၂၀၀၈) | ယာယီ | ၁၈၀ သိန်း | ၁.၈ ဓာတ်ဆီ |
| ၆။ | ဝင်းရှ် (၂၀၀၉) | ယာယီ | ၁၂၅ သိန်း | ၁.၅ ဓာတ်ဆီ |
| ၇။ | အစ်ပ်ဆန် (၂၀၀၂) | ယာယီ | ၁၇၀ သိန်း | ၂.၄ ဓာတ်ဆီ |
| ၈။ | ဟွန်ဒါဖစ် (၂၀၀၉) | SH | ၉၅ သိန်း | ၁.၃ ဓာတ်ဆီ |
| ၉။ | ဘယ်လ်တာ (၂၀၀၈) | ယာယီ | ၁၃၀ သိန်း | ၁.၃ ဓာတ်ဆီ |

SN

## သင့်ကျန်းမာရေး

# tpmtqybijbif;

ဒေါက်တာလွင်သန့်

*မေး။ ဆရာရှင့်အစားအစာနဲ့ပတ်သက်ပြီး၊ လမ်းဘေးစာစားတဲ့ အကျင့်ဟာ အစာအဆိပ်သင့်တာ ဖြစ်စေနိုင်ပါသလား။ ဘာ ကြောင့်လဲဆရာ။*

*မကြူကြူ(ပေါင်းတည်)*

ဖြေ။ လမ်းဘေးအစားအစာတိုင်းတော့မဟုတ်ပါဘူး။ မကုန်လို့ကျန်တဲ့ ဟင်းနွှေးပြီး ရောရောင်းတတ်တဲ့ဆိုင်တွေဆိုရင်တော့ ယခုပြော သလို အစာအဆိပ်သင့်စေနိုင်ပါတယ်။ အစားအစာကြောင့် အဆိပ်သင့်စေတဲ့ အဏုဇီဝပိုးရဲ့ အန္တရာယ်ကို ကာကွယ်နိုင်ပါတယ်။

မီးဖိုချောင်အတွင်း အစားအသောက် ပြင်ဆင်နေကြတဲ့ အိမ်ရှင်မ များအပါအဝင် စားသောက်ဆိုင်များပါ စက်ရုံ၊ အလုပ်ရုံ၊ ဈေး၊ သားသတ်ရုံရှိလုပ်သားအားလုံး တစ်ကိုယ်ရေသန့်ရှင်းမှုရှိရပါမယ်။ အစားအသာက်များ၊ ချက်ပြုတ်ပြင်ဆင်ရာမှာ အသုံးပြုတဲ့ အိုးခွက်ပန်းကန်၊ မီးဖိုချောင်သုံးပစ္စည်းနဲ့ခင်းကျင်းတဲ့ ပန်းကန်ခွက်ယောက်တို့ အားလုံးသန့်ရှင်းရပါမယ်။ ဆပ်ပြာ၊ ရေတို့နဲ့ သေချာဆေးရမယ်။

အသားငါး၊ ဟင်းသီးဟင်းရွက်တွေကို မချက်ပြုတ်မီ စင်ကြယ်အောင် ရေနဲ့သေသေချာချာ ဆေးရမယ်။ အသားငါးများ မကျက်တကျက် ချက်ပြုတ်ခြင်း၊ အစိမ်းစားခြင်း၊ နွားနို့ အစိမ်းသောက်ခြင်း ရှောင်ကြဉ်ကြရပါမယ်။ နွားမှာ တီဘီပိုးရှိရင် လူကိုနွားတီဘီကူးစက်ပြီး အူမှာရောဂါဖြစ်တယ်။ အေးနေတဲ့အစားအစာများကို နွှေးစားရင် လုံလောက်တဲ့အပူချိန်ပေးပြီးနွှေးစားသင့်တယ်။ အပူချိန်ငွေ့ ငွေ့ပေးထားခြင်းဟာ အချို့ဘက်တီးရီးယားများကို မသေရုံမက ပိုမိုပေါက်ပွားစေပါတယ်။

**တိရစ္ဆာန် (ကြောင်၊ ခွေး) စသည်တို့ကို ကိုင်တွယ်ပြီးရင် လက်ကိုရေ၊ ဆပ်ပြာနဲ့ စင်ကြယ်အောင်ဆေးရမယ်။** အစားအသောက်များကို ယင်နှင့်အခြားပိုးမွှားများ မနားရအောင် ဖုံးအုပ်ကာကွယ်ထားရပါမယ်။

**အစာအဆိပ်သင့်တဲ့ ရောဂါသင်္ကေတ** လက္ခဏာများကတော့ ဝမ်းလျှောခြင်း၊ အန်ခြင်း၊ ဗိုက်နာခြင်းဖြစ်ခဲ့ရင် နီးစပ်ရာ ဆေးခန်း၊ ဆေးရုံ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပြသသင့်တယ်။ စွန့်ပစ်အညစ်အကြေးမှတစ်ဆင့် လူနဲ့တိရစ္ဆာန်တို့ရဲ့ ပတ်ဝန်းကျင်ကို ရောဂါပျံ့နှံ့နိုင်တာကြောင့် သတိရှိသင့်တယ်။ ဘေးကင်းတဲ့အစာထုတ်နိုင်ဖို့ မွေးမြူရေးသမားများကလည်း တာဝန်ရှိတယ်။

မွေးမြူရေးလုပ်ငန်းမှာ မွေးမြူရေးခြံ၊ အသား၊ ကြက်ဥတို့မှာ ဆယ်မိုနဲလာ စတဲ့ ရောဂါပိုးများကင်းရှင်းရမယ်။ ကူးစက်ရောဂါကျရောက်နေတဲ့ခြံက အသားကို ဈေးကွက်ထဲ လုံးဝမထုတ်လုပ်သင့်ပါဘူး။ မွေးမြူရေးခြံကထွက်တဲ့ အညစ်အကြေးများဟာ ပတ်ဝန်းကျင်ညစ်ညမ်းမှုမှ ကင်းဝေးဖို့ စနစ်တကျ ရေမြောင်းစနစ်နဲ့ စွန့်ပစ်သင့်တယ်။ တိရစ္ဆာန်များတစ်နေရာမှ တစ်နေရာကို သယ်ဆောင်ရာမှာ၊ တိရစ္ဆာန်များသားသတ်ရုံမပို့မီ လှောင်ထားရာမှာ သန့်ရှင်းစွာထားသင့်တယ်။ ပဋိဇီဝဆေးသုံးစွဲလျှင်လည်း စနစ်တကျ အညွှန်းအတိုင်းသုံးသင့်တယ်။

လူနှင့် တိရစ္ဆာန်တို့ရဲ့ အညစ်အကြေးများပေါ်သို့ ယင်ကောင်ကနားပြီး ပျံသန်းကာ(အစာပေါ် သို့ ရေပေါ်သို့) တက်ရောက်နားရင် ယင်ညစ်ညမ်းအစာနှင့် ရေအား (မသန့်ရှင်းသောလက်ချောင်းများနှင့်စားခဲ့ရင် facus, fly, flight, food, fingers ကြောင့်ရောဂါရရှိစေပြီး အစာအဆိပ်သင့်ခြင်း၊ အထက်လှန်အောက်လျှောခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း ဖြစ်စေပါတယ်။ မိသားစုဆရာဝန်နဲ့ပြသပြီး လမ်းညွှန်မှုခံယူသင့်ပါတယ်။



## ကိုလက်စထရောကျစေသော ဆေးဝါးမှီဝဲသူအမျိုးသမီးများမှာ ကင်ဆာဝေဒနာကြောင့် သေဆုံးမည့်အလားအလာလျော့ချနိုင်

နှစ်ကာလကြာရှည် အချိန်ယူလေ့လာထားမှုအရ ကိုလက်စထရောကျစေသောဆေးဝါးများကို မှီဝဲသောက်သုံးသော အမျိုးသမီးများတွင် ကင်ဆာကြောင့် သေဆုံးမည့် အလားအလာများကို လျှော့ချပေးနိုင်ကြောင်း အင်္ဂလန်နိုင်ငံ ကင်ဆာသုတေသနအဖွဲ့က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားတာကို ဖတ်ရှုမှတ်သားလိုက်ရပါတယ်။

သုတေသီများဟာ အသက် ၅၀ မှ ၇၉ နှစ်ကြား သွေးဆုံးပြီး အမျိုးသမီး တစ်သိန်းခွဲနီးပါးကို ၁၅ နှစ်ကြာ လေ့လာမှုပြုခဲ့ကြတာဖြစ်ပြီး ၃၁၀၀ ဦးမှာ သွေးဆုံးပြီးမှ ကင်ဆာဝေဒနာကြောင့် သေဆုံးမှုရှိတာကို တွေ့ရှိခဲ့ကြပါတယ်။ သုတေသီများက ကိုလက်စထရောချပေးသောဆေး Statins သောက်သုံးသော အမျိုးသမီးများမှာ ကင်ဆာဝေဒနာကြောင့် သေဆုံးမည့် အလားအလာကို ၂၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း တွေ့ရှိခဲ့ရပြီး ကင်ဆာဝေဒနာအမျိုးအစားအားလုံးကို (အဆုတ်၊ရင်သားစသည်) ထည့်သွင်းစဉ်းစားထားတာလို့ သိရပါတယ်။

အရင်တုန်းက လေ့လာထားတဲ့ သုတေသီအချို့ကတော့ ကိုလက်စထရောဟာ ကင်ဆာပြန့်ပွားမှုကို အထောက်အကူပြုတယ်လို့ ဖော်ထုတ်ထားပါတယ်။ ဒါပေမယ့်Statinsကြောင့်ကင်ဆာဝေဒနာသည်များရဲ့ သေဆုံးမှုကို လျော့နည်းစေတယ်လို့ ယခင်လေ့လာချက်များအရ အခိုင်အမာ ပြောဆိုနိုင်ခဲ့ခြင်းမရှိဘဲ လေ့လာမှုများ ဆက်လက်လုပ်ဆောင်ရန်လိုအပ်နေသေးတယ်လို့ သုတေသီများက ပြောဆိုခဲ့ပါတယ်။

ယခုတိုင်လည်း Statins သောက်သုံးခြင်းဖြင့် ကင်ဆာဝေဒနာကြောင့် သေဆုံးမှုများကို လျှော့ချပေးနိုင်ကြောင်းသို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် လျှော့ချပေးနိုင်ကြောင်းကို အခိုင်အမာ ပြောဆိုနိုင်ခြင်းတော့မရှိသေးကြောင်း အင်္ဂလန်ကင်ဆာသုတေသနဌာနမှ Dr. Rrchard Roope က ပြောကြားပါတယ်။

ဆက်လက်ပြီး အင်္ဂလန်ကင်ဆာသုတေသနဌာနရဲ့ ရန်ပုံငွေ ပံ့ပိုးပေးထားတဲ့ Lung Star အဖွဲ့အပါအဝင် သုတေသနအဖွဲ့ အတော်များများဟာ ကိုလက်စထရောချပေးတဲ့ ဆေးဝါးများသည် ကင်ဆာဝေဒနာကုသရန် အထောက်အကူ အမှန်တကယ်ပြုမပြုကို လေ့လာဖော်ထုတ်ခြင်းအား ဆက်လက်လုပ်ဆောင်သွားမယ်လို့ ဆင်ဟွာသတင်းအရ သိရှိရပါတယ်။

**ရှင်ပါဂူ**

## မြန်မာနိုင်ငံ၏ သွားနှင့်ခံတွင်းကျန်းမာရေးလတွင် ပြည်သူပေါင်း ငါးသောင်းကျော်ကို သွားနှင့်ခံတွင်း အခမဲ့စစ်ဆေးပေးနိုင်ခဲ့

Colgate နှင့် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်များအသင်းတို့၏ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြုလုပ်ခဲ့သည့် သွားနှင့်ခံတွင်းကျန်းမာရေးလအစီအစဉ် ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

အဆိုပါအစီအစဉ်တွင် မြန်မာနိုင်ငံဆရာဝန်အသင်းအနေဖြင့် ပြည်သူပေါင်း ၅၅၀၀၀ ကို သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးခြင်းကို အခမဲ့ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းလှုပ်ရှားမှုကို မေလဆန်းမှစတင်ကာ မန္တလေးမြို့မှ စတင်၍ လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သွားနှင့်ခံတွင်းဆေးခန်း ပေါင်း ၃၀၀ တွင် အခမဲ့ သွားနှင့်ခံတွင်း စစ်ဆေးပေးခြင်းများကို ပြုလုပ်ပေးနိုင်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံဆရာဝန်များအသင်းအနေဖြင့် အထူးခရီးစဉ်အဖြစ် မကွေးတိုင်းဒေသကြီး၊ အနောက်နံ့ဂါတ်ကျေးရွာရှိ ပြည်သူ ၁၉၂၅ ဦးကို သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးပေးခြင်းများကို အခမဲ့ပြုလုပ်ပေးခဲ့သည့်အပြင် သွားနှင့်ခံတွင်းရောဂါရှင်များကိုလည်း အခမဲ့ကုသမှုများ ပြုလုပ်ပေးခဲ့သည်။

ထို့ပြင် အဆိုပါကျေးရွာရှိ သက်ကြီးရွယ်အို ၂၀ ဦးကိုလည်း သွားတုများ ပြုလုပ်ပေးနိုင်ခဲ့သည်။

ယခုတစ်ကြိမ် ပြုလုပ်ခဲ့သည့် သွားနှင့်ခံတွင်း ကျန်းမာရေးအသိပေးလှုပ်ရှားမှုသည် တတိယအကြိမ်မြောက်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအား



သွားနှင့်ခံတွင်းကျန်းမာရေးကို အခမဲ့စစ်ဆေးခြင်းဖြင့် သွားနှင့်ခံတွင်း၏ ကျန်းမာရေးအရေးပါပုံကို အများပြည်သူများ ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်၍ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်အတွင်းကလည်း မြန်မာနိုင်ငံရှိ ပြည်သူပေါင်း ၂၂၃၀၀ ကို သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးမှုများကို အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၅-၆-၂၀၁၅ မှ ၂၁-၆-၂၀၁၅ ရက်နေ့ထိ
ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေး၊ လူမှုရေးတို့တွင် မိမိစိတ်တိုင်းကျဖန်တီးနိုင်ရန် ကြိုးစားနေသော်လည်း ကြန့်ကြာမှုနှောင့်နှေးမှုများ ဖြစ်နေတတ်ပါသည်။ စက်မှုပစ္စည်းလုပ်ငန်းများ၊ ဇိမ်ခံပစ္စည်းများ စသည်တို့နှင့် အကျိုးပေးပါသည်။ လူမှုရေး၊ စီးပွားရေးတွင်အပေါင်းအသင်း ဝင်ဆန့်တတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ရောဂါများများစားစားမရှိတတ်ပါ။ ကုသမှုပြုလုပ်လျှင်ပျောက်ကင်းသွားတတ်ပါသည်။ အချစ်ရေးကံကောင်းတတ်သည်။ မိမိကိုအကျိုးပြုသောချစ်သူကို တွေ့ရတတ်ပါသည်။ **ယတြာ။ အုန်းရေ ဘုရားကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်း တိုးတက်ခိုင်မာမှုရှိလာရန် ကြိုတင်တွက်ဆထားတတ်ပါသည်။ မိတ်ဆွေအပေါင်းအသင်းပေါတတ်ပြီး၊ အပေါင်းအသင်း မိတ်ဆွေများသည် သင်အခက်အခဲရှိသည့်အခါ ငွေအား လူအားဖြင့် အကူအညီပေးတတ်ပါသည်။ ကျန်းမာရေးအနေဖြင့်ကြီးမားသောရောဂါဝေဒနာများ မစွဲကပ်တတ်ပါ။ အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာရွှင်လန်းနေတတ်ပါသည်။ အချစ်ရေးတွင် ချစ်သူနှင့်ပေါင်းသင်းလက်ထပ်ရန် ဆွေးနွေးတိုင်ပင်နေရတတ်ပါသည်။ **ယတြာ။ ဘုရားတွင် သာကူလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် ဦးဆောင်မှုဖြင့် အကြံဉာဏ်နည်းသစ်များနှင့် လုပ်ကိုင်ရသည်ဆိုသော်လည်း ပြင်ပမှ ပူးပေါင်းကူညီမှုများကြောင့် အဆင်ပြေစွာလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြစ်တတ်ပါသည်။ လျှပ်စစ်ပစ္စည်းများ၊ ဆီထွက်သီးနှံများတို့နှင့် အကျိုးပေးပါသည်။ ကျန်းမာရေးအနေဖြင့် အပူကြီးသောရောဂါဝေဒနာ ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် ညှိနှိုင်းတိုင်ပင်ပြီး ဘဝအရေးအတွက် ခဏလေးမျှပင် အနားမယူဘဲကြိုးစားဆောင်ရွက်နေရတတ်ပါသည်။ **ယတြာ။ ဇီးဖျော်ရည်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးတွင် တတ်ကျွမ်းသည့်အခြေအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ မြေ၊ တွင်းထွက်ပစ္စည်းများနှင့် သယံဇာတပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများအကျိုးပေး ကောင်းနေတတ်ပါသည်။ စီးပွားရေး၊ လူမှုရေးတို့တွင်အောင်မြင်မှုများ ရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အရေးပြားယားယံသောဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ အချစ်ရေးတွင် မေတ္တာဟန်ဆောင်နှလုံးသားနှင့် ဥပေက္ခာသမားကို ခင်တွယ်မိတတ်ပါသည်။ **ယတြာ။ ရေသန့်သောက်ရေသုံးရေလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အသိုင်းအဝိုင်းနှင့် ကြည်လင်မှုမရှိဘဲ မိသားစုနှင့်ကျမှသာလျှင် ပွင့်ပွင့်လင်းလင်းပြောဆိုဆက်ဆံ၍ရတတ်သည်။ စီးပွားရေးဖြစ်စေ၊ လူမှုရေးဖြစ်စေ ယဉ်ကျေးမှုအရဟန်ဆောင်၍ ဆက်ဆံရတတ်သည်။ ပဲ၊ ပြောင်း၊ ဂျုံတို့နှင့် ပတ်သက်သော လယ်ယာထွက်ပစ္စည်းများ အကျိုးပေးလိမ့်မည်။ ကျန်းမာရေးတွင် အစာမကြေခြင်း၊ အစာအိမ်ရောဂါ ဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။ အချစ်ရေးတွင် မာယာတောမှာမျောပါသွားရတတ်သည်။ **ယတြာ။ ဘုရားတွင် နဂါးမောက်သီးလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကို လူးလွန့်လှုပ်ရှားကြိုးစားနေရတတ်ပါသည်။ အခက်အခဲများကိုကျော်လွှား၍ အောင်မြင်တိုးတက် မှုများ၊ အမြတ်အစွန်းများ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားနေရတတ်သည်။ ဓာတ်သတ္တုလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ အကျိုးပေးနိုင်ပါသည်။ ကျန်းမာရေးအနေဖြင့် စိတ်လေးလံထိုင်းမှိုင်းခြင်း၊ ဇက်ကြောတက်ခြင်း၊ ဦးခေါင်းကိုက်ခြင်း၊ အရိုးအဆစ်နာကျင်ခြင်းဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေးကို ဥပက္ခာပြုတတ်ပြီး၊ မေတ္တာတေးကိုမဆိုတော့ဘဲ ဘဝအရေးအတွက် ကြိုးစား နေရတတ်ပါသည်။ **ယတြာ။ ရွှင်းကောင်း၊ ပန်းချီကားတစ်ချပ် မိမိအိမ်တွင်ချိတ်ဆွဲထားပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းအောင်မြင်တိုးတက်မှု အလားအလာ ကောင်းတတ်ပါသည်။ ငွေကြေး အမြတ်အစွန်းများလည်းရရှိတတ်ပါသည်။ ရေနံနှင့်ရေနံထွက်ပစ္စည်းအကျိုးပေးကောင်းပါသည်။ ပညာရေးနှင့် ကျန်းမာရေး ရောထွေးမသွားရန်ဂရုစိုက်ရမည်။ ကျန်မာရေးအခြေအနေမှာ ဝေဒနာဟောင်းများ ပျောက်ကင်းသွားတတ်သည်။ ဘာသာရေးလုပ်ငန်းများလုပ်ကိုင်ဖြစ်လိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သင့်တင့်ကောင်းမွန်နေတတ်ပါသည်။ **ယတြာ။ ဘုရားတွင် နှင်းပန်းလှူဒါန်းပါ။**

# နွေနှမ်းပွင့်ချိန် မိုဘိုင်းပျားမွေးမြူရေးလုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်လာ



ယခုနှစ် နွေနှမ်းရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်အတွင်း မိုဘိုင်းပျားမွေးမြူရေးလုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်မှုများပြားလာပါတယ်။ ပျားမွေးမြူရေးတွင် ပျားဘုရင်မတစ်ကောင်ရရှိရန် ပျားသလက်မှ ပျားဥအိမ်အတွင်း ဥ ဥစအချိန် ၎င်းပျားဥကို လက်တစ်ဆစ်ခန့်အရွယ်ရှိ ခွက်ငယ်တစ်ခုတွင် ထည့်သွင်း၍ ပျားအိမ်အတွင်း ထားရှိရကြောင်း၊ ရက်သတ္တပတ် နှစ်ပတ်ကျော်ကြာရင် ပျားကောင်အဖြစ်ပေါက်ဖွားပြီး သက်တမ်းနှစ်လ ပျားမတမ်းအရွယ်တွင် ပျားထီးများနဲ့ မြူးထူးပျံသန်းကြောင်း၊ ပျားအိမ်တစ်ခုတွင် ပျားဘုရင်မတစ်ကောင်သာချန်ထားပြီး မွေးမြူသားဖောက်ကြောင်း၊ ဥနှုန်းအကောင်းဆုံးအချိန် ၃ နှစ်ခန့်အထိ ပျားဘုရင်မကို မွေးမြူကြောင်း "ဟိဏ်းရာဇာ ပျားမွေးမြူရေးလုပ်ငန်းခွဲ" ခေါင်းဆောင်က ပြောပါတယ်။

ပျားရည်ထုတ်လုပ်မှု စရိတ်နဲ့ အကျိုးအမြတ်ရရှိမှု အခြေအနေကို ၎င်းက "ကျွန်တော်တို့လုပ်ငန်းခွဲအဖွဲ့မှာ ပျားအိမ်အလုံး ၃၀၀ မွေးမြူပါတယ်။ ပျားအိမ် အလုံး ၃၀၀ရဲ့ ရင်းနှီးမြှုပ်နှံမှုစရိတ်က ကျပ်သိန်း ၃၀ ရှိတယ်။ ကျွမ်းကျင်လုပ်သား ၆ ဦးနဲ့ ဒီနယ်မှာ တစ်လ၊ တစ်လခွဲလောက် နှမ်းအပွင့်သိမ်းချိန်ထိ ပျားရည်ထုတ်မယ်။ အဖွဲ့ရဲ့ နေထိုင်သွားလာစရိတ်က ၅၅၀၀၀၀ ကျပ်ခန့် မှန်းပြီး၊ မဲဇာဒေသကနေ ဒီကိုပြောင်းရွှေ့ခဲ့ရတဲ့ လူနဲ့ပစ္စည်း သယ်စရိတ်က ၁၅၀၀၀၀ ကျပ် စုစုပေါင်း ကျပ် ခုနစ်သိန်းကုန်ကျမယ်။ ပျားအိမ်အလုံး ၃၀၀ မှာ ပျားရည် ၁၀ ပေပါလောက်ရနိုင်မယ်လို့မှန်းထားတယ် ဈေးကွက်က တစ်ပေပါ ၆ သိန်းကျပ်၊ လက်လီဈေးတစ်ပိဿာ ၃၀၀၀ ကျပ်ရှိတယ်။ ပျားရည်ထုတ်လုပ်ရရှိတဲ့ အပေါ်မှာ အကျိုးအမြတ်ကွေ ကျပ်သိန်း ၂၀ ကျော်ရရှိမယ်လို့ မျှော်လင့် ထားတယ်"ဟု ဆက်လက်ပြောပါတယ်။

ဟိဏ်းရာဇာ ပျားမွေးမြူရေးလုပ်ငန်းဟာ ဝက်လက်မြို့နယ်မှ နွေနှမ်းများ အပွင့်သိမ်းချိန်အထိ ပျားရည်ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ပြီး၊ မိုးတွင်းကာလမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်မှာဖြစ်ကြောင်း လုပ်ငန်းခွဲခေါင်းဆောင်ထံမှ သိရပါတယ်။

**ခင်မောင်ဆွေ-ဝက်လက်**

# မြက်ဖျာထုတ်လုပ်ရန် လာရောက်ဆွေးနွေး

သဘာဝကုန်ကြမ်းများဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိတဲ့ ဂျပန်ကုမ္ပဏီသည် IKUSA မြက်မှ မြက်ဖျာထုတ်လုပ်သည့် လုပ်ငန်းလုပ်ဆောင်ရန် မြက်စိုက်ပျိုးခြင်းနှင့် စက်ရုံတည်ထောင် ရင်းနှီးမြှုပ်နှံသည့် ကိစ္စနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် ဇွန်လ ၁၀ ရက်နေ့က လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

ဂျပန်မြက်ကို ကောလင်းမြို့နယ်တွင် ယခင်နှစ်က စမ်းသပ်စိုက်ပျိုးခဲ့ရာ စိုက်ပျိုးဖြစ်ထွန်းသဖြင့် ယခုနှစ်တွင် စိုက်ဧကတိုးချဲ့စိုက်ပျိုးလိုကြောင်း၊ တောင်သူများစိုက်ပျိုးလိုပါက နည်းပညာပေးပြီး ထွက်တဲ့ကုန်ကြမ်း ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ မြက်ဖျာနှင့် လူသုံးကုန် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် ကုန်ကြမ်းကို မြန်မာထွက်ပစ္စည်းများနှင့်သာ အသုံးပြုနိုင်ရန် အနားကွပ်ချည်ထည် အသုံးပြုနိုင်ရေး မုံရွာရက်ကန်းကျောင်းကိုလည်း ဝင်ရောက်လေ့လာကြည့်ရှုခဲ့ပြီး ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နည်းပညာမြှင့်တင်ရာတွင် ကူညီပံ့ပိုးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ကုမ္ပဏီက ပြောကြားပါတယ်။

ဂျပန်မြက်သည် တစ်နှစ်ကို တစ်ကြိမ်သာ စိုက်ပျိုးမည်ဟု သိရသဖြင့် တောင်သူတွေ မိုးစပါးစိုက်ပျိုးနိုင်ကာ နွေသီးနှံအတွက် ဝင်ငွေတိုးပြီး အကျိုးအမြတ်ရှိပါက တောင်သူတွေ စိုက်ပျိုးလာနိုင်ကြောင်း၊ စက်ရုံမြေနေရာ စိစစ်ဖို့နဲ့ ကုန်ကြမ်း အလုံအလောက်ရရှိဖို့ လိုအပ်ရာ ကုမ္ပဏီအနေဖြင့် နောက်ခံသမိုင်းကောင်းရှိရုံဖြင့်မရဘဲ ဒေသခံများကို အလုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင်ခြင်း၊ စိုက်ပျိုးထွက်ရှိလာပါက ဝယ်ယူမည့် အာမခံချက်များ ပေးခြင်းဖြင့် တောင်သူတွေ ဝင်ငွေတိုးပြီး အကျိုးရှိစေလိုကြောင်း ဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

**ရီလင်းထွဋ်-မုံရွာ**

# ဟဲဟိုးဂန္ဓမာပန်းဈေးကွက် ဈေးကောင်း အရောင်းသွက်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟဲဟိုးပန်းအစုအဖွဲ့မှာ ဒေသတွင်းကထွက်ရှိတဲ့ ဂန္ဓမာပန်းများ ဈေးကွက်မှာ ဈေးကောင်း အရောင်းသွက်နေတာကြောင့် ဒီနှစ် ပန်းစိုက်တောင်သူများ တွက်ခြေကိုက်ပြီး စီးပွားရေးတိုးတက် ကောင်းမွန်လျက်ရှိတယ်လို့ သိရပါတယ်။

ဟဲဟိုးဒေသထွက် ဂန္ဓမာပန်းများ မေလနောက်ဆုံးပတ်ကစပြီး ဈေးကွက်သို့ဝင်ရောက်လာခဲ့တာ စတင်ထွက်ရှိချိန်မှာ ပန်းတစ်ပွင့်ကို ထိပ်စ ၁၂၀ ကျပ်၊ လတ်စ ၈၀ ကျပ်နဲ့ ဈေးကောင်းရရှိခဲ့ကြပြီး ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်၊ မူဆယ်နဲ့ ကျိုင်းတုံ၊ တာချီလိတ်ဈေးကွက်များအထိ တိုးချဲ့တင်ပို့ရောင်းချနေရတယ်လို့ သိရပါတယ်။ ယခင်က ဂန္ဓမာပန်းများကို သီခေါင်ကျေးရွာအုပ်စုတွင်သာ အဓိကထားစိုက်ပျိုးခဲ့ကြပြီး ဟဲဟိုးပန်းအစုအဖွဲ့ "ကလောဇုန်" တည်ထောင်ခဲ့သည့် ၂၀၀၉ ခုနှစ်နောက်ပိုင်း သီခေါင်ကျေးရွာအုပ်စုအပြင် ဟဲဟိုးနဲ့ ဘော်နင်းကျေးရွာအုပ်စုများအထိ တိုးချဲ့စိုက်ပျိုးလာခဲ့ကြပြီး၊ ယခုအခါ ဂန္ဓမာပန်းစိုက်ဧက ၅၀၀ခန့်ရှိကြောင်း၊ ဟဲဟိုးပန်း အစုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးပြောပြချက်အရ သိရပါတယ်။



**မင်းအောင်-တောင်ကြီး**



# မြို့ကြီးများ၏ ၁၅-၆-၂၀၁၅ မှ ၁၉-၆-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၅-၆-၂၀၁၅) | အင်္ဂါ(၁၆-၆-၂၀၁၅) | ဗုဒ္ဓဟူး(၁၇-၆-၂၀၁၅) | ကြာသပတေး(၁၈-၆-၂၀၁၅) | သောကြာ(၁၉-၆-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၀°C/၈၆°F | ၅၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၇°F | ၈၀% ၃၀°C/၈၇°F | ၈၀% ၃၀°C/၈၇°F | ၈၀% ၃၀°C/၈၈°F |
| မန္တလေးမြို့ | ၆၀% ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၇°C/၉၉°F | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F |
| မြစ်ကြီးနား | ၈၀% ၃၀°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| လားရှိုး | ၅၀% ၂၇°C/၈၁°F | ၅၀% ၂၈°C/၈၂°F | ၃၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F |
| ကျိုင်းတုံ | ၇၀% ၃၀°C/၈၆°F | ၅၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F | ၃၀% ၃၁°C/၈၈°F |
| လွိုင်ကော် | ၅၀% ၂၈°C/၈၃°F | ၄၀% ၂၈°C/၈၂°F | ၄၀% ၂၉°C/၈၅°F | ၃၀% ၂၉°C/၈၅°F | ၄၀% ၂၉°C/၈၅°F |
| တောင်ကြီး | ၅၀% ၂၃°C/၇၃°F | ၅၀% ၂၃°C/၇၃°F | ၆၀% ၂၄°C/၇၅°F | ၅၀% ၂၅°C/၇၇°F | ၃၀% ၂၅°C/၇၇°F |
| မော်လမြိုင် | ၈၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F |
| ဘားအံ | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| တောင်ငူ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၉၀°F | ၅၀% ၃၂°C/၉၀°F |
| မုံရွာ | ၃၀% ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | နေသာ ၃၇°C/၉၉°F | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F |
| ပုသိမ် | ၉၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| မြိတ် | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| စစ်တွေ | ၉၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၇၀% ၃၁°C/၈၈°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F |
| မကွေး | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| ဖလမ်း | ၈၀% ၂၅°C/၇၇°F | ၇၀% ၂၄°C/၇၆°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၉°F |



## နီပေါနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်း၍ မြေပြိုမှုများဖြစ်ပွား လူပေါင်းများစွာ ပျောက်ဆုံးလျက်ရှိ

ပြီးခဲ့သည့်ဧပြီလနှင့် မေလအတွင်းက အင်အားအလွန်ပြင်းထန်သည့် ငလျင်နှစ်ကြိမ် ဆက်တိုက်လှုပ်ခတ်ခဲ့ပြီးနောက် ယခုလတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်ခဲ့ရာ မြို့တော် ခတ္တမန္ဒူတွင် မြေပြိုကျမှုများဖြစ်ပွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မြို့တော်ခတ္တမန္ဒူ၏ အရှေ့ပိုင်းရှိ ကျေးရွာများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ တောင်ပြိုကျမှုများကြောင့် တောင်အောက်တွင်ရှိသည့် ကျေးရွာအချို့မှာ မြေကြီးအောက်သို့ရောက်ရှိသွားကြောင်း၊ ယခုအခါတွင် လူပေါင်း ၂၄ ဦးသေဆုံးခဲ့ပြီး ပျောက်ဆုံးနေသူများလည်း ရှိနေကြောင်း၊ ပျောက်ဆုံးနေသူများကိုလည်း ကယ်ဆယ်ရေးတပ်ဖွဲ့များက ရှာဖွေကာ ကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

မိုးရွာသွန်းမှုသည် နှစ်ပေါင်း ၂၇ နှစ်အတွင်း စံချိန်တင်ရွာသွန်းခြင်းဖြစ်ကြောင်း နီပေါနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ထုတ်ဖော်ပြောကြားခဲ့သည်။

နီပေါနိုင်ငံ၏ မိုးရာသီကာလဖြစ်သည့် ဇွန်လနှင့် စက်တင်ဘာလအတွင်း တောင်ထူထပ်သည့်နေရာဒေသများတွင် မြေပြိုမှုများဖြစ်ပေါ်လေ့ရှိသော်လည်း ယခုတစ်ကြိမ်ဖြစ်ပွားမှုမှာ အလွန်ပြင်းထန်လှသည်ဟု ဆိုသည်။

ယခုမြေပြိုမှုများဖြစ်ပေါ်သည့် ဒေသများတွင် အစိုးရရုံးဌာနများ၊ ရဲစခန်းများ မရှိသည့်ဒေသများဖြစ်ကြောင်း၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များမှာ အဆိုပါဒေသသို့ ရောက်ရှိရန် ခက်ခဲစွာ သွားရောက်ခဲ့ရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ငလျင်နှစ်ကြိမ်လှုပ်ခတ်မှုကြောင့် နီပေါနိုင်ငံ၊ ခတ္တမန္ဒူမြို့တစ်မြို့လုံးနီးပါး ပျက်စီးခဲ့ရပြီး လူပေါင်း ၈၇၀၀ ကျော် သေဆုံးခဲ့ရသည်။

**မယ်သီတာ**

# ပါကစ္စတန်နိုင်ငံမှ အပူလှိုင်း အရှေ့အလယ်ပိုင်းဒေသအထိ ပျံ့နှံ့

အိန္ဒိယနိုင်ငံမှ ပါကစ္စတန်နိုင်ငံသို့ ကူးစက်သွားခဲ့သည့် အပူလှိုင်းဖြတ်သန်းမှုသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အရှေ့အလယ်ပိုင်းဒေသများသို့ပါ ကူးစက်ပျံ့နှံ့သွားခဲ့ကြောင်း Gulfnews တွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံတွင် အပူလှိုင်း ဖြတ်သန်းမှုကြောင့် လူပေါင်း ၂၅ ဦး သေဆုံးခဲ့ရကြောင်း၊ အပူချိန်မှာ ၄၆ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်လာခဲ့ကြောင်း၊ အထူးသဖြင့် ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဒေသများတွင် အပူချိန် ပိုမိုမြင့်တက်လာခဲ့ကြောင်းဖြင့် ကယ်ဆယ်ရေးတာဝန်ခံ မာဂျီးအာမက်က ပြောကြားခဲ့သည်။

ထို့ပြင် ပါကစ္စတန်တောင်ပိုင်း သဲကန္တာရဒေသများတွင် အပူချိန်သည် ရံဖန်ရံခါ ၅၀ ဒီဂရီဆဲလ်ဆီးယပ်စ်အထက်သို့ပင် ရောက်ရှိခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ဧပြီလနှင့် မေလအတွင်း အပူချိန်များစံချိန်တင် မြင့်တက်မှုကြောင့် လူပေါင်း ၂၅၀၀ ကျော် သေဆုံးခဲ့ရသဖြင့် အပူလှိုင်းဖြတ်သန်းမှုကို သတိပြုကြရန် နှိုးဆော်ထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ အပူလှိုင်းဖြတ်သန်းမှုသည် ပင်လယ်ကွေ့ဒေသနိုင်ငံများဖြစ်သည့် ယူအေအီး၊ ကာတာနိုင်ငံတို့တွင်လည်း ဖြစ်ပေါ်ခဲ့သည်ဟုဆိုသည်။



ယူအေအီးနိုင်ငံတွင် ဇွန် ၁၀ ရက်က အပူချိန် ၄၅ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိခဲ့ပြီး ၅၀ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ပင် ရောက်ရှိနိုင်ကြောင်း ယူအေအီးနိုင်ငံ မိုးလေဝသဌာနက ခန့်မှန်းထားသည်။ ယူအေအီးနိုင်ငံ အဘူဒါဘီမြို့တော် တောင်ပိုင်းဒေသများတွင် အပူချိန်သည် ၄၉ ဒသမ ၁ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်လာခဲ့သည်ဟု ဆိုသည်။

ထို့အတူ ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင်လည်း အပူချိန်သည် ၄၅ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်စ်မှ ၄၆ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ မြင့်တက်ခဲ့ကြောင်း၊ အဘူဒါဘီမြို့တော်တွင် နေ့လယ် ၁၂ နာရီအချိန် တိုင်းတာချက်များအရ အပူချိန်သည် ၅၀ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိခဲ့ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

**မယ်သီတာ**

# မြန်မာယူ- ၂၃အသင်း ဗိုလ်လုပွဲ တက်ပြီ

## ဆီမီးဖိုင်နယ်တွင် ဗီယက်နမ် ယူ- ၂၃အသင်းကို စိတ်ဓာတ်အသာဖြင့် အနိုင်ယူပြီး ကိုးကြိမ်မြောက်အဖြစ် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့

စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ဘောလုံးပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဇွန်လ ၁၂ရက်နေ့က စင်ကာပူနိုင်ငံ၊ အမျိုးသားအားကစားကွင်း၌ ကျင်းပခဲ့ရာ မြန်မာ ယူ-၂၃ အသင်းက ဗီယက်နမ် ယူ-၂၃ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

အဆိုပါပွဲတွင် မြန်မာအသင်းသည် ပထမပိုင်း ၃၉ မိနစ်တွင် ပင်နယ်တီဂိုးဖြင့် ဦးဆောင်ဂိုးရရှိခဲ့သော်လည်း ဒုတိယပိုင်း မိနစ် ၇၀ တွင် ချေပဂိုးပြန်လည်ပေးခဲ့ရသည်။ မြန်မာအသင်းသည်တိုက်စစ်ဖွင့်၍ကစားခဲ့သော်လည်း ဗီယက်နမ်နောက်တန်းနှင့် အလယ်တန်းတို့၏ဖျက်ထုတ်မှုအားကောင်းသဖြင့် ဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

ဗီယက်နမ်အသင်းမှာလည်း မြန်မာ ဂိုးသမား ကျော်ဇင်ဖြိုး၏ လက်စွမ်းပြကာကွယ်မှုများနှင့် ဂိုးသွင်းမသေသပ်မှုများကြောင့် အနိုင်ဂိုးများ သွင်းမယူနိုင်ခဲ့ပေ။ မြန်မာအသင်းအတွက် ဒုတိယဂိုးနှင့် ဗိုလ်လုပွဲသို့တက်ရောက်



နိုင်မည့် အနိုင်ဂိုးကို ပွဲချိန် ၇၅ မိနစ်တွင် နေလင်းထွန်းက ၁၈ ကိုက်စည်းအတွင်းမှ ကန်သွင်းယူကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

မြန်မာအသင်းသည် ဗိုလ်လုပွဲတွင် ထိုင်းအသင်း (သို့မဟုတ်) အင်ဒိုနီးရှားအသင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။



### မြန်မာယူ– ၂၀နည်းပြ ဂတ်ဆီဗီအား လစာ ခြောက်ဆတိုးမြှင့်ကာ ထပ်မံစာချုပ်ချုပ်ဆိုသွားမည်

မြန်မာယူ-၂၀ အသင်းအား ကမ္ဘာ့ဖလားယူ-၂၀ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိစေခဲ့ပြီး မြန်မာကို ကမ္ဘာက တအံ့တသြဖြင့် သိမြင်ခွင့်ရရှိအောင် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သည့် မြန်မာ ယူ-၂၀ အသင်း၏ နည်းပြ ဂျာမနီနိုင်ငံသား မစ္စတာဂတ်ဆီဗီကို ယခုရရှိသည့် လစာထက် ခြောက်ဆပိုပေး၍ စာချုပ်အသစ်ထပ်မံချုပ်ဆိုသွားမည်ဖြစ်ကြောင်း soccermyanmar တွင် ဖော်ပြထားချက်အရ သိရသည်။

နည်းပြချုပ် မစ္စတာဂတ်၏ လက်ရှိလစာငွေကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က တရားဝင်ဖော်ပြထားခြင်းမရှိသော်လည်း နီးစပ်သည့် အသိုင်းအဝိုင်းကမူ အမေရိကန်ဒေါ်လာတစ်သောင်းရရှိသည်ဟု ဆိုသည်။

၎င်းအား ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်နေစဉ်တွင်ပင် နည်းပြအဖြစ်လာရောက်လုပ်ကိုင်ရန် နိုင်ငံတချို့က လာရောက်ကမ်းလှမ်းခဲ့သော်လည်း လက်မခံခဲ့ကြောင်း သိရသည်။

မစ္စတာဂတ်သည် မြန်မာယူ-၂၀ အသင်းအားကမ္ဘာ့ဖလားသို့ ပထမဦးဆုံးအကြိမ် ဝင်ရောက်ခွင့်ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်နေထိုင်နေသည်မှာ လေးနှစ်ခန့်ရှိပြီဖြစ်သည်။

၎င်းအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် စာချုပ်သက်တမ်းမှာ နှစ်နှစ်ခန့်ကျန်ရှိနေသော်လည်း စာချုပ်အသစ်ထပ်မံချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

## (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဇွန် ၁၂ ရက်အထိ မြန်မာအသင်း ရွှေ ၁၁ ခုရရှိထားပြီး အဆင့်ခုနစ်တွင် ရပ်တည်နေ

(၂၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင် ဆက်လက်ကျင်းပလျက်ရှိရာမြန်မာအသင်းသည် ရွှေ ၁၁ ခု၊ ငွေ ၂၂ ခု၊ ကြေး ၂၅ ခုဖြင့် အဆင့်ခုနစ်နေရာတွင်သာ ရပ်တည်နေကြောင်း သိရသည်။

အိမ်ရှင် စင်ကာပူနိုင်ငံက ရွှေတံဆိပ် ၆၆ခု၊ငွေတံဆိပ် ၅၈ခု၊ ကြေးတံဆိပ် ၆၉ခုဖြင့် ပထမနေရာတွင်ရပ်တည်နေပြီး ဗီယက်နမ်နိုင်ငံက ရွှေတံဆိပ် ၅၇ခု၊ ငွေတံဆိပ်၃၁ခု၊ ကြေးတံဆိပ် ၅၀ဖြင့်ဒုတိယနေရာတွင် ရပ်တည်နေကာ ထိုင်းနိုင်ငံက ရွှေတံဆိပ် ၅၅ခု၊ ငွေတံဆိပ် ၆၂ခု၊ ကြေးတံဆိပ် ၄၉ခုတို့ဖြင့် တတိယနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ အသင်းသည် အဆိုပါ ဆီးဂိမ်းအကြိုကာလများတွင် ရွှေတံဆိပ် အခု ၅၀ရရှိရေးအတွက် ရည်မှန်းကာ ကြိုးပမ်း၍ လေ့ကျင့်ခဲ့ကြသော်လည်း ပြိုင်ပွဲကျင်းပသည့်နေ့မှ ဇွန် ၁၂ ရက်အထိ ရွှေတံဆိပ် ၁၁ ခုသာ ရယူနိုင်သေးကြောင်း သိရသည်။

မြန်မာ အားကစားအဖွဲ့သည် ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ် ရရှိခဲ့ခြင်းမရှိဘဲ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် လေးခုနှင့်သာ ကျေနပ်ခဲ့ရသည်။ ထို့ပြင် လှေလှော်ပြိုင်ပွဲတွင်လည်း ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်သုံးခုသာ ရရှိခဲ့သည်။

ဂျူဒိုပြိုင်ပွဲတွင်မူ မြန်မာအသင်းသည် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ၃ခု၊ ကြေးတံဆိပ် ၂ခု ရရှိခဲ့သည်။

ရိုးရာခြင်းလုံးပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခုရရှိခဲ့ပြီး ဝူရှူးပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် တစ်ခုရရှိခဲ့သည်။

ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် မြန်မာအသင်းသည် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ်သုံးခု ရရှိခဲ့သည်။ လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာအသင်းသည် ကြေးတံဆိပ်ငါးခုရရှိခဲ့ပြီး ကနူးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ရရှိခဲ့သည်။

ရိုးရာလှေပြိုင်ပွဲတွင် မြန်မာအသင်းသည် ရွှေတံဆိပ်တစ်ခုသာ ရရှိခဲ့ပြီး ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ်နှစ်ခုရရှိခဲ့သည်။

မြန်မာ အားကစားအဖွဲ့သည် ၁၂ ရက်အထိ ယှဉ်ပြိုင်ကစားလျက်ရှိရာတွင် ၁၀ရက်နေ့အထိသာ ရွှေ



တံဆိပ်ရရှိခဲ့ပြီး နှစ်ရက်ကြာ ရွှေတံဆိပ်နှင့်ဝေးကွာလျက်ရှိသည်။ ရွှေတံဆိပ်ရရှိမည်ဟု ရည်မှန်းထားသည့် သေနတ်ပစ်၊ ပိုက် ကျော်ခြင်း(ကျား)၊ တိုက်ကွမ်ဒို၊ မြားပစ် စသည်တို့တွင် ငွေတံဆိပ်၊ ကြေးတံဆိပ်တို့နှင့်သာ ကြေနပ်ခဲ့ရသဖြင့် ခန့်မှန်း ထားသည့် ရွှေတံဆိပ်အခု ၅၀ ရရှိရေး မျှော်လင့်ချက်မှာ မှေးမှိန်ခဲ့ပြီဖြစ်သည်။

### ဒူးအရွတ်ဒဏ်ရာကြောင့် ငြိမ်းချမ်းအောင် နှစ်လခန့် ထပ်မံအနားယူရဦးမည်

မြန်မာယူ-၂၀အသင်း၏ အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ငြိမ်းချမ်းအောင်သည် နယူးဇီလန်နိုင်ငံတွင် ကျင်းပသည့်ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လေ့ကျင့်ခန်းပြုလုပ်စဉ် ရရှိခဲ့သည့်ဒူးအရွတ်ဒဏ်ရာမှာ ပြန်လည် ကောင်းမွန်လာခြင်းမရှိသည့်အတွက် နှစ်လခန့် ထပ်မံအနားယူရဦးမည်ဖြစ် ကြောင်းသိရသည်။ ငြိမ်းချမ်းအောင်သည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အဓိကပွဲထွက်စာရင်းတွင် ပါဝင်ခဲ့သော်လည်း ဒူးအရွတ်ဒဏ်ရာကြောင့် အုပ်စုပွဲစဉ်သုံးပွဲစလုံးတွင် ပါဝင်ခွင့်မရရှိခဲ့ပေ။

"သူဟာ အုပ်စုပွဲစဉ်နောက်ဆုံးပွဲ စဉ်ဖြစ်တဲ့ နယူးဇီလန်နဲ့ပွဲမှာ ပါဝင်ကစားနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် လေ့ကျင့်ခန်း အစီအစဉ်မှာ ပြန်ထိသွားတာကြောင့် အဲဒီပွဲမှာ ပါဝင်ပြီးမကစားနိုင်ခဲ့ပါဘူး။ သူ့ရဲ့ဒဏ်ရာက ပိုပြီးဆိုးလာခဲ့ပါတယ်"ဟု မြန်မာယူ-၂၀ အသင်း၏ အတွင်းရေးမှူးဖြစ်သူ ဦးစိုးမိုးကျော်က ပြောကြား ခဲ့သည်။

အဆိုပါဒဏ်ရာကြောင့် ငြိမ်းချမ်းအောင်သည် မြန်မာနေရှင်နယ်လိဂ် ၂၀၁၅ ဒုတိယအကျော့ပွဲစဉ်များတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။ ငြိမ်းချမ်းအောင်သည် မနောမြေအသင်းမှ ရန်ကုန်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ထားသူဖြစ်ပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကြောင့် ရန်ကုန်ယူနိုက်တက်အသင်းတွင် ပွဲထွက်ကစားထားခြင်း မရှိသေးကြောင်း သိရသည်။



# ပရိသတ် ၇၄ ဦး သေဆုံးခဲ့ရသည့် အီဂျစ်ပြည်တွင်းဘောလုံးပွဲမှ ဆိုးသွမ်းပရိသတ် ၁၁ ဦးအား အီဂျစ်တရားရုံးက သေဒဏ်ချမှတ်

လွန်ခဲ့သည့် ၂၀၁၂ခုနှစ်က အီဂျစ်နိုင်ငံ ပို့ဆက်အားကစားကွင်း၌ ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းတွင် ပရိသတ် ၇၄ ဦး သေဆုံးခဲ့ရသည့်ဖြစ်ရပ်၌ ပါဝင်ပတ်သက်နေသည့် ဆိုးသွမ်းပရိသတ် ၁၁ဦးအား အီဂျစ်တရားရုံးက သေဒဏ်ချမှတ်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အီဂျစ်ပြည်တွင်းလိဂ်မှ ပွဲတစ်ပွဲဖြစ်သည့် အိမ်ရှင် အယ်မာဆရီအသင်းနှင့် အယ်လ်အက်ရှ်လေအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် အိမ်ရှင်အသင်းကို အားပေးသည့်ပရိသတ်များနှင့် ဧည့်သည်အသင်းကို အားပေးသည့် ပရိသတ်များကြား ပဋိပက္ခများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်တွင် ဧည့်သည်အသင်းဘက်မှရော အိမ်ရှင်အသင်းဘက်မှပါ မီးရှူးမီးပန်းများဖြင့် ပစ်ပေါက်ခြင်း၊ တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း၊ ယင်းကဲ့သို့ပြုလုပ်ခဲ့သည့်အတွက် နှစ်ဖက်အသင်းမှ ပရိသတ် စုစုပေါင်း ၇၄ဦးသေဆုံးခဲ့ရသည်။

အဆိုပါဖြစ်ရပ်အတွက် အီဂျစ်တရားရုံးက ဗီဒီယိုသက်သေများနှင့် မျက်မြင်သက်သေများကို စစ်ဆေးခဲ့ပြီးနောက် အဓိကရုဏ်းတွင် ပါဝင်ပတ်သက်သည့် ဆိုးသွမ်းပရိသတ် ၂၁ဦးကို ဖမ်းဆီးကာ စစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်သည် အီဂျစ်ဘောလုံးသမိုင်းတွင် အကျည်းတန် အရုပ်အဆိုးဆုံးသော ဖြစ်ရပ်ပင်ဖြစ်ကြောင်း၊ ထို့ပြင် အီဂျစ်ပြည်တွင်းဘောလုံးပွဲများသည် ပဋိပက္ခများဖြင့်သာ ပြီးဆုံးလျက်ရှိရာ လူသေဆုံးမှုများဖြင့် အမြဲလိုလို ကြုံတွေ့နေရသဖြင့် အီဂျစ်ဘောလုံးအဖွဲ့ချုပ်အား ဝေဖန်လျက်ရှိသည်။

ယင်းဖြစ်ရပ်အပြီးတွင် ပို့ဆက်အားကစားကွင်းအတွင်းတွင် ဖိနပ်များပြန့်ကျဲလျက်ရှိကာ ထိုင်ခုံများတွင်လည်း သွေးများစွန်းထင်နေသည်မှာ မြင်၍ပင် မကောင်းကြောင်း၊ ရုပ်သံရိုက်ကူးရေးအဖွဲ့၏ ရိုက်ကူးထားသည့် မြင်ကွင်းများမှာ အလွန်ပင် ကြောက်စရာကောင်းသည့် မြင်ကွင်းများပင်ဖြစ်ကြောင်း၊ ဘောလုံးပွဲသို့လာရောက်အားပေးသည့် ပရိသတ်များသည် အဓိကရုဏ်းဖြစ်ပွားမှုကြောင့် အတင်းတိုးဝှေ့ထွက်ကြရင်း သေဆုံးကြရသည်များလည်းရှိကြောင်းဖြင့် အီဂျစ်တရားရုံးက ထုတ်ဖော်ပြောကြားခဲ့သည်။

အီဂျစ်တရားရုံးက ဆိုးသွမ်းပရိသတ် ၁၁ ဦးကို သေဒဏ်ချမှတ်ခဲ့သည့်အပြင် ပါဝင်ပတ်သက်သူ ၂၉ဦးကိုလည်း ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။ အဆိုပါထောင်ဒဏ်ချမှတ်ခံရသည့်သူများထဲတွင် ပို့ဆက်မြို့ရဲတပ်ဖွဲ့မှ အကြီးအကဲတစ်ဦးလည်း ပါဝင်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

# ယခုရာသီ ၄ ခုမြောက် ချန်ပီယံဆုနှင့်အတူ အသင်းဖော်ရော့စ်ဘတ်ကို ဟာမီလ်တန် ၁၇ မှတ်ဖြတ်



မာစီဒီးစ်အသင်းမှ ဗြိတိန်ကားမောင်းသမား လူးဝစ္စဟာမီလ်တန်သည် ကနေဒါဂရင်းပရီပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲပြီးနောက် အသင်းဖော် နီကိုရော့စ်ဘတ်ကို ၁၇ မှတ်ဖြတ်လိုက်နိုင်ပြီဖြစ်သည်။

၂၀၁၅ ဖော်မြူလာဝမ်းရာသီ၏ ခုနစ်ခုမြောက် ပွဲစဉ်ဖြစ်သော ကနေဒါ ဂရင်းပရီတွင် ဟာမီလ်တန်သည် ထိပ်ဆုံးမှ တာထွက်ခွင့်ရခဲ့ပြီးနောက် ပြိုင်ပွဲအစမှအဆုံး ထိပ်ဆုံးမှ တောက်လျှောက်ဦးဆောင်ကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ရော့စ်ဘတ်က ဒုတိယ၊ ဝီလျံအသင်းမှ ဖင်လန်ကားမောင်းသမား ဘော့တက်စ်က တတိယရခဲ့ပြီး ကမ္ဘာ့ချန်ပီယံဟောင်း ဗက်တဲလ်မှာ အဆင့်-၁၆ မှသာ တာထွက်ခဲ့ရသော်လည်း အဆင့်-၅ ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သည်။ မက္ကလာရင်အသင်းနှင့်အတူ ကနေဒါ ဂရင်းပရီချန်ပီယံဆု သုံးကြိမ် ဆွတ်ခူးထားသောဟာမီလ်တန်အတွက် ယခုရာသီလေးခုမြောက်ချန်ပီယံဆုဖြစ်ပြီး ကမ္ဘာ့ချန်ပီယံအမှတ်ပေးဇယားတွင်စုစုပေါင်းရမှတ် ၁၅၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေသည်။

ဟာမီလ်တန်မှာ ပြီးခဲ့သည့် မိုနာကို ဂရင်းပရီတွင် အသင်း၏ အမှားကြောင့် ချန်ပီယံဆုလက်လွှတ်ခဲ့ရသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ရခြင်းကို အဆုံးသတ်နိုင်ခဲ့သည်။

# ယူအက်စ်အိုးပင်း လက်ရည်စစ်ပြိုင်ပွဲသို့ ဆယ်ကျော်သက် လူငယ်ဂေါက်သီးကစားသမား ကိုးလ်ဟမ်းမား ဝင်ရောက်ယှဉ်ပြိုင်



အသက် ၁၅ နှစ်အရွယ်သာ ရှိသေးသည့် အမေရိကန်ဂေါက်သီးကစားသမားလေး ကိုးလ်ဟမ်းမားသည် ယူအက်စ်အိုးပင်း လက်ရည်စစ်ပြိုင်ပွဲသို့ တက်ရောက်လာပြီဖြစ်ရာ ယူအက်စ်အိုးပင်း ချန်ပီယံများဖြစ်သည့် မက်အီရှိုင်းနှင့် ဂျော်ဒန်စမစ်တို့အနေဖြင့် သတိထားရတော့မည်ဟု ဘီဘီစီသတင်းစာက ထုတ်ဖော်ရေးသားခဲ့သည်။

ဟူစတန်မြို့သားလေးဖြစ်သည့် ကိုးလ်ဟမ်းမားသည် ဇွန်လ ၁၈ရက်မှ ၂၁ ရက်နေ့တွင်ကျင်းပမည့် Chambers Bay ဂေါက်သီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ တတိယမြောက် အသက်အငယ်ဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။

"ကျွန်တော် ဒီပြိုင်ပွဲကို ဝင်ပြိုင်ရမယ်လို့ အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး။ ဒါဟာ ကျွန်တော့်ကို ကမ္ဘာ့ပြိုင်ပွဲတွေဆီကို တွန်းပို့လိုက်တာပါ။ မာစတာပြိုင်ပွဲမှာ ဂျော်ဒန်စမစ် ကစားတာကို မြင်ခဲ့ဖူးတယ်။ ကျွန်တော်လုပ်နိုင်မှာပါ"ဟု အဆိုပါလက်ရည်စစ်ပွဲယှဉ်ပြိုင်အပြီးတွင် ပြောကြားခဲ့သည်။

အဆိုပါ လက်ရည်စစ်ပြိုင်ပွဲတွင် ဟမ်းမားသည် ချန်ပီယံဟောင်းများနှင့်အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ရပြီး လက်ရည်စစ်ပွဲကို အောင်မြင်ခဲ့ကာ ယူအက်စ်အိုးပင်းပြိုင်ပွဲကို တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းလက်ရည်စစ် ပြိုင်ပွဲကို ဂေါက်သီးကစားသမား ကိုးဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ပီဂျီအေတိုးချန်ပီယံဟောင်း ခရစ္စဒီမာကို၊ ၂၀၁၀ ရိုက်ဒါဖလားပြိုင်ပွဲဝင် ဂျက်ဖ်အိုဗာတန်နှင့် ကမ္ဘာ့အဆင့်တစ် ဂေါက်သီးကစားသမားဟောင်း ဒေးဗစ်ဒူဗယ်လ်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော်လည်း အောင်မြင်ခြင်း မရှိခဲ့ပေ။

ဟမ်းမား၏ဖခင်ဖြစ်သူ ဂရက်ချ်သည် ဟမ်းမား၏ကက်ဒီအဖြစ်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယူအက်စ်အိုးပင်း လက်ရည်စစ်ပွဲကို အောင်မြင်ခဲ့ရခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။

# ထင်ရှားကျော်ကြားသူများက ရွေးချယ်ပေးသော ထာဝရအကောင်းဆုံးဆုဖြင့် မေဝဲသာဂုဏ်ပြုခံရ

ရှုံးပွဲမရှိစံချိန်ရှင် အမေရိကန်လက်ဝှေ့သမား မေဝဲသာသည် ထင်ရှားကျော်ကြားသည့် လူကြီးလူကောင်းများက ရွေးချယ်ပေးသော ထာဝရအကောင်းဆုံးဆု (The Best Ever) ဖြင့် ဂုဏ်ပြုခံခဲ့ရသည်။

Guys Choice Awardsဆုချီး မြှင့်ပွဲအခမ်းအနားကို ကယ်လီဖိုးနီးယားပြည်နယ် ကျူလ်ဘာစီးတီးမြို့၌ ကျင်းပခဲ့ရာ အနုပညာလောကမှ ထင်ရှားကျော်ကြားသူ များစွာ တက်ရောက်ခဲ့ကြသည်။



မကြာသေးမီကမှ ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီအိုကို အနိုင်ယူပြီး ၄၈ပွဲဆက် ရှုံးပွဲမရှိ စံချိန်တင်ခဲ့သော မေဝဲသာကို နာမည်ကျော် ဟောလိဝုဒ်မင်းသားကြီး ရောဘတ်ဒီနီရိုက ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ မေဝဲသာသည် WBC, WBOနှင့် WBA ဝယ်လ်တာဝိတ် ရွှေခါးပတ်များကိုပိုင်ဆိုင်ထားပြီး ဝယ်လ်တာဝိတ်တန်းတွင် ကမ္ဘာ့အကောင်းဆုံး လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသည်။အသက် ၃၈နှစ်ရှိနေပြီဖြစ်သူ မေဝဲသာမှာ အနားမယူမီ နောက်ဆုံးတစ်ပွဲသာ ထိုးသတ်ရန် ကျန်ရှိတော့ပြီး လာမည့် စက်တင်ဘာလတွင်ထိုးသတ်မည့် နှုတ်ဆက်ပွဲစဉ်အတွက် ပြိုင်ဘက်လက်ဝှေ့သမားကို ရွေးချယ်ရခြင်း မရှိသေးပေ။ ဗြိတိန်လက်ဝှေ့သမား အေမာခန်းကမူ မေဝဲသာကို စိန်ခေါ်ထိုးသတ်ခွင့်ရမည်ဟု အခိုင်အမာ ယုံကြည်နေသည်။

Vol: 15, No.22 Monday June 15 2015

# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူအကာအကွယ်ပေးရေးသင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် စားသုံးသူကာကွယ်ပေးရေး သင်တန်းအမှတ်စဉ် ၅/၂၀၁၅ ကို ဇွန်လ ၁၁ ရက်မှ ၁၂ ရက်ထိ သင်ကြားပို့ချပေးသွားမှာဖြစ်ပြီး ၎င်း သင်တန်းကို တိုင်းရုံးမှ ဌာနမန်နေဂျာများ၊ အရာထမ်း၊ အမှုထမ်းများနဲ့ ပုသိမ်ခရိုင် ၇ မြို့နယ်မှ မြို့နယ်တာဝန်ခံများနဲ့ ဝန်ထမ်းများစုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

၎င်းသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေးသင်တန်းကို ခရိုင် ၄ မြို့နယ်တွင် ဖွင့်လှစ်သင်ကြားပေးပြီး ယခုအမှတ်စဉ် (၅) ကို ပုသိမ်ခရိုင်တွင် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ် ပေးရေးဥပဒေ လုပ်ထုံးလုပ်နည်းများကို တိုင်းရုံးရှိ အရာထမ်း၊ အမှုထမ်းများသာမက မြို့နယ်တာဝန်ခံနဲ့ ဝန်ထမ်းများကလည်း သိရှိနားလည်ရန် လိုအပ်ကြောင်း၊ မိမိတို့မြို့နယ်အတွင်းမှာ စားသုံးသူရေးရာ ကိစ္စရပ်များကိုလည်း ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ FDA တို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

ထို့နောက်ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပါအချက်များသာမက၊ စားသုံးသူ အငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ ဖြေရှင်းရေးအဖွဲ့ရဲ့ အရေးယူပိုင်ခွင့်နဲ့ ပြစ်မှုပြစ်ဒဏ်များအကြောင်း ဆွေးနွေးပို့ချခဲ့ပါတယ်။

နိုင်ငံတကာနဲ့ အာဆီယံ ၁၀ နိုင်ငံတို့ရဲ့ စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်ချက်များကို ဦးစီးမှူး ဦးဇော်ဝင်း (ပုသိမ်)ကလည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဆောင်ရွက်ချက် မူပိုင်ခွင့်နဲ့ ကုန်အမှတ်တံဆိပ်များ ပြုလုပ်သုံးစွဲရခြင်းနှင့်ပတ်သက်၍ ဒုတိယဦးစီးမှူး ဦးမြင့်အောင် (ပုသိမ်)တို့က သင်ကြားပို့ချပေးပြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်ဖွဲ့စည်း၍ ဆောင်ရွက်နေမှုများကို ဒုဦးစီးမှူး ဦးမြင့်အောင် (ကျုံပျော်မြို့) တို့မှ ဆွေးနွေးပို့ချပေးခဲ့ပါတယ်။

ဆက်လက်၍ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှာ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဥပဒေနဲ့ သိကောင်းစရာများကို ဒုတိယဦးစီးမှူး ဦးအောင်ထွန်း (ပုသိမ်)၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ညွှန်ကြားချက်များ စားသုံးသူအခွင့်အရေးနှင့် တာဝန်များကို ဦးစီးမှူး ဦးဇော်ဝင်း (ပုသိမ်)၊ စီးပွားရေးလုပ်ငန်းရှင် ထုတ်လုပ်သူများရဲ့ အခွင့်အရေးတာဝန်နဲ့ တားမြစ်ချက်များကို ဒုတိယဦးစီးမှူး ဦးမြင့်အောင် (ပုသိမ်) တို့မှ နံနက်ပိုင်းတွင် သင်ကြားပို့ချပေးမှာဖြစ်ပြီး မွန်းလွဲပိုင်းတွင် ပုသိမ်မြို့နယ် စည်ပင်သာယာရေးမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာပြည့်ဖြိုးက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ FDA ၏ ပူးပေါင်း ပါဝင်ဆောင်ရွက်ချက်များကို ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

# Kaymu.com.mm မှ iOS Application ကို မိတ်ဆက်

မြန်မာနိုင်ငံ၏ အွန်လိုင်းဈေးကွက်တွင် ဦးဆောင်လျက်ရှိသည့် Kaymu.com.mm သည် မိုဘိုင်းဈေးကွက်ချဲ့ထွင်ခြင်းအနေဖြင့် iOS အသုံးပြုသူများအတွက် မိုဘိုင်း App ကို မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

Kaymu.com.mm က ယခုမိတ် ဆက်လိုက်သည့် iOS App တွင် များပြားလှသည့် ကုန်ပစ္စည်းများအားရွေးချယ်ခြင်း၊ အသုံးပြုရလွယ်ကူခြင်း၊ ရောင်းချသူနှင့်ဝယ်ယူသူတို့မှ မိမိ၏ ကိုယ်ပိုင် Account အား လွယ်ကူစွာ ထိန်းချုပ်နိုင်ခြင်း စသည့်အားသာချက်များဖြင့် ရောင်းခြင်း၊ ဝယ်ခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"iOS မိုဘိုင်း App ကြောင့် iOS သုံးစွဲသူတွေအနေနဲ့ကျွန်တော်တို့ ဝက်ဘ်ဆိုက်မှာ ပိုမိုလွယ်ကူစွာနဲ့ရွေးချယ်ဝယ် ယူနိုင်ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အချက်အလက်တွေအနည်းဆုံးနဲ့အရည် အသွေးမြင့်မားကောင်းမွန်တဲ့မိုဘိုင်း App ကို သုံးစွဲတဲ့သူတွေဆီကိုအရောက် ပို့ဆောင်ပေးလိုက်ပါပြီ။ အခုဆိုရင် ကျွန်တော်တို့ဟာ iOS, Android နဲ့ Blackberry တွေရဲ့ App တွေကို အခမဲ့ဖြန့်ချိပေးထားတဲ့အတွက် အလွန်ပဲဝမ်းသာမိပါတယ်။ ကျွန်တော်တို့ရဲ့ မို ဘိုင်း App တွေအားလုံးကို မြန်မာဘာသာနဲ့သုံးစွဲနိုင်အောင် ပြုလုပ်ပေးထားပါတယ်"ဟု Kaymu ၏ Country Manager ဖြစ်သူ မက်စ်လန်ဂျာက ပြောကြားခဲ့သည်။

Kaymu.com.mm သည် ရောင်းသူနှင့် ဝယ်သူကို တိုက်ရိုက်ချိတ်ဆက်ပေးသည့်နေရာတစ်နေရာဖြစ်ပြီး ကိုယ်တိုင်ရောင်းချသည့် ဝက်ဘ်ဆိုက်တစ်ခု မဟုတ်ပေ။ အဆိုပါ ဝက်ဘ်ဆိုက်တွင် ရောင်းချသူပေါင်း ငါးထောင်ကျော် တင်ထားသည့်ကုန်ပစ္စည်းပေါင်း ခြောက်သောင်းကျော်အား တွေ့မြင် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ရော်ဘာဈေးများ ပြန်တက်ပြီ

သုံးနှစ်နီးပါး ဆက်တိုက်ကျဆင်းနေတဲ့ ရော်ဘာဈေးများဟာ ယခု ၂၀၁၅ ဇွန်လဆန်းပိုင်းကနေစပြီး တရိပ်ရိပ် ပြန်တက်လာတာတွေ့ရပါတယ်။ရော်ဘာဈေးကျဆင်းခြင်းနဲ့အတူ နိုင်ငံတကာ ရော်ဘာလုပ်ငန်းရှင်များနဲ့ မြန်မာ့ရော်ဘာလုပ်ငန်းရှင်များအရှုံးနဲ့ ရင်ဆိုင်နေကြရပြီး မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရော်ဘာခြံရှင်အချို့မှာ အစေးခံလုပ်ငန်းများ ရပ်နားထားရပါတယ်။ကျဆင်းနေတဲ့ ရော်ဘာဈေးက ခြံရှင်တွေအတွက် အလုပ်သမားခနဲ့ ခြံထိန်းသိမ်းခစတဲ့ ကုန်ကျစရိတ်တွေကို မကာမိတာကြောင့် ထွက်ရှိမှုနည်းတဲ့မျိုးကို စိုက်မိတဲ့ ခြံတွေနဲ့ ခြံငယ်တွေက ထုတ်လုပ်မှုစရိတ်အောက်ကို လုံးဝရောက်သွားပြီး ခြံပိတ်လိုက်ရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ယခုနှစ်ဆန်းပိုင်းမှာ ဈေးအနည်းငယ်ပြန်တက်လာပေမဲ့လည်း ဈေးကမငြိမ်သေးဘဲ အတက်အကျရှိနေသေးပြီး ယခုဇွန်လဆန်းပိုင်းမှစပြီး အတက်ဈေးနဲ့ ရပ်တည်နေပါတယ်။

ကျဆင်းနေတဲ့ ရော်ဘာဈေးများကို ကုစားပေးဖို့အတွက် ကိုယ့်ပြည်တွင်းက ရော်ဘာလုပ်ငန်းရှင်တွေရဲ့ လိုအပ်ချက်တွေနဲ့ပတ်သက်ပြီး စိုက်ပျိုးမှု၊ ထုတ်လုပ်မှု ၊ အရည်အသွေးထိန်းသိမ်းမှုတွေကို မြှင့်တင်ရန်အတွက် နည်းပညာများ ကူညီပေးရန် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနဲ့ ဂျပန်နိုင်ငံ ရော်ဘာ ကုန်သည်များအသင်း၊ ဂျပန်နိုင်ငံ စက်မှုကုန်ချောထုတ်လုပ်သူများအသင်းတို့ပူးပေါင်းပြီး နားလည်မှုစာချွန်လွှာ ရေးထိုးထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ရော်ဘာအရည်အသွေးစစ်ဆေးတဲ့ ဓာတ်ခွဲခန်းတစ်ခုကိုလည်း လှည်းကူးရှိ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနမှာ ထားရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင်တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မှာ ရော်ဘာသန့်စင်စက်ရုံကို ယခုနှစ်အောက်တိုဘာလကုန်မှာ ဖွင့်လှစ်သွားနိုင်တော့မှာဖြစ်ပြီး ယခုလက်ရှိမှာတော့ နိုင်ငံခြားပညာရှင်များ၊ ဒေသခံဝန်ထမ်းများနဲ့စမ်းသပ်လည်ပတ်နေတယ်လို့ သိရပါတယ်။ရော်ဘာသန့်စင်စက်ရုံမှ တန်ဖိုးမြှင့်ရော်ဘာကုန်ချောသန့်စင်ရော်ဘာအစေးနဲ့ RSS-1ရော်ဘာပြားများ ထုတ်လုပ် သွားမယ်လို့ သိရပါတယ်။ အဓိက ဈေးကောင်းရဖို့မှာ အရည်အသွေးမြှင့်ရော်ဘာကုန်ချောများ ထုတ်လုပ်ရန် လိုအပ်ပြီး ရော်ဘာဈေးကွက်ဦးမော့လာစေရန် ပညာပေးသင်တန်းများ၊ဆွေးနွေးပွဲများ ပြုလုပ်ခြင်းများအပြင် ငွေကြေးရင်းနှီးမြှုပ်နှံနိုင်မှုကလည်း အရေးကြီးကြောင်းသိရပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်ကျော်ကာလ ၂၀၁၂ ခုနှစ်ကစပြီး ဈေးပေါက်ခဲ့တဲ့ ဧပြီလရဲ့ပျမ်းမျှဈေးနဲ့ ကာလတူ ဈေးများကို နှိုင်းယှဉ် ဖော်ပြပေး လိုက်ပါတယ်-

ရေတွက်ပုံ-တန်/ဒေါ်လာ

| ထိုင်းနိုင်ငံ ဗန်ကောက် ဈေး | ၂၀၁၂ ခုနှစ် ဧပြီလ | ၂၀၁၃ ခုနှစ် ဧပြီလ | ၂၀၁၄ ခုနှစ် ဧပြီလ | ၂၀၁၅ ခုနှစ် ဧပြီလ |
|---|---|---|---|---|
| RSS-1 | ၃၉၀၁ | ၂၉၈၀ | ၂၁၄၆ | ၁၇၆၃ |
| RSS-2 | ၃၈၈၁ | ၂၉၆၀ | ၂၁၂၈ | ၁၇၄၅ |
| RSS-3 | ၃၈၆၄ | ၂၉၄၁ | ၂၁၁၁ | ၁၇၂၈ |
| **မလေးရှားနိုင်ငံ ကွာလာလမ်ပူ** | | | | |
| SMR 20 | ၃၆၂၄ | ၂၄၆၀ | ၁၇၅၀ | ၁၅၁၃ |

ယခုနှစ် ဇွန်လ ၁၀ ရက်နေ့မှာတော့ ထိုင်းနိုင်ငံဈေး RSS-1တစ်တန်လျှင်၁၉၂၈ ဒေါ်လာ ၊ RSS-2 တစ်တန် ၁၉၁၀ ၊ RSS-3တစ်တန်လျှင် ၁၈၉၄ ဒေါ်လာနဲ့ မလေးရှားနိုင်ငံရော်ဘာဈေး SMR 20တစ်တန်လျှင် ၁၆၀၄ ဒေါ်လာသို့ ဈေးမြင့်လာကြောင်းသိရပါတယ်။ နိုင်ငံတကာ ရော်ဘာဈေးများနဲ့အတူ မြန်မာ့ရော်ဘာဈေးလည်းမြင့်တက်လာပါတယ်။ မြိတ်ဒေသပေါက်ဈေး RSS-3 တစ်ပေါင် ၆၆၇ ကျပ်နဲ့ မော်လမြိုင်မှာ ကျပ်၈၀၀ သံဖြူဇရပ်မှာ ၈၁၀ ကျပ် ဈေးအထိ ရရှိနေပြီဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# ကမ္ဘာကြီးပူနွေးမှုက ရော်ဘာအထွက်နှုန်းအပေါ်သက်ရောက်

အိန္ဒိယနိုင်ငံ ရော်ဘာသုတေသနအဖွဲ့ (Rubber Research Institute of India-RRII) က ယခုမကြာသေးမီက နှစ်များမှာ Kottayam, Kerala စတဲ့ ရော်ဘာအဓိက စိုက်ပျိုးတဲ့နေရာများမှာ အပူချိန် အလွန်အကျွံမြင့်တက်နေတယ်၊ ၁၉၇၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နေ့စဉ်အမြင့်ဆုံးနဲ့ အနိမ့်ဆုံး အပူချိန် မှတ်တမ်းများကိုကြည့်ခြင်းဖြင့် ပူနွေးမှုဘက်ကို ဦးတည်လာနေပြီဆိုတာ ရှင်းရှင်းလင်းလင်းသိရှိနိုင်တယ်လို့ ပြောကြားလိုက်ပါတယ်။ (အပူချိန်မှတ်တမ်းများအရ ရာသီဥတု အပြောင်းအလဲနဲ့ ဂေဟစနစ်များကို လေ့လာနေသောဌာနခွဲ (Climate Change & Ecosystem Studies Division of R RII) မှ နေ့စဉ် အပူချိန်များကို မှတ်တမ်းရယူထိန်းသိမ်းထားတာဖြစ်ပါတယ်။)

**အထွက်နှုန်းအပေါ်သက်ရောက်မှု**

ရော်ဘာပင်များမှာ ရော်ဘာစေးထွက်ရှိမှုဟာ အပူချိန်နဲ့ အဓိကဆက်စပ်လျက်ရှိပါတယ်။ အပူချိန် တစ်ခုခုကို ကျော်လွန်သွားပြီဆိုလျှင် သီးနှံများရဲ့ အထွက်နှုန်းများကို သိသိသာသာလျော့ကျသွားစေပါတယ်။

အစောပိုင်းလေ့လာချက်များအရ ပူနွေးစွတ်စိုသော အပူချိန်သည် မိရိုးဖလာ ရော်ဘာစိုက်ပျိုးမှုများမှ ရော်ဘာအထွက်နှုန်းကောင်းစေနိုင်တယ်လို့ ဖော်ထုတ်ထားပါတယ်။ ယခုကဲ့သို့ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဤဒေသများမှ ရော်ဘာထွက်ရှိမှုများကို သိသိသာသာထိခိုက်စေပါတယ်။

**အပူချိန်ဖိစီးမှု**

လစဉ် အမြင့်ဆုံးနဲ့ အနိမ့်ဆုံး အပူချိန်ကွာခြားမှု ကိန်းဂဏန်းမှတ်တမ်းများအရ ၁၉၇၀ ခုနှစ်များဆီက ၇ ဒသမ ၈ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိရာမှ ယခုအခါ ၉ ဒသမ ၂ ဒီဂရီ ဆဲလ်ဆီးယပ်စ်ထိရှိနေပြီဖြစ်ပါတယ်။ Kottayam မှာ အနိမ့်ဆုံးအပူချိန်ရှိတဲ့နေ့ သိသိသာသာ လျော့ကျလာပြီး ပူနွေးတဲ့ညများ ယခုနှစ်များမှာ ပိုမိုလာခြင်းဟာ ရာသီဥတုပူပြင်းလာမှုကို ညွှန်ပြနေပါတယ်။ ၁၉၇၀ ခုနှစ်များမှ ၂၀၁၀ ခုနှစ်များအတွင်း လအလိုက် အပူချိန် မြင့်တက်မှုသည် နှစ်စဉ်ပျမ်းမျှ သုည ဒသမ ၀၃၈၀ ဒီဂရီဆဲလ်ဆီးယပ်စ်တက်လျက်ရှိ နေပါတယ်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသဟာ အပူလှိုင်း၊ အအေးလှိုင်းဒဏ်များကြောင့် သီးနှံအထွက်နှုန်းနဲ့ အရည်အသွေးများကို ထိခိုက်စေလျက်ရှိကြောင်း Kottayam မှာကျင်းပတဲ့ Kerala သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးညီလာခံမှာ တင်ပြဆွေးနွေးခဲ့တယ်လို့သိရပါတယ်။

**CMK**

# ရွှေဘိုခရိုင် ရွှေဘိုပေါ်ဆန်းမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ၊ ရွှေဘိုခရိုင် ရွှေဘိုပေါ်ဆန်းမွှေးစိုက်ပျိုးထုတ်လုပ်သူများအသင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရွှေဘိုမြို့၊ ဆန်စက်လုပ်ငန်းရှင်များအသင်းရုံးမှာ ဇွန်လ ၂ ရက်နေ့က ဒုတိယအကြိမ်ကျင်းပပြုလုပ်ရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရွှေဘိုခရိုင် ဦးစီးမှူး ဦးကျော်ငွေ၊ ဒုဦးစီးမှူး ဦးဇော်မင်းသိန်း၊ ခရိုင်အသင်းအလုပ်အမှုဆောင်ကော်မတီဝင်များ တက်ရောက်ခဲ့ကြပါတယ်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်ဦးစီးမှူး ဦးကျော်ငွေက ရွှေဘိုမြို့၊ ဧဒင်ခန်းမမှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ကကျင်းပခဲ့တဲ့ ရွှေဘိုပေါ်ဆန်းမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးနဲ့ ရွှေဘိုပေါ်ဆန်းမွှေး မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲက ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက် ၉ ရပ်အပေါ် လုပ်ငန်းစဉ် ၂ ခုကို ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ကျန်တဲ့ လုပ်ငန်းစဉ်များကို ခရိုင်အသင်း အလုပ်အမှုဆောင် များက စည်းလုံးညီညွတ်မှုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့နဲ့ ချိတ်ဆက်ပူးပေါင်းပြီး အသင်းရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို အချိန်နဲ့တစ်ပြေးညီ လုပ်ကိုင်ကြရမှာဖြစ်ကြောင်း၊ အသင်းရဲ့ လုပ်ငန်းကိစ္စများနှင့်ပတ်သက်လို့ မိမိတို့ဦးစီးဌာနရဲ့ အကူအညီလိုအပ်တယ်ဆိုရင် အချိန်မရွေး ကူညီဆောင်ရွက်ပေးမှာဖြစ်ကြောင်း မှာကြားပါတယ်။

ဆက်လက်၍ ခရိုင်အသင်းဥက္ကဋ္ဌ ဦးမင်းအောင်က သင်းဖွဲ့စည်းမျဉ်းရေးဆွဲရေး၊ ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရေး၊ မျိုးစေ့ဘဏ်များထူထောင်ပြီး မျိုးကောင်း၊ မျိုးသန့် ဖြန့်ဝေပေးရေး၊ ရွှေဘိုပေါ်ဆန်းမွှေး မူပိုင်ခွင့်ရရှိရေးအတွက် လုပ်ဆောင်သွားရမယ့် လုပ်ငန်းများ ၊ ရွှေဘိုခရိုင်မှာ အများပိုင်ကုမ္ပဏီထူထောင်သွားရေးစတဲ့ အသင်းရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို တင်ပြဆွေးနွေးပါတယ်။

၎င်းနောက် ခရိုင်အသင်း အလုပ်အမှုဆောင် ကော်မတီဝင်များက သင်းဖွဲ့စည်းမျဉ်းရေးဆွဲရေး ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ရန်ပုံငွေရရှိရေးနှင့် ရွှေဘိုပေါ်ဆန်းမွှေး စျေးကွက်ခိုင်မာရှင်သန် ရပ်တည်ရေးအတွက် ဆောင်ရွက်ကြရမယ့် လုပ်ငန်းစဉ်များ ချမှတ်ဆုံးဖြတ်ခဲ့ကြောင်း သိရပါတယ်။

**ခင်မောင်ဆွေ-ဝက်လက်**

# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ပုသိမ်ခရိုင်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းဖွဲ့စည်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတော၊ သာပေါင်း၊ ကျောင်းကုန်း၊ ကျုံပျော်၊ ရေကြည်မြို့နယ်များရှိ ဆန်စက်လုပ်ငန်းရှင်၊ ပဲလုပ်ငန်းရှင်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်၊ ဆားစက် လုပ်ငန်းရှင်၊ ငါးပုဇွန်လုပ်ငန်းရှင်၊ စက်မှုလက်မှုလုပ်ငန်းရှင်၊ ကွန်ပျူတာလုပ်ငန်းရှင်၊ ကြိမ်ဝါးလုပ်ငန်းရှင်၊ ပီလောပီနံ လုပ်ငန်းရှင်၊ သီဟိုဠ်လုပ်ငန်းရှင်၊ ဆံပင်လုပ်ငန်းရှင်၊ မွေးမြူရေးလုပ်ငန်းရှင်၊ စက်သုံးဆီလုပ်ငန်းရှင် စတဲ့ မြို့နယ်များရှိ စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ကြား၍ ပုသိမ်မြို့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမမှာ ဇွန်လ ပထမပတ်တွင် ပုသိမ်ခရိုင်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ခရိုင် CCI အသင်းဖွဲ့စည်းခဲ့ကြောင်း သိရပါတယ်။

ခရိုင် CCI အသင်းဖွဲ့စည်းရခြင်းနှင့် ပတ်သက်ပြီး တိုင်းညွှန်ကြားရေးမှူး ဦးစိုးအောင်က မကြာမီ မိမိတို့တိုင်းဒေသကြီးတွင် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ARCCI အသင်းကို ဖွဲ့စည်းတော့မှာဖြစ်ပြီး ၎င်းအဖွဲ့ကြီးတွင် ခရိုင် CCI အသင်းများကို အခြေခံလျက်ခရိုင်မှာရှိသော စီးပွားရေးလုပ်ငန်းရှင်များအသင်းအဖွဲ့များလည်း ပါဝင်ရမှာဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း လာရောက်၍ ရင်းနှီးမြှုပ်နှံမည့် ပြည်ပကုမ္ပဏီများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကုန်သွယ်မြှင့်နှင့် စားသုံးသူရေးရာဦးစီးဌာန ပူးပေါင်းပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက်အသင်းအဖွဲ့များတွေ့ဆုံ၍ လုပ်ငန်းတစ်ခုချင်းစီကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမှာဖြစ်ကြောင်း သို့မှသာ တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း ပြောကြားပါတယ်။

ဆက်လက်၍ တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များက ပုသိမ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကို အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်၊ စီမံခန့်ခွဲရေးအဖွဲ့များ ရွေးချယ်ပြီး ၎င်းတို့အထဲမှ ခရိုင် CCI ဥက္ကဋ္ဌအဖြစ် ဦးဝင်းမြင့်လှိုင် အတွင်းရေးမှူး ဦးမောင်မောင်ဦးတို့အား ရွေးချယ်ပြီး၊ ကျန်လုပ်ငန်းရှင်များမှ ဒု-ဥက္ကဋ္ဌ (၅) ဦး၊ တွဲအတွင်းရေးမှူး (၅) ဦး၊ ဘဏ္ဍာရေး၊ တွဲဘဏ္ဍာရေး၊ စာရင်းစစ်၊ တွဲစာရင်းစစ်တို့ကိုလည်း လုပ်ငန်းရှင်များ၏ သဘောထားဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

# အရာတော်မြို့နယ်မှ စျေးကွက်တွင်ကျယ်လာတဲ့ လက်ရက်ကန်းအဆင်ဆန်းများ

အရာတော်မြို့နယ်ဟာ မုံရွာခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပေမယ့် ကျေးလက်ဒေသအချို့မှာတော့ ခိုရွာနဲ့ ရွှေဘိုနယ်တွေဘက်က ပညာသင်ယူခဲ့တဲ့ လက်ရက်ကန်းလုပ်ငန်းကို အသေးစားကုန်ထုတ်လုပ်ငန်းတစ်ခုအဖြစ် တစ်စထက်တစ်စ တွင်ကျယ်စွာလုပ်ကိုင်လာကြတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အရာတော်ဒေသထွက် လက်ရက်ကန်းအနေနဲ့ မုံရွာနယ်လို အိုက်ဇောလုံချည်သာမက ရွှေဘိုဆိပ်ခွန်နယ်လို ၂/၈၀၊ ၂/၁၀၀ ကချင်ရိုးရာချည်ချောတွေပါ ရက်လုပ်လျက်ရှိပြီး ထွက်ရှိသမျှ အထည်ကုန်ချောတွေကို ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်၊ ဘိုတဲကုန်းရွာများမှ ဖောက်သည်များကပေါက်စျေးနဲ့ ပုံမှန်ဝယ်ယူကြပြီး ကုန်ကြမ်းဖြစ်တဲ့ ချည်မျိုးစုံကို ပြန်လည်ရောင်းချပေးတဲ့အတွက် ဝယ်ယူစရိတ်သက်သာကာ အကျိုးအမြတ်ပိုမိုရရှိနေတယ်လို့ လိန်လှကျေးရွာ၊ ရက်ကန်းအစုအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်က ပြောပါတယ်။

ယခုအခါမှာ လိန်လှကျေးရွာက ထုတ်လုပ်လျက်ရှိတဲ့ ရက်ကန်းထည်များအနေနဲ့ ရက်လုပ်တဲ့ အဆင်ဒီဇိုင်းပေါ်မူတည်ပြီး တစ်ထည်ကို အနိမ့်ဆုံး ၄၅၀၀ ကျပ်မှ အမြင့်ဆုံး ၁၄၅၀၀ ကျပ်တန်ထိ ထုတ်လုပ်ကာ ရက်လုပ်ခအနေနဲ့ တစ်ထည် ၂၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်ထိ ရရှိနိုင်သလို ကိုယ်ပိုင်ရက်လုပ်သူတွေအနေနဲ့ တစ်ထည် ၂၅၀၀ ကျပ်မှ ၇၀၀၀ ကျပ်ထိ အကျိုးအမြတ်ရရှိနိုင်တယ်လို့ ဆိုပါတယ်။

ယခုလိုရက်ကန်းလုပ်ငန်းများမှ ကျေးလက်ဒေသတွင်းရှိ ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများပွင့်စေပြီး၊ တစ်ဦးချင်းဝင်ငွေပါ မြင့်မားလာစေတဲ့အတွက် ရက်ကန်းလုပ်ငန်းတွင်ကျယ်လာတာနဲ့အမျှ လုပ်ငန်းအတွက်လိုအပ်တဲ့ နည်းပညာ စျေးကွက်နဲ့ အရင်းအနှီးစတဲ့ အခြေခံလိုအပ်ချက်များရှိလာခဲ့ရင် တစ်စုတစ်စည်းထဲ ဆောင်ရွက်နိုင်ဖို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ အရာတော်မြို့နယ် တာဝန်ခံ ဦးစိုးအောင်က ကျေးရွာအုပ်စုခြောက်စုကို ကွင်းဆင်းလျက် ရက်ကန်းအစုအဖွဲ့ ခြောက်ဖွဲ့ ဖွဲ့စည်းပေးနိုင်ခဲ့သလို လိုအပ်တဲ့အရင်းအနှီးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ဇေယျာပဒေသာဖောင်ဒေးရှင်းနဲ့ ချိတ်ဆက်ပြီး ရက်ကန်း တစ်ခုံကို ကျပ်တစ်သိန်းနှုန်းနဲ့ ရက်ကန်း ၃၆၂ ခုံစာအတွက် ကျပ် ၃၆၂ သိန်းထုတ်ချေးပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ယခုအခါ အရာတော်မြို့နယ် ရက်ကန်းလုပ်ငန်းအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ကျပ်သိန်း ၇၀၀ နီးပါး ထောက်ပံ့ချေးငွေရရှိခဲ့သလို ကုန်ချောဖောက်သည်များကလည်း လိုအပ်တဲ့ ချည်ကုန်ကြမ်းမျိုးစုံကို လက်ငင်း၊ အကြွေးပြန်ရောင်းချကာ ဒီဇိုင်းအပ်နှံရက်လုပ်ခိုင်းတဲ့ စနစ်များဖြင့် တစ်ဦးနဲ့တစ်ဦး ယုံကြည်မှု၊ တည်ဆောက်ရယူနိုင်တာမို့ ရက်ကန်းလုပ်ငန်းရှင် တွေအနေနဲ့ အရင်းအနှီးနဲ့ စျေးကွက်အတွက် စိုးရိမ်ကြောင့်ကြစရာမလိုဘဲ အေးချမ်းစွာလုပ်ငန်းဆောင်ရွက်ခွင့်ရတဲ့အတွက် ယခုလို စျေးကွက်တွင်ကျယ်အောင်မြင်လာခြင်း ဖြစ်တယ်လို့ သိရပါတယ်။

**ထွန်းလှိုင် - မုံရွာ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)စျေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.22 Monday June 15 2015

# အေအီးစီဖွဲ့စည်းရေးအတွက် အာဆီယံက မှန်ကန်တဲ့လမ်းပေါ် ရောက်ရှိနေ

ပိုမိုကောင်းမွန်ပြီး ဖွံ့ဖြိုးမှုရှိတဲ့ ဈေးကွက်ကိုရှာဖွေနေကြတဲ့ ကုမ္ပဏီတွေအတွက် ဒေသတွင်းမှာ ဈေးကွက်ကြီးတစ်ခုကိုဖန်တီးပေးမယ့် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ကိုယခုနှစ်အကုန်မှာ ဖွဲ့စည်းပေးနိုင်ဖို့ အာဆီယံဒေသက ဦးတည်ဆောင်ရွက်နေကြောင်း ဘဏ်လုပ်ငန်းရှင်တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဘာနားမားသတင်းမှာ ဖော်ပြပါတယ်။ ဒါပေမယ့် ဖြေရှင်းရမယ့်စိန်ခေါ်မှုတွေများလွန်းတဲ့အတွက် အေအီးစီအနေနဲ့ ဖြေရှင်းဖို့ အချိန်ယူရလိမ့်မယ်လို့လည်း Standard Chartered Bank Malaysia ရဲ့ အုပ်ချုပ်မှုဒါရိုက်တာနဲ့ အမှုဆောင်အရာရှိချုပ် မဟိန္ဒရာဟာနီက ပြောပါတယ်။ "ဥပဒေရေးဆွဲတဲ့အခါ အသေးစိတ်ကို အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံလုံးကသဘောတူအောင် ဆောင်ရွက်ဖို့ကလွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒီသမဂ္ဂတစ်ခုကို ထူထောင်လိုက်တဲ့အတွက် သက်ဆိုင်ရာနိုင်ငံက ပြည်သူတွေ ဘယ်လို အကျိုးစီးပွားရရှိခံစားရမယ် ဆိုတာ နားလည်အောင်ဆောင်ရွက်ဖို့ အပြင်ဒီကိစ္စက ဘယ်လိုအရေးပါတယ် ဆိုတာကိုလည်းနားလည်ဖို့လိုမှာ ဖြစ်ပါတယ်။ အတွင်း ပဋိပက္ခဆိုတာလည်းရှိတတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က မှန်ကန်တဲ့လမ်းကြောင်းကို ဦးတည်နေ ကြပါပြီ"ဟု နူဆာဂျာယာမှာ ဇွန်လ ၉ ရက်နေ့က ကျင်းပတဲ့အာဆီယံဆိုင်ရာ အစည်းအဝေးတစ်ခုမှာ သူကပြောပါတယ်။

Standard Chartered ဘဏ်က ဦးစီးကျင်းပတဲ့ ဒီထိပ်သီးအစည်းအဝေးကို ယူကေနဲ့အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ဝင်တွေ တက်ရောက်ကြပါတယ်။ မလေးရှား ပြည်တွင်းကုမ္ပဏီတွေက သူတို့ရယူ ခံစားနိုင်မယ့် အခွင့်အလမ်းတွေကို သိမြင်ထားကြပေမယ့် ယခုအချိန်ထိ အေအီးစီအတွက် အသင့်မဖြစ်ကြသေးဘူးလို့ သူကပြောပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက အတွေ့အကြုံရှိခဲ့ ထားပြီးဖြစ်တဲ့ ဥရောပက စီးပွားရေးအသိုက်အဝန်းမျိုးကို အာဆီယံက ဖွဲ့စည်းနိုင်ဖို့ဆိုတာ မလွယ်သေးဘူးလို့ Standard Chartered Bank မှ ကမ္ဘာ့ကူးသန်းရောင်းဝယ်မှုဖောက်သည်များရေးရာဌာန အကြီးအကဲ အင်ဒဂူးဘရိန်းဘရစ်ကပြောပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# တစ်ခုတည်းသော အာဆီယံဈေးကွက် အာရှကုမ္ပဏီများ အင်ဒိုနီးရှားနိုင်ငံသို့ ဝင်ရောက်

ယခုနှစ်အကုန်မှာ အာဆီယံ ၁၀ နိုင်ငံအတွင်းမှာ တစ်ခုတည်းသော ဈေးကွက် ဖော်ဆောင်ရေးအတွက် အာရှစီးပွားရေးလုပ်ငန်းတွေက လုံးပန်းလျက်ရှိတဲ့အတွက် ဒီဒေသအတွင်း ရင်းနှီးမြှုပ်နှံရာမှာ အင်ဒိုနီးရှားနိုင်ငံကို ရင်းနှီးမြှုပ်နှံဖို့ အကောင်းဆုံးဒေသအဖြစ် ရွေးချယ်ခဲ့ကြကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။ အင်ဒိုနီးရှားနိုင်ငံက အရှေ့တောင်အာရှဒေသမှာ စီးပွားရေးအရ အရေးအကြီးဆုံးနိုင်ငံတစ်ခုဖြစ်ရာ အာရှဒေသရှိ စီးပွားရေးလုပ်ငန်း အများအပြားက စီးပွားရေးလုပ်ငန်းတွေ ချဲ့ထွင်ဖို့ သို့မဟုတ် လုပ်ငန်းသစ်တွေတည်ထောင်ဖို့ စိတ်ဝင်စားမှု ရှိခဲ့ပါတယ်။ အထူးသဖြင့် လူဦးရေ သန်း ၆၂၀ မှီတင်းနေထိုင်လျက်ရှိတဲ့ ဒီဒေသမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရာမှ ရရှိလာမယ့် အကျိုးအမြတ်တွေ ရယူဖို့ဖြစ်ပါတယ်။

ဂျပန်၊ တောင်ကိုရီးယား၊ တရုတ် (တိုင်ပေ) နဲ့ တရုတ်နိုင်ငံတို့အနေနဲ့ အင်ဒိုနီးရှားနိုင်ငံအတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ ဘီလီယံရင်းနှီးမြှုပ်နှံရမှာ ဖြစ်ပါတယ်။ ယခင်နှစ်အောက်တိုဘာလမှ ယခုနှစ်ဇွန်လဆန်းပိုင်းအထိ ရင်းနှီးမြှုပ်နှံဖို့ ရည်မှန်းထားတဲ့ စီးပွားရေးလုပ်ငန်းကဏ္ဍများအမြောက်အမြားရှိကြောင်း ရင်းနှီးမြှုပ်နှံမှုပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့က ထုတ်ပြန်ကြေညာပါတယ်။

အရှေ့တောင်အာရှ ဈေးကွက်တည်ထောင်မှုက အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ ဂျပန်ရင်းနှီးမြှုပ်နှံမှုတွေဝင်လာဖို့ အဓိကမောင်းနှင်အားဖြစ်ကြောင်း ဂျကာတာဂျပန်ကလပ်ရဲ့ အထွေထွေအတွင်းရေးမှူး ယိုရှီဒါဆုဆုမူက ပြောပါတယ်။

"မော်တော်ကား၊ စက်ယန္တရားနဲ့ လျှပ်စစ်အသုံးအဆောင်တွေကို ကုန်ထုတ်လုပ်ငန်းရှုထောင့်မှ ကြည့်ပါက ဖြန့်ဖြူးရေးကွင်းဆက် ကွန်ရက်ကို ဤဒေသအတွင်းမှာ ဖော်ဆောင်မှာဖြစ်ပြီး ကုန်ထုတ်လုပ်မှုကို ပိုမိုချဲ့ထွင်သွားမှာ ဖြစ်ပါတယ်"လို့ ဂျကာတာမြို့ရှိ ဂျပန်စီးပွားရေးလုပ်ငန်း ၅၀၀ ကျော်ကို ကိုယ်စားပြုနေတဲ့ ကလပ်အသင်းမှ ဆုဆုမူက ပြောပါတယ်။

ဂျပန်တို့က အင်ဒိုနီးရှားနိုင်ငံကို ကုန်ထုတ်လုပ်မှု အခြေစိုက်စခန်းတစ်ခုအဖြစ်ထားရှိပြီး တတိယနိုင်ငံတွေကို တင်ပို့မယ့် ကုန်ပစ္စည်းတွေကို ထုတ်လုပ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ ကုန်ထုတ်လုပ်မှုစခန်းတွေကနေ အရှေ့တောင်အာရှဒေသအပါအဝင် တခြားနိုင်ငံတွေကို တင်ပို့မှုက ဂျပန်နိုင်ငံကနေ ပြည်ပတင်ပို့တာထက် ပိုမိုကြောင်း ယခုနှစ်နှစ်ဦးပိုင်းက ကောက်ယူခဲ့တဲ့ စစ်တမ်းအရ သိရပါတယ်။

လျင်မြန်စွာတိုးတက်နေတဲ့ ပြည်တွင်းဈေးကွက်အပြင် လုပ်သားအင်အား ကြွယ်ဝမှု၊ ဖြန့်ဖြူးရေးကွင်းဆက်ခိုင်မာစွာ ဆက်လက်ဖွဲ့စည်းဖြစ်ပေါ်မှုစတဲ့ အချက်တွေက အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ ဂျပန်ရင်းနှီးမြှုပ်နှံမှုတွေလာရောက်ဖို့ ဆွဲဆောင်နေတဲ့အဓိကမောင်းနှင်အားတစ်ခု ဖြစ်ပါတယ်။

ကမ္ဘာ့တာယာ ထုတ်လုပ်မှုမှာ အဆင့်ခုနစ်နေရာ ရောက်ရှိနေတဲ့ ဟန်းကွပ်တာယာကုမ္ပဏီက အင်ဒိုနီးရှားမှာတာယာစက်ရုံတည် ဆောက်ပြီး အရှေ့တောင်အာရှအပါအဝင် တခြားနိုင်ငံတွေကို တင်ပို့မှာဖြစ်ပါတယ်။

# နိုင်ငံစုံကော်ပိုရေးရှင်းကြီးများအတွက် အာဆီယံက တန်ဖိုးမြှင့်ထုတ်လုပ်မှု အပြည့်အဝ ဆောင်ရွက်ပေးမည်

ဒေသတွင်းမှာ စက်မှုလုပ်ငန်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်တွေ အမျိုးမျိုး ကွဲပြားလျက်ရှိနေပြီး ဒီစံနှုန်းသတ်မှတ်ချက်တွေက ရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်နိုင်စွမ်းပိုမိုရှိတဲ့အတွက် နိုင်ငံစုံကော်ပိုရေးရှင်းတွေဟာ တန်ဖိုးမြှင့်ထုတ်လုပ်မှုတွေကို အပြည့်အဝဆောင်ရွက်ပေးနိုင်တာကို တွေ့ရကြောင်း အမ်စတာဒမ်အခြေစိုက်နိုင်ငံစုံ အတတ်ပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း TMF Group ရဲ့စစ်တမ်းဖြစ်တဲ့ "The ASEAN Community: Capturing the Zeitgeist of Rising Asia" ကို ကိုးကားပြီး ဘာနားမားသတင်းမှာ ဖော်ပြပါတယ်။

ကြီးထွားဖွံ့ဖြိုးလျက်ရှိနေတဲ့ အလားအလာများကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းတွေက အကောင်းဆုံးထိန်းချုပ်ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို လေ့လာဆန်းစစ်ခဲ့ပါတယ်။ လေ့လာချက်စစ်တမ်းအရ စင်ကာပူနဲ့ မလေးရှားတို့က အီလက်ထရွန်းနစ် ထုတ်ကုန်တွေကို အထူးပြုထုတ်လုပ်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံက လူသုံးကုန်တွေ ထုတ်လျက်ရှိကြောင်းနဲ့ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားတို့က အထည်ချုပ်လုပ်ငန်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်းသိရပါတယ်။

အင်ဒိုနီးရှား၊ ဘရူနိုင်းနဲ့ ဖိလစ်ပိုင်တို့က စားအုန်းဆီ၊ ရော်ဘာ၊ ကြံ၊ ဆန်၊ ကိုကိုး၊ သစ်၊ ဓာတ်ဆီ၊ သဘာဝဓာတ်ငွေ့၊ မီးသွေးနဲ့ သံဖြူစတဲ့ သဘာဝအရင်းအမြစ်တွေကို အဓိက ထုတ်လုပ်တင်ပို့သူများဖြစ်ကြောင်း အစီရင်ခံစာမှာ အလေးပေး ဖော်ပြထားပါတယ်။ နိုင်ငံစုံ ကော်ပိုရေးရှင်များအတွက် တန်ဖိုးမြှင့်ထုတ်လုပ်မှုများကိုဆောင်ရွက်ရာတွင် အာဆီယံစီးပွားရေး အသိုက်အဝန်း (စီအေအီး)ကို အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် အာဆီယံဒေသက တရုတ်နိုင်ငံရဲ့နေရာမှာ အစားထိုးဝင်ရောက်နိုင်တဲ့ ထူးခြားတဲ့အခွင့်အလမ်းများကို ရရှိလာခဲ့ကြောင်း TMF Group ရဲ့ အာရှပစိဖိတ်ဆိုင်ရာ အကြီးအကဲ ပေါလိုတာဗိုလာတိုရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

အကောက်အခွန်မဟုတ်တဲ့ အတားအဆီးများကို ဖယ်ရှားပေးခြင်းကလည်း ဒီဒေသအတွက် အရေးပါတဲ့ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း; TMF Group က ပြောပါတယ်။

# ရုရှားနိုင်ငံကို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့ဖို့ ဂျီ-၇ ခေါင်းဆောင်တို့ အချက်ပြ



ယူကရိန်းနဲ့ဆိုင်တဲ့ ဖေဖော်ဝါရီသဘောတူညီချက်ကို အပြည့် အဝအကောင်အထည်ဖော်နိုင်မှသာလျှင် ရုရှားနိုင်ငံကိုဒဏ်ခတ်ပိတ်ဆို့မှုတွေကို လျှော့ချမည်ဖြစ်ရာဤဆုံးဖြတ်ချက်ကို ချမှတ်နိုင်ဖို့အတွက် စက်မှုဖွံ့ဖြိုးပြီးခုနစ် နိုင်ငံဖြစ်တဲ့ ဂျီ-၇ ထိပ်သီးအစည်းအဝေးကျင်းပဖို့ မျှော်မှန်းထားကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ဇွန် ၇ ရက်နေ့က ပြောပါတယ်။ ဤအဆိုပြုချက်ကို တရားဝင်တင် ပြခြင်းမပြုမီကပင်ခေါင်းဆောင်များက ထိုအကြံဉာဏ်ကို လက်ခံကြောင်း နိုင်ငံရေးခေါင်းဆောင်အများစုက ပြောခဲ့ပါတယ်။

ယခုနှစ်မှာ ကျင်းပခဲ့တဲ့ စက်မှုဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံများရဲ့ အစည်းအဝေးကရုရှားနိုင်ငံမပါဘဲ ကျင်းပခဲ့ကာ နှစ်ကြိမ်ရှိပါပြီ။ မူလက ဂျီ-၈ အဖြစ်ကျင်းပခဲ့ရာမှ ယူကရိန်းနိုင်ငံနဲ့ပတ်သက်ပြီး ရုရှားနိုင်ငံကို ဆန့်ကျင်ကန့်ကွက်ခဲ့တာဖြစ်ပါတယ်။ အစည်းအဝေးမှာ ရုရှားနိုင်ငံမပါဝင်တဲ့တိုင်အောင် ဘာဘေးရီးယန်းအဲလ်ပ်တောင်တန်းဒေသမှာ အစည်းအဝေးကျင်းပစဉ်က ဆွေးနွေးခဲ့တဲ့ ရုရှားနိုင်ငံရဲ့ကိစ္စက ဆွေးနွေးပွဲခေါင်းဆောင်တွေရဲ့ ခေါင်းထဲမှာ စွဲထင်ကျန်ရစ်လျက်ရှိနေပါတယ်။

ရုရှားနိုင်ငံကိုချမှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေရဲ့ သက်တမ်းကိုသတ်မှတ်ရာမှာ ဖေဖော်ဝါရီအတွင်းကသဘောတူထားခဲ့တဲ့ မင့်စ်ခ်ငြိမ်းချမ်းရေး သဘောတူညီချက်ကို အကောင်အထည်ဖော်မှုအပေါ် မူတည်သတ်မှတ်ဖို့လို့ကြောင်း ထိပ်သီးဆွေးနွေးပွဲအကြိုနှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲမှာ ဂျာမနီဝန်ကြီးချုပ်မာကယ်နဲ့ အမေရိကန်သမ္မတဘားရက်အိုဘားမားတို့ သဘောတူညီခဲ့ကြကြောင်း အိမ်ဖြူတော်ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ မာကယ်နဲ့ ပြင်သစ်သမ္မတဟော်လန်းတို့အနေနဲ့ သဘောတူညီချက်ရေးဆွဲချမှတ်ရေးအတွက် အဓိကဆောင်ရွက်လျက်ရှိနေပါတယ်။

ဒဏ်ခတ်ပိတ်ဆို့မှုဆိုတာက အပြီးသတ်ရည်မှန်းချက်မဟုတ်ပါဘူး။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေပြည့်ဝသွားပြီး ပြဿနာတွေ ဖြေရှင်းသွားပြီဆိုရင် ဒဏ်ခတ်ပိတ်ဆို့တာတွေကို ဖယ်ရှားပစ်မှာဖြစ်ကြောင်း ဂျာမနီနိုင်ငံမှ ZDF ရုပ်သံဌာနနဲ့တွေ့ဆုံမေးမြန်းခန်းမှာ မာကယ်ကပြောပါတယ်။ ရုရှားနဲ့ ယူကရိန်းတို့ကကြိုးပမ်းအားထုတ်မှုတွေ ပြုလုပ်လာမယ်ဆိုရင် အခွင့်အလမ်းတွေ ရှိလာနိုင်ကြောင်း မာကယ်က ပြောပါတယ်။

ယူကရိန်းနဲ့ သွေးစည်းညီညွတ်ရေးက ဂျပန်နိုင်ငံမှာ ကျင်းပမယ့် နောက်တစ်ကြိမ်ထိပ်သီးဆွေးနွေးပွဲရဲ့ အစီအစဉ်မှာပါဝင်ကြောင်း ဂျာမနီနိုင်ငံ အစည်းအဝေးကို ဂျပန်နိုင်ငံဝန်ကြီးချုပ်မတက်ရောက်မီ သွားရောက်ခဲ့တဲ့ ကီးယက်ဗ်ခရီးစဉ်မှာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားကြောင်း အာဘေးရဲ့ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်တွေကို ပြောပါတယ်။

ယခုနှစ်အတွက် မင့်စ်ခ်သဘောတူညီချက်ကို အဖွဲ့အားလုံးက လိုက်နာရေးဟာ ဂျပန်နိုင်ငံရဲ့ အဓိကရည်မှန်းချက်ဖြစ်ကြောင်း သူကပြောပါတယ်။

# အင်ဒိုနီးရှားနိုင်ငံက မြစိမ်းရောင် စီးပွားရေးဘက်ကို ပြောင်းလဲဖို့ကြိုးပမ်း

အင်ဒိုနီးရှားနိုင်ငံက ၁၀ နှစ်အတွင်းမှာ ပြန်ပြည့်မြဲစွမ်းအင် အသုံးပြုမှုကို နှစ်ဆတိုးသုံးစွဲဖို့ ရည်မှန်းထားကြောင်းနဲ့ ဘူမိအပူစွမ်းအင်၊ ရေအား၊ ပင်လယ်လှိုင်းနဲ့ နေစွမ်းအင်တို့မှ ထုတ်လုပ်တဲ့စွမ်းအင်ကို မဂ္ဂါဝပ်သုံးသောင်းအထိ ထုတ်လုပ်ဖို့ စီမံထားကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (မြစိမ်းရောင်) အခြေခံ အဆောက်အအုံအတွက် ကနဦးရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံတော်ဘတ်ဂျက်မှာ အကန့်အသတ်ရှိမှုတို့က အဓိကအဟန့်အတားသဖွယ်ဖြစ်နေပါတယ်။ မြစိမ်းရောင် စီးပွားရေးအဖြစ် အသွင်ပြောင်းဖို့ အစိုးရကကြိုးပမ်းဆောင်ရွက်ရာမှာပါဝင်ဆောင်ရွက်ဖို့ အင်ဒိုနီးရှားအစိုးရက ပုဂ္ဂလိကကဏ္ဍကို ဖိတ်ခေါ်ထားပါတယ်။

ပုဂ္ဂလိက ကဏ္ဍနဲ့ပြည်သူ့ကဏ္ဍတွေက ဂျကာတာမြို့မှာ တွေ့ဆုံပြီးအရှေ့တောင်အာရှဒေသမှာ အကြီးဆုံးဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးရေရှည်တည်တံ့ရေး၊ အလုံးစုံပါဝင်ရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုရှိရေး စတဲ့ ကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။ လွန်ခဲ့တဲ့ဆယ်နှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံရရှိခဲ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင်ဆောင်ရွက်ရာမှာ ကုန်ကျစရိတ်မြင့်မားခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံက ကမ္ဘာပေါ်ရှိတခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် စားအုန်းဆီပိုမိုထုတ်လုပ်ခြင်း၊ ကျောက်မီးသွေးပိုမိုတင်သွင်းခြင်းစတဲ့ အချက်တွေရှိပေမယ့် အပူပိုင်းဒေသဖြစ်တဲ့အတွက် သစ်တောတွေ ပျက်စီးခဲ့ရပါတယ်။

သဘာဝပတ်ဝန်းကျင် ယိုယွင်းတဲ့အတွက် အင်ဒိုနီးရှားရဲ့ ဂျီဒီပီထဲကနေ နှစ်စဉ် ၁၀ ရာခိုင်နှုန်းဆုံးရှုံးမှုရှိခဲ့ကြောင်း ၂၀၀၉ ခုနှစ်မှာ ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါတယ်။

ယခင်နှစ်ကဖြစ်ပွားခဲ့တဲ့ တောမီးလောင်ကျွမ်းမှုကြောင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ဆုံးရှုံးမှုရှိခဲ့တယ်လို့ ခန့်မှန်းထားပါတယ်။ မြေသြဇာထက်သန်တဲ့ မြေတွေကို လယ်ယာစိုက်ပျိုးရေးမြေနဲ့ ခြံကျယ်စိုက်ပျိုးရေးမြေတွေအဖြစ် ပြောင်းလဲမှုတွေလည်းရှိနေပါတယ်။ အဲဒီအချိန်ကစပြီး အင်ဒိုနီးရှားအစိုးရက လမ်းကြောင်းပြောင်းလဲဖို့ ကြိုးစားပြီး သစ်တောကာကွယ်ထိန်းသိမ်းရေးနဲ့ ကာဗွန်ထုတ်လွှတ်မှု ရည်မှန်းချက်ချမှတ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ထို့မျှမက လောလောဆယ်မှာ ကျောက်မီးသွေး အသုံးပြုမှုလွှမ်းနေတဲ့ ကဏ္ဍတွေမှာ ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲမှု တိုးမြှင့်သွားဖို့ဖြစ်ပါတယ်။

ဒါပေမယ့် ဒီလိုဆောင်ရွက်မှုက ကုန်ကျစရိတ်သက်သာမှာ မဟုတ်ပါဘူး။ အစိမ်းရောင် နည်းပညာအသုံးပြုမှုက ကျောက်မီးသွေးသုံးစွမ်းအင် စက်ရုံတွေရဲ့ ကုန်ကျစရိတ်ထက်လေးဆ ပိုမိုကုန်ကျမှာဖြစ်ပါတယ်။ ဒါပေမယ့် စိန်ခေါ်မှုတွေကိုကျော်လွှားနိုင်မယ်လို့ ကမ္ဘာ့ဘဏ်က ယုံကြည်ထားပါတယ်။

# အဂတိလိုက်စားမှုနဲ့ ပတ်သက်နေတဲ့ ကုမ္ပဏီတွေမှာ စင်ကာပူဝန်ထမ်းတို့ အလုပ်လုပ်လိုစိတ်မရှိ



အလုပ်အကိုင်ဝင်ရောက်ဖို့ ရွေးချယ်ရာမှာ ကျင့်ဝတ်သိက္ခာပိုင်းအရ နာမည်ကောင်းရှိတာကလည်း စင်ကာပူနဲ့ ဒေသတွင်းရှိ ဝန်ထမ်းအလုပ်အကိုင်ရွေးချယ်ရာမှာ ထည့်သွင်းစဉ်းစားတဲ့ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။ လာဘ်ပေးလာဘ်ယူမှုနဲ့ အဂတိလိုက်စားမှုတွေမှာ ပါဝင်ပတ်သက်နေတဲ့ ကုမ္ပဏီတွေမှာ အလုပ်လုပ်လိုတဲ့ ဆန္ဒမရှိကြောင်း စစ်တမ်းကောက် သူ ၁၀ ဦးအနက် ရှစ်ဦးက ပြောတယ်လို့ အတိုင်ပင်ခံအဖွဲ့ EY က ပြုလုပ်တဲ့ အာရှပစိဖိတ်ဒေသ အဂတိလိုက်စားမှုစစ်တမ်းဖြစ်တဲ့ Asia Paciffic Fraud Survey 2015 နှစ်ပတ်လည်အစီရင်ခံစာမှာ ဖော်ပြပါတယ်။

အာရှပစိဖိတ်ဒေသ အဂတိလိုက်စားမှုစစ်တမ်းမှာ ဒေသတွင်းရှိ နယ်မြေ ၁၄ ခုမှ ဝန်ထမ်း ၁၅၀၀ ကို စစ်တမ်းကောက်ယူခြင်းဖြစ်ရာ စင်ကာပူမှ ၉၀ ဦး ပါဝင်ပါတယ်။ အဂတိလိုက်စားမှုရှိလာရင် အဖွဲ့အစည်းအဆင့်ဆင့်ကို ဂယက်ရိုက်ခတ်မှုရှိလာပြီဖြစ်ရာ ကုန်ထုတ်လုပ်မှု၊ ဖွံ့ဖြိုးရေးမဟာဗျူဟာနဲ့ ပညာရှင် ထိန်းသိမ်းရေးစတဲ့ အဆင့်တွေကို ထိခိုက်နိုင်ပါတယ်။ ကိုယ်ကျင့်တရားဆိုင်ရာ အပြုအမူနဲ့ပတ်သက်ပြီး နာမည်ကောင်းရှိတာက စီးပွားရေးလုပ်ငန်းအတွက် ကောင်းကျိုးရလဒ် တစ်ခုဖြစ်ကြောင်း စင်ကာပူနဲ့ ဒေသတွင်းရှိစစ်တမ်းကောက်ယူခဲ့သူတို့ အနက် ၁၀ ဦးမှာ ခုနစ်ဦးက ပြောပါတယ်။

လိမ်လည်မှု၊ လာဘ်ပေးလာဘ်ယူမှုနဲ့ အဂတိလိုက်စားမှုတို့ကို ဆန့်ကျင်တဲ့မူဝါဒတွေကို စင်ကာပူကုမ္ပဏီတွေက ချမှတ်ထားကြောင်း စစ်တမ်းအရ သိရပါတယ်။ သူတို့ရဲ့ လုပ်ငန်းအဖွဲ့အစည်းတွေက လာဘ်ပေးလာဘ်ယူမှု ဆန့်ကျင်ရေး၊ အဂတိလိုက်စားမှုဆန့်ကျင်ရေး မူဝါဒတွေချမှတ်ထားကြောင်း စစ်တမ်းမှာ ပါဝင်ဖြေကြားသူ ၈၀ ရာခိုင်နှုန်းက ပြောပါတယ်။ ဒေသတွင်းပျမ်းမျှရလဒ်ဖြစ်တဲ့ ၇၆ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားပါတယ်။ အဖွဲ့ရဲ့ ပြင်ပလူတွေက ဆောင်ရွက်လာမယ့် ကိုယ်ကျင့်သိက္ခာပျက်ပြားစေမယ့် လုပ်ရပ်တွေကို သူတို့လုပ်ငန်းက ထိထိရောက်ရောက်ဟန့်တားနိုင်တယ်လို့ ယုံကြည်သူက ၁၀ ဦးမှာ ကိုးဦးရှိပါ တယ်။

ဒါပေမယ့် ဒီလောက်နဲ့ ကျေနပ်နေလို့မဖြစ်သေးကြောင်း EY သတိပေးထားပါတယ်။

# ဗီယက်နမ် ဒစ်ဂျစ်တယ်စီးပွားရေးအတွက် ရှင်းလင်းပြတ်သားတဲ့ နည်းဥပဒေများလိုအပ်

ဒစ်ဂျစ်တယ် စီးပွားရေးကို ထူထောင်ရန်အတွက် ဗီယက်နမ်နိုင်ငံက ဂေဟစနစ်တစ်ခုကို ထူထောင်ရန်နဲ့ အင်တာနက်လုပ်ငန်းမဟုတ်တဲ့ ကုမ္ပဏီတွေရဲ့ သိရှိသဘောပေါက်နားလည်မှုကို မြှင့်တင်ပေးရန်လို အပ်ကြောင်းနဲ့ ဝန်ထမ်းများအား ကျွမ်းကျင်မှုများ တိုးတက်ကောင်းမွန်ရန်လည်း ဆောင်ရွက်ဖို့လိုကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။ ထို့ပြင် ပိုမိုရှင်းလင်းပြတ်သားပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ စည်းမျဉ်းဥပဒေတွေကိုလည်း ပြဋ္ဌာန်းပေးဖို့လို ကြောင်း ဇွန်လ ၉ ရက်က ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ မှာ "ဒစ်ဂျစ်တယ်စီးပွားရေးကို အားဖြည့်ပေးခြင်း" ဆိုတဲ့ခေါင်းစဉ်နဲ့ ကျင်းပတဲ့ ကွန်ဖရင့်မှာ အတိုင်ပင်ခံနဲ့သုတေသနလုပ်ငန်းအဖွဲ့ TRPC ရဲ့ ညွှန်ကြား ရေးမှူး John Ure က ပြောပါတယ်။

"အထူးသဖြင့် စမတ်ဖုန်းအသုံးပြုမှုအပါအဝင် နိုင်ငံရဲ့ အခြေခံအဆောက်အအုံအပေါ်မှာ အခြေပြုပြီး ဗီယက်နမ်ရဲ့အင်တာနက်စီးပွားရေးက ထွန်းကားခဲ့ပါတယ်။ လောလောဆယ်မှာ ဗီယက်နမ်က ဒစ်ဂျစ်တယ်စီးပွားရေးကို ကူးပြောင်းနေပေမယ့် ဒစ်ဂျစ်တယ်စီးပွားရေးက ဗီယက်နမ်မှာ အားနည်းနေပါတယ်။ ဒါပေမဲ့ ဒီနေ့အချိန်မှာ တိုးတက်မှုရှာနေတဲ့ ကုမ္ပဏီတွေအတွက် နမူနာကောင်းတစ်ခုဖြစ်ပါတယ်။ သူတို့ကအနာဂတ်အတွက် လမ်းခင်းပေးနေပါတယ်လို့" Ure ကပြောပါတယ်။

အင်ဒိုနီးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယားနဲ့ ဂျပန်အပါအဝင် အာရှနိုင်ငံ ငါးနိုင်ငံမှာ အင်တာနက်နဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေတွေနဲ့အလားအလာတွေကို TRPC က လွန်ခဲ့တဲ့သုံးလအတွင်းသုတေသနပြုခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံမှာ TRPC ကအွန်လိုင်းငွေပေးချေရေးအင်တာနက် ပလက်ဖောင်းတစ်ခုဖြစ်တဲ့ nganluong.vn ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဗီယက်နမ်နိုင်ငံက တက္ကသိုလ်များ၊ သုတေသနအဖွဲ့များနဲ့ စက်မှုလုပ်ငန်းများနီးကပ်စွာပူးပေါင်းဆောင်ရွက်ကြဖို့လည်း TRPC က တိုက်တွန်းထားပါတယ်။



# ဖိလစ်ပိုင် ဘဏ်လုပ်ငန်းတွေ တည်ငြိမ်မှုရှိ

စီးပွားရေးအဆင့် သတ်မှတ်ရေးအဖွဲ့ Standard & Poor's Rating Services ကဖိလစ်ပိုင်နိုင်ငံရဲ့ ဘဏ်လုပ်ငန်းစနစ်ကို "တည်ငြိမ်" အဆင့်သတ်မှတ်ထားကြောင်း ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြထားပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ ဘဏ်လုပ်ငန်းစနစ်ကို Standard & Poor's ရဲ့စံထားတဲ့ စနစ်တစ်ခုဖြစ်တဲ့ Banking Industry Country Risk Assessment (BICRA) စံနှုန်းနဲ့ တိုင်းတာတဲ့အခါ ဖိလစ်ပိုင်နိုင်ငံရဲ့ ဘဏ်လုပ်ငန်းကဏ္ဍကို အုပ်စု ၇ မှာ ထည့်သွင်းထားခဲ့ပါတယ်။ ဒီအုပ်စု ၇ မှာ ပါဝင်တဲ့တခြားနိုင်ငံတွေက အင်ဒိုနီးရှား၊ ပေါ်တူဂီ၊ အိုက်စလန်နဲ့ အိုင်ယာလန်နိုင်ငံတို့ဖြစ်ကြောင်း ဇွန်လ ၁၁ ရက်က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဖိလစ်ပိုင်နိုင်ငံ ဘဏ်လုပ်ငန်းစနစ်ရဲ့ ချေးငွေ အရည်အသွေးကတိုးတက်ကောင်းမွန်လျက်ရှိပါတယ်။ ဒါပေမဲ့ ဆုံးရှုံးနိုင်ခြေရှိတဲ့ အန္တရာယ်တွေနဲ့ရင်ဆိုင်နေရတယ်လို့ S&P ကပြောပါတယ်။ ပွင့်လင်းမြင်သာမှုနည်းခြင်း၊ ကော်ပိုရေးရှင်းတွေရဲ့စီမံအုပ်ချုပ်မှုအားနည်းခြင်း နဲ့ ဥပဒေရေးရာအခြေခံအဆောက်အအုံစွမ်းဆောင်ရည်မပြည့်ဝခြင်းစတဲ့ အခြေအနေတွေကချေးငွေအတွက်ဖြစ်တတ်တဲ့ဆုံးရှုံးနိုင်ခြေရှိတဲ့ အန္တရာယ်တွေရှိနေပါတယ်။ ထို့မျှမက အိမ်ခြံမြေဈေးတွေမြင့်တက်လာရင်သို့မဟုတ် ချေးငွေဖွံ့ဖြိုးမှုကာလရှည်ကြာလာရင် ငွေကြေးစနစ်အတွင်းမှာရှိတဲ့ ချေးငွေအတွက်စွန့်စားရမှုအန္တရာယ်က ပိုမိုမြင့်မားလာနိုင်ပါတယ်။

ထိုနည်းတူ ဥပဒေပြုမှု မလုံလောက်ခြင်း၊ ကြီးကြပ်ရေးဝန်ထမ်းတွေအတွက် ဥပဒေရေးရာအကာအကွယ်ပေးမှုတွေလုံလောက်ခြင်းမရှိပါက ကြီးကြပ်ရေးမှူးအဖြစ်ဆောင်ရွက်နေတဲ့ ဖိလစ်ပိုင်ဗဟိုဘဏ်က ရေရှည်တည်တံ့ နိုင်မယ့် အစီအမံတွေကို ဖော်ဆောင်ရာမှာ အခက်အခဲရှိစေနိုင်ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဟန်နွိုင်း

ဗီယက်နမ်နိုင်ငံ တစ်ဝန်းလုံးမှာ ဇီဝဒီဇယ် E 5 RON 92 ကို တိုးမြှင့်ဖြန့်ဖြူးသုံးစွဲ သွားနိုင်ဖို့ အမိန့်ပေးထားပြီး ဖြစ်ကြောင်း၊ ယခုနှစ်ပထမနှစ်ဝက်မှာ လုပ်ငန်းဆောင်ရွက်အကောင်အထည်ဖော်နိုင်မှုအခြေအနေကို လေ့လာသုံးသပ်တဲ့ အစည်းအဝေးမှာ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဟောင်ထရန်ဟိုင်းက ဇွန်လ ၉ ရက်ကပြောကြားခဲ့တာကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

### ဘာလင်

ဂျာမနီအစိုးရအနေဖြင့် ဂရိနိုင်ငံ ဒေဝါလီခံရပါက ဆောင်ရွက်မည့်ကိစ္စများအတွက် "ခိုင်မာတဲ့ စေ့စပ်ညှိနှိုင်းမှုတွေ" ကိုဆောင်ရွက်လျက်ရှိကြောင်းနဲ့ ထိုသို့ညှိနှိုင်းမှုတွေထဲမှာ ဂရိနိုင်ငံရဲ့ မတည်ရင်းနှီးငွေတွေ ထိန်းချုပ်ရေးကိစ္စများလည်းပါဝင်ကြောင်း ဇွန်လ ၁၂ ရက်ကထုတ်ဝေတဲ့ ဂျာမန်သတင်းစာ Bild မှာ ဖော်ပြပါတယ်။

### အေသင်

ဇွန်လအကုန်မှာ ဂရိနိုင်ငံ ကြွေးမြီပေးဆပ်မှုပျက်ကွက်မှာကို ကာကွယ်နိုင်ဖို့ ဆောင်ရွက်ရမယ့်အချိန် သိပ်မရှိတော့တဲ့အတွက် ဇွန်လ ၁၈ ရက်မှာ ကျင်းပမယ့် ယူရိုဇုန် ဘဏ္ဍာရေးဝန်ကြီးတွေရဲ့ အစည်းအဝေးမှာ သူရဲ့ မြီရှင်တွေနဲ့ သဘောတူညီမှုရလိမ့်မယ်လို့ ဂရိနိုင်ငံကမျှော်လင့်ကြောင်း ဂရိနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အလက်ကို ဖလာဘာရာရစ်ရဲ့ ဇွန်လ ၁၂ ရက်နေ့က ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### တိုကျို

ဂျပန်နိုင်ငံရဲ့ စက်မှုကုန်ထုတ်လုပ်မှုမှာ ကနဦးခန့်မှန်းချက်ထက်ကျော်လွန်ပြီး ဧပြီလမှာ လအလိုက်နှိုင်းယှဉ်ပါက ၁ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ရာ မူလခန့်မှန်းထားတဲ့ တစ်ရာခိုင်နှုန်းထက်သာလွန်ပြီး သုံးလအတွင်း ပထမဆုံးအကြိမ်အဖြစ် တိုးတက်ခဲ့ကြောင်း re-enews သတင်းမှာ ဖော်ပြထားပါတယ်။

## SOUTH ASIA

# အာမခံကုမ္ပဏီများအတွက် အိန္ဒိယနိုင်ငံက သဘာဝအန္တရာယ် အများဆုံးကျရောက်တဲ့ ၁၀ နိုင်ငံထဲမှာပါဝင်

သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေနှင့် ပတ်သက်ပါက အိန္ဒိယနိုင်ငံကထိပ်ဆုံး ၁၀ နိုင်ငံစာရင်းတွင်ပါဝင်ကြောင်း အာမခံအေဂျင်စီတစ်ခုဖြစ်တဲ့ Bajaj Allianz ရဲ့ပြောကြားချက်ကို ကိုးကားပြီး Business Standard သတင်းမှာ ဖော်ပြပါတယ်။ ဂျမူးနဲ့ ကက်ရှမီးယား ရေလွှမ်းမိုးမှု၊ ဥတ္တရခန်းမြေပြိုမှု၊ ဟွဒ်ဟွဒ်ဆိုင်ကလုန်း စတဲ့ သဘာဝဘေး အန္တရာယ်တွေ မကြာခဏဖြစ်ပွားမှုကြောင့် အိန္ဒိယရဲ့ ရေလွှမ်းမိုးမှုအန္တရာယ်က ထပ်မံတိုးပွားလာဦးမယ်လို့ အေဂျင်စီက ယုံကြည်ထားပါတယ်။

ဂျပန်နဲ့ ဖိလစ်ပိုင်အပါအဝင် အခြားနိုင်ငံများနည်းတူ အိန္ဒိယနိုင်ငံက မြေငလျင်၊ဆိုင်ကလုန်းနဲ့ ရေလွှမ်းမိုးမှုစတဲ့ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားရာမှာ ထိပ်တန်း ၁၀ နိုင်ငံထဲမှာ ပါဝင်ပါတယ်။ ဒီလိုဖြစ်ပွားနေတဲ့အတွက် အာမခံလုပ်ငန်းတွေအနေနဲ့ သဘာဝဘေးအန္တရာယ်များအတွက် အာမခံကြေးပိုမိုထားရမယ့်သဘောရှိပါတယ်။ ဒါပေမယ့် အိန္ဒိယနိုင်ငံရဲ့ ပရီမီယံကြေးက ဖိလစ်ပိုင်နိုင်ငံနဲ့ နှိုင်းယှဉ်ရင် နိမ့်ကျနေဆဲဖြစ်ပါတယ်။

"မြေငလျင်၊ ဆိုင်ကလုန်းနဲ့ ရေလွှမ်းမိုးမှု စတဲ့ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်လို့အဆင့်သတ်မှတ်ရာမှာ အိန္ဒိယက ထိပ်ဆုံးကပါဝင်နေပါတယ်။ လောလောဆယ်မှာ အိန္ဒိယနိုင်ငံက မြေငလျင်ဘေးအန္တရာယ်အတွက် ပြင်ဆင်မှုတွေသာဆောင်ရွက်ပြီး ရေလွှမ်းမိုး မှုအတွက် ပြင်ဆင်မှုတွေ များများစားစား မရှိသေးတာကိုတွေ့ရပါတယ်။ ရေလွှမ်းမိုးမှုတွေဟာ ကြီးကြပ်ကွပ်ကဲဖို့ ခက်ခဲတဲ့ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပါတယ်" လို့ Bajaj Allianz ရဲ့ အုပ်ချုပ်မှုဒါရိုက်တာနဲ့ အမှုဆောင်အရာရှိချုပ် တာပန်ဆင်ဂဲက ပြောပါတယ်။

အာမခံကုမ္ပဏီတွေက မြေငလျင်လိုသဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်တဲ့ အစီအမံတွေကိုသာ ရေးဆွဲထားတဲ့ ကုမ္ပဏီတွေ ဖြစ်ပါတယ်။ Bajaj Allianz မြေငလျင်နဲ့ပတ်သက်တဲ့အချက်အလက် ပုံစံဒီဇိုင်းသာရှိပြီး ရေလွှမ်းမိုးမှုနဲ့ပတ်သက်လို့တော့ မွမ်ဘိုင်းရေလွှမ်းမိုးမှုနဲ့ ပတ်သက်တဲ့ ပုံစံဒီဇိုင်းသာရှိပါတယ်။

## EAST ASIA

# မားစ်ရောဂါကြောင့် စီးပွားရေးအပေါ်ဂယက်ရိုက်ခတ်လာမှာကို တောင်ကိုရီးယားနိုင်ငံကစိုးရိမ်

မားစ်ရောဂါ (Middle East Respiratory Syndrome-MERS) ဖြစ်ပွားမှုကြောင့် နိုင်ငံရဲ့စီးပွားရေးအပေါ် ဂယက်ရိုက်ခတ်လာမှာကို တောင်ကိုရီးယားနိုင်ငံက စိုးရိမ်ကြောင်းနဲ့ စီးပွားရေးကို ထိခိုက်မှုရှိလာတယ်လို့ အချက်ပြလာပါက တန်ပြန်အစီအမံများကို လျင်မြန်စွာဆောင်ရွက်မှာဖြစ်ကြောင်း ဇွန်လ ၈ ရက်က ဘဏ္ဍာရေးဝန်ကြီး၏ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

"မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ မားစ်ရောဂါကြောင့် ပုဂ္ဂလိကစားသုံးမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေအပေါ် ယုံကြည်မှုပျက်ပြားလာမှာကို စိုးရိမ်သလို ပြည်တွင်းစီးပွားရေးထိခိုက်လာမှာကိုလည်း ကျွန်တော် စိုးရိမ်မကင်းဖြစ်မိပါတယ်။ လိုအပ်တဲ့ ဘတ်ဂျက်ကို အချိန်ကိုက် ခွဲဝေလျာထားခြင်းအပါအဝင် မားစ်ရောဂါဖြစ်ပွားမှုတွေကို လျှော့ချနိုင်ဖို့ အစွမ်းကုန်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်"လို့ အလုပ်သဘောနေ့လယ်စာစားပွဲတစ်ခုမှာ မိန့်ခွန်းပြောကြားစဉ် ဘဏ္ဍာရေးဝန်ကြီး ချိုင်ကျွန်ဝှန်က ပြောပါ တယ်။



ဗိုင်းရပ်စ်ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် စိုးရိမ်မှုတွေက စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုတွေကို ထိခိုက်မှုရှိမလာအောင် ပူးပေါင်းဆောင်ရွက်ကြဖို့ ဝန်ကြီးကတောင်ကိုရီးယားလူမျိုးတွေကို တိုက်တွန်းပြောကြားခဲ့ပါတယ်။ သို့သော် ဘတ်ဂျက်ငွေ မည်မျှထပ်မံတိုးချဲ့သုံးစွဲမည်ကို သူကပြောကြားခဲ့ခြင်း မရှိပါဘူး။ ယူရိုငွေကြေးနဲ့ ယန်းငွေတန်ဖိုး ကာလရှည်ကြာစွာကျဆင်းမှုကြောင့် ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်တွေမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရကြောင်းနဲ့ ပို့ကုန်လုပ်ငန်းရှင်တွေအတွက် အခက်အခဲ တွေသက်သာ ကျဆင်းစေမယ့် အစီအမံတွေကို မကြာမီကြေညာမှာဖြစ်ကြောင်း သူကပြောပါတယ်။ ရောဂါကူးစက်ခံရသူ ၂၃ ဦး ထပ်မံတွေ့ရှိပြီး စုစုပေါင်း ၈၇ ဦး ရှိခဲ့တဲ့အတွက် ဆော်ဒီအာရေးဗီးယားပြီးရင် တောင်ကိုရီးယားက ဒုတိယအများဆုံးကူးစက်ခံရတဲ့ နိုင်ငံဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ အစီရင်ခံစာ ထွက်ပေါ်ပြီးနောက် ပိုင်းဘဏ္ဍာရေးဝန်ကြီးရဲ့ ဝေဖန်ချက် ထွက်ပေါ် ခဲ့တာဖြစ်ပါတယ်။

မားစ်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ခြောက်ဦးရှိပြီး ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပွားစေရန် ထိန်းသိမ်းထားသူ ၂၅၀၀ ရှိပါတယ်။ မားစ်ရောဂါပြန့်ပွားမှု အများဆုံးဖြစ်နိုင်တဲ့ ခရီးသွားလုပ်ငန်း၊ လက်လီရောင်းချမှုနဲ့ တခြားကဏ္ဍတွေအတွက်ဝန်ကြီးဌာနက ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဝန်ကြီးက ပြောပါတယ်။

## EU

# ပြုပြင်ပြောင်းလဲရေးစီမံကိန်းသစ်ကို ဂရိနိုင်ငံက မြီရှင်တို့အား တင်ပြ

ဂရိနိုင်ငံက ကတိပြုထားတဲ့ ပြုပြင်ပြောင်းလဲရေးစီမံကိန်းများကို ဥရောပသမဂ္ဂ (အီးယူ)နဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) မြီရှင်တို့အား ဇွန်လ ၉ ရက်က တင်ပြခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာဖော်ပြပါတယ်။ ယခုလိုတင်ပြခဲ့တာက ဂရိနိုင်ငံဝန်ကြီးချုပ် အလက်ဇီဆီပရပ်က ဂရိနိုင်ငံရဲ့ ကြွေးမြီအကျပ်အတည်းအဆုံးသတ်ရေးကိစ္စ ဆွေးနွေးဖို့ပြင်သစ်နဲ့ ဂျာမနီခေါင်းဆောင်တွေ မဆွေးနွေးမီ တစ်ရက်အလိုမှာ တင်ပြခဲ့တာဖြစ်ကြောင်း ဥရောပသတင်းရပ်ကွက်မှ ပြောပါတယ်။

ဘရပ်ဆဲမှာရှိတဲ့ ဥရောပကော်မရှင်ရုံးကို တင်ပြပါမယ်လို့ လွန်ခဲ့တဲ့ရက်သတ္တပတ်က အစည်းအဝေးမှာ ပေးခဲ့တဲ့ကတိကို ဆီပရပ်က လိုက်နာစောင့်ထိန်းခြင်း မရှိဘူးလို့ ဥရောပကော်မရှင်ဥက္ကဋ္ဌ ယွန်းက လောဂျန်ကာက ဝေဖန်ပြောကြားပြီးနောက် နှစ်ရက်အကြာမှာ ဂရိနိုင်ငံရဲ့ တန်ပြန်အဆိုပြုချက်တွေရောက်ရှိခဲ့ပါတယ်။ မြီရှင်တွေက ဒီအကြံပြုချက်တွေကို လေ့လာလျက်ရှိပါတယ်။

ဂရိနိုင်ငံကတင်ပြတဲ့ အဆိုပြုချက်များအနက်တစ်ခုက သဘောထားတင်းမာတဲ့ ဥရောပဗဟိုဘဏ်ကိုပေးရမယ့် ကြွေးမြီတွေကို သဘောထားပိုမိုပျော့ပြောင်းပြီး ဥရောပတည်ငြိမ်ရေးယန္တရားတစ်ခုဖြစ်တဲ့ ယူရိုဇုန်အကျပ်အတည်းတိုက်ဖျက်ရေး ရန်ပုံငွေအဖွဲ့ကိုလွှဲပြောင်းပေးဖို့ဖြစ်ကြောင်း တခြားသတင်းရပ်ကွက်တစ်ခုမှတစ်ဆင့် သိရပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ယခုနှစ် နွေရာသီမှာ ဂရိနိုင်ငံက ဥရောပဗဟိုဘဏ် (အီးစီဘီ) ကိုပေးရမယ့် မြောက်မြားလှတဲ့ ငွေပမာဏကို ရက် ရွှေ့ဆိုင်းထားနိုင်ပြီး ဂရိအစိုးရက အရေးတကြီး လိုအပ်ငွေအတွက် အသက်ရှူချောင်သွားမှာ ဖြစ်ပါတယ်။

ဂရိနိုင်ငံနဲ့ သူရဲ့မြီရှင်တွေက လက်ရှိ ယူရိုဇုန်ကယ်တင်မှုချေးငွေအစီအစဉ် တိုးချဲ့ရေးကိစ္စကိုငြင်းခုံဆွေးနွေးနေဆဲဖြစ် ပါတယ်။ ကယ်တင်မှုချေးငွေအစီအစဉ်က ဇွန်လကုန်မှာ သက်တမ်းကုန်တော့မှာဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ်လအထိတိုးချဲ့ရေးကို ဆွေးနွေးနေဆဲဖြစ်ပါတယ်။

## USA

# အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှု ဒုတိယသုံးလပတ်တွင် နှစ်ရာခိုင်နှုန်းနီးပါး ရှိမည်

မေလအတွင်းက အမေရိကန်ပြည်ထောင်စုရဲ့ လက်လီရောင်းချမှုများ ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့တာကိုအစိုးရမှထုတ်ပြန်တဲ့ ကိန်းဂဏန်းများမှာတွေ့ရပြီးနောက်ပိုင်း အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးမှာ ဒုတိယသုံးလပတ်မှာ ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လိမ့်မယ်လို့ ခန့်မှန်းကြောင်း ဇွန်လ ၁၁ ရက်နေ့ကထုတ်ပြန်တဲ့ အတ္တလန္တာဗဟိုဘဏ်ရဲ့ ခန့်မှန်းချက်ဖြစ်တဲ့ GDPNow ခန့်မှန်းချက်ပုံစံကို ကိုးကားပြီး စတားထရီဗြွန်းသတင်းမှာ ဖော်ပြပါတယ်။

ဒေသဆိုင်ရာဗဟိုဘဏ်ရဲ့ ဇွန်လ ၃ ရက်က ခန့်မှန်းချက်အရဆိုပါက ဒုတိယသုံးလပတ်တိုးတက်နှုန်းက ၁ ဒသမ ၁ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းခဲ့ပါတယ်။ GDPNow ခန့်မှန်းချက်ပုံစံက ဒုတိယသုံးလပတ်ဂျီဒီပီတိုးတက်မှုနှုန်းကိုတိုးမြှင့်ခန့်မှန်းထားတာကို တွေ့ရပါတယ်။ တိုးမြှင့်ခန့်ထားရတဲ့အကြောင်းရင်းတွေထဲမှာ အဓိကအားဖြင့် ကုန်သွယ်ရေး၊ အလုပ်အကိုင်၊ လက်လီရောင်းချမှုနဲ့ ဝန်ဆောင်မှုကဏ္ဍက အကောင်အထည်ဖော်မှုကိန်းဂဏန်းတွေမြင့်တက်လာတာကို အခြေခံပြီး ခန့်မှန်းတာဖြစ်ပါတယ်။

ယခုကဲ့သို့ တိုးမြှင့်ခန့်ထားတဲ့ ကိန်းဂဏန်းတွေကလည်း ဝေါစထရီမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတချို့ရဲ့ ခန့်မှန်းချက်နဲ့နှိုင်းယှဉ်ရင် နည်းနေပါတယ်။ မေလမှာ လက်လီရောင်းချမှုတွေမြင့်တက်လာတဲ့အတွက် Goldman Sach မှ စီးပွားရေး၊ ပညာရေး၊ ပညာရှင်တွေက ဂျီဒီပီတိုးတက်နှုန်းကို မူလခန့်မှန်းချက်ထက် သုည ဒသမ ၂ ရာခိုင်နှုန်း တိုးပြီး ၃ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။

JP Morgan စီးပွားရေးပညာရှင်တွေက ဒုတိယသုံးလပတ်ဂျီဒီပီတိုးတက်မှုနှုန်းကို ယခင်အတိုင်း ၂ ဒသမ သုည ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။ အတ္တလန္တာဗဟိုဘဏ်ရဲ့ ဂျီဒီပီ ခန့်မှန်းချက်က ပထမသုံးလပတ်အတွင်းက နီးစပ်မှုရှိတဲ့အတွက် ကုန်သည်တွေက အလေးထားရတဲ့ခန့်မှန်းချက်ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်နိုင်ငံက အတိုးနှုန်းတွေမြင့်တင်ပေးဖို့နီးစပ်လာတဲ့ လက္ခဏာတွေပြသလာတာကို အကြောင်းပြုပြီး ထွန်းသစ်စနိုင်ငံတွေ ရဲ့ဈေးကွက်တွေမှာရှိနေတဲ့ငွေတွေကို ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့တွေက ပြန်လည်ထုတ်ယူသွားတဲ့အတွက် ဖိလစ်ပိုင် ပီဆိုက ဦးဆောင်ပြီး အာရှငွေကြေးတွေ တန်ဖိုးကျဆင်းခဲ့ပါတယ်။ ဇွန်လ ၅ ရက်နေ့နောက်ပိုင်းမှာ တရုတ်(တိုင်ပေ)၊တောင်ကိုရီးယားနဲ့ အိန္ဒိယနိုင်ငံတွေမှာရှိတဲ့ စတော့ဒိုင်တွေမှာ ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံသူတွေရဲ့ အသားတင်ရောင်းချမှုက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရှိခဲ့ပါတယ်။

ကမ္ဘာ့စီးပွားရေး အကြီးမားဆုံးဖြစ်တဲ့ အမေရိကန်စီးပွားရေးက ပထမသုံးလပတ်မှာ နှေးကွေးကျဆင်းနေရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်တဲ့အတွက် အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က လာမယ့်ရက်သတ္တပတ်မှာ ချေးငွေအတိုးနှုန်းကိစ္စကို ပြန်လည်သုံးသပ်တော့မှာဖြစ်ပါတယ်။ တောင်ကိုရီးယားမှာ ဇွန် ၁၁ ရက်က အခြေခံအတိုးနှုန်းတွေကို စံချိန်တင်လျှော့ချလိုက်ချိန်မှာ မားစ်ရောဂါခြိမ်းခြောက်မှုနဲ့ရင်ဆိုင်နေရပါတယ်။

ဥရောပဒေသမှာ ဂရိနိုင်ငံကို ဘဏ္ဍာရေး ထပ်မံထောက်ပံ့ရေးကိစ္စအတွက်ခေါင်းခဲနေကြရပြီး ဂျာမနီနိုင်ငံရဲ့လွှတ်တော်မှာ ချေးငွေထပ်တိုးရေးကိစ္စကို ဆန့်ကျင်ကန့်ကွက်သူပိုများလာတာကို တွေ့ရပါတယ်။ ဒီသတင်းကြောင့် ထွန်းသစ်စဈေးကွက်မှာရှိတဲ့ အက်ဆက်တွေရဲ့ ဝယ်လိုအားကို ကျဆင်းစေခဲ့ပါတယ်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်ရဲ့ နေ့စဉ်သတ်မှတ်နှုန်းကိုလျှော့ချသတ်မှတ်လိုက်ပြီး နောက်ပိုင်း တရုတ်ယွမ်ငွေကြေးရဲ့ ဖလှယ်နှုန်းက ဇွန်လ ၁၂ ရက် အထိသုံးလ ဆက်တိုက်အတက်အကျမရှိ တန့်နေခဲ့ပါတယ်။ ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ရင် တန်ဖိုး သုည ဒသမ ၀၅ ရာခိုင်နှုန်းကျဆင်းမယ်လို့ ခန့်မှန်းရပါတယ်။ တရုတ်ဗဟိုဘဏ်က ယွမ်ငွေတန်ဖိုးကို ယခင်နေ့ကထက် သုည ဒသမ ၀၃ ရာခိုင်နှုန်းလျှော့ချပြီး တစ်ဒေါ်လာကို ၆ ဒသမ ၁၁၆၇ ယွမ်နှုန်း သတ်မှတ်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယ ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ထုတ်ရောင်းလာကြတဲ့အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေ ဖလှယ်ရေးဈေးကွက်မှာ အိန္ဒိယရူပီးကို အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ဇွန်လ ၁၂ ရက်က သုည ဒသမ ၀၅ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၃ ဒသမ ၉၂ ရူပီးနှုန်းရှိခဲ့ပါတယ်။ ပင်လယ်ရပ်ခြားဒေသမှာ ဒေါ်လာတန်ဖိုး ကျဆင်းတာကလည်း ရူပီးတန်ဖိုးမြင့်တက်ဖို့ အထောက်အပံ့ဖြစ်စေခဲ့ပေမယ့် ဈေးအဖွင့်မှာ ပြည်တွင်းရှယ်ယာဈေးတွေ ကျဆင်းမှုက ရူပီးတန်ဖိုး မြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။

**ဂျပန်ယန်း**

ဂျပန် ဗဟိုဘဏ်အကြီးအကဲရဲ့ ဝေဖန်ပြောကြားချက်အပေါ် မူတည်ပြီး လေ့လာဆန်းစစ်သူတွေက ယန်းငွေတန်ဖိုးထပ်မံကျဆင်းမယ်လို့ ခန့်မှန်းကြတဲ့အတွက် ယမန်နေ့ကမြင့်တက်ခဲ့တဲ့ ယန်းငွေတန်ဖိုးက မြင့်တက်မှုရပ်ဆိုင်းပြီး ဇွန်လ ၁၁ ရက်နေ့မှာ ဒေါ်လာနဲ့ဖလှယ်တဲ့အခါ တန်ဖိုးကျဆင်းလာတာကို တွေ့ရပါတယ်။

နယူးယောက်ဈေးကွက်မှာ ၁၂၂ ဒသမ ၆၇ ယန်းနှုန်းရှိခဲ့တဲ့ဒေါ်လာဈေးက ဇွန်လ ၁၁ ရက်နေ့မှာ တစ်ဒေါ်လာကို ၁၂၃ ဒသမ ၃၁ ယန်းနှုန်းထိရောက်ရှိခဲ့ပါတယ်။ ယခုရက်သတ္တပတ်စောစောပိုင်းကမူ တစ်ဒေါ်လာကို ၁၂၅ ယန်းဝန်းကျင်ထိ ရောက်ရှိပြီး ၁၃ နှစ်အတွင်းအမြင့်ဆုံးနှုန်းထိပင် ရောက်ခဲ့ပါတယ်။

ယူရိုငွေကြေးရဲ့ ဖလှယ်နှုန်းက နယူးယောက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၃၂၄ ဒေါ်လာနဲ့ ၁၃၈ ဒသမ ၉၂ ယန်းရှိရာမှ တိုကျိုမှာတစ်ယူရိုကို ၁ ဒသမ ၁၃၀၄ ဒေါ်လာနဲ့ ၁၃၉ ဒသမ ၄၉ ယန်းနှုန်းအထိ အသီးသီးရောက်ရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ပြည်တွင်းသုံး ငွေကြေးဖြစ်တဲ့ ရင်းဂစ်ကို ဝယ်ယူမှုမြင့်မားလာတဲ့အတွက် ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

ရင်းဂစ်နဲ့ အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းမှာ ဇွန်လ ၁၁ ရက် ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၃ ဒသမ ၇၄၄၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၂၃ မိနစ်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၇၂၉၅ ရင်းဂစ်နှုန်းရှိပါတယ်။ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း အများအားဖြင့် ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

မားစ်ရောဂါဖြစ်ပွားမှု ဂယက်ကြောင့် စီးပွားရေးကိုထိခိုက်မယ့် အခြေအနေကို ကာမိစေဖို့အတွက် တောင်ကိုရီးယားဗဟိုဘဏ်က အတိုးနှုန်းကိုလျှော့ချလိုက်ရာ ဇွန်လ ၁၁ ရက်နေ့ မနက်ပိုင်းက ကိုရီးယားနိုင်ငံသုံးငွေကြေးဖြစ်တဲ့ ဝမ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။ ဈေးပိတ်ချိန်မှာ ဝမ်ငွေကြေးရဲ့ ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၁၀၈ ဒသမ ၈ ဝမ်နှုန်း ရောက်ရှိပြီး နေ့ချင်းနှိုင်းယှဉ်ပါက အနည်းငယ် ကျဆင်းပါတယ်။

**ထိုင်းဘတ်**

ထိုင်းနိုင်ငံရဲ့ စီးပွားရေးဖြည်းဖြည်း မှန်မှန်တိုးတက်လာပြီဖြစ်ကြောင်း ထိုင်းဗဟိုဘဏ်ကသုံးသပ်ပြီး ဇွန်လ ၁၁ ရက်နေ့မှာ ဗဟိုဘဏ်အတိုးနှုန်းကို ပြုပြင်မှုမရှိဘဲ ပုံမှန်အတိုင်းဆက်လက်ထားရှိခဲ့ပါတယ်။ အတိုးနှုန်းတွေကို နှစ်ကြိမ်တိုင်ရုတ်တရက်လျှော့ချပြီးမှ ယခုလို ဆုံးဖြတ်တာဖြစ်ပါတယ်။ ဒါကြောင့်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ၃၃ ဒသမ ၆၈ ဘတ်နှုန်းအတက်အကျမရှိ ဆက်လက်တည်ရှိနေပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ကမ္ဘာတစ်ဝန်းရှိ HSBC ရုံးများတွင် အလုပ်အကိုင် နှစ်သောင်းခွဲလျှော့ချမည်

ဟောင်ကောင်ရှန်ဟဲဘဏ်ကော်ပိုရေးရှင်း (Hong Kong Shanghai Banking Corporation-HSBC) ရဲ့ ကမ္ဘာနဲ့အဝန်း ပြန်လည်ဖွဲ့စည်းတည်ဆောက်မှုနဲ့ ဘရာဇီးနဲ့ တူရကီမှပြန်လည်ထွက်ခွာရေးအစီအစဉ်များအရ အလုပ်အကိုင်ပေါင်း နှစ်သောင်းခွဲကို လျှော့ချမည်ဖြစ်ကြောင်း HSBC ရဲ့ ဇွန်လ ၉ ရက်ကထုတ်ပြန်ချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ လာမယ့်နှစ်နှစ်အတွင်းနှစ်စဉ်အသုံးစရိတ်ကိုအမေရိကန်ဒေါ်လာ ၅ ဘီလီယံ လျှော့ချသွားမှာဖြစ်ကြောင်း ဟောင်ကောင် စတော့အိတ်ချိန်းကို တင်ပြတဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ်စတုအတ်ဂူလီက တင်သွင်းတဲ့အစီရင်ခံစာအရ အလုပ်အကိုင်အမြောက်အမြားကိုလျှော့ချသွားလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။



ကော်ပိုရေးရှင်းက တူရကီနဲ့ ဘရာဇီးမှာရှိတဲ့ သူရဲ့စီးပွားရေးလုပ်ငန်းတွေကို ပြန်လည်ရောင်းချခြင်း အပါအဝင် ၂၀၁၇ ခုနှစ်အထိ နှစ်စဉ်ကုန်ကျစရိတ်ကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းမှ ၅ သန်းအထိ လျှော့ချသွားဖို့ ရည်ရွယ်ထားကြောင်းနဲ့ အာရှဒေသမှာ ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့ဖို့ရည်ရွယ်ထားကြောင်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဘဏ်ရဲ့ ရုံးချုပ်ဖွင့်ရမယ့်နေရာကိုပြန်လည်လေ့လာသုံးသပ်ပြီး ယခုနှစ်အကုန်မှာအပြီးသတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ဖော်ပြထားပါတယ်။ အလုပ်အကိုင်ကို ၁၀ ရာခိုင်နှုန်း လျှော့ချသွားမှာဖြစ်တဲ့အတွက် လျှော့ချရမယ့် အရေအတွက်က ၂၂၀၀၀ နဲ့ ၂၅၀၀၀ ကြားမှာရှိမှာဖြစ်ကြောင်း ဇွန်လ ၉ ရက်နေ့မှာ HSBC ကတင်သွင်းတဲ့ ရင်းနှီးမြှုပ်နှံသူရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အလုပ်အကိုင် လျှော့ချမှုကြောင့် စင်ကာပူမှာရှိတဲ့လုပ်ငန်းတွေကိုထိခိုက်မှုရှိမရှိကိုတော့ HSBC ကဝေဖန်ပြောကြားခြင်းမရှိခဲ့ပါဘူး။ HSBC က စင်ကာပူမှာ လူ ၃၀၀ ကျော်ခန့်ထားပြီး လက်လီဘဏ်လုပ်ငန်းမှ စတင်ကာ မတည်ရင်းနှီးငွေ ဈေးကွက်များအထိ ဘဏ်ဝန်ဆောင်မှုအမျိုးမျိုးကို ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

# ထိုင်းဗဟိုဘဏ်ရဲ့ အခြေခံစံထားအတိုးနှုန်းကို ယခင်အတိုင်း ဆက်လက်ထားရှိမည်

ထိုင်းဗဟိုဘဏ်၏ အခြေခံစံထားအတိုးနှုန်းကို ယခင်အတိုင်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့်ဆက်လက်ထားရှိမှာဖြစ်ကြောင်း ထိုင်းဗဟိုဘဏ်နဲ့ ငွေကြေးမူဝါဒကော်မတီ (Monetary Policy Committee-MPC) ကဆုံးဖြတ်ခဲ့ပါတယ်။ လောလောဆယ်မှာ ဒီနှုန်းကဒေသတွင်းမှာ အနိမ့်ဆုံးနှုန်းဖြစ်တဲ့အတွက် သင့်တော်တဲ့နှုန်းထားဖြစ်ကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် မစ္စတာ ပရီဒီယာသွန် ဒီဝါကုလာရဲ့ ပြောကြားချက်ကို ကိုးကားပြီး ထိုင်းနိုင်ငံနေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ဘတ်ငွေတန်ဖိုး ကျဆင်းရင် ထိုင်းပို့ကုန်တွေအတွက် အကျိုးရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ပေါ်လာမယ့် အကျိုးကျေးဇူးတွေကိုလည်း လာမယ့်လမှာသိသိသာသာ တွေ့မြင်လာရတော့မှာ ဖြစ်တဲ့အတွက် ဘတ်ငွေတန်ဖိုးကျဆင်းတာက ဖြစ်သင့်ဖြစ်ထိုက်ကြောင်း သူကပြောပါတယ်။

ငွေကြေးဖလှယ်နှုန်းကိစ္စမှာ ဗဟိုဘဏ်က ဝင်ရောက်စွက်ဖက်မှုမပြုဘဲ လက်ရှောင်နေပြီး ဘတ်ငွေတန်ဖိုးကို ဈေးကွက်ယန္တရားကသာ စီမံခန့်ခွဲသွားဖို့ ခွင့်ပြုထားပါတယ်။ အလုပ်သမားလုပ်ခတွေထပ်မံမြင့်တက်ပြီး အနိမ့်ဆုံးလုပ်ခက တစ်ရက်ကို ဘတ် ၃၀၀ ကျော်သွားရင် ထုတ်လုပ်မှုစရိတ်တွေ မြင့်တက် ပြီး နောက်ဆုံးမှာ စီးပွားရေးနယ်ပယ်ကဖယ်ထုတ်ခံရမှာကို အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေက စိုးရိမ်နေကြပါတယ်။

အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေက အလုပ်သမားတစ်ယောက်ကိုတစ်လ ဘတ် ၉၀၀၀ ပေးဖို့အတွက် အပြင်းအထန် ရုန်းကန်နေရပါတယ်။ ကမ္ဘာ့စီးပွားရေးက နှေးကွေးကျဆင်းနေပေမယ့် ထိုင်းနိုင်ငံရဲ့ စီးပွားရေးကတော့ ပထမသုံးလပတ်မှာ ၃ ရာခိုင်နှုန်း ကျဆင်းရာကနေ တဖြည်းဖြည်းပြန်လည်တိုးတက်လာတာကို တွေ့ရပါတယ်။

အစိုးရကလောင်းကစားနဲ့ မူးယစ်ဆေးဝါးလို အညိုရောင်စီးပွားရေးတွေကို ထိထိရောက်ရောက် နှိမ်နင်းခဲ့ပါတယ်။ ဒီလိုနှိမ်နင်းတဲ့အတွက် တရားမဝင်ငွေကြေးတွေကို ထိခိုက်မှုရှိစေခဲ့တဲ့အတွက် တရားဝင်လှည့်လည်ငွေကြေးတွေမြင့်တက်လာခဲ့ပါတယ်။

International Entertainment
Vol: 15, No.22 Monday June 15 2015

# ယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့ရတဲ့ မိသားစုကို ဒေါ်လာတစ်သောင်းခွဲ လှူဒါန်းခဲ့တဲ့ တေလာဆွစ်ဖ်



အမေရိကန်ပေါ့ပ်အဆိုတော် တေလာဆွစ်ဖ်ဟာ ယာဉ်တိုက်မှုကြောင့် မိသားစုတွေ ပြိုကွဲသွားခဲ့ရတဲ့ လုပ်အားပေး မီးသတ်သမား မိသားစုကို အမေရိကန်ဒေါ်လာ တစ်သောင်းခွဲ ပေးအပ်လှူဒါန်းခဲ့တယ်လို့ ဆိုပါတယ်။ ပရဟိတလုပ်ငန်းတွေ လုပ်လာကြတဲ့အနုပညာရှင်တွေဟာ လူမှုကွန်ရက်မှတစ်ဆင့် ဒုက္ခရောက်နေကြတဲ့ပြည်သူတွေကို အကူအညီပေးနေကြတာဖြစ်ပါတယ်။

တေလာဆွစ်ဖ်ဟာ GoFundMe ဆိုတဲ့ ဝက်ဘ်ဆိုက်ပေ့ချ်ပေါ်မှာ ယာဉ်တိုက်မှုကြောင့် မိသားစုတွေ ဒုက္ခရောက်နေတဲ့အတွက် အလှူငွေလှူဒါန်းဖို့ တောင်းခံထားတာကို တွေ့မြင်ခဲ့ပြီး ခုလို လှူဒါန်းခဲ့တာဖြစ်ပါတယ်။ လုပ်အားပေးမီးသတ်သမား ဗင်ရိုက်ပါဟာ သူ့ရဲ့မိသားစုနဲ့အတူ တက္ကဆက်ပြည်နယ်မှာရှိတဲ့ ရေဗားဆိုက်လမ်းပေါ်မှာ ယာဉ်တိုက်မှုဖြစ်ပွားခဲ့တာပါ။

အဲဒီယာဉ်တိုက်မှုမှာ မိသားစုသုံးဦးစလုံး ဒဏ်ရာတွေ ပြင်းထန်စွာရရှိခဲ့ တာကြောင့် ဆေးရုံတက်ရောက်ကုသခဲ့ကြရပါတယ်။ ဗင်ရိုက်ပါဟာ သေမင်းခံတွင်းကနေ လွတ်မြောက်ခဲ့ရပေမယ့်လည်း သားဖြစ်သူကတော့ နေရာမှာတင် ပွဲချင်းပြီးသေဆုံးခဲ့တယ်လို့ ဆိုပါတယ်။

ဗင်ရဲ့ဇနီးဖြစ်သူအမ်ဘာကတော့ ငါးပိုင်းကျိုးထွက်သွားတဲ့ တင်ပါးဆုံရိုးကွင်းကို ကိုးနာရီကြာခွဲစိတ်မှုပြုလုပ်ခဲ့ရသလို သေလုမြောပါး အခြေအနေနဲ့ရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။

တေလာဆွစ်ဖ်ဟာ သူတို့မိသားစုရဲ့လက်ရှိအခြေအနေတွေကို သိရှိခဲ့ပြီး လူနာရှင်မိသားစုကို အမေရိကန်ဒေါ်လာတစ်သောင်းခွဲ ပေးအပ်လှူဒါန်းခဲ့တာ ဖြစ်ပါတယ်။

# 1984 ဟာ မှားယွင်းတဲ့သီချင်းအယ်လ်ဘမ် တစ်ခုပါလို့ အတည်ပြုလိုက်တဲ့ ကေတီပယ်ရီ



ဝေဖန်မှုတွေ အများအပြားထွက်ပေါ်နေခဲ့တဲ့ ကေတီပယ်ရီရဲ့ တေးသီချင်းအယ်လ်ဘမ်သစ် 1984 နဲ့ပတ်သက်ပြီး အဲဒီခေါင်းစဉ်ဟာ မှားယွင်းတဲ့ခေါင်းစဉ်တစ်ခုဖြစ်သလို မှားယွင်းနေတဲ့သတင်းလည်း ဖြစ်တယ်လို့ ကေတီပယ်ရီရဲ့မန်နေဂျာဖြစ်သူက Direct Management Group ကို အတည်ပြုပြောကြားလိုက်တာဖြစ်ပါတယ်။

ကေတီပယ်ရီရဲ့ တေးသီချင်းအယ်လ်ဘမ်သစ်ရဲ့ခေါင်းစဉ် 1984 ဟာ တေလာဆွစ်ဖ်ရဲ့တေးသီချင်းအယ်လ်ဘမ်တစ်ခုဖြစ်တဲ့ 1989 ကို အတုယူထားတာဖြစ်တယ်လို့ ဝေဖန်မှုတွေ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကေတီပယ်ရီရဲ့မန်နေဂျာက "အွန်လိုင်းပေါ်မှာ ကေတီရဲ့သီချင်းသစ်နဲ့ပတ်သက်ပြီး အမျိုးမျိုးသော ဝေဖန်မှုတွေ ထွက်ပေါ် ခဲ့ပါတယ်။ ဒီသီချင်းခေါင်းစဉ်ကို 1984 လို့ ပေးထားတယ်ဆိုတာ မဟုတ်ပါဘူး။ ဒါတွေဟာ ကောလာဟလတွေပါ။ ကေတီနဲ့ တေလာဆွစ်ဖ်တို့နှစ်ယောက်ကြားကို ပဋိပက္ခဖြစ်စေမယ့် အကြောင်းအရာတွေပါ"လို့ ပြောကြားခဲ့ပါတယ်။

သတင်းတွေကတော့ ကေတီပယ်ရီဟာ အဲဒီတေးအယ်လ်ဘမ်မှာ ပါဝင်မယ့်သီချင်းတွေကို ကိုယ်တိုင်ရေးထားတဲ့ သီချင်းတွေကိုပဲ အသုံးပြုမယ်လို့ ရေးသားနေကြပါတယ်။

တကယ်တော့ အဲဒီ 1984 ဆိုတဲ့ တေးအယ်လ်ဘမ်သတင်းဟာ သတင်းမှားကြီးပါလို့ အတည်ပြုလိုက်ပြီဖြစ်ပါတယ်။ ကေတီဟာ အဲဒီသီချင်းကိုဖန်တီး ဖို့အတွက် ကောလာဟလထုတ်လွှင့်ခဲ့တာ မဟုတ်သလို အဲဒီသီချင်းကို ရေးသားနေတာတွေ၊ သီဆိုတာတွေ၊ အသံသွင်းနေတာတွေ၊ စာရင်းသွင်းနေတယ်ဆိုတာတွေကလည်း တစ်ခုမှမဟုတ်ပါဘူးလို့ ဆိုပါတယ်။

# အက်ရှင်ဇာတ်ကားကြမ်းမှာ ကြေးစားလူသတ်သမားအဖြစ် ပြန်လည်မြင်တွေ့ရဦးမယ့် လီမင်ဟို



အာရှတစ်လွှားမှာရှိတဲ့ နှုတ်ခမ်းနီမလေးတွေရဲ့အသည်းစွဲမင်းသားတစ်လက်ဖြစ်တဲ့ တောင်ကိုရီးယား ကေပေ့ါလောကရဲ့ မင်းသားချော လီမင်ဟိုကို အက်ရှင်ဇာတ်ကားကြမ်းမှာ ကြေးစားလူသတ်သမားအဖြစ် ပြန်လည်မြင်တွေ့ရဦးမှာဖြစ်တယ်လို့ သတင်းများက ဆိုပါတယ်။ လီမင်ဟိုဟာ ကြေးစားလူသတ်သမားအဖြစ် Bounty Hunter ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ အတည်ပြုလိုက်ပြီဖြစ်ပါတယ်။ Gangnam Blues, City Hunter ဇာတ်ကားတွေမှာ ကြေးစားလူသတ်သမားအဖြစ် ပါဝင်သရုပ်ဆောင်ရင်း လူသိများလာခဲ့တဲ့ လီမင်ဟိုဟာ အခု ဒီ Bounty Hunter ဇာတ်ကားမှာလည်း ကြေးစားလူသတ်သမားအဖြစ်နဲ့ ပါဝင်သရုပ်ဆောင်ဦးမှာဖြစ်ပါတယ်။

ဒီဇာတ်ကားကို ကိုရီးယားနဲ့ တရုတ်ရုပ်ရှင်ထုတ်လုပ်ရေးတို့က ပူးတွဲရိုက်ကူးထုတ်လုပ်သွားမှာဖြစ်ပြီး ကုန်ကျစရိတ်အများဆုံးသော ဇာတ်ကားတစ်ကား ဖြစ်လာလိမ့်မယ်လို့လည်း ဆိုပါတယ်။

အဲဒီဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ဖို့စတင်စဉ်က အမေရိကန်ဒေါ်လာ ၁၆ သန်းသာကုန်ကျမယ်လို့ ခန့်မှန်းထားပေမယ့် ရိုက်ကူးမှုစတင်ဖို့ ပြင်ဆင်ချိန်မှာပဲ အမေရိကန်ဒေါ်လာ ၃၁သန်းကျော် ကုန်ကျမယ်လို့ ဆိုပါတယ်။ ဒီဇာတ်ကားဟာ ကိုရီးယားနိုင်ငံရဲ့ အထင်ကရကျွန်းတစ်ကျွန်းဖြစ်တဲ့ ဂျေဂျူးကျွန်းနဲ့ တရုတ်၊ ဟောင်ကောင်၊ ထိုင်းစတဲ့ အာရှနိုင်ငံတွေက မြို့ကြီးတွေကို အခြေခံပြီး ကြေးစားလူမိုက်တွေရဲ့ အသက်ရှင်နေထိုင်ရပုံတွေကို ဇာတ်လမ်းဖွဲ့ပြီးရိုက်ကူးတာဖြစ်ပါတယ်။

အဲဒီဇာတ်လမ်းကို ကိုရီးယားလူမျိုး ဒါရိုက်တာ ရှင်တဲရာက ရိုက်ကူးမှာဖြစ်ပြီး လီမင်ဟိုနဲ့အတူ ဟာသသရုပ်ဆောင်တွေလည်း ပါဝင်ကြမှာဖြစ်ပါတယ်။ အဲဒီ Bounty Hunters ဇာတ် ကားကို ၂၀၁၆ ခုနှစ်ကုန်ပိုင်းမှာ ရုံတင်ပြသနိုင်လိမ့်မယ်လို့ ဆိုပါတယ်။

# ဘရက်ပစ်ရဲ့ကလေးထိန်းဖြစ်ချင်နေတဲ့ ဘရစ်တနီစပီးယား

အမေရိကန်ပေ့ါပ်အဆိုတော် ဘရစ်တနီစပီးယားက သူဟာ ဘရက်ပစ်ရဲ့ကလေးထိန်း နာနီလုပ်ချင်တယ်လို့ အတိအလင်း ဖွင့်ဟပြောကြားလိုက်ပါတယ်။

သူဟာ ဘရက်ပစ်နဲ့ အိန်ဂျလီနာဂျိုလီတို့ရဲ့ ကလေးတွေကို ချစ်ခင်နှစ်သက်နေသူ တစ်ဦးဖြစ်တာကြောင့် ခုလို ကလေးထိန်းနာနီလုပ်ချင်တယ်လို့ ပြောကြားလိုက်တာဖြစ်တယ်လို့ဆိုပါတယ်။

ပေ့ါပ်စူပါစတားအဆိုတော် အကမယ်လေး ဘရစ်တနီစပီးယားဟာ အသက် ၁၃နှစ်အရွယ်ရှိတဲ့မက်ဒွေါ၊ အသက် ၁၁နှစ်အရွယ်ရှိတဲ့ပက်ဇ်၊ အသက်၁၀နှစ်အရွယ်ရှိတဲ့ ဇာဟာရာ၊ အသက် ကိုးနှစ်အရွယ်ရှိတဲ့ဆာဟီလော့နဲ့ အသက်ခြောက်နှစ်အရွယ်ရှိတဲ့ အမြွှာမောင်နှမ နော့ဘ်နဲ့ ဗီဗင်နင်းတို့ကို ထိန်းကျောင်းချင်တဲ့ နာနီဖြစ်ချင်နေတာပဲဖြစ်ပါတယ်။

အသက်(၃၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ဘရစ်တနီက "ကျွန်မ မနက်မိုးလင်းတာနဲ့ ဂွတ်ဒ်မောနင်းဘရစ်လို့ နှုတ်ဆက်ချင်တာပါ။ ကျွန်မသူ့ကို တစ်ကြိမ်တွေ့ဖူးပါတယ်။ နောက်တစ်ကြိမ် တွေ့ချင်ပါသေးတယ်။ သူတို့အိမ်က ကလေးတွေကို ထိန်းကျောင်းပေးဖို့ နာနီဖြစ်ချင်တာပါ။ ဒါဟာ ကျွန်မအတွက် ခိုင်မာတဲ့အလုပ်တစ်ခုပါ"လို့ ပြောကြားခဲ့ပါတယ်။ "ကလေးတွေကို စာသင်ပေးချင်တယ်။ ကလေးတွေကို အကတွေ သင်ပေးချင်တယ်။ သီချင်းဆိုချင်တဲ့သူကို သီချင်းတွေသင်ပေးမယ်။ ဖြစ်နိုင်မယ်ဆိုရင်တော့ ကလေးတွေအတွက် စာသင်ပေးမယ့်ဆရာမ ဖြစ်ချင်တာပါပဲ"လို့ သူက ထပ်မံပြောကြားခဲ့ပါတယ်။

ဘရစ်တနီဟာ ကေဗင်ဖီလ်ဒါလင်းနဲ့ လက်ထပ်ခဲ့စဉ်က သားနှစ်ဦးထွန်းကားခဲ့ပေမယ့်လည်း အိမ်ထောင်ရေးသုခကိုမခံစားခဲ့ရဘူးလို့ သတင်းများက ဆိုထားပါတယ်။

# COMMERCE INTERNATIONAL


# ငွေမာန်တင်းထားဖို့ ထွန်းသစ်စနိုင်ငံတွေကို ကမ္ဘာ့ဘဏ် သတိပေး

အမေရိကန်ပြည်ထောင်စုက ငွေကြေးမူဝါဒကိုတင်းကျပ်ဖို့ ပြင်ဆင်နေသလို ဒေါ်လာတန်ဖိုးကလည်း ခိုင်မာလာတာကြောင့် ရှေ့မှာခရောင်းလမ်းကို လျှောက်လှမ်းရတော့မှာဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ကထွန်းသစ်စနိုင်ငံတွေကို သတိပေးထားပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးမှုနှုန်းနှေးကွေးနေတဲ့ ကမ္ဘာ့စီးပွားရေးကို အသက်ရှူပေါက်ချောင်စေဖို့အတွက် ဗဟိုဘဏ်အတိုးနှုန်းမြှင့်တင်ရေးကိစ္စကို လာမယ့်နှစ်အထိ ဆိုင်းငံ့ထားဖို့ အမေရိကန်ဗဟိုဘဏ်ကို ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးပညာရှင်အကြီးအကဲက တိုက်တွန်းထားကြောင်း အေအက်ဖ်ပီသတင်းမှာဖော်ပြပါတယ်။



၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုအလားအလာကို ၃ ရာခိုင်နှုန်းရှိမယ်လို့ ဇန်နဝါရီလက ခန့်မှန်းထားရာမှ ယခု နောက်ဆုံးခန့်မှန်းချက်မှာ မူလခန့်မှန်းချက်အောက်လျှော့ချပြီး ၂ ဒသမ ၈ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ယခုလို ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို လျှော့ချခန့်မှန်းရတဲ့ အကြောင်းရင်းတွေအနက် ပထမသုံးလပတ်မှာ အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ကျဆင်းမှု၊ ဥရောပနဲ့ ဂျပန်မှာ စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးမှုနဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှုတို့ကြောင့် ဖြစ်ပါတယ်။

ဒါပေမယ့် ဒီအခြေအနေတွေက ထွန်းသစ်စနိုင်ငံတွေနဲ့ ဆင်းရဲတဲ့နိုင်ငံတွေအတွက် စိန်ခေါ်မှုတွေတိုးမြင့်လာစေသလို နိုင်ငံအတော်များများမှာ ကုန်စည်ဈေးနှုန်းတွေကျဆင်းပြီး မတည်ငြိမ်မှုတွေစီးထွက်မှုကြောင့် အထိနာစေခဲ့ပါတယ်။ ရေနံဈေးနှုန်းတွေကျဆင်းမှုကြောင့် စွမ်းအင်ကို အသားတင် တင်သွင်းနေရတဲ့နိုင်ငံတွေအတွက် ကုန်ကျစရိတ် သက်သာစေပါတယ်။ ဒါပေမယ့် ဒေါ်လာတန်ဖိုးမြင့်တက်နေတဲ့အတွက် ရေနံဈေးနှုန်းကျဆင်းမှုက ဒီနိုင်ငံတွေရဲ့ စီးပွားရေးကို ထိထိရောက်ရောက် အကျိုးမပြုနိုင်ပါဘူးလို့ ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။

အမေရိကန်စီးပွားရေးပြန်လည်ဦးမော့လာပြီး အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေကို မြှင့်တင်လိုက်တဲ့အချိန်မှာ ဒီစိန်ခေါ်မှုတွေက ပိုမိုပြင်းထန်လာနိုင်တယ်လို့ ကမ္ဘာ့ဘဏ်က ဆိုပါတယ်။ ဒီလိုဖြစ်လာတဲ့အချိန်မှာ ကမ္ဘာ့ဈေးကွက်တွေ မငြိမ်မသက်ဖြစ်နေပြီး ပိုမိုအားနည်းတဲ့နိုင်ငံတွေကို ထိခိုက်မှုများစေနိုင်ပါတယ်။ ဒီနိုင်ငံတွေက ငွေချေးယူတဲ့အခါ အတိုးနှုန်းတွေပိုမိုပေးရတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုဝင်လာအောင် ဆွဲဆောင်ဖို့ ပိုမိုခက်ခဲစေနိုင်ပါတယ်။

လွန်ခဲ့တဲ့နှစ်က ဒေါ်လာနဲ့ ဖလှယ်ရာမှာ ထူးထူးခြားခြား တန်ဖိုးကျဆင်းခဲ့တဲ့ ငွေကြေးတွေက ဒီနှစ်ထဲမှာလည်း တန်ဖိုးကျဆင်းမယ့် အလားအလာတွေရှိနေပါတယ်။

“ခါးတောင်းကျိုက်မဖြုတ်ကြဖို့ အထူးသဖြင့် ထွန်းသစ်စနိုင်ငံတွေကို ကျွန်တော်တို့ အကြံပြုထားပါတယ်”လို့ ကမ္ဘာ့ဘဏ်စီးပွားရေးပညာရှင် ကောရှစ်ဘာစူးက ပြောပါတယ်။

အကယ်၍ အမေရိကန်ဗဟိုဘဏ်ကနောက်နှစ်ရောက်တဲ့အထိ အတိုးနှုန်းကို သုည ရာခိုင်နှုန်းအထိ ထိန်းထားနိုင်မယ်ဆိုရင် အမေရိကန်စီးပွားရေးနဲ့ ကမ္ဘာ့စီးပွားရေးနှစ်ခုစလုံး ပိုမိုကောင်းမွန်လာလိမ့်မယ်လို့ ဘာစူးနဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ လုပ်ဖော်ကိုင်ဖက်တွေဟာ အမြင်ချင်းတူညီကြပါတယ်။ **UNT**


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES **RO/RO Service for Myanmar**

DATE : 15th June 2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) A | B | C | D | E | SHANGHI | JAPAN YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | MYANMAR YANGON | THAILAND LAEM CHABANG |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | | | S/O CUT | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 22.5.2015 | 28.5.2015 | 5.6.2015 | 9.6.2015 | |
| | | | S/O CUT | | | | | | 19.5.2015 | 24.5.2015 | 18.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | 8.6.2015 | 11.6.2015 | 10.6.2015 | 9.6.2015 | | | | 22.6.2015 | 30.6.2015 |
| | | | S/O CUT | | | | 4.6.2015 | 4.6.2015 | 6.6.2015 | 5.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.6.2015 | 26.6.2015 | 24.6.2015 | | | 9.7.2015 | |
| | | | S/O CUT | | | | | | 21.6.2015 | 22.6.2015 | 20.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | | | S/O CUT | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.7.2015 | 27.7.2015 | 24.7.2015 | | 5.8.2015 | 9.8.2015 | |
| | | | S/O CUT | | | | | | 21.7.2015 | 23.7.2015 | 20.7.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။

## Andaman Lines Sailing Schedule

June 2015 Sailings Schedule

Date : 15.6.2015

SAILING SCHEDULE FOR IMPORT

| VESSEL | VOYAGE | ETD/ETA RANONG | YANGON( AIPT ) |
|---|---|---|---|
| MV. JRS CARINA | RY-1506-014N | 3-Jun-15 | 5-Jun-15 |
| MV. JRS CARINA | RY-1506-015N | 10-Jun-15 | 12-Jun-15 |
| MV. JRS CARINA | RY-1506-016N | 17-Jun-15 | 19-Jun-15 |
| MV. JRS CARINA | RY-1506-017N | 24-Jun-15 | 26-Jun-15 |

SAILING SCHEDULE FOR EXPORT

| VESSEL | VOYAGE | ETD/ETA YANGON( AIPT ) | RANONG |
|---|---|---|---|
| MV. JRS CARINA | RY-1506-014S | 6-Jun-15 | 9-Jun-15 |
| MV. JRS CARINA | RY-1506-015S | 13-Jun-15 | 16-Jun-15 |
| MV. JRS CARINA | RY-1506-016S | 20-Jun-15 | 23-Jun-15 |
| MV. JRS CARINA | RY-1506-017S | 27-Jun-15 | 30-Jun-15 |

*Please note that above mention schedules will change with or without prior notice. You are kindly request to us for details ( arrival/departure ) time.
*Please note that cargos arrived into CY after closing time, loading of cargos and any cost incurred will not be our responsibilities.
*Cargo closing time is two days before departure.

Golden Land Express Ltd.
Dagon Center II,Pyay Road,No.268,Room 14 C,14th Floor.Sanchoung Township,Yangon,Myanmar.
Tel : +95 1 2305542,2306027,2306028
Fax : +95 1 2305543
Hot Line : +95 9 260996074 ,+95 9 5035797
Email : nephyu@goldenlandexpress.com ( Export / Import )
marketing-imp@goldenlandexpress.com ( Import Marketing )
marketing-exp@goldenlandexpress.com ( Export Marketing )
cs-import@goldenlandexpress.com ( Import Document )
cs-export@goldenlandexpress.com ( Export Document )
operation@goldenlandexpress.com ( Operation Department )

Business Development Manager : Ms.Nway Ei Phyu ( +95 9 253036301 )
Export/Import Dep : Mr.Thiha Thiek ( +95 9 261594515 )
Export/Import Dep : Mr.Soe Min Thu ( +95 9 260996073 )
Documentation and Customer Service Department :
Ms.Khin Swe Lwin ( +95 9 260996074 )
Operation Dep : Mr.Kaung Zaw ( +95 9 5202871 )

Agility Project Logistics
TransOffshore Logistics Pte Ltd
NCL INTERNATIONAL LOGISTICS PUBLIC COMPANY LIMITED
Dee Delight Maritime & Consultants Co Ltd